http://www.dhammadownload.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

## ပုစ္ဆာ + အဖြေစုံ

၂၀၁၁–ခုနှစ်
(ပြည်နယ် + တိုင်းဒေသကြီး– ၁၇)

## အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

| သာသနာ | ကောဇာ | ခရစ်နှစ် |
|---|---|---|
| ၂၅၅၅ | ၁၃၇၃ | ၂၀၁၁ |

ပထမတန်း (၂၀၁၁)– ခုနှစ် ပုစ္ဆာ + အဖြေစုံ

http://www.dhammadownload.com

ဤစာအုပ်၌ -

**ပထမငယ်တန်းဆိုင်ရာ -**

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုစ္ဆာထုတ် စည်းမျဉ်းများ
၄။ ဘာသာစုံ မေးခွန်းများ
၅။ ဘာသာစုံ အဖြေများ
စသည်စသည်ဖြင့် ပို့ချသူ, သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မှ
၂၀၀၄- ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်အသစ်များဖြင့် တင်ပြထားပါသည်။

**ဖြန့်ချိရေး**

စာပေထိန်းသိမ်းရေးအဖွဲ့၊ ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၇၃၀၅၉၃၃၂၊ ၀၁- ၆၄၀၀၇၅၊ ၆၄၆၄၆၄၊ လိုင်းခွဲ- ၂၁၆။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

ပုစ္ဆာ + အဖြေစုံ

၂၀၁၁–ခုနှစ်
(ပြည်နယ် + တိုင်းဒေသကြီး – ၁၇)

## အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

| သာသနာ | ကောဇာ | ခရစ် |
| --- | --- | --- |
| ၂၅၅၅ | ၁၃၇၃ | ၂၀၁၁ |

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ်- | ၆၀၀၇၁၁၁၀၁၁။ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ်- | ၆၀၈၇၆၀၉၁၁။ |
| ပုံနှိပ်ခြင်း- | ၂၀၁၁-ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ- | ၁၀၀၀။ |
| မျက်နှာဖုံးဒီဇိုင်း | နိုင်လင်း (ရွှယ်တော်) |
| ကွန်ပျူတာစာစီ | စာပေထိန်းသိမ်းရေးအဖွဲ့ |
| | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်။ |
| ထုတ်ဝေသူ- | ဦးမောင်မောင်မြင့်အေး။ |
| | လာဘ်မိုးရွှေ စာပေ |
| | ၂၀၅၊ ပိတောက် ၅-လမ်း။ အင်းစိန်မြို့နယ်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်- | ဦးတင်အောင်ကျော် (မြ-၀၇၀၅၃) |
| | ရွှယ်တော်ပုံနှိပ်တိုက်၊ |
| | အမှတ်- ၁၄၇၊ ၅၁လမ်း (အထက်)။ |
| တန်ဖိုး- | ၁၃၀၀-ကျပ်။ |
| ဖြန့်ချိရေး- | စာပေထိန်းသိမ်းရေးအဖွဲ့ |
| | ဓမ္မအလင်းရောင်ကျောင်းဆောင်၊ |
| | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်။ |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း"(CIP)

၂၉၄.၄

အရှင်တိလောကာဘိဝံသ

ပထမငယ်တန်းပုစ္ဆာအဖြေ ၂၀၁၁/အရှင်တိလောကာဘိဝံသ၊ ရန်ကုန်၊
လာဘ်မိုးရွှေစာပေ၊ ၂၀၁၁၊
၂၂၀ - စာ၊ ၁၆ × ၂၀.၅ စင်တီ၊
(၁) ပထမငယ်တန်းပုစ္ဆာအဖြေ ၂၀၁၁

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က မှ ဂ အထိ |
| ၂။ | စာမိတ်ဆက် | ဃ |
| ၃။ | ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ | င |
| ၄။ | ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာများ | စ မှ ဆ အထိ |
| ၅။ | ပထမငယ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း | ဇ မှ ည အထိ |
| ၆။ | ထုတ်ဝေပြီးကျမ်းစာ | ဋ မှ ဌ အထိ |
| ၇။ | ပဏာမ | ဍ |
| ၈။ | ဝိနယ (ဘိက္ခုပါတိမောက်)ဘာသာ | ၁ မှ ၃၅ အထိ |
| ၉။ | ဓမ္မပဒဘာသာ | ၃၆ မှ ၇၃ အထိ |
| ၁၀။ | ကစ္စည်းသဒ္ဒါကြီးဘာသာ | ၇၄ မှ ၁၁၁ အထိ |
| ၁၁ | အဘိဓမ္မတ္ထသင်္ဂဟဘာသာ | ၁၁၂ မှ ၁၄၇ အထိ |
| ၁၂။ | မာတိကာဓာတုကထာဘာသာ | ၁၄၇ မှ ၁၈၅ အထိ |
| ၁၃။ | ဘာသာပြန်ဘာသာ | ၁၈၅ မှ ၂၀၁ အထိ |

http://www.dhammadownload.com

# အရှင်တိလောကာထိဝံသ (အင်းစိန်) ၏

ယမိုက် + ပဋ္ဌာန်း + ဆန်း + ဓာတုကထာ DVD- များကို
အသုံးပြုလိုသူများ အတွက်
ရနိုင်မည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

| | | | |
|---|---|---|---|
| **အောက်ယမိုက်** | ၇-ချပ်၊ | **အထက်ယမိုက်** | ၈-ချပ်၊ |
| **ပဋ္ဌာန်း** | ၈-ချပ်၊ | **ဆန်း** | ၂-ချပ်- |

အသုံးပြုလိုသူများ လွယ်လွယ်ကူကူ အသုံးပြုနိုင်ရန်အတွက်
၁-ချပ် ၆၀၀ိ/ကျပ် နှုန်းဖြင့်၊ အားလုံး ၁-စုံ ၁၅၀၀ိ/ကျပ် နှုန်းဖြင့်
ဖြန့်ဝေပေးပါသည်။

## ဆက်သွယ်ရန် လိပ်စာများ-

**စာဝေထိန်းသိမ်းရေးအဖွဲ့-**

မွေ့အလင်းရောင်ကျောင်းဆောင်၊
ရွှာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှာမအနောက်ရပ်ကွက်။
အင်းစိန်မြို့ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၇၃၀၅၉၃၃၂၊ ၀၁-၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ- ၂၁၆)

**ထဏျမိတာ ထိလရှင် စာထပ်တိုက်**

နန်းဦးမြို့သစ်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း- ၀၉-၂၁၃၀၆၀၆၊ ၀၉-၄၇၀၆၃၀၄၉၊ ၀၇၂- ၂၂၀၇၈။

**(၀၁၅) ဝထန်မီဒီယို ထုတ်လုပ်ရေး**

တိုက်အမှတ်- ၈၊ ပထမအထပ်၊ ကျောင်းကုန်းလမ်း၊ ၀ွဈေးအနီး၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၇၃၀၈၇၇၇၃၊ ၀၁- ၅၀၄၂၂၂။

http://www.dhammadownload.com

# နိဒါန်းအမှာ

## စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို –

၁။ စာကြီးပေါက်သင်နည်း–

၂။ စာမေးပွဲစနစ်သင်နည်း– ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား လေ့လာကြသည်၊ သင်ကြားလေ့လာမှု ပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဂုဏနည် ရွေးချယ်ပွဲ–

၁။ နှုတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက် ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ ဦးကျည်မွေ့–သည် ရေတာစ်ခါငုပ် စဉ်းစားခန်း နှုတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ ကျော်အောင်စံထား ဆရာတော် နှင့် ဆရာတော် ဦးဗုဓ်–စသော ပုဂ္ဂိုလ်ကျော်များကိုလည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော်ဦးသူရိယ၊

၂။ တိပိဋကဓရ မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသ–စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဌာန်းချက်လည်း မပြည့်စုံ၊ ကောက်နုတ်ချက်ဖြင့် ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com


## ပုစ္ဆာအဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

## အဖြေစုံ ပမာဏ

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၁၁- ခုနှစ်တွင် တိုင်းဒေသကြီး ၈-တိုင်း။ ပြည်နယ် ၉-ခု၊ အထူးအောင် ၁-ခု ပေါင်း ၁၈-တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

## စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍ စီစဉ်ပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံ၊

၂။ ဓမ္မပဒဘာသာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ်တစ်ခုချင်း၏ အဖြေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစဉ်များကို အက္ခရာအစဉ်ဖြင့် ဖော်ပြထားပါသည်၊ ဥပမာ-

ကချင်၊ ကယား။ ကရင်၊ ချင်း။ စစ်ကိုင်း။ တနင်္သာရီ၊ ပဲခူး (အနောက်)၊ ပဲခူး (အရှေ့)၊ မကွေး။ မန္တလေး။ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း (တောင်, မြောက်, ရှေ့)၊ ဧရာဝတီ၊ အထူးအောင်-တို့ဖြစ်သည်။

http://www.dhammadownload.com



## ကျေးဇူးစကား

ဤပြဋ္ဌမငယ်တန်း ပုစ္ဆာအဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက်တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်းကူညီပေးကြသော ရွာမပရိယတ္တိစာသင်တိုက်မှ စာချဂဏဝါစက သာသနဓဇ ဓမ္မာစရိယ–ဖြစ်သည့်–

**ဦးဝိမလာစာရာဘိဝံသ** (တချုနာယက) က– သဒ္ဒါ, အဘိဓမ္မတ္ထသင်္ဂဟ, တိကမာတိကာ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ၊

**အရှင်နန္ဒသာမိလင်္ကာရ**(တချု) က–ဝိနည်းဘာသာတို့ကို ကူညီကာ ဖြေဆိုပေးပါသည်။

ဓမ္မပဒဘာသာဆိုင်ရာများကို ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက်ပေးသော–

**မကုသလဝတီ** (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ) သကျဓီတာစာသင်တိုက်၊ စစ်ကိုင်းမြို့ –၏ အကူအညီကိုလည်း ရယူပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော–

**အရှင်ပညိန္ဒိက** (ဝဓာနု နာယက) မဟာသတိပဋ္ဌာန်ကျောင်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

**အရှင်နန္ဒမာလာ** (ငါန်းငွေ့နှံ) အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်၊

**အရှင်နာရဒါလင်္ကာရ** (တချုနာယက) ရွှေညောင်ပင်တောရ ပရိယတ္တိစာသင်တိုက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်–တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဥ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည် မစီစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

အပြစ်တင်ဝေဖန်ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် မည်သည့် အကူအညီမှုမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါသည်။

ဝါခေါင်လဆန်း ၁၄–ရက်၊ ၁၃၇၃–ခု၊ အရှင်တိလောကာဘိဝံသ (အင်းစိန်)

၁၃– ၈– ၂၀၁၁။ ရွာမပရိယတ္တိစာသင်တိုက်။

http://www.dhammadownload.com



# စာမိတ်ဆက်

စာရေးသူသည် ပထမကြီးတန်း အဖြေစုံစာအုပ် ရေးသားစဉ်က အချို့မိတ်ဆွေများက ပထမကြီးတန်း အဖြေထက် ပထမငယ်တန်း အဖြေက ပို၍ လိုအပ်ပါတယ်ဟု အကြံပြုကြ၍ မှန်ပါသည် ပထမငယ်တန်းဝင်သူ အများအပြားသည် စာမေးပွဲနယ်သို့ ရောက်သစ်စများ ဖြစ်သည့်အတွက် အတွေ့အကြုံနည်းခြင်း, ဖြေနည်း မကျွမ်းကျင်ခြင်းတို့ဖြင့် ကြောက်လန့်လျက်ရှိကြ၍ ထိုသို့ဖြစ်နေသူများကို ဆရာသမားတို့က စနစ်တကျညွှန်ကြားမှု လေ့ကျင့်ပေးမှု မလုပ်ပေးလျှင် ထိုနည်းမရသူများ အခွင့်အရေး နစ်နာဆုံးရှုံးနိုင်ပေ၏၊ ထို့ကြောင့် ပထမငယ်တန်း အဖြေသည် မုချအမှန်ပင် လိုအပ်နေသည် ဖြစ်ပါ၏၊ သို့သော် မိမိ၏ ရည်ရွယ်ချက်မှာ ပထမကြီးတန်း အဖြေကိုသာ အာရုံစိုက်မိ၏၊ ပထမကြီးတန်းသည် ခက်ခဲနက်နဲ၏၊ ကျယ်ပြော၏၊ နေ့ဝါ ညဝါဘာသာစုံ တစ်နေရာတည်း တစ်ထိုင်တည်း ဆရာတစ်ဦးတည်း အဖြေရဘို့ မလွယ်ကူ၊ သို့အတွက် ပထမကြီးတန်းအတွက်ကိုသာ အာရုံစိုက်မိ၏၊ ပထမငယ်တန်းအတွက် မိမိ မပါဝင် မဆောင်ရွက်သော်လည်း အခြားသူများ ပါဝင်ဆောင်ရွက်လိမ့်မည်ဟု ယူဆခဲ့၏၊ ဒါပေမဲ့ အကြောင်းတိုက်ဆိုင်လာပြန်တော့ စွမ်းဆောင်နိုင်သူ အများအပြား ရှိပင်ရှိငြားသော်လည်း ပထမကြီးတန်းအဖြေနှင့် တစ်လက်စတည်း ပထမငယ်, ပထမလတ်တန်းတို့ကို အများတိုက်တွန်းချက်အရ ဆက်ရပြန်၏၊ ပထမငယ်, ပထမလတ်တန်းတွင် ပထမငယ်ကို စတင်ပြီး စာအုပ်ဖြစ်ဘို့ စီစဉ်ရပါသည်။

အရှင်တိလောကာဘိဝံသ (အင်းစိန်)
ရွာမပရိယတ္တိစာသင်တိုက်
၁၇- ၇- ၂၀၁၀၊ စနေနေ့။

http://www.dhammadownload.com



# ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း ၃–နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် ၁၂–နာရီမှ ညနေ ၃–နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်းအရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

| အတန်း | မေးမည့် မေးခွန်း | ဖြေဆိုရမည့် မေးခွန်း |
|---|---|---|
| ပထမငယ်တန်း | ၆– ပုစ္ဆာ | ၆– ပုစ္ဆာ |
| ပထမလတ်တန်း | ၈– ပုစ္ဆာ | ၈– ပုစ္ဆာ |
| ပထမကြီးတန်း | ၁၀– ပုစ္ဆာ | ၁၀–ပုစ္ဆာ |

၃။ တစ်ပုစ္ဆာလျှင် ၁၀–မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀–ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း, သာမဏေ, သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက် အတန်းများကို ဝင်ခွင့်ရှိသည်၊ အထက်အထက် အတန်းများကို အောင်မြင်ပြီးသူသည် အောက်အောက် အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ ၁၃–နှစ်ဖြစ်သည်၊ စာဖြေသော အချိန်တွင် ၁၃–နှစ် တင်းတင်း ပြည့်ရမည်၊ ၁၃–နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေး စာမေးပွဲကို ရှုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

http://www.dhammadownload.com



## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ပထမပြန်စာမေးပွဲ ကျမ်းစာများ
## ပထမငယ်တန်း ပြဌာန်းကျမ်းစာ

### ၁။ ဝိနယ (ဘိက္ခုပါတိမောက်)

(က) ဘိက္ခုပါတိမောက် ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။

(ခ) ကင်္ခါ အဋ္ဌကထာ- (အစမှ ပါရာဇိကဒွေသအဆုံးအထိ) အဓိပ္ပါယ်။

**လူနှင့်သီလရှင်များအတွက်-**

(က) ဓမ္မပဒပါဠိတော် (အစမှ မာလဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

(ခ) ဓမ္မပဒအဋ္ဌကထာ (အစမှ မာလဝဂ်အဆုံးအထိ) အဓိပ္ပါယ်။

### ၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး-
သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်၊ ကိတ် (၅) စောင် ပါဠိ၊ အနက်၊ ရုပ်တွက်၊ အဓိပ္ပါယ်။

(ခ) ရူပသိဒ္ဓိ (သန္ဓိ၊ နာမ် -၂-စောင်လာ ရုပ်တွက်၊ အဓိပ္ပါယ်နှင့်၊ နာမ်ဂိုဏ်း)။

(ဂ) ပုစ်စစ် (သန္ဓိ၊ နာမ်) နှင့် သုတ်စစ်။

### ၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ-
စိတ်ပိုင်း မှ သမုစ္စည်းပိုင်း အထိ ၇-ပိုင်း။ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။

(ခ) ဋီကာကျော် (စိတ်၊ စေတသိက်၊ ပကိဏ်း ၃-ပိုင်း) အဓိပ္ပါယ်။

http://www.dhammadownload.com



## ၄။ တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာ

(က) တိကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ခ) အဘိဓမ္မဒုကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ဂ) ဓာတုကထာ (အစ မှ ပဉ္စမနယအဆုံးအထိ) ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

## ၅။ ဘာသာပြန်

(က) ကေကနိပါတ အပဏ္ဏကဝဂ်အစမှ ကုရုင်္ဂဝဂ်အဆုံးထိ (ဇာတ်ပေါင်း- ၃၀)။

(ခ) ကုလာဝကဝဂ်အစမှ ကူဋဝါဏိဇဝဂ် အနဘိရတိဇာတ်အဆုံးထိ (ဇာတ်ပေါင်း - ၃၅)။

(ဂ) ကူဋဝါဏိဇဝဂ် မုဒုလက္ခဏဇာတ်မှ လိတ္တဝဂ် အဆုံးထိ (ဇာတ်ပေါင်း- ၃၅)။

(ဃ) ပရောသတဝဂ် အစမှ ကေနိပါတ်အဆုံးထိ (ဇာတ်ပေါင်း- ၂၀) ၄-ပိုင်း ပိုင်း၍ ၁-ပိုင်းလျှင် သာမန်အားဖြင့် ၄-နှစ်စီလှည့်၍ မေးခွန်းထုတ်ရမည်။

http://www.dhammadownload.com



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ပထမပြန်စာမေးပွဲ ပုစ္ဆာထုတ်စည်းမျဉ်း
# ပထမငယ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း

## ၁။ ဝိနယ (ဘိက္ခုပါတိမောက်)
### မေးခွန်းလွှာ- ၁

| | | |
|---|---|---|
| (က) | ဘိက္ခုပါတိမောက်- | |
| | ပါဠိအာဂုံ | ၁-ပုစ္ဆာ၊ |
| | အနက်ပေး | ၁-ပုစ္ဆာ၊ |
| | ဘိက္ခုပါတိမောက် ကျမ်းဖရင်းအဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |
| (ခ) | ကင်္ခါအဋ္ဌကထာ- | |
| | ကျမ်းအစမှ ပါရာဇိကဒုဒ္ဒေသအဆုံးအထိအဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |
| | လူနှင့်သီလရှင်များအတွက်- | |
| (က) | ဓမ္မပဒပါဠိတော် (အစမှ မာလဝဂ်အဆုံးအထိ)- | |
| | ပါဠိတော် | ၁-ပုစ္ဆာ၊ |
| | အနက်ပေး | ၁-ပုစ္ဆာ၊ |
| | ဓမ္မပဒပါဠိတော်အဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |
| (ခ) | ဓမ္မပဒအဋ္ဌကထာ အဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |

## ၂။ ကစ္စည်းသဒ္ဒါကြီး
### မေးခွန်းလွှာ- ၂

| | | |
|---|---|---|
| (က) | ကစ္စည်းသဒ္ဒါကြီး- | |
| | ပါဠိအာဂုံ | ၁-ပုစ္ဆာ၊ |
| | အနက်ပေး | ၁-ပုစ္ဆာ၊ |
| | ရုပ်တွက် | ၁-ပုစ္ဆာ၊ |

http://www.dhammadownload.com



(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်ခွဲခြင်းတို့ပါဝင်သည်)

ကစ္စည်းကျမ်းရင်းအဓိပ္ပါယ် ၁–ပုစ္ဆာ၊

(ခ) ရူပသိဒ္ဓိ–

သန္ဓိ၊ နာမ် ၂–စောင်မှ ရုပ်၊ အဓိပ္ပါယ်နှင့် နာမ်ဂိုဏ်း ၁–ပုစ္ဆာ၊

(ဂ) သန္ဓိ၊ နာမ်၊ ပုဒ်စစ်၊ သုတ်စစ် ၁–ပုစ္ဆာ၊

## ၃။ အဘိဓမ္မတ္ထသင်္ဂဟ

### မေးခွန်းလွှာ– ၃

(က) အဘိဓမ္မတ္ထသင်္ဂဟ–

ပါဠိအာဂုံ ၁–ပုစ္ဆာ၊

အနက်ပေး ၁–ပုစ္ဆာ၊

သရုပ် ၁–ပုစ္ဆာ၊

ကျမ်းရင်းအဓိပ္ပါယ် ၁–ပုစ္ဆာ၊

(ခ) ဋီကာကျော် အောက်သုံးပိုင်း အဓိပ္ပါယ် ၂–ပုစ္ဆာ၊

## ၄။ တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာ

### မေးခွန်းလွှာ– ၄

(က) တိကမာတိကာ ၂–ပုစ္ဆာ၊

(ခ) အဘိဓမ္မဒုကမာတိကာ ၂–ပုစ္ဆာ၊

(ဂ) ဓာတုကထာအစမှ ပဉ္စမနယအဆုံးအထိ ၂–ပုစ္ဆာ၊

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်။ ပါဠိ၊ အနက်ကို မေးရာ၌ ၁–ပုစ္ဆာထက် မပိုရ)

## ၅။ ဘာသာပြန် ဇာတ်အဋ္ဌကထာ

### မေးခွန်းလွှာ– ၅

ပါဠိကို မြန်မာပြန်ဆိုစေခြင်း ၂–ပုစ္ဆာ၊

မြန်မာကို ပါဠိပြန်ဆိုစေခြင်း ၂–ပုစ္ဆာ၊

http://www.dhammadownload.com



ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့် ရေးသားစေခြင်း — ၁–ပုစ္ဆာ၊

ဇာတ်ဝတ္ထုများမှ ရယူအပ်သော သခ်ဳန်းစာများကို ရေးသားစေခြင်း — ၁–ပုစ္ဆာ၊

## အထွေထွေ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ သတ္တမသမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ၂– အရ ပထမပြန်အထူးအောင် စာမေးပွဲကို ရှုးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် ၃–နာရီ သတ်မှတ်ထားသဖြင့် ၃–နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။

စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့်ထက်မပိုသော မေးခွန်း ဖြစ်ရမည်။

http://www.dhammadownload.com



# ထုတ်ဝေပြီးကျမ်းစာများ

## လက်ဆောင်ကျမ်းများ


၁။ မာတိကာ+ ဓာတုကထာလက်ဆောင် — စာပေအမှတ်စဉ်– ၄

၂။ ယမကလက်ဆောင် (အောက် ၅–ကျမ်း) — စာပေအမှတ်စဉ်– ၇

၃။ ယမကလက်ဆောင် (အထက် ၅–ကျမ်း) — စာပေအမှတ်စဉ်– ၆

၄။ ပဋ္ဌာန်းလက်ဆောင် (ဖယား) — စာပေအမှတ်စဉ်– ၅

၅။ ပဋ္ဌာန်းလက်ဆောင် (ပို့ချစဉ်) — စာပေအမှတ်စဉ်–၁၀

၆။ အဘိဓမ္မာလက်ဆာင် — စာပေအမှတ်စဉ်–၁၆

၇။ ဆန်းလက်ဆောင် — စာပေအမှတ်စဉ်–၁၇

၈။ သဒ္ဒါလက်ဆောင် — စာပေအမှတ်စဉ်–၁၈

၉။ သုတ်နက်လက်ဆောင် — စာပေအမှတ်စဉ်– ၂၃

၁၀။ သဒ္ဒါကြီးနိဿယလက်ဆောင် — စာပေအမှတ်စဉ်– ၂၄

၁၁။ မဟာပရိတ္တအဘိနဝဋီကာ — ဓမ္မဒါန


## အဖြေစုံကျမ်းများ


၁၂။ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း– ပုစ္ဆာအဖြေစုံစာအုပ်များ (၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀–ခုနှစ်)


## ဗဟုသုတစာအုပ်များ


၁၃။ ရဟန်းခံရှင်ပြုအကြောင်းသိကောင်းစရာ၊

၁၄။ ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် စေတီ+ ပုထိုး၊ — စာပေအမှတ်စဉ်– ၂၆

၁၅။ ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း၊

http://www.dhammadownload.com



၁၆။ သမိုင်းတာဝန် ကျေပွန်စေ၊
၁၇။ လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန်၊
၁၈။ ခရီးပန်းတိုင်နှင့်လက်ရွေးစင်ဆောင်းပါးများ အမှတ် ၂၊
၁၉။ အင်္ဂုတ္တိုရ်လက်ဆောင် စာပေအမှတ်စဉ်– ၂၈
စသည့်စသည့် စာအုပ်များကို–

ဖြန့်ချိရေး–

စာပေထိန်းသိမ်းရေးအဖွဲ့ ဓမ္မအလင်းရောင်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၇၃၀၅၉၃၃၂၊ ၀၁– ၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ– ၂၁၆)

http://www.dhammadownload.com



# ပဏာမ

**လောကဂ္ဂပုဂ္ဂလဇိနံ စ သဓမ္မသံဃံ၊ နတွာ မမံ သုနယဒါနဂရုဝရေ တံ။**
**ခေဒံ ပဟာယ ပရမံ သုနယံ ဝရန္နံ၊ နိဿာယ ဗျာကရဏမဂ္ဂနယံ တရိဿံ။**
(၁၄–ဆုံးဖြတ်ဝေသန္တရိပေကာဒ်ဂါထာ)

အဟံ– ခန္ဓာပေါ်တွင် ပညတ်တင်လျှက် အစဉ်ပြောကြ တိလောက–ဟု နာမတွင်ခေါ် တပည့်တော်သည်၊ **သဓမ္မသံဃံ**– တရားရတနာ မြတ်သံဃာနှင့်တကွ ဖြစ်တော်မူသော၊ **လောကဂ္ဂပုဂ္ဂလဇိနံ စ**– လောကထွဋ်ဖူး ပုဂ္ဂိုလ်ထူးဖြစ်သည့် ငါးမာရ်အောင်မြင် ဘုရားရှင်ကိုလည်းကောင်း၊ **မမံ**–တိလောက–ဟု နာမတွင်ခေါ် တပည့်တော်အား၊ **သုနယဒါနဂရုဝရေ စ**– ယခုအခြေတိုင် ရောက်လေအောင် မိန့်ခြွေသွန်းလောင်း နည်းလမ်းကောင်းကို ငဲစောင်းစေတနာ ဖြူစင်စွာဖြင့် သေချာပေးတတ် ဆရာမြတ်တို့ကိုလည်းကောင်း။ (နမာမိ–အနန္တဂုဏ် ကျေးဇူးဟုန်ကို အကုန်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။) **နတွာ**– ရှိခိုးပြီး၍၊ **ပရမံ**– သံယာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်နေရခြင်းကြောင့် အလွန်အမင်းဖြစ်သော၊ **ခေဒံ**–ကိုယ်စိတ်မချမ်း ပင်ပန်းမှုကို၊ **ပဟာယ**– ငဲ့စောင်းစေတနာ ကရုဏာဖြင့် ပယ်ခွာပြီး၍၊ **ဝရန္နံ**– ကျောက်ထီးတန္တူ အလေးပြုအပ်သည့် ဆရာမြတ်တို့၏၊ **သုနယံ**– မတိမ်းမစောင်း နည်းလမ်းကောင်းကို၊ **နိဿာယ**– အမှီတကဲ သဟဲပြု၍၊ **ဗျာကရဏမဂ္ဂနယံ**– အဖြေလမ်းကြောင်း နည်းနာကောင်းကို၊ **တရိဿံ**–ရေးသားတီထွင် ပြုစီရင်ပေအံ့။ (ဂူ– ဆန်း ဒ်ဃ)

**သောတာရာနံ ဟိတာဝဟာ၊ နယုပဒေသာ ဝိသဇ္ဇနာ အယံ။**
**နယံ ဂဟေတွာန တံ မမံ၊ ဂဏှထ ဇယပုပ္ဖံ စ သာဓဝေါ။**
(မဏ္ဍာဝုဏ္ဏိ ဝေဿာလီဂါထာ)

**နယုပဒေသာ**– ဖြေပုံဖြေနည်းကိုညွှန်ပြတတ်သော၊ **အယံ ဝိသဇ္ဇနာ**–ဤပထမငယ်တန်းအဖြေစုံကျမ်းသည်၊ **သောတာရာနံ**–အောင်ပန်းကိုမင် စာပွဲဝင်သည့် စာသင်သားတို့၏၊ **ဟိတာဝဟာ**–အကျိုးစီးပွါးကို ဆောင်တတ်ပေ၏၊ **စ**–တိုက်တွန်းလိုသည်ကား၊ **မမံ**–ငါ၏၊ **တံ နယံ**– ထိုဝိသဇ္ဇနာနည်းကို၊ **ဂဟေတွာန**– ယူကြကုန်၍၊ **သာဓဝေါ**– သူတော်ကောင်းဖြစ်ကုန်သော၊ တုမှေ–သင်စာသင်သားတို့သည်၊ **ဇယပုပ္ဖံ**– အောင်ပန်းကို၊ **ဂဏှထ**– လက်ရပိုင်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)

### ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ မီးဘေးရှောင် မလောင်ခင်တား-ဟူသောစကားအရ မီးကိုအသုံးပြုခြင်းကြောင့် သင့်ရောက်နိုင်သောအပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးပြပါ။

၂။ အောက်ဖော်ပြပါတို့ကိုသာ အနက်မှန်စွာယောဇနာပြပါ။
(က) တတိယပါရာဇိက သိက္ခာပုဒ်၌ သံဝဏ္ဏနာကာရပြ ပါဠိ၊
(ခ) စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ သမုဒါစရဏာကာရပြ ပါဠိ။

၃။ သံဃာဒိသိသ်အာပတ်သင့်၍ ဖုံးလွှမ်းထားသောရဟန်းအား ထိုအာပတ်မှ လွတ်မြောက်ရန် မည်သို့လိုက်နာကျင့်သုံးရမည်ကို ပါတိမောက်လာအတိုင်း ရှင်းလင်းဖော်ပြ၍ နိသီဒိုင်အခင်းသစ်ကို ပြုလုပ်လိုသောရဟန်း၏ ပြုလုပ်ရမည့်အစီအစဉ်ကိုလည်း ပါတိမောက်လာအတိုင်းဖော်ပြခဲ့ပါ။

၄။ ဆွမ်းခံသွားရာမှ ရလာသော ထိုးမုန့်ကို သိမ်းထားပြီး ညဉ့်အခါ၌ အကပ်မခံဘဲ စားသောရဟန်းအား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ အသီးသီးဖော်ပြခဲ့ပါ။

၅။ သုဏာတု မေ ဘန္တေ သံဃော-၌ သံဃာအပြားကို ဖော်ပြ၍ ဤ၌ အလိုရှိအပ်သောသံဃာကို ဖော်ပြပြီးလျှင်၊ စတုဝဂ္ဂသံဃာသည် မပြုအပ်သော ကံတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ယော ပန ဘိက္ခု သိက္ခာသာဇီဝသမာပန္နော-၌ ဘိက္ခုအပြားကို ဖော်ပြ၍ သိက္ခာ-အရ၊ သာဇီဝ-အရကိုတို့ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com


## ၁။ ကချင်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ဧောတိသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (က) (ကိ တုယှိမိနာ ပါပကေန ဒုဗ္ဗိဝိတေန မတံ တေ ဇီဝိတာ ယေယျော–ဟူသောပါဠိနှင့်)

(ခ) (ဣတိ ဇာနာမိ ဣတိ ပဿာမိ – တို့ကို အနက်ရေးလေ။)

၃။ လိုက်နာကျင့်သုံးရပုံ

၁။ ဖုံးလွှမ်းသောရက်တို့ပတ်လုံး ပရိဝါသ်ဆောက်တည်ရမည်။

၂။ ထို့နောက် ၆–ရက် မာနတ်ကျင့်ရမည်။

၃။ ပြီးလျှင် နှစ်ကျိပ်အရေအတွက်ရှိသော သံဃာသည် ထိုရဟန်းကို သိမ်ထဲ၌ အဗ္ဘာန် သွင်းရမည်။

**ပြုလုပ်ရမည့် အစီအစဉ်**

အခင်းပေါင်း၏ နံပါးတစ်ဖက်မှ မြတ်စွာဘုရား၏ လက်သန်းထွာပမာဏမျှအရပ်ကို အဆင်းပျက်ခြင်းကို ပြုခြင်းငှါ ယူရမည်။

၄။ သိမ်းထားပြီး စားသည့်အတွက် သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊ ညဉ့်အခါ၌ စားသည့်အတွက် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊ အကပ်မခံဘဲ စားသည့်အတွက် ဒန္တပေါနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

၅။ သမ္မုတိသံဃာ၊ ဒက္ခိဏေယျသံဃာ။

ဤ၌ သမ္မုတိသံဃာကို ယူရမည်။

**မပြုအပ်သောတံ**

ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံ။

၆။ ဟော် ဘိက္ခုပသမ္ပဒါရဟန်း၊ သရဏဂမနုပသမ္ပဒါရဟန်း၊ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း၊ ပဉှာဗျာကရဏူပသမ္ပဒါရဟန်း၊ အဋ္ဌ ဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း၊ ဒူတေနုပသမ္ပဒါရဟန်း၊ အဋ္ဌဝါစိကူပသမ္ပဒါရဟန်း၊ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း၊

**သိက္ခာအရ**

ပါတိမောက်သံဝရသီလတည်းဟူသော အဓိသီလသိက္ခာကို ရပါသည်။

http://www.dhammadownload.com



**သာဓိဝအရ**

ရဟန်းတော်များ အတူကျင့်ရာဖြစ်သော ဘုရားရှင်ပညတ်အပ်သော သိက္ခာပုဒ်ရသည်။

## ၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ အတ္ထကာမပါရိစရိယ သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ ဘိက္ခုနီမနှင့် ကောင်းစွာတိုင်ပင်၍ ဘုရားဖူးခရီးထွက်သောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ရေးပြခဲ့ပါ။

၃။ ပါတိမောက်ပြရာ၌ အာပတ်ဖုံးလွှမ်းခြင်း၏ အပြစ်တို့ကို ကုန်စင်အောင် ရေး၍၊ အမူလက ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း၏ ရည်ရွယ်ချက်ကိုလည်း ပါတိမောက်လာသည့်အတိုင်း ရေးခဲ့ပါ။

၄။ အောက်ပါရဟန်းတော်တို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ရေးခဲ့ပါ။

(က) ရှာန်, မဂ်, ဖိုလ်ကို ရ၏ဟု ပြောကြားသောရဟန်း။

(ခ) ပန်းခူးသောရဟန်း။

(ဂ) ဝိနည်းဆုံးဖြတ်ရာ၌ ဆန္ဒမပေးဘဲ ထသွားသောရဟန်း။

(ဃ) မိမိကရပ်လျက် ထိုင်နေသူ (မနာမဖျားသူ)အား တရားဟောသောရဟန်း။

၅။ သုဏာတု မေ ဘန္တေ သံဃော-၌ ကံ၏အစွမ်းဖြင့် သံဃာအပြားသရုပ်ကို ရေး၍၊ အန္တရာယိကော ဓမ္မော-၌ အန္တရာယ်ပြုပုံကိုလည်း ကခ်ါလာသည့်အတိုင်း ရေးခဲ့ပါ။

၆။ ဘိက္ခု စ-မှုးရှိရာတွင် ယော ပန ဘိက္ခု-၌ ယူရမည့်ဘိက္ခုကို ဖော်ပြ၍၊ ဒုတိယပါရာဇိက လာ ရာဇာနော-အရကိုလည်း ကောက်ပြခဲ့ပါ။

http://www.dhammadownload.com



## ၂။ ကယားပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ပါဠိုထင်ရှားပြီ။)

၂။ (ဩဝါဒဝဂ်၊ သံဝိဓာနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ သမ္ပဇာနမုသာဝါဒဒုက္ကဋ်အာပတ်သင့်နိုင်ခြင်း။ ၄င်းဒုက္ကဋ်အာပတ်က ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းဟူသော အပြစ်တို့ဖြစ်ပါသည်။

**ရည်ရွယ်ချက်–**

သာသနာတော်မှ ရွေ့လျောစေလိုခြင်း–ဟူသော ရည်ရွယ်ချက် ဖြစ်ပါသည်။

၄။ (က) မိမိ၌ မရှိလျှင် ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
မိမိ၌ ရှိလျှင် ဘူတာရောစနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ခ) ဘူတဂါမသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) ဆန္ဒံ အဒတွာ ဂမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ဠိတသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၅။ စတုဝဂ္ဂသံဃာ၊ ပဉ္စဝဂ္ဂသံဃာ၊ ဒသဝဂ္ဂသံဃာ၊ ဝီသတိဝဂ္ဂသံဃာ၊
အတိရေက ဝီသတိဝဂ္ဂသံဃာ။

**အန္တရာယ်ပြုပုံ**

သမ္ပဇာနမုသာဝါဒအာပတ်သည် နှလုံးမသာယာခြင်း ဝိပ္ပဋိသာရ၏ အကြောင်းဖြစ်သော ကြောင့် ဝမ်းမြောက်ခြင်း ပါမောဇ္ဇစသည်ဖြစ်မှုကို တားမြစ်၍ ပဌမဈာန်စသည် ရခြင်း၏ အန္တရာယ်ကို ပြုသည်။

၆။ ဥတ္တိစတုတ္ထကမ္မဖြင့်ပသမ္ပဒါရဟာန်းကို ယူရမည်။

**ရာဇာနော– အရ**

မိမ္ဗိသာရမင်းကို ယူရမည်။

http://www.dhammadownload.com



၁။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ နိဿဂ္ဂိယ်အခင်းကို ပြုလုပ်လိုသောရဟန်းတော်များ လိုက်နာကျင့်သုံးရန် ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ ရဟန်းတော်များသည် လူပုဂ္ဂိုလ်များကဲ့သို့ စုံထောက်,ထောက်လှမ်းရေးအမှု မပြုလုပ်ရ-ဟု ပညတ်ချက်ထုတ်ထားသော (ဥပသုတိ)သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၃။ အောက်ပါရဟန်းတော်များ သင့်ရောက်နိုင်သောအာပတ်များကို သိက္ခာပုဒ်အမည်နှင့်တကွ ဆုံးဖြတ်ပါ။

(က) ကိုယ်ဝန်ကျဆေး ပေးသော ရဟန်း။
(ခ) မာတုဂါမဆံနွယ်ကို ကိုင်တွယ်သော ရဟန်း။
(ဂ) ရွှေ,ငွေအလှူခံသော ရဟန်း။
(ဃ) မြေတူးသော ရဟန်း။
(င) ဆွေမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းချုပ်ခိုင်းသော ရဟန်း။

၄။ ဝိနည်းမှာသိမ် သဒ္ဒါမှာလိင် သင်္ချိုဟ်မှာ သရုပ်-ဟု ဆိုကြရာဝယ် သိမ်သမုတ်ရာ၌ ပြည့်စုံရမည့်အင်္ဂါ ၃-ချက်ကို ဖြေဆိုပြီးလျှင်၊ ရာဇာနော စောရံ ဂဟေတွာ၌ ရာဇာနော-အရ ယူရမည့် မင်းအမည်ကိုလည်း ဖော်ပြပါ။

၅။ ဖျားနာသော ရဟန်းတော်များအတွက် ၇-ရက်အတွင်း မှီဝဲကောင်းသော ဆေး ၅-မျိုး အမည်ကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ပြီးလျှင်၊ အဘယ်သို့သောသင်္ကန်းမျိုးကို အစွေကစီဝရ-ဟု ခေါ်ဆိုပါသနည်း ? ဖြေဆိုပါ။

၆။ အလဇ္ဇီပုဂ္ဂိုလ်တို့၏ လက္ခဏာများကို ကာ်ါအလိုကျ ဖော်ပြ၍၊ တုစ္ဆ မုသာ ဝိလပိတ္တိ-၌ တုစ္ဆနှင့် မုသာအထူးကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



## ၃။ ကရင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (နိသီဒနသန္တတသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (အနက်ထင်ရှားပြီ။)

၃။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
(ခ) ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ဂ) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဃ) ပထဝီခဏနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) စီဝရသိဗ္ဗနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

၄။ နိမိတ်၏ ပြည့်စုံခြင်း။ ပရိသတ်၏ ပြည့်စုံခြင်း။ ကမ္မဝါစာ၏ ပြည့်စုံခြင်း။
**ရာဇာနော– အရ –**
မိမိ့သာရမင်းကိုယူ။

၅။ သပ္ပိ– ထောပတ်၊ နဝနီတ – ဆီဦး။ တေလ – ဆီ၊ မဓု – ပျားရည်၊ ဖာဏိတ – တင်လဲ။
**အစ္ဆေကစီဝရ**
ခရီးသွားမည့်သူ, မကျန်းမာသူ, ကိုယ်ဝန်ရှိသူ, သဒ္ဓါတရားအသစ် ဖြစ်ပေါ်လာသူတို့တွင် တစ်ယောက်ယောက်က "ဝဿာဝါသိကံ ဒဿာမိ"ဟု လျှောက်ထား၍ လှူအပ်သော သင်္ကန်းကို အစ္ဆေကစီဝရ–ဟု ခေါ်သည်။

၆။ စေတနာနှင့်တကွ အာပတ်သင့်ခြင်း။
သင့်သောအာပတ်ကို ဒေသနာမပြောကြားဘဲ လျှို့ဝှက်ထားခြင်း။
အဂတိလိုက်ခြင်း။
**တုစ္ဆံနှင့်မုသာအထူး**
အနက်အဓိပ္ပါယ်ကင်းသောကြောင်း တုစ္ဆံမည်၏။
လိမ်လည်လိုသောကြောင့် မုသာမည်၏။

http://www.dhammadownload.com



၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမငယ်တန်း ။ ။ ဝိနယ (ဘိက္ခုပါတိမောက်) ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ပုဗ္ဗကရဏလေးပါးပြ ပါဠိဂါထာကို ပါဠိသက်သက်မျှသာ ရေးသားပြပါ။

၂။ ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ-ဟူသော ပါဠိဝါကျကို ကတ္တားထည့်၍ မှန်ကန်စွာ အနယ်ယောဇနာပြပါ။

၃။ သုက်လွှတ်သော်လည်း သံဃာဒိသေသ်အာပတ်မသင့်ရာအခါကို ကျမ်းရင်းလာအတိုင်း ဖြေဆိုပြ၍၊ ဝိပရိဏတစိတ်ဖြင့် မာတုဂါမ၏ ဆံထုံးကို ကိုင်ရာ၌ သင့်ရောက်ထိုက်သော အာပတ်၏အမည်ကို သိက္ခာပုဒ်အမည်တပ်၍ ဖြေဆိုပြပါ။

၄။ ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ် ဩဝါဒဝဂ်လာ စီဝရဒါနသိက္ခာပုဒ်၏ အဓိပ္ပါယ်ကို ကျမ်းရင်း လာအတိုင်း ဖြေဆိုပြပါ။

၅။ ကင်္ခါအဋ္ဌကထာကျမ်း ရေးသားဘို့ရန်အတွက် လျှောက်ထားတောင်းပန်သော ဆရာတော် ဘုရားကြီး၏ ဘွဲ့အမည်ကို မှန်ကန်စွာ ရေးသားဖော်ပြ၍၊ သိမ်အပြား ၂-ပါးကိုလည်း ဖြေဆိုပြပါ။

၆။ တိတ္ထိယပက္ကန္တက-၏ သဘောအဓိပ္ပါယ်ကို ကင်္ခါအဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆိုပါ။

၄။ ချင်းပြည်နယ် (အဖြေ)
ပထမငယ်တန်း ။ ။ ဝိနယ (ဘိက္ခုပါတိမောက်) ဘာသာ

၁။ (ပါဠိထင်ရှားပြီ။)

၂။ တုမှေ-သင်တို့သည် ဟု ကတ္တားထည့်၍ အနက်ပေးလေ။

၃။ အာပတ်မသင့်ရာအခါ - အိပ်မက် မက်ရာအခါ။
အာပတ်အမည် - ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

http://www.dhammadownload.com



၄။ ဆွေမျိုးမတော်သောဘိက္ခုနီမအား လဲလှယ်မှုကိုကြည့်၍ သင်္ကန်းပေးသောရဟန်းအား သုဒ္ဓပါစိတ်အာပတ်သင့်သည်။

၅။ ဆရာတော်၏ဘွဲ့အမည် - သောဏမထေရ်။
သိမ်အပြား - ဗဒ္ဓသိမ်, အဗဒ္ဓသိမ်တို့ဖြစ်သည်။

၆။ တိတ္ထိဖြစ်လို၍ ကိုယ်တိုင် သမန်းမြက်, အဝတ်စသော တိတ္ထိအသွင်ကို ယူသောသူ၊
တိတ္ထိထံ၌ ရှင်ရဟန်းပြုသောသူ၊
အဝတ်မဝတ်ဘဲ အာဇီဝကတို့ထံသို့ သွား၍ ဆောင့်ကြောင့်ထိုင်ခြင်းစသော အကျင့်ကို ကျင့်သောသူတို့သည် တတ္ထိယပက္ကန္တက မည်ပါသည်။

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ ဘိက္ခုပါတိမောက် ရာဇသိက္ခာပုဒ်လာ တမန်သည် ပြောကြားသော စကားရပ်တို့ကို ပါဠိ သက်သက်ရေးခဲ့ပါ။

၂။ ဘိက္ခုပါတိမောက်လာ ဥပဿုတိ သိက္ခာပုဒ်ကို ကျနစွာ အနက်ရေးခဲ့ပါ။

၃။ အခင်းသစ်ပြုလုပ်လိုသော ရဟန်းတို့ ပြုလုပ်စဉ်+ ပြုလုပ်ပြီးအခါတို့၌ လိုက်နာရမည့် စည်းကမ်းတို့ကို ခွဲခြားဖော်ပြ၍၊ စစ်မြေပြင်သို့ ရောက်ရှိနေသော ရဟန်းတော်များအဖို့ (က) စစ်တပ်၌ နေထိုင်ခွင့်ရသောရက်၊ (ခ) မသွားရောက်ရမည့်အရပ်တို့ကို ဖော်ပြခဲ့ပါ။

၄။ အောက်ပါရဟန်းတော်များ သင့်ရောက်နိုင်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြခဲ့ပါ။
(က) ကိုယ်ဝန်ကျဆေး ပေးသော ရဟန်း။
(ခ) မာတုဂါမကို ရည်းစားစကားပြောသော ရဟန်း။
(ဂ) သင်္ကန်းရောင်းသော ရဟန်း။
(ဃ) သကြံန်အခါ ရေကစားသော ရဟန်း။
(င) သေနတ်ကိုင်ထားသော စစ်သားအား တရားဟောသော ရဟန်း။

http://www.dhammadownload.com


၅။ အလဖ္ဗိလက္ခဏာတို့ကို ရေးသားဖော်ပြ၍ သိမ် နိမိတ်လောက်သောရေနှင့် တောင်ပို့တို့ကို ပောဋ္ဌမပရိစ္ဆေဒအားဖြင့် ဖော်ပြခဲ့ပါ။

၆။ ရဟန်းပြုရာ၌ လိုအပ်သော ဥတ္တိသမ္ပတ္တိ ၅–မျိုးကို မြန်မာလို ဖော်ပြ၍ ဥဒ္ဒိဋ္ဌာခေါ် အာယ– သ္မန္တော စတ္တာရော ပါရာဇိကာ ဓမ္မာ–၌ မယူရသော ပါရာဇိကတို့ကို သိသာရုံ ရေတွက်ပြပါ။

## ၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ဣဒံ ခေါ် ဘန္တေ အာယသ္မတ္တံ ဥဒ္ဒိဿ စီဝရစေတာပန္နံ အာဘတံ၊ ပဋိဂ္ဂဏှာတု အာယသ္မာ စီဝရစေတာပန္နံ။
အတ္ထိ ပနာယသ္မာတော ကောစိ ဝေယျာဝစ္စကရော။ ယံ ခေါ် ဘန္တေ အာယသ္မာ ဝေယျာ ဝစ္စကရံ နိဒ္ဒိသိ၊ သညတော သော မယာ။ ဥပသင်္ကမတာ ယသ္မာ ကာလေန စီဝရေန တံ အစ္ဆာဒေသတိ။

၂။ (အနက်ထင်ရှားပြီ။)

၃။ ပြုလုပ်စဉ် မည်းသောသိုးမွေး ၂–ဖို့၊ ဖြူသောသိုးမွေး ၁–ဖို့၊ ကြောင်သောသိုးမွေး ၁– ဖို့တို့ကို ယူ၍ ပြုလုပ်ရမည်။
ပြုလုပ်ပြီး ၆–နှစ်ပတ်လုံး ဆောင်ရမည်။
သမ္မုတိရသောရဟန်းမှတစ်ပါး ၆–နှစ်အတွင်း၌ အခင်းဟောင်းကို စွန့်၍ အခင်းသစ်ကို မပြုလုပ်ရ။
(က) ၂–ညဥ့်, ၃–ညဥ့်၊
(ခ) တက်၍ တက်၍ ထိုးပစ်ရာအရပ်၊ မိုလ်ပါရဲမက်ကို ရေတွက်ရာအရပ်၊ စစ်ဆင်ရာအရပ်။
ဆင်တပ်, မြင်းတပ်, ရထားတပ်, လက်နက်စွဲသောရဲမက်တပ်ကို ကြည့်ရှုရာအရပ်။

၄။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
(ခ) အတ္တကာမပါရိစရိယာယသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ဂ) ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိအာပတ်အာပတ်၊
မှတ်ချက်။ ။ပိုက်ဆံဖြင့် ရည်ရွယ်၍ ဖြေထားသည်။

http://www.dhammadownload.com


(ဃ) ဟာသမ္ဘေသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) သတ္တပါဏသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၅။ **အလဗ္ဗိလက္ခဏာ-** (ကရင် ၆-၅)
**ပောဋ္ဌိမပရိက္ခေဒ-** အောက်ထစ်ဆုံးအားဖြင့် သိမ်သမုတ်သောနေ့၌ ပေါက်သော လက်ရှစ်သစ် မြင့်လျက် နွားချီ ပမာဏရှိသော တောင်ဘို့ဖြစ်ပါသည်။

၆။ ဝတ္ထုကို သုံးသပ်ခြင်း။ သံဃာကို သုံးသပ်ခြင်း။ ပုဂ္ဂိုလ်ကို သုံးသပ်ခြင်း။
ဉတ်ကို သုံးသပ်ခြင်း။ ကမ္မဝါစာ၏ ရှေ့၌ ဉတ်ကို ထားခြင်း။
**မယူရသော ပါရာဇိက**
ဘိက္ခုနီအသာဓာရဏ ပါရာဇိက ၄-ပါး၊
အဘဗ္ဗပုဂ္ဂိုလ် ၁၁- ယောက်၊
လူထွက်လို၍ လူဝတ်လဲသော ဘိက္ခုနီမ၊
အနုလောမ ပါရာဇိက ၄-ပါးတို့ကို မယူရပါ။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ ဝိနည်းကျင့်ဝတ်ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဆွေမျိုးမတော်သော ယက်ကန်းသည်များအထံ၌ မိမိအား မဖိတ်မန်ပါဘဲ သင်္ကန်းအထူးကို ရက်စေသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိသက်သက် ရေးပြပါ။

၂။ အသက်နှစ်ဆယ်မပြည့်သေးသော သာမဏေမအား ရဟန်းခံပေးကြရာ၌ အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ယောဇနာပြခဲ့ပါ။

၃။ ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်ကို အစဉ်ကျအောင် ရေတွက်ပြပြီးလျှင်၊ နိဒါန်း၌လာသော ဒုက္ကဋ်အာပတ်၏ အပြစ်ကိုလည်း တိကျစွာ ဖြေဆိုပါ။

၄။ သေနာသနသိက္ခာပုဒ်တို့တွင်ပါဝင်သော အသုံးအဆောင်ပစ္စည်း အမျိုးမျိုးတို့၏ အမည်များကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ရေးသားဖြေဆိုပြီးလျှင်၊ မိမိကိုယ်တိုင် မှန်မကျေးကောင်းသော ပုဂ္ဂိုလ်များကိုလည်း ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



၅။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

(က) ပိုက်ဆံအလှူခံ၍ ညနေအခါ ခေါက်ဆွဲကြော် ဝယ်စားသော ရဟန်း။

(ခ) သူငယ်ချင်းအချင်းချင်း ရန်ဖြစ်အောင် စကားကို ခိုး၍နားထောင်ပြီး သပိတ်ကို ဖုတ်ထားသော ရဟန်း။

(ဂ) မိမိသူငယ်ချင်း ဘိက္ခုနီမအား သင်္ကန်းပေးသော ရဟန်း။

၆။ အာပတ်သင့်ကြောင်း ၆–ပါးတို့တွင် ကုက္ကုစ္စကြောင့် အာပတ်သင့်ပုံ–ကို ရေးသားပြ၍၊ စတုတ္ထပါရာဇိကသိက္ခာပုဒ်၌ပါသော ဝိသုဒ္ဓါပေက္ခ–၏ အဓိပ္ပါယ်ကိုလည်း သိသာအောင် ရှင်းပြခဲ့ပါ။

## ၆။ တနင်္သာရီတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဝိနည်းကျင့်ဝတ်ဘာသာ

၁။ (မဟာပေသကာရသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဦနဝီသတိဝဿ သိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ လူ, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ, သိက္ခာချသူ, ပါရာဇိကကျသူ, အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သောရဟန်း, အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သောရဟန်း, ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သောရဟန်း, ပဏ္ဍုက် ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, အမိကိုသတ်သူ, အဖကိုသတ်သူ, ရဟန္တာကိုသတ်သူ, ဘိက္ခုနီမကို ဖျက်ဆီးသူ, သံဃာသင်းခွဲသူ, ဘုရားကို သွေးစိမ်းတည်အောင် ပြုသူ–တို့ဖြစ်ပါသည်။

**ဒုက္ကဋ်အာပတ်၏ အပြစ်**

နှလုံးမသာယာခြင်း ဝိပ္ပဋိသာရ၏ အကြောင်းဖြစ်သောကြောင့် ဝမ်းမြောက်ခြင်း စသည် ဖြစ်မှုကို တားမြစ်၍ ပဌမစျာန်စသည်ရခြင်း၏ အန္တရာယ်ကို ပြုတတ်သောအပြစ် ဖြစ်သည်။

၄။ မဉ္စ – ညောင်စောင်း။ ပီဌ – အင်းပျဉ်၊ ဘိသိ – ဘုံလျို၊ ကောစ္ဆ – ခက်အခင်း။ သေယျ – ကျောင်းအိပ်ရာ နေရာ။

**ပုဂ္ဂိုလ်များ–**

အဝတ်မဝတ်သော တက္ကတွန်း၊ ပရိဗိုဇ်၊ ပရိဗိုဇ်မ။

http://www.dhammadownload.com


၅။ (က) ပိုက်ဆံအလှူခံသောကြောင့် ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊ ခေါက်ဆွဲကြော် ဝယ်စားသောကြောင့် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ခ) စကားကို ခိုးနားထောင်သောကြောင့် ဥပဿုတိသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊ သပိတ်ကို ဝှက်ထားသောကြောင့် အပနိဓာနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) စီဝရဒါနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

၆။ အဝ်သလော မအဝ်သလော–ဟု သံသယကုက္ကုစ္စဖြစ်လျှင် ဝိနည်းကို မေး၍ အဝ်သည်ကို ပြုကာ မအဝ်သည်ကို မပြုသင့်ပါလျက် ပြုလုပ်သင့်တာဘဲ–ဟု နင်းချေကျူးလွန်ခြင်းကြောင့် အာပတ်သင့်ခြင်းသည် ကုက္ကုစ္စကြောင့် သင့်သည်မည်သည်။

**ဝိသုဒ္ဓါပေက္ခ၏ အဓိပ္ပါယ်–**

ပါရာဇိကကျပြီးသောသူသည် ရဟန်းအဖြစ်၌ ဆက်လက်နေလျှင် ဈာန်စသည်ကို မရနိုင်သောကြောင့် ပါရာဇိကကျသူ ရဟန်းအဖြစ်သည် ဝိသုဒ္ဓိမဖြစ်နိုင်၊ လူအဖြစ်, သာမဏေအဖြစ်၌ တည်၍ ဒါနစသည်တို့ဖြင့် နတ်ရွာသုဂတိကိုလည်းကောင်း၊ ဈာန်မဂ်ဖိုလ်တို့ဖြင့် နိဗ္ဗာန်ကိုလည်း ရနိုင်သောကြောင့် ပါရာဇိကကျသူ၏ လူအဖြစ်, သာမဏေအဖြစ်သည် ဝိသုဒ္ဓိမည်၏၊ ထို့ကြောင့် ဝိသုဒ္ဓါပေက္ခော–ဟု ဆိုရသည်။

## ၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/အနောက်ပိုင်း)
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
## ၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁–၃–၂၀၁၁) တနင်္လာနေ့

၁။ ပင့်ဖိတ်ထားသော ဆွမ်းရှိပါလျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ သွားခြင်းကြောင့် အာပတ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ သင်္ကန်းအခိုးခံရသော ရဟန်းကို သင်္ကန်းအလှူခံပင့်ခဲ့သော် အလှူခံဖို့ရန် အတိုင်းအတာပမာဏကိုပြသော သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ အောက်ဖော်ပြပါတို့ကို မှန်ကန်စွာ ဖြေဆိုပါ။
(က) ကိုယ်တိုင်လည်း မဝှက်ကောင်း သူတစ်ပါးလည်း မဝှက်စေကောင်းသော ရဟန်း၏ ပစ္စည်းများ။
(ခ) ခွဲဘယ်ဘောဇဉ်ကို ရဟန်းကိုယ်တိုင် မပေးကောင်းသောပုဂ္ဂိုလ်များ။

http://www.dhammadownload.com



၄။ အောက်ပါ ရဟန်းတို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲ ဖော်ပြပါ။

(က) မာတုဂါမအား မေထုန်နှင့်စပ်သောစကားကို ပြောဆိုသောရဟန်း။

(ခ) အမျိုးမတော်သော ဒါယကာတို့ထံ သင်္ကန်းအလှူခံသော ရဟန်း။

(ဂ) ကိုယ်တိုင် ချည်တောင်း၍ သင်္ကန်းရက်စေသော ရဟန်း။

(ဃ) ဘိက္ခုနီမ စီရင်သောဆွမ်းကို သိလျက် ဘုဉ်းပေးသော ရဟန်း။

(င) ဆွမ်းဘုဉ်းပေးစဉ် စကားများသော ရဟန်း။

၅။ ဥပေါသထော ယာဝတိကာ စ ဘိက္ခူကမ္မပ္ပတ္တာ–၌

(က) ဥပေါသထော အရ၊

(ခ) ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၏ သဘောအဓိပ္ပါယ်ကို ကမ်္ဘါဆရာအလိုကျ ဖြေဆိုပါ။

၆။ ယဿ သိယာ အာပတ္တိ–၌ (က) အာပတ်သင့်ခြင်း၏ အကြောင်းများ။ (ခ) ထိုအကြောင်းတို့တွင် ရှေးဦးစွာသောအကြောင်း (အာပတ်သင့်အောင်ပြုပုံ)ကို ကမ်္ဘါနှင့်အညီ ဖြေဆိုပါ။

၇။ ပဲခူးတိုင်းဒေသကြီး/အနောက်ပိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (စာရိတ္တသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (တတုတ္ထရိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ (က) သပိတ်, သင်္ကန်း, နိသီဒိုင်, အပ်ဗူး, ခါးပန်းကြိုး။

(ခ) အဝတ်မဝတ်သော တက္ကတွန်း, ပရိဗိုဇ်, ပရိဗိုဇ်မ။

၄။ (က) ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

(ခ) အညာတကစီဝရတ္တိ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊

(ဂ) သုတ္တဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊

(ဃ) ပရိပါစိတ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

(င) သကဗ္ဗဠ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

http://www.dhammadownload.com


၅။ (က) စတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီဥပုသ်နေ့တို့တွင် တစ်နေ့နေ့ယူ၊
(ခ) ဥပုသ်ကံအား လျော်ပတ်ကုန်သော အယုတ်ဆုံး ၄-ပါးကုန်သော ပကတတ် ရဟန်းတို့သည် ဟတ္ထပါသ်ကို မစွန့်မူ၍ တစ်သိမ်တည်း၌ တည်နေခြင်းကို ဆိုလိုသည်။

၆။ (က) အရှက်မရှိခြင်း, မသိခြင်း, ကုက္ကုစ္စနှိပ်စက်ခြင်း, မအပ်သောအရာ၌ အပ်၏ဟု အမှတ်ရှိခြင်း, အပ်သောအရာ၌ မအပ်၏ဟု အမှတ်ရှိခြင်း, သတိမေ့လျော့ခြင်း-တို့ဖြစ်သည်။
(ခ) မအပ်မှန်းသိပါလျက် ကျူးလွန်၍သင့်ခြင်းကို အရှက်မရှိသောကြောင့် သင့်သည်ဟု ခေါ်သည်။

## ၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး / အရှေ့ပိုင်း)
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ အောက်ဖော်ပြပါ သိက္ခာပုဒ်များကို ပါဠိရေးပါ။
(က) ဩဝါဒဝဂ်လာ စီဝရသဒ္ဒါပါသော သိက္ခာပုဒ်တို့တွင် ဒုတိယမြောက်သိက္ခာပုဒ်၊
(ခ) အမျိုးသမီးများနှင့် တိုင်ပင်ညီညွတ်၍ ခရီးသွားသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်။

၂။ မဟာပေသကာရသိက္ခာပုဒ်လာ ဖိတ်ကြားခြင်းမရှိသော ရက်ကန်းသည်တို့ထံ ချဉ်းကပ်၍ မိမိအတွက် သင်္ကန်းစီရင်ပုံပြ ပါဠိတို့ကိုသာ အပိုအလိုမရှိ အနက်ပေးပါ။

၃။ သံဃာဒိသိသ်အာပတ်ကုစားပုံနည်းစနစ်တို့ကို အစဉ်တကျဖော်ပြပြီးလျှင်၊ ပရမ္မရဘောဇဉ်ကို သုံးဆောင်ရာအခါတို့ကိုလည်း ပါဠိ + မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတော်တို့အား သင့်ရောက်သောအာပတ်တို့ကို ဝဂ်အမည်၊ သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။
(က) အမျိုးမတော်သော ဘိက္ခုနီမထံ သင်္ကန်းအလှူခံသော ရဟန်း။
(ခ) မြေတစ်ဝက် ကျောက်တစ်ဝက်ရောသောမြေကို တူးဆွသော ရဟန်း။
(ဂ) နံပါတ်ဖိုး သုံးစွဲသော ရဟန်း။

http://www.dhammadownload.com



၅။ ဝဋ္ဋနိယပုဂ္ဂိုလ် ၂၁- ယောက်တို့တွင် တိရစ္ဆာန်အရ အဘယ်ကိုယူရမည်ကို ညွှန်ပြပြီး၊ သာစုက်ံ သုဏောမနှင့် မနသိကရောမတို့၏ ထူးခြားဟန်ကိုလည်း ကဒ်ါအလိုကျ ဖြေဆိုခဲ့ပါ။

၆။ သူ့အသက်သတ်ခြင်းနှစ်စပ်၍ ပါဏ, ပါဏာတိပါတ, ပါဏာတိပါတီ- အရတို့ကို အသီးသီး ခွဲခြားပြပါ။

## ၈။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (က) (စီဝရသိဗ္ဗနသိက္ခာပုဒ်)
(ခ) (သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (တ္တဒံ ခေါ အာဝုသော -မှ- အာယသ္မန္တာနံ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျ- တိုင်အောင် အနက်ရေးလေ။)

၃။ အာပတ် ကုစားပုံ- (ကချင် ၃-ရှု)
ဂိလာနသမယ - နာသောအခါ၊ စီဝရဒါနသမယ - သင်္ကန်းလှူသောအခါ၊
စီဝရကာလသမယ - သင်္ကန်းချုပ်သောအခါ။

၄။ (က) ကထိနဝဂ် စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ခ) မုသာဝါဒဝဂ် ပထဝီခဏန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) သုရာပါနဝဂ် သုရာပါန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

၅။ ရဟန်းအဖြစ်ကို ပယ်ထားသော လူယောင်ဖန်ဆင်းနိုင်သော နတ်, နဂါး, ဂဠုန်-စသော ပုဂ္ဂိုလ်တို့ကို ယူရမည်။
**ထူးခြားဟန်**
သာစုက်ံ သုဏောမ-ဟူသည် လိုလိုချင်ချင် နာယူခြင်း၊ သောတဒွါရ၏ အစွမ်းဖြင့် ကောင်းစွာ စိတ်အားလုံးဖြင့် ဆောင်ယူမှတ်သား၍ နာယူခြင်းကို ဆိုလိုပါသည်။
မနသိ ကရောမ-ဟူသည် ဧကဂ္ဂတာကျ၍ သမာဓိရအောင် မနောဒွါရဖြင့် စိတ်ကို စူးစိုက်၍ နာယူခြင်းကို ဆိုလိုသည်။ ဤသို့ထူးခြားပါသည်။

http://www.dhammadownload.com


၆။ **ပါကာ – အရ**

ပညတ်အားဖြင့် သတ္တဝါကို ရသည်။

ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ရသည်။

**ပါဏာတိပါတ – အရ**

ဇီဝိတိန္ဒြေကို ဖျက်ဆီးတတ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေကြောင်း စေတနာကိုရပါသည်။

**ပါဏာတိပါတီ – အရ**

ထိုဝဓကစေတနာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ရသည်။

## ၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

## ၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀–၃–၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ အဆောတလျှင်ရှောင်တခင် ဖြစ်ပေါ်လာသောသက်နှင့်စပ်၍ လိုက်နာရမည့်သိက္ခာပုဒ်နှင့်၊ ပိုးရှိသော ရေမှန်းသိလျက် သုံးဆောင်သောရဟန်းတို့အား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ ဘေဒါနုဝတ္တကရဟန်းတို့အား ရဟန်းကောင်းတို့က ပြောဆိုဆုံးမပုံပြ စကားရပ်တို့ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၃။ ပါရာဇိက မနုဿဝိဂ္ဂဟသိက္ခာပုဒ်လာ သေခြင်း၏ကျေးဇူး, ချီးမွမ်းပုံကို ကျမ်းရင်းလာအတိုင်း ဖြေဆို၍၊ ဗလဝ္ဂ၊ သေနာဗျူဟ၊ အနီကဒဿနံ – တို့၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖြေဆိုခဲ့ပါ။

(က) မိန်းကလေးတစ်ယောက်၏ ဆံပင်ကို ကိုင်သော ရဟန်း။

(ခ) မိမိလက်ဖြင့် တက္ကဒွန်းတို့အား ခဲဖွယ်ဘောဇဉ်ပေးသော ရဟန်း။

(ဂ) မဖျားမနာဘဲ ဆောင်းတွင်း၌ မီးလှုံသော ရဟန်း။

(ဃ) ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းထားသော ရဟန်း။

(င) ဆွမ်းခံသွားရာ၌ လင်မယားနှစ်ယောက်ရှိသော အိမ်သို့ဝင်၍ ထိုင်သော ရဟန်း။

http://www.dhammadownload.com



၅။ ဗဒ္ဓသိမ်, အဗဒ္ဓသိမ် အမျိုးအစားတို့ကို ကာလ်လာအတိုင်း ဖြေဆို၍ ပါတိမောက်ခွဲ ဥဒ္ဒိသေယျ- ဌ ပါတိမောက်အပြားကိုလည်း ပြသောပုဂ္ဂိုလ်နှင့်တကွ တွဲစပ်ဖော်ပြပါ။

၆။ ပါရာဇိက ၂၄-ပါးတို့တွင် အနုလောမပါရာဇိကတို့ကို ရေတွက်ပြ၍၊ ဒုတိယပါရာဇိက သိက္ခာပုဒ်၌ ဖြစ်ထိုက်သော အာပတ္တိဘေဒကိုလည်း ကာလ်ဆရာအလိုကျ ဖြေဆိုခဲ့ပါ။

## ၉။ မကွေးတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (အစွေကစီဝရသိက္ခာပုဒ်နှင့် သပ္ပါဏကသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (မာယသ္မန္တော ဝေံ အဝစုတ္ထ -မှ- ဗာသု ဝိဟရတိ-တိုင်အောင် အနက်ရေးလေ။)

၃။ အမောင်ယောက်ျား သင့်အား ဤယုတ်မာသော အသက်မွေးခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ သင့်အတွက် အသက်ရှင်ခြင်းထက် သေခြင်းကား မြတ်၏။
**ဗာလဂ္ဂ-** မိုလ်ပါရဲမက်ကို ရေတွက်ရာအရပ်သည် ဗလဂ္ဂမည်၏။
**သေနာဗျူဟ-**စစ်တပ်စုဝေးတည်နေပုံအထူးသည် သေနာဗျူဟမည်၏။
**အနေကဒဿန-** ဆင်တပ်, မြင်းတပ်, ရထားတပ်, လက်နက်စွဲသော ရဲမက်တပ်ကို ကြည့်ရှုရာအရပ်သည် အနီကဒဿနမည်၏။

၄။ (က) ကာယသံသဂ္ဂ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ခ) အစေလက သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) ဇောတိ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ဒုဗ္ဗဏ္ဏ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) သဘောဇနေ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

၅။ ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်, သမာနသံဝါသသိမ်, အဝိပ္ပဝါသသိမ်-ဟု (၃)မျိုးရှိသည်။
အဗဒ္ဓသိမ်သည် ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်-ဟု (၃)မျိုးရှိသည်။
**ပါတိမောက် အပြား**
အာဏာပါတိမောက်ကို သာဝကများ ပြသည်။
ဩဝါဒပါတိမောက်ကို ဘုရားရှင်များ ပြသည်။

http://www.dhammadownload.com


၆။ လမ္ဗိပုဂ္ဂိုလ်၊ မုဒုပိဋ္ဌိကပုဂ္ဂိုလ်၊ သူတစ်ပါးအင်္ဂါဇာတ်ကို ဖိထိုင်သူ၊ သူတစ်ပါးအင်္ဂါဇာတ်ကို စုပ်သူ။
အာပတ္တိဘေဒ– ဒုက္ကဋ်၊ ထုလ္လစ္စည်း၊ ပါရာဇိကအာပတ်–တို့ဖြစ်ကြသည်။

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁–၃–၂၀၁၁) တနင်္လာနေ့

၁။ သမဂ္ဂသံဃာနှင့် သဘောတူသင်္ကန်းပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချသောရဟန်းအား အပြစ်သင့်ပုံပြသိက္ခာပုဒ်နှင့်၊ သေခိယ ပါဒုကဝဂ် အဆုံးသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ဘေဒါနုဝတ္တကရဟန်းတို့ကို ရဟန်းကောင်းတို့က ပြောဆိုပုံပြ ပါဠိတို့ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ ရယ်ရွှင်လို၍ဖြစ်စေ, ညင်းဆဲလို၍ဖြစ်စေ သိုဝှက်မထားကောင်းသော ရဟန်းတော်၏ အသုံးဆောင်ပစ္စည်းများကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပြီး အနာလွှမ်း(အမာလွှမ်း)သင်္ကန်း၏ ပမာဏကိုလည်း သိက္ခာပုဒ်လာအတိုင်း ဖော်ပြခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား သင့်ရောက်နိုင်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် တွဲစပ်ဖော်ပြခဲ့ပါ။
(က) မိန်းကလေး၏ဆံထုံးကို သုံးသပ်သော ရဟန်း။
(ခ) ကိုယ်တိုင်သင်္ကန်းပေးပြီး စိတ်ဆိုး၍ ပြန်လုယူသော ရဟန်း။
(ဂ) မာတုဂါမနှင့်တိုင်ပင်၍ အတူတကွ ခရီးသွားသော ရဟန်း။
(ဃ) ကဲ့ရဲ့လို၍ သူတစ်ပါး၏သပိတ်ကို ကြည့်ရှုသော ရဟန်း။
(င) ရပ်လျက် မနာမဖျားဘဲ ကျင်ငယ်စွန့်သော ရဟန်း။

၅။ မအပ်သည့်အရာ၌ အပ်သည်ဟု အမှတ်ရှိခြင်းကြောင့် အာပတ်သင့်ရောက်ပုံကို ဖော်ပြ၍၊ ထင်ရှားရှိသောအာဇတ်ကို ထင်စွာပြုရမည့် ဌာနတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ပထမပါရာဇိကသိက္ခာပုဒ်၌ နောက်မှထပ်၍ ပညတ်အပ်သော အနုပညတ်တို့ကို ထုတ်ပြ၍၊ စတုတ္ထပါရာဇိကသိက္ခာပုဒ် အညတြ အဓိမာနာ– ၌ အဓိမာန–ဖြစ်ပုံကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com


## ၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ဒုဗ္ဗလသိက္ခာပုဒ်နှင့် ဥဒကေ ဥစ္စာရသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (မကျေး ၂-တွင်ရှု။)

၃။ **အသုံးအဆောင်များ-** (ပဲခူးအနောက် ၃-ရှု)

**သိက္ခာပုဒ်အထောက်တား-** အပွနိစာနသိက္ခာပုဒ်။

**အနာလွှမ်းသက်န်း၏ ပမာဏ-**

မြတ်စွာဘုရား လက်သန်းအထွာတော်ဖြင့် အလျား ၄-ထွာ၊ အနံ ၂-ထွာ။

၄။ (က) ကာယသံသဂ္ဂ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

(ခ) စီဝရအစ္ဆိန္နန သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊

(ဂ) သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

(ဃ) ဥဇ္ဈာနသညီ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

(င) ဌိတော ဥစ္စာရ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၅။ ဝံသားကို ဝက်သားအမှတ်ဖြင့် စားမိခြင်းကြောင့်လည်းကောင်း၊ ဝိကာလအခါ၌ ကာလ-ဟူသော အမှတ်ဖြင့်လည်းကောင်း အာပတ်သင့်ခြင်းသည် မအစ်သောအရာ၌ အစ်သည်ဟု အမှတ်ရှိသောကြောင့် အာပတ်သင့်သည်မည်၏။

**ထင်စွာပြုရမည့်ဌာန**

သံဃာအလယ်, ဂိုဏ်းအလယ်, ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံ, အောက်ထစ်ဆုံးအားဖြင့် မိမိ၏ အခြားမဲ့၌ရှိသော ရဟန်းအထံ၌ ထင်စွာပြုရမည်။

၆။ သိက္ခံ အပစ္စက္ခာယ၊ အန္တမသော တိရစ္ဆာနဂတာယပိ။

**အဓိမာနဖြစ်ပုံ-**

အာရဒ္ဓဝိပဿကပုဂ္ဂိုလ်အား မရအပ် မရောက်အပ်သေးသော ဈာန်မဂ်ဖိုလ်ရားတို့ကို ရပြီ ရောက်ပြီ-ဟု မှတ်ထင်နေခြင်းကို အဓိမာနဖြစ်သည်ဟု ခေါ်သည်။

http://www.dhammadownload.com



## ၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

## ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ ဘိက္ခုပါတိမောက် နိဒါန်းလာ ဝိသုဒ္ဓါရောစနပြပါဌ်ကို ပါဠိရေးပြပါ။

၂။ ရဟန်းတစ်ပါးကို ဆွမ်းခံအတူခေါ်သွားပြီးနောက် မလျှောက်ပတ်သောအကျင့်ကို ကျင့်လိုခြင်းကြောင့် ထိုရဟန်းကို ပြန်လွှတ်ရာ၌ သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို အနက်ရေးပါ။

၃။ မြတ်စွာဘုရား၏ ပရိတ်သတ်ကြီးပွားကြောင်းတို့ကို ထုတ်ပြ၍ အဗ္ဘာန်သွင်းရာ၌ လိုအပ်သော ရဟန်းအရေအတွက်ကို တိကျစွာ ရေးသားကာ၊ အရေအတွက်မပြည့်ခဲ့သော် အဗ္ဘာန်သွင်းရာ ရောက်/မရောက် ဆုံးဖြတ်ပြပါ။

၄။ အခင်းသစ် ပြုလုပ်ပြီးသောရဟန်း ၎င်းအခင်းသစ်ကို ဆောင်ထားနိုင်သော နှစ်အရေတွက် ရေပြပြီး၍ ဘေသဇ္ဇသရုပ်ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ကာ ရေးသားပြပါ။

၅။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအာပတ်ကို သိက္ခာပုဒ်အမည်တပ်၍ ဆုံးဖြတ်ပြပါ။

(က) သင်္ကန်း, ထီး, ဖိနပ်တို့ကို အရောင်းအဝယ်ပြုလုပ်သောရဟန်း။

(ခ) နှုတ်တည်းဟူသော လှံမြင့် နားနှင့်စိတ်နှလုံးတို့ကို ထိုးသောရဟန်း။

(ဂ) ပိုးကောင်ကလေးများရှိသောရေကို မြက်ခင်းပြင်ပေါ်သို့ သွန်လောင်းသောရဟန်း။

(ဃ) ဝိနည်းသိက္ခာပုဒ်ကို မရှိမသေ မလေးစားသောရဟန်း။

(င) အခြေအမြစ်မရှိဘဲ ရဟန်းကို သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲသောရဟန်း။

၆။ ရဟန်းတော်များ အာပတ်သင့်ခြင်းအကြောင်း (၆)ပါးတို့ကို ရေး၍ မေထုန်အမှုကို ကျူးလွန်စေကာမူ အာပတ်မှကင်းလွတ်နိုင်သော ပုဂ္ဂိုလ်စာရင်းကိုလည်း ရေးသားပြပါ။

## ၁၁။ မွန်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ယဿ သိယာ အာပတ္တိ -မှ- အနုသာဝိတံ ဟောတိ-တိုင်အောင် ပါဠိရေးလေ။)

http://www.dhammadownload.com



၂။ (ဥယျောဇနေ သိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ အချင်းချင်း ပြောဆိုဆုံးမခြင်း။ အချင်းချင်း အာပတ်မှ ထမြောက်စေခြင်း။။
**ရောက် / မရောက် –**
အဏ္ဏာန်သွင်းရာ၌ ရဟန်းအပါး (၂၀)လိုအပ်သည်၊ အပါး (၂၀)မပြည့်လျှင် အဏ္ဏာန်သွင်းရာ မရောက်ပါ။

၄။ ၆–နှစ်
**ဘေသဇ္ဇသရုပ်–** (ကရင် ၅–ရှု)

၅။ (က) ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
မှတ်ချက်။ ။ပိုက်ဆံဖြင့် ရောင်းဝယ်သည်ကို ရည်ရွယ်၍ ဖြေသည်၊ သင်္ကန်း, ထီး, ဖိနပ် အချင်းချင်း ရောင်းဝယ်ပါက ကယဝိက္ကယသိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။
(ခ) ဩမသဝါဒ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) ဘူတဂါမဝင်၊ သပ္ပါဏက သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) အနာဒရိယ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) အမူလက သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ္တ်အာပတ်၊

၆။ **အာပတ်သင့်ခြင်းအကြောင်း–** (ပဲခူးအနောက် ၆–ရှု)
**ပုဂ္ဂိုလ်စာရင်း**
မသိသောရဟန်း၊ မသာယာသောရဟန်း၊ ရူးသောရဟန်း။ ဘီလူးအပူးခံရသောရဟန်း။ ဒုက္ခဝေဒနာ ပြင်းစွာနှိပ်စက်ခံရသောရဟန်း။ အာဒိကမ္မိကရဟန်း– တို့ဖြစ်သည်။

၁၂။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀–၃–၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ခရီးရှည်သွားလာနေစဉ် သိုးမွေးကို အလှူခံဆောင်ယူရာ၌ လိုက်နာရန် ပညတ်ထားသော သိက္ခာပုဒ်နှင့်၊ သင်္ကန်းကို ဝိကပ္ပနာသာပြု၍ ပစ္စုဒ္ဓိုရ်၊ မပြုဘဲ မသုံးဆောင်ရန် ပညတ်ထား သော သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။

http://www.dhammadownload.com



၂။ ကျန်းမာရေးမကောင်းသော ရဟန်းတော်များ တောင်း၍ သုံးဆောင်နိုင်သော ဘောဇဉ်များကို ပြဆိုသောသိက္ခာပုဒ်နှင့် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ညနေချိန်ရွာတွင်းသို့ မသွားရန် ပညတ်သော သိက္ခာပုဒ်တို့ကို အနက်မှန်မှန် ယောဇနာပြပါ။

၃။ အောက်ပါပစ္စည်းတို့၏ ပမာဏကို ဘုရားရှင်၏ လက်သန်းအထွာတော်တို့ဖြင့် ဖော်ပြခဲ့ပါ။
(က) ညောင်စောင်းခြေ အမြင့်၊ (ခ) နိသီဒိုင်၊ (ဂ) အမာလွှမ်းသင်္ကန်း။
(ဃ) မိုးရေခံသင်္ကန်း၊ (င) ဘုရားရှင်သင်္ကန်း။

၄။ အောက်ပါ ရဟန်း သာမဏေတို့ သင့်ရောက်သော အာပတ်ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။
(က) ငါးဖွဲ့မပြည့်သေးဘဲ သပိတ်သစ်ကို တောင်းသော ရဟန်း။
(ခ) မေးအပ်သည်မှတစ်ပါး အခြားစကားကို ပြောကြားသော ရဟန်း။
(ဂ) ကပ္ပဗိန္ဒုမထိုးဘဲ သင်္ကန်းသစ်ကို ဝတ်ရုံသော ရဟန်း။
(ဃ) ဝိနည်းသိက္ခာပုဒ်တော်ကို ကဲ့ရဲ့သော ရဟန်း။
(င) နှုတ်ခမ်းကို လျှက်၍ ဆွမ်းစားသော သာမဏေ။

၅။ အဖွဲ့ပေါ်သထော ပန္နရသော- ပါဠိ၌ ဥပေါသထော- ဟူသောပါဠိ၊ ပန္နရသော- ဟူသော ပါဠိတို့ဖြင့် ပယ်အပ်သော နေ့တို့ကို အသီးသီး ဖြေဆိုပြီးလျှင်၊ ရဟန်းတော်များ အာပတ်သင့်ခြင်းအကြောင်းတရားတို့ကိုလည်း ကစ်ါအဋ္ဌကထာလာအတိုင်း ပြည့်စုံစွာ ရေးခဲ့ပါ။

၆။ ပါဏာတိပါတပယောဂ အပြားကို ရေးသား၍၊ အလမရိယဉာဏဒဿနံ- ၌ ဉာဏ- အရကိုလည်း တိကျ မှန်ကန်စွာ ကောက်ပြခဲ့ပါ။

## ၁၂။ ရခိုင်ပြည်နယ် (အဖြေ)

### ပထမယေ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ငွေကလောမ သိက္ခာပုဒ်နှင့် ဝိကပ္ပန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ပဏီတဘောဇနသိက္ခာပုဒ်နှင့် ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်တို့ကို အနက်ရေးလေ)

၃။ (က) ဘုရားရှင်၏ လက်သစ်တော်ဖြင့် လက် (၈)သစ်၊
(ခ) အလျား ၂- ထွာ၊ အနံ ၁- ထွာ၊ ၆- သစ်၊ အဆာ ၁- ထွာ၊

http://www.dhammadownload.com


(ဂ) အလျား ၄-ထွာ၊ အနံ ၂-ထွာ၊
(ဃ) အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ၊
(င) အလျား ၉-ထွာ၊ အနံ ၆-ထွာ၊

၄။ (က) ဦနပဉ္စဗန္ဓန သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ခ) အညဝါဒက သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ဝိလေခန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) ဩဋ္ဌနိလ္လဟက သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၅။ ဥပေါသထော-ဟူသောပါဠိဖြင့်
ဥပုသ်နေ့ မဟုတ်သောနေ့ကို ပယ်မြစ်သည်။
ပန္နရသော-ဟူသောပါဠိဖြင့်
ပန္နရသီဥပုသ်နေ့မှတစ်ပါး အခြားဥပုသ်နေ့များကို ပယ်မြစ်သည်။
**အာပတ်သင့်ခြင်းအကြောင်းများ-** (ပဲခူးအနောက် ၆-ရှု)

၆။ သဟတ္ထိကပယောဂ၊ နိဿဂ္ဂိယပယောဂ၊ အာဏတ္တိပယောဂ၊ ထာဝရပယောဂ၊
ဝိဇ္ဇာမယပယောဂ၊ ဣဒ္ဓိမယပယောဂ-တို့ဖြစ်ပါသည်။
ဉာဏ-အရ- မဟဂ္ဂုတ်လောကုတ္တရာနှင့် ယှဉ်သော ပညာ-ကို ရပါသည်။

၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ရှေးဦးစွာရောက်နေသော ထေရ်ကြီးဝါကြီးရဟန်းအား တိုးဝှေ့၍နေသောရဟန်းငယ်၌ အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိရေးသားခဲ့ပါ။

၂။ နိသီဒိုင်အခင်းသစ်ပြုလုပ်လိုသော ရဟန်းများအတွက် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

http://www.dhammadownload.com


၃။ ဘုရားသားတော် သံဃာတော်များ ညီညီညွတ်ညွတ်နေထိုင်လျှင် ရရှိအပ်သောအကျိုးကို သာဓကပြ၍ ဖြေဆိုပြီး၊ ကျောင်းတိုက်အတွင်း၌ ရတနာပစ္စည်းတစ်မျိုးမျိုးကောက်ရခဲ့သော် ထားရှိရမည့် စိတ်နေစိတ်ထားကိုလည်း နှစ်သက်စဖွယ်ဖြစ်အောင် ဖြေဆိုခဲ့ပါ။

၄။ အောက်ပါရဟန်းတော်များ သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။

(က) ဈာန်မဂ်ဖိုလ်မရဘဲ ရ၏ဟု လိမ်ညာပြောဆိုသော ရဟန်း။

(ခ) ရာဂဖောက်ပြန်ပြီး မိန်းကလေးတစ်ယောက်နှင့်တွဲဖက်၍ ဓာတ်ပုံရိုက်သော ရဟန်း။

(ဂ) ငွေနှင့်ဒေါ်လာ ရောင်းဝယ်ဖလှယ်သော ရဟန်း။

(ဃ) ရဟန်းတစ်ပါး၏ သံဃာဒိသေသ်အာပတ်ကို ဖုံးလွှမ်းသော ရဟန်း။

(င) နှုတ်ခမ်းကိုလျက်၍ ဆွမ်းစားသော ရဟန်း။

၅။ ယာဝတိကာ စ ဘိက္ခုကမ္မပတ္တာ–၌ အဘယ်ရဟန်းမျိုးကို ကမ္မပတ္တရဟန်းဟု ခေါ်ပါသနည်း? ဖြေဆို၍၊ အာပတ်သင့်ခြင်း၏အကြောင်းများကိုလည်း ပါဠိ+ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

၆။ ယခုကာလ ရဟန်းတော်များ လူထွက်ကြရာ သိက္ခာချရာ၌ သိက္ခာကျကြောင်းအင်္ဂါရပ်တို့ကို မြန်မာဘာသာဖြင့် ကာခ်ါအလိုကျ ဖြေဆို၍၊ အညတြ အဓိမာနာ–၌ အဓိမာန–ဖြစ်တတ်သောပုဂ္ဂိုလ်နှင့် အဓိမာန၏အဓိပ္ပါယ်ကိုလည်း ရေးသားပါ။

## ၁၃။ ရန်ကုန်တိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (အနုပခဇ္ဇသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (နိသီဒနသန္တတသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ သမေတာ ယသ္မာ သံဃေန သမဂ္ဂေါဟိ သံဃော သံမောဒမာနော အဝိဝဒမာနော ကေဒ္ဒေသော ဖာသု ဝိဟရတိ ဟူသော သာဓကကိုထောက်၍ ညီညွတ်စွာနေထိုင်ကြလျှင် သီလစသည် ပြည့်စုံခြင်းဖြင့် ဝမ်းမြောက်ရခြင်း၊ မွေ့အမွေ့စသည်ဖြင့် ငြင်းခုံမှုမရှိခြင်း

http://www.dhammadownload.com



တူသော ပါတိမောက်ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရခြင်း ဟူသော အကျိုးကို ရရှိနိုင်သည်။

**ထားရှိရမည့် စိတ်နေစိတ်ထား–**

ဥစ္စာရှင် ပြန်လာယူလိမ့်မည်–ဟု နလုံးသွင်းကာ သိမ်းထားရမည်။

၄။ (က) ဥတ္တရိမနုဿမ္မေ သိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊

(ခ) ကာယသံသဂ္ဂ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

(ဂ) ရှုပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊

(ဃ) ဒုဋ္ဌုလ္လ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

(င) ဩဒ္ဒနိလ္လေဟက သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၅။ အနည်းဆုံးလေးပါး အရေအတွက်ရှိသော ပကတတ်ရဟန်းဖြစ်ခြင်း။

ထိုရဟန်းများသည်လည်း ၂–တောင့်ထွာဟတ္ထပါသ်အတွင်း၌ တည်ခြင်း။

ဤအင်္ဂါနှစ်ချက်နှင့် ပြည့်စုံသော ရဟန်းများကို ကမ္မပ္ပတ္တရဟန်းများဟု ခေါ်သည်။

**အာပတ်သင့်ခြင်းအကြောင်းများ–** (ပဲခူးအနောက် ၆–ရှ။)

၆။ လူဝတ်လိုသော စိတ်ရှိခြင်း။ ခေတ်ပုဒ် ၂၁–ပုဒ်တို့တွင် တစ်ပုဒ်ပုဒ်ဖြစ်ခြင်း။

ပစ္စုပ္ပန်ကာလ အနာဂတကာလ ၂–မျိုးတို့တွင် တစ်ခုခုဖြစ်ခြင်း။

နှုတ်ဖြင့် မြွက်ဆို၍ သိက္ခာချခြင်း။

သိက္ခာချသောပုဂ္ဂိုလ်သည် ဥမ္မတ္တကစသည် မဟုတ်ခြင်း။

မျက်မှောက်၌ ရှိသူဖြစ်ခြင်း။

ရည်ညွှန်းအပ်သောပုဂ္ဂိုလ်သည် ပြောပြီးလျှင်ပြီးခြင်း သိခြင်းအားဖြင့် ၆–မျိုးရှိသည်။

**အဓိမာနဖြစ်တတ်သောပုဂ္ဂိုလ်–**

လက္ခဏာသုံးပါးသို့တင်၍ သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အား အဓိမာနဖြစ်တတ်ပါသည်။

**အဓိမာန၏ အဓိပ္ပါယ်**

မရအပ် မရောက်အပ်သော ဈာန်မဂ်ဖိုလ်တရားတို့ကို ရပြီ ရောက်ပြီဟု မှတ်ထင်နေခြင်းကို အဓိမာနဟုခေါ်သည်။

http://www.dhammadownload.com



## ၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
## ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဘိက္ခုပါတိမောက် နိဿဂ္ဂိယပါစိတ်လာ ဘိက္ခုနိယာ- ဟု ပါဠိတပ်၍ ရဟန်းမများနှင့် စပ်လျဉ်းပြီး ပညတ်ထားသောသိက္ခာပုဒ်တို့ကို ကုန်စင်အောင် ပါဠိရေးပြပါ။

၂။ ဘုံကထိန်အလှူမင်္ဂလာ၌ တရားမျှတစွာ သင်္ကန်းဝေဘန်ပြီးနောက် မကျေနပ်၍ ပြန်လည်ပြစ်တင်ပြောဆိုသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ ဒုဗ္ဗစ သိက္ခာပုဒ်လာ မြတ်ဗုဒ္ဓသာသနာတော်ကြီး၏ တိုးတက်စည်ပင်ပြန့်ပွါးရခြင်းအကြောင်းတရားများကို ပါဠိ+ မြန်မာနစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပြီးလျှင်၊ ရဟန်းတော်များ ရဟန်းမတို့နှင့်တိုင်ပင်၍ အစွန့်ရှည်သောခရီးကို သွားသင့်ရာအခါတို့ကိုလည်း မြန်မာဘာသာဖြင့်သာ ဖော်ပြပါ။

၄။ ကျောင်းတိုက်အတွင်း၌ ကျကျန်ရစ်သောဥစ္စာပစ္စည်းကို ကောက်ယူသိမ်းထားရာ၌ မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် သိမ်းထားရမည်ကို ပါဠိထောက်၍ ဖြေဆိုပြီးလျှင်၊ သေခိယသိက္ခာပုဒ်လာ ရဟန်း, သာမဏေများ ကျင့်ကြံကျင့်ယံစွန့်ခြင်းနှစ် စပ်လျဉ်း၍ မြတ်ဗုဒ္ဓပညတ်ထားသော သိက္ခာပုဒ်တို့၏ အမည်များကိုလည်း တိကျစွာ ဖော်ပြပါ။

၅။ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၌ မရှိမဖြစ်လိုအပ်နေသော ဗဒ္ဓသိမ်မြတ်၏ ပြီးမြောက်ကြောင်းအင်္ဂါလက္ခဏာများကို ဖော်ပြ၍ စတုတ္ထပါရာဇိက သိက္ခာပုဒ်လာ ဥတ္တရိမနုဿဓမ္မ၏ အဓိပ္ပါယ်ကိုလည်း ကခ်ါလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၆။ အောက်ပါရဟန်းတို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဆုံးဖြတ်ပြပါ။

(က) မိန်းမ၏အထံ၌ မေထုန်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုသော ရဟန်း၊

(ခ) သုံးယူဖနာထက်ကျော်လွန်၍ သိုးမွေးချည်ကို မိမိကိုယ်တိုင်သယ်ဆောင်သော ရဟန်း၊

http://www.dhammadownload.com


(ဂ) စစ်တပ်၌ နေစဉ် စစ်ဗျူဟာခင်းခြင်းကို သွားရောက်ရှုစားသော ရဟန်း။
(ဃ) ဦးခေါင်းခြုံ၍ မြို့တွင်းသို့ သွားသော ရဟန်း။
(င) အိပ်နေသော လူဒါယကာကို တရားဟောသော ရဟန်း။

## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ပုရာဏစီဝရ သိက္ခာပုဒ်၊ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ဒုဗ္ဗလသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ အညမညဝစန - အချင်းချင်းပြောဆိုဆုံးခြင်း။
အညမညဝုဋ္ဌာပန - အချင်းချင်းအာပတ်မှ ထစေခြင်း။
**ခရီးသွားသင့်ရာအခါ-**
ကုန်သည်နှင့်တကွ သွားသောအခါ၊ ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သောအခါ၊
ဘေးဘျမ်းနှင့်တကွ ဖြစ်သောအခါ၊

၄။ ယဿ ဘဝိဿတိ သော ဟရိဿတိ- ကိုထောက်၍ ဥစ္စာရှင်ပြန်လာယူလိမ့်မည် ဟူသော ရည်ရွယ်ချက်ဖြစ်ပါသည်။
**သိက္ခာပုဒ် အမည်များ**
ဋ္ဌိတော ဥစ္စာရသိက္ခာပုဒ်၊ ဟရိတေ ဥစ္စာရသိက္ခာပုဒ်၊ ဥဒကေ ဥစ္စာရသိက္ခာပုဒ်-တို့ ဖြစ်ပါသည်။

၅။ သိမ်ပျက် (၁၁)လုံးကို ကျော်လွန်ခြင်း။
သမ္ပတ္တိ ၃-မျိုးနှင့် ယှဉ်ခြင်း။
နိမိတ် ၁-ခုနှင့် ၁-ခု စပ်ခြင်း။
**ဥတ္တရိမနုဿဓမ္မ-**
ဈာန်ရပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်တို့၏ ဈာန်မဂ်ဖိုလ်တရားတို့ကို ဥတ္တရိမနုဿဓမ္မ-ဟု ခေါ်သည်။

http://www.dhammadownload.com


၆။ (က) အတ္တကာမပါရိစရိယာယ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ခ) ဧဠကလောမ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဂ) ဥယျောဓိက သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ဩဝုဋ္ဌိတ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊
(င) သယန သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ သံဃာဒိသိသ်၌ ယာဝတတိယကပါသော သိက္ခာပုဒ်တို့တွင် သံဃာကွဲပြားအောင်ပြုသော ရဟန်း၏ အယူကိုယူ၍ အတုလိုက်ရဟန်းများ၏ ပြောဆိုသော စကားရပ်ကိုသာ ပါဠိရေးပါ။

၂။ ငါးထောင်တန် ငွေစက္ကူသစ် လျှုဒါန်းရာ၌ သာယာသောရဟန်း၏ အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ယောက်ျားအသွင် ဝတ်ဆင်ထားသော မိန်းကလေးကို ယောက်ျားအမှတ်ဖြင့် ကိုင်သော ရဟန်းအား သံဃာဒိသိသ်အာပတ် သင့်/မသင့် သာဓကပြ ဆုံးဖြတ်၍၊ အတ္တကာမပါရိ-စရိယသိက္ခာပုဒ်လာ ဖြဟ္မစာရိ- အရ မည်သို့သောအကျင့်ကို ဖြဟ္မစာရ- ဟု ခေါ်ပါသနည်း။

၄။ ရဟန်းတစ်ပါးကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း၏ ရည်ရွယ်ချက်ကို ဖော်ပြ၍၊ အတိရေကစီဝရ- အရ အဘယ်သို့သောသင်္ကန်းမျိုးကို အပိုအလွန်သင်္ကန်းဟု ခေါ်ပါသနည်း။

၅။ အောက်ပါရဟန်းတို့အား သင့်ရောက်နိုင်သောအာပတ်များကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖြေဆိုပြပါ။
(က) ရဟန်းတစ်ပါးကို အမူလကပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော ရဟန်း။
(ခ) ရရှိသောသင်္ကန်းသစ်ကို အဓိဋ္ဌာန်မတင်ဘဲ ၁၀-ရက်ကျော်အောင်ထားသော ရဟန်း။
(ဂ) သပိတ်, သင်္ကန်းစသည်ကို ရောင်းသော ရဟန်း။

http://www.dhammadownload.com



(ဃ) ကျန်းမာရေးကောင်းပါလျက် ပဏီတဘောဇဉ်ကို တောင်းစားသော ရဟန်း။
(င) ကဲ့ရဲ့လိုသောစိတ်ဖြင့် သူတစ်ပါးတို့၏ သပိတ်ကို ကြည့်သော ရဟန်း။

၆။ ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ-စသည်ဖြင့် ဆန္ဒပေးရာ၌ ဆန္ဒပေးရခြင်းအကျိုးကို ရေးသားပြီးလျှင်၊ သိက္ခာ သာဇီဝသမာပန္နော-၌ သိက္ခာ- အရ, သာဇီဝ- အရတို့ကိုလည်း ကခ်ါလာ အတိုင်း ခွဲခြားဖြေဆိုပြပါ။

## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (မာယသ္မန္တော တော် ဘိက္ခုံ -မှ- အမှာက်ပေတံ ခမတိ- အထိ ပါဠိရေးလေ။)

၂။ (ရှုပိယသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ယော ပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမေန သဒ္ဓိံ ကာယသံသဂ္ဂံ သမာပဇ္ဇေယျ-ကိုထောက်၍ သံဃာဒိသေသ်အာပတ်မသင့်ပါ။
ဖြဟ္မစာရ- မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းဟူသော အကျင့်။

၄။ သာသနာတော်မှ ရွေ့လျောပါမှုကား ကောင်းလေစွ-ဟူသော ရည်ရွယ်ချက်ဖြစ်ပါသည်။
**အတိရေကစီဝရ-**
အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းတို့တွင် မပါဝင်သောသင်္ကန်းမျိုးကို အပို အလွန်သင်္ကန်းဟုခေါ်သည်။

၅။ (က) ဒုဋ္ဌဒေါသ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ခ) ကထိန သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဂ) ရှုပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
မှတ်ချက်။ ။ပိုက်ဆံဖြင့်ရောင်းသည်ကို ရည်ရွယ်၍ ဖြေဆိုထားသည်၊ သပိတ်, သင်္ကန်းစသည် အချင်းချင်း လဲလှယ်မှုကို ဆိုလိုပါက ကယဝိက္ကယသိက္ခာပုဒ်ဖြင့် အာပတ်သင့်သည်။
(ဃ) ပဏီတဘောဇန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(င) ဥဇ္ဈာနသညီ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

http://www.dhammadownload.com



၆။ သံဃာအတွက်သာ ဥပုသ်ပြုခြင်းကိစ္စနှင့် သံဃကိစ္စအားလုံးကို ပြီးစေခြင်း အကျိုးရှိသည်။ **သိက္ခာအရ, သာဓိဝအရ-(ကချင် ၆-ရှ)**

## ၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)
## ပထမငယ်တန်း ။ ။ ဝိနယဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဖျားနာနေသော ရဟန်းတော်များအတွက် မြတ်စွာဘုရားခွင့်ပြုထားသော ဆေးငါးမျိုးပြ ဘေသဇ္ဇသိက္ခာပုဒ်ကို ပါဠိရေးသားပြပါ။

၂။ ရဟန်းတော်တို့သည် ဂိလာနမဟုတ်ဘဲ လေးလပတ်လုံး ဆေးပစ္စည်းစသည်တို့ဖြင့် ဖိတ်ခြင်းကို သာယာပြီး နောက်ထပ်အမြဲဖိတ်ခြင်းကို ကျော်လွန်ကာ အလျှုခံသောရဟန်းအား သင့်ရောက်နိုင်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၃။ သံဃော ဥပေါသထံ ကရေယျ-၌ ယူရမည့်ဥပုသ်၊ ပယ်ရမည့်ဥပုသ်နှင့် အာပတ်ရှိသော် အဘယ်သို့နေ၍ အာပတ်မရှိသော် အဘယ်သို့နေရမည်နည်း? နိဒါနဒွေသနှင့်အညီ ဖြေဆို၍၊ လူတစ်ဦးတစ်ယောက်ကို သေချင်စိတ်ပေါက်လာအောင် ပြောဆိုပုံစကားရပ်ကို လည်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတော်တို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည် ထောက်၍ ဖြေဆိုခဲ့ပါ။
- (က) ရေချိုးကန်၌ ရေကူးသော ရဟန်း။
- (ခ) သီလရှင်နှင့် တိုင်ပင်၍ ခရီးရှည်သွားသော ရဟန်း။
- (ဂ) ရဟန်းတစ်ပါးအား စိတ်ညစ်အောင် ပြောဆိုသော ရဟန်း။
- (ဃ) ဆွမ်းထဲ၌ ဝက်သားတုံးဝှက်၍ ဆွမ်းလုပ်ကြီးကြီးပြုလုပ်ကာ ပလုတ်ပလောင်းနှင့် စားသော ရဟန်း။

၅။ သမ္မုတိသံဃာအပြားကို ပြနိုင်သောကံနှင့်တွဲစပ် ဖော်ပြ၍၊ သာခုကံ သုဏောမ-နှင့် မန-သိကရောမ-တို့၏ အထူးကိုလည်း ကခ်ီလာအတိုင်း ရေးပြခဲ့ပါ။

၆။ ရဟန်း ၈-မျိုးတို့ကို လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇအားဖြင့် အကျယ်ဝေဖန်ပြပါ။

http://www.dhammadownload.com



## ၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဝိနယဘာသာ

၁။ (ပါဠိထင်ရှားပြီ။)

၂။ (မဟာနာမ သိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ယူရမည့်ဥပုသ် – သံဃာ့ဥပုသ်
ပယ်ရမည့်ဥပုသ် – ဂဏဥပုသ်, ပုဂ္ဂလဥပုသ်ဖြစ်သည်။
အာပတ်ရှိလျှင် ထင်စွာပြုရမည်။ အာပတ်မရှိလျှင် ဆိတ်ဆိတ်နေရမည်။
**ပြောဆိုပုံစကား– (မကွေး ၃–၅)**

၄။ (က) ဟာသဓမ္မ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ခ) လပ္ပါကာကဂ် သံဝိဓာန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) သဥ္စိစ္စ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဃ) ဩဒနပ္ပဋိဂ္ဂါဒန သိက္ခာပုဒ်၊ ကဗဠသိက္ခာပုဒ်၊ အဝဂဏ္ဍကာရကသိက္ခာပုဒ်–တို့ဖြင့် ဒုက္ကဋ်အာပတ်၊

၅။ စတုဝဂ္ဂသံဃာ – ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံ–တို့မှတစ်ပါး ကြွင်းသော သံဃာ့ကံ အားလုံးကို ပြုနိုင်ပါသည်။
ပဉ္စဝဂ္ဂသံဃာ – မဇ္ဈိမဇနပုဒ်၌ ဥပသမ္ပဒကံနှင့် အဗ္ဘာနကံတို့မှတစ်ပါး ကြွင်းသော သံဃာ့ကံအားလုံးကို ပြုနိုင်သည်။
ဒသဝဂ္ဂသံဃာ – အဗ္ဘာနကံမှတစ်ပါး ကြွင်းသော သံဃာ့ကံအားလုံးကို ပြုနိုင်သည်။
ဝီသတိဝဂ္ဂသံဃာ – သံဃာကံအားလုံး ပြုနိုင်ပါသည်။
အတိရေကဝီသတိဝဂ္ဂသံဃာ – သံဃာ့ကံအားလုံးကို ပြုနိုင်သည်။
**သာစုကံ သုဏောမနှင့် မနသိ ကရောမတို့အထူး– (ပဲခူးအရှေ့ ၅–၅)**

၆။ **ပဏတ္တိဝဇ္ဇသိက္ခာပုဒ်များ၌**
ဖေါ် ဘိက္ခုပသမ္ပဒါရဟာန်။ သရဏာဂမနပသမ္ပဒါရဟာန်။
ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟာန်။ ပဉှာဗျာကရဏူပသမ္ပဒါရဟာန်။
အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟာန်။ ဒူတေနပသမ္ပဒါရဟာန်။

http://www.dhammadownload.com



အင္ဂုတ္တိုရ်ကူပသမ္ပဒါရဟန်း။ ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း–ဟူ၍ ၈–မျိုးကို ရနိုင်ပါသည်။ လောကဝဇ္ဇသိက္ခာပုဒ်များ၌– ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်းကိုသာ ရနိုင်ပါသည်။

## ၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်းဒေသကြီး)
## ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
## ၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁–၃–၂၀၁၁) တနင်္လာနေ့

၁။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။

(က) ဗုဒ္ဓအယူမှတပါး အခြားသောအယူရှိသောသူတို့အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးသောရဟန်း။

(ခ) ညအချိန်မတော် အကြောင်းမရှိဘဲ အိမ်လည်သွားသော ရဟန်း။

၂။ မိုးရေခံသင်္ကန်းရှာမှီးခြင်းနှင့် ပတ်သက်၍ ပညတ်အပ်သော သိက္ခာပုဒ်ကို ဘိက္ခုပါတိမောက်လာအတိုင်း အနက်ရေးသားခဲ့ပါ။

၃။ အဆုံးအမသာသနာတွင် ဒုဗ္ဗစရဟန်းများ ရှိနေခြင်းဖြင့် သာသနာကြီးပွါးခြင်း ဖြစ်နိုင်/မဖြစ်နိုင် အာဂမယုတ္တိထုတ်ဆောင်ဖြေဆိုပြီး၊ အမျိုးသမီးများနှင့် မျက်စိကွယ်ရာ၌နေခြင်း, နားကွယ်ရာ၌နေခြင်းတို့ကြောင့် ဖြစ်ခွင့်ရှိသော အပြစ်တို့ကိုလည်း အနိယတမှ ထုတ်ဆောင်၍ ခွဲခြားဖြေဆိုပါ။

၄။ ဘောဇဉ်တို့တွင် မည်သည့်ဘောဇဉ်တို့သည် ဝိနည်းအရာ၌ ပဏီတဘောဇဉ်–အမည်ရပါသနည်း? ဖြေဆို၍၊ ထိုပဏီတဘောဇဉ်တို့ကို ဘေသဇ္ဇ, အဘေသဇ္ဇ–အားဖြင့် ခွဲခြားဝေဘန်ပြခဲ့ပါ။

၅။ ဝိနည်းမှာသိမ် သဒ္ဒါမှာလိင်–ဟူသည်နှင့်အညီ သိမ်အမျိုးအစားတို့တွင် ဗဒ္ဓသိမ်မည်ပုံကို ရှင်းလင်းဖြေဆို၍၊ သတိသမ္မောသာ အာပဇ္ဇတိ–၌ အဘယ်သို့လျှင် အာပတ်သို့ ရောက်ပါသနည်း? ကမ်ိဳဆရာအလိုကျ ရှင်းလင်းပြပါ။

၆။ ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အိမ်, အိမ်၏ဥပစာ, ရွာ, ရွာ၏ဥပစာ–တို့ကို ဘုရားရှင်ဟောတော်မူရခြင်း၏ ရည်ရွယ်တော်မူချက်ကို တိကျစွာ ညွှန်ပြ၍၊ ဒုတိယပါရာဇိက, တတိယ

http://www.dhammadownload.com


ပါရာဇိကသိက္ခာပုဒ်တို့၌ မုချမဟုတ် ပရိယာယ်အားဖြင့်ကျူးလွန်မိက အာပတ်မှ ကင်းလွတ်ခွင့်ရှိ/မရှိကိုလည်း ခိုင်လုံသောအကြောင်းပြကာ အဖြေရှာခဲ့ပါ။

## ၁၇။ ရောဝတီတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (က) (အစေလက သိက္ခာပုဒ်)
(ခ) (ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ဝဿိကသာဋိကသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ဖဝံ သံဝဍ္ဍိ ဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန ကိုထောက်၍ ဒုဗ္ဗစရဟန်းများရှိနေခြင်းဖြင့် သာသနာကြီးပွားခြင်း မဖြစ်နိုင်။

**အပြစ်များ–**

မျက်စိကွယ်ရာ၌ နေခြင်းကြောင့် ပဌမပါရာဇိကအာပတ်၊ ကာယသံသဂ္ဂ သံဃာဒိသေသ်၊ ရဟောပဋိစ္ဆန္နပါစိတ်အာပတ်များ သင့်နိုင်သည်။

နားကွယ်ရာ၌ နေခြင်းကြောင့် ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာသံဃာဒိသေသ်၊ ရဟော နိသဇ္ဇ ပါစိတ်အာပတ်များ သင့်နိုင်ပါသည်။

၄။ သပ္ပိ, နဝနီတ, တေလ, မဓု, ဖာဏိတ, မစ္ဆ, မံသ, ခီရ, ဒဓိ– ဤ ၉– မျိုးသည် ဝိနည်းအရာ၌ ပဏီတဘောဇဉ်မည်သည်၊ ထိုတွင် သပ္ပိ, နဝနီတ,တေလ,မဓု,ဖာဏိတ– ဤ ၅– မျိုးသည် ဘေသဇ္ဇဖြစ်သည်။ မစ္ဆ, မံသ, ခီရ, ဒဓိ– ဤလေးမျိုးသည် အဘေသဇ္ဇဖြစ်သည်။

၅။ ဝိပ္ပတ္တိသိမ် (၁၁)မျိုးတစ်ပါး၊ သမ္ပတ္တိ ၃– မျိုးနှင့်ယှဉ်လျက် နိမိတ်တစ်ခုနှင့်စပ်ပြီး သမုတ်အပ်သော သိမ်သည် ဗဒ္ဓသိမ်မည်၏။

**သတိသမ္မောသာ အာပဇ္ဇတိ–**

သဟသေယျအာပတ်၊ စီဝရဝိပ္ပဝါသအာပတ်စသည်တို့သည် သတိမေ့လျော့သောကြောင့် အာပတ်သို့ရောက်သည်။

၆။ ဂါမ အရည– တို့၌ မတွေ့ဝေစေလိုခြင်းဟူသော ရည်ရွယ်ချက်ဖြစ်ပါသည်။

ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အာဒိယေယျ– ဟု ဟောတော်မူသောကြောင့် ပရိယာယ်ဖြင့်

http://www.dhammadownload.com


ကျူးလွန်မိလျှင် ပါရာဇိက အာပတ်မှ ကင်းလွတ်ခွင့်ရှိသည်။
တတိယပါရာဇိကသိက္ခာပုဒ်၌ သံဝဏ္ဏေယျ-ဟု ဟောတော်မူသောကြောင့် ပရိယာယ်ဖြင့် ကျူးလွန်မိလျှင် ပါရာဇိကအာပတ်မှ ကင်းလွတ်ခွင့်မရှိပါ။

၁၈။ ပထမပြန်အထူးအောင် ရွေးချယ်ရေး စာမေးပွဲ
ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၃-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၂၁-၆-၂၀၁၁) အင်္ဂါနေ့

၁။ မည်သည့်အာပတ်ဟု သတ်မှတ်ချက် မရှိသော်လည်း အာပတ်သင့်နိုင်သည့်အတွက် ပညတ်ခဲ့သော သိက္ခာပုဒ်တို့တွင် ပထမသိက္ခာပုဒ်ကို ပါဠိရေးပြပါ။

၂။ ငါ့မြင်းငါစိုင်း။ စစ်ကိုင်းရောက်ရောက် စိတ်ကူးပေါက် ပြောဆိုပြုလုပ်နေသော ရဟန်းအတွက် ဘုရားရှင်၏ ဆုံးမပုံ လမ်းညွှန်ချက်ပါဠိကို အနက်ပေးပြပါ။

၃။ ကောင်းမှုရှင်များ သေလျှင် နတ်ပြည်သွား လူ့ဘဝအလကား-ဟု ဤသို့ တိုက်တွန်းစကား ဆိုသော ရဟန်းအား အပြစ်သင့်နိုင်/ မသင့်နိုင် သာဓကပြ ဖြေဆိုကာ ဥတ္တရိမနုဿဓမ္မကို ပြောဆိုရာ၌ ပြည့်စုံရမည့် အချက်အလက်ကိုလည်း ရေတွက်ပြပါ။

၄။ အဇ္ဈေကာစီဝရဟူသည် ဘယ်ချိန်ကာလ၌ လှူဒါန်းသော သင်္ကန်းမျိုးပါနည်း ဖြေဆို၍ ဘေးအန္တရာယ်ရှိ၍ မိမိသင်္ကန်းကို အဝေးမှာ ထားနိုင်သောရက်ကိုလည်း တိကျစွာ ဖော်ပြပါ။

၅။ အောက်ပါ ရဟန်းတော်များ အပြစ်သင့်/ မသင့် သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖြေဆိုပါ။
(က) အလှူရှင် မရှိဘဲ ကိုယ်တိုင်ကျောင်းကြီးဆောက်သော ရဟန်း။
(ခ) သင်္ကန်းအလစ်သုတ်ခံရ၍ သင်္ကန်းအလှူခံသော ရဟန်း။
(ဂ) ကျန်းမာရေးအတွက် ပျားရည်အလှူခံဘဉ်းပေးသော ရဟန်း။
(ဃ) စစ်တပ်အတွင်း သုံးရက်ကျော် နေထိုင်သော ရဟန်း။
(င) မျက်စိအစာကျွေး ဟို ဒီ ငေးလျက် မြို့ထဲ သွားလာနေထိုင်သော ရဟန်း။

၆။ "သုဏာတု မေ ဘန္တေ သံဃော"၌ သံဃော အရ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ-၌ ပါတိမောက္ခ အရတို့ကို ဖော်ပြ၍ ဤ၌ ယူရမည့် သံဃာ, ပါတိမောက္ခတို့ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com


## ၁၈။ အထူးအောင် (အဖြေ)

## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ပဍ္စမအနိယတသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (မာယသ္မာ အတ္တာနံ အဝစနီယံ ။ပ။ ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန ဟူသော ပါဠိကို အနက်ရေးလေ။)

၃။ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ- ဟူသောပါဠိကိုထောက်၍ အပြစ်သင့်နိုင်သည်။

**ပြည့်စုံရမည့် အချက်အလက်**

မနုဿမဖြစ်၏ မိမိ၌ မရှိခြင်း၊ အလိုဆိုးဖြင့် ပြောကြားခြင်း။

အခြားသူကို မရည်ညွှန်းခြင်း။ အပြောခံရသူ လူဇာတ်ရှိခြင်း။

ပြောပြီးလျှင် ပြီးခြင်း သိရှိနားလည်ခြင်း။

၄။ သီတင်းကျွတ်လဆန်း ၅-ရက်မှ ၁၄-ရက်တိုင်အောင်သော ကာလအတွင်း၌ လှူအပ်သော သင်္ကန်းမျိုးဖြစ်သည်။

**ထားနိုင်သောရက်-**

သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတိတိ။

၅။ (က) ကုဋိကာရ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

(ခ) အညတကဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊

(ဂ) ပဏီတဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊

(ဃ) သေနာဝါသ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

(င) ဩကို့တ္တစက္ကု သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၆။ **သံဃာအရ-** ဒက္ခိဏေယျသံဃာ, သမ္မုတိသံဃာ၊

ဤနေရာ၌ကား သမ္မုတိသံဃာကိုယူပါ။

ပါတိမောက္ခအရ - ဩဝါဒပါတိမောက်, အာဏာပါတိမောက်- ဟူ၍ နှစ်မျိုး။

ဤနေရာ၌ကား အာဏာပါတိမောက္ခုဒ္ဒေသကို ယူရမည်။

http://www.dhammadownload.com


၁။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဖဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ (အစမှ ဗာလဝဂ်အဆုံးထိ) ဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ပုပ္ဖဝဂ်၊ မရီစိကမ္မဋ္ဌာနိကဘိက္ခုဝတ္ထုလာ ပါဠိတော်ဂါထာကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ ဗာလဝဂ်၊ အာနန္ဒသေဋ္ဌိဝတ္ထုလာ ပါဠိတော်ဂါထာကို အနက်ပေးခဲ့ပါ။

၃။ မြှားသည် ကောက်နေသောကြောင့် ဖြောင့်ရ၏။ စိတ်သည် အဘယ်သို့ သဘောရှိ၍ အဘယ်တရားဖြင့် ဖြောင့်အောင် ပြုရပါသနည်း၊ စိတ္တဝဂ္ဂ မေဃိယတ္ထေရဝတ္ထု ပထမဂါထာ အတိုင်း ဖြေဆိုခဲ့ပါ။

၄။ စိတ္တဝဂ် သောရေယျဝတ္ထုလာ ဂါထာကို မြန်မာဘာသာ သက်သက်ဖြင့် အဓိပ္ပါယ် ရေးသားခဲ့ပါ။

၅။ အောက်ပါပုဂ္ဂိုလ်များ ရရှိသော အကျိုးတရားတို့ကို ယမကဝဂ် ဒေဝဒတ္တဝတ္ထုကို ကိုးကား၍ ဖြေဆိုခဲ့ပါ။
(က) မိမိကိုယ်တိုင်ကား ပေးလှူ၍ သူတစ်ပါးအား မတိုက်တွန်းသောပုဂ္ဂိုလ်၊
(ခ) မိမိကိုယ်တိုင်ကား မလှူ သူတစ်ပါးအား တိုက်တွန်းသောပုဂ္ဂိုလ်၊
(ဂ) မိမိကိုယ်တိုင်လည်း မလှူ သူတစ်ပါးအားလည်း မတိုက်တွန်းသောပုဂ္ဂိုလ်၊
(ဃ) မိမိကိုယ်တိုင်လည်း လှူ၍ သူတစ်ပါးအားလည်း တိုက်တွန်းသောပုဂ္ဂိုလ်။

၆။ အပ္ပမာဒဝဂ် သာမာဝတီဝတ္ထု၌ ဃောသကသူဌေးကြီးသည် ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခြင်း ခံရ၏ဟုဆိုရာ ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ အကြိမ် စွန့်ပစ်ခံရသော နေရာဌာန တို့ကို ဖော်ပြခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)
ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ (အစမှ ဗာလဝဂ်အဆုံးထိ) ဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

http://www.dhammadownload.com


၃။ စိတ် ၏ သဘော နှင့် ဖြောင့်အောင်ပြုပုံ (ဂါထာ- ၃၃)

စိတ်သည် ရူပါရုံစသည်တို့၌ တုန်လှုပ်ခြင်း, လျှပ်ပေါ်လော်လည်ခြင်း, သမထဝိပဿနာတည်အောင် စောင့်ရှောက်နိုင်ခဲခြင်း, ဝိသဘာဂအာရုံတို့ သွားသည်ကို တားမြစ်နိုင်ခဲခြင်းသဘောရှိ၍ ပညာရှိသည် သမထဝိပဿနာဖြင့် ဖြောင့်အောင်ပြုရပါမည်။ ဥပမာ- မြှားသမားသည် ကောက်သောမြှားကို ဖြောင့်အောင်ပြုသကဲ့သို့တည်း။

၄။ သောရေယျဝတ္ထု

ထို လူ, နတ်, နိဗ္ဗာန်သုံးတန်သော ချမ်းသာမျိုးကို အမိ, အဘ, ဆွေမျိုးတို့သည် မပြုနိုင်ကုန်၊ ထိုမိဘ, ဆွေမျိုးထက် ကောင်းစွာထားအပ်သောစိတ်သည်သာလျှင် မိမိကိုယ်ကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင် ပြုနိုင်၏။ (ဂါထာ- ၄၃)

၅။ (က)ဖြစ်လေရာဘဝတို့၌ စည်းစိမ်ဥစ္စာကား ပြည့်စုံ၏၊ အခြွေအရံနှင့် မပြည့်စုံ။
(ခ) ဖြစ်လေရာဘဝတို့၌ အခြွေအရံကား ပြည့်စုံ၏၊ စည်းစိမ်ဥစ္စာကား မပြည့်စုံ။
(ဂ) ဖြစ်လေရာဘဝတို့၌ ပအုံးရည်မျှကိုလည်း ဝမ်းပြည့်အောင် မရ၊ ကိုးကွယ်ရာလည်း မရှိ၊ ထောက်ပံ့မည့်သူလည်းမရှိ။
(ဃ)ဖြစ်လေရာရာ ခန္ဓာကိုယ်အရာ, အထောင်, အသိန်းတို့၌ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံ၊ အခြွေအရံနှင့်လည်း ပြည့်စုံ၏။ (ဓမ္မ ဋ္ဌ- ၁၊ ၄၉)

၆။ စွန့်ပစ်ခံရသော နေရာဌာန

ပထမ- အမှိုက်ပုံ၊ စတုတ္ထ- ခြံအကြား၊
ဒုတိယ- နွားခြံတံခါးအလယ်၊ ပဉ္စမ- ချောက်ကမ်းပါး။
တတိယ- လှည်းလမ်းကြောင်း၊ (ဓမ္မ ဋ္ဌ- ၁၊ ၁၁၁-၁၁၃)

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသောကာလ အကြောင်းတိုက်ဆိုင်၍ ဟောတော်မူသော (ဗာလနက္ခတ္တဝတ္ထု၌လာသော) ဂါထာနှစ်ပုဒ်ကို မှန်ကန်အောင် ပါဠိရေးပြပါ။

http://www.dhammadownload.com



၂။ မြတ်စွာဘုရားရှင်သည် မြွားကောက်ကို ဖြောင့်အောင်ပြုသော ဥပမာ၊ ရေထဲမှငါးကို ကုန်းပေါ်သို့တင်သောအခါ ဆွေ့ဆွေ့ခုန်တုန်လှုပ်သော ဥပမာတို့ဖြင့် မေဃိယမထေရ်အား ဆုံးမခြင်းငါ ဟောကြားတော်မူခဲ့သော နှစ်ဂါထာတို့ကို စိတ္တဝဂ်၊ မေဃိယဝတ္ထုလာအတိုင်း အနက်ပေးခဲ့ပါ။

၃။ ဒေဝဒတ္တဝတ္ထုလာ ဣမေ ဆ ခတ္တိယာ- အရကို ဖော်ပြပြီး၊ သုမနဒေဝီဝတ္ထုလာ ဥဘယတ္ထ နန္ဒတိ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရှင်းပြပါ။

၄။ ရာထူး အာဏာ, ဥစ္စာ စည်းစိမ်, ဂုဏ်သိမ် ကျော်စော, ဤသဘောတို့ တိုးပွားခြင်းကို လူသားတိုင်း အလိုရှိကြ၏၊ ထိုအရာများ ရရှိနိုင်ရန် ကုမ္ဘဃောသကဝတ္ထုလာ တိုးတက်ကြီးပွားကြောင်း အင်္ဂါရပ်တို့ကို ဖော်ပြပါ။

၅။ န ပရေသံ ဝိလောမာနိ- ၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ နိုရောဓမာပတ်မှထလာသော ရှင်မဟာကဿပမထေရ်သည် အဘယ်သို့ နှလုံးသွင်း၍ အဘယ်အရပ်သို့ ဆွမ်းခံကြွသနည်း၊ အဘယ်သူတို့သည် အဘယ်ပုံဖန်ဆင်း၍ အဘယ်လုပ်ငန်းကို ပြုလုပ်နေကြပါသနည်း အဋ္ဌကထာနှင့်အညီ ဖြေပါ။

၆။ မြတ်စွာဘုရားထံ အရှင်ဒေဝဒတ် တောင်းဆိုသော ဆုငါးပါးကို ထုတ်ပြ၍၊ နတ်တို့၏ စုတေခြင်း အကြောင်းတရားများကိုလည်း ဖော်ပြပါ။

## ၂။ ကယားပြည်နယ် (အဖြေ)

## ပထမယေ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၂၆ / ၂၇။)

၂။ (ထင်ရှားပြီ။)

၃။ "ဣမေ ဆ ခတ္တိယာ" အရ

ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်။ (ဓမ္မ ၅-၁၊ ၈၈)

ဥဘယတ္ထ နန္ဒတိ- အဓိပ္ပါယ်

ဤဘဝ၌ "ငါသည် ကုသိုလ်ကို ပြုအပ်ပြီ၊ အကုသိုလ်ကို မပြုအပ်" ဟု

http://www.dhammadownload.com



နှစ်သက်ရ၏၊ တမလွန်ဘဝ၌ ကောင်းကျိုးကို ခံစားရသောအားဖြင့် နှစ်သက်ရ၏။

(ဓမ္မ ဋ္ဌ- ၁၊ ၉၉)

၄။ တိုးတက်ကြီးပွားကြောင်း အင်္ဂါရပ်

-ထကြွလုံ့လဝီရိယရှိခြင်း၊

-သတိရှိခြင်း၊

-စင်ကြယ်သော ကံသုံးပါးရှိခြင်း၊

-စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း၊

-ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်း၊

-တရားသဖြင့် အသက်မွေးခြင်း၊

-မမေ့မလျော့ခြင်း တို့ ဖြစ်ပါသည်။ (ဂါထာ- ၂၄)

၅။ န ပရေသံ ဝိလောမာနိ- ၏ အဓိပ္ပါယ်

သူတစ်ပါးတို့၏ မနာလိုဝန်တို၍ပြောသော ကြမ်းတမ်းခက်မာကုန်သောစကားတို့ကို နှလုံးမသွင်းထိုက်။ (ဓမ္မ ဋ္ဌ- ၁၊ ၂၇၉)

အရှင်မဟာကဿပမထေရ်၏ နှလုံးသွင်း နှင့် ကြွရာအရပ်

အရှင်မဟာကဿပမထေရ်သည် "ဆင်းရဲပင်ပန်းနွမ်းနယ်ကုန်သောသူတို့အား ချီးမြှောက်မှုကိုပြုအံ့"ဟု နှလုံးသွင်းတော်မူလျက် ရာဇဂြိုဟ်မြို့သို့ဆွမ်းခံကြွတော်မူပါသည်။

သိကြားမင်းသည် ယက်ကန်းသည်အဘိုးအို၏အသွင်ကို ဖန်ဆင်း၍ သုဇာတာမိဖုရားသည် သူအိုမအသွင်ကိုယူလျက် ယက်ကန်းသည်တို့နေရာ လမ်းခရီးကို ဖန်ဆင်း၍ ယက်ကန်းရက်လျက်နေပါသည်။ (ဓမ္မ ဋ္ဌ- ၁၊ ၂၆၈)

၆။ အရှင်ဒေဝဒတ်တောင်းဆိုသောဆုငါးပါး

ရဟန်းတော်များသည် အသက်ထက်ဆုံး- တော၌ နေစေပါ၊ ဆွမ်းခံစားစေပါ၊ ပံ့သကူသင်္ကန်း ဝတ်စေပါ၊ သစ်ပင်ရင်း၌ နေစေပါ၊ ငါး, အသားစားခြင်းမှ ရှောင်ကြဉ်စေပါ။ (ဓမ္မ ဋ္ဌ- ၁၊ ၉၁)

နတ်တို့၏စုတေခြင်းအကြောင်းတရားများ

- သက်တမ်းကုန်မှုကြောင့် စုတေခြင်း၊

http://www.dhammadownload.com


- ကောင်းမှုကံစွမ်း ကုန်မှုကြောင့် စုတေခြင်း၊
- အစားစားချိန် လွန်မှုကြောင့် စုတေခြင်း၊
- သူတစ်ပါးအပေါ် စိတ်ဆိုးမှုကြောင့် စုတေခြင်း တို့ ဖြစ်ကြပါသည်။

(ဓမ္မ ၄–၁၊ ၁၁၀).

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)

ပထမငယ်တန်း။ ။ ဓမ္မပဒဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀–၃–၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ "အဝေးလည်းသွား။ တစ်ပါးတည်းလည်၊ ကိုယ်ထည်မရှိ၊ ဂူအောင်း၏" ဟူသော စကား၏ မူရင်းဖြစ်သည့် သံဃရက္ခိတဘာဂိနေယျထွေရဝတ္ထု ပါဠိတော်ဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ မကောင်းမှုကံသည် အကျိုးပေးချိန်ရောက်သော် ပြာဖုံးမီးကဲ့သို့ လူမိုက်ကို လောင်ကျွမ်းစေပုံပြ အဟိပေတဝတ္ထု ပါဠိတော်ဂါထာကို အနက်ရေးခဲ့ပါ။

၃။ မွေးပျံ့သင်းထုံ ရနံ့စုံတို့တွင် မည်သည့်ရနံ့သည် အမွှန်မြတ်ဆုံး အသာဆုံး အကောင်းဆုံးဖြစ်ကြောင်းကို ပုပ္ဖဝဂ် အာနန္ဒထွေရပဉှာဝတ္ထုနှင့်အညီ ဖြေဆိုခဲ့ပါ။

၄။ သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ်ခုနစ်ပါးကို ဖြေဆိုပြီး မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးသည် လူမိုက်ကြီး ဖြစ်သနည်း? ဗုဒ္ဓ၏ မိန့်ဆိုချက်နှင့်အညီ ဖြေဆိုခဲ့ပါ။

၅။ ဒု, သ, န, သော–ဟူသော အသံကြီးလေးမျိုးတို့တွင် ဒု–ဟူသော အသံဖြင့် ဆက်လက်ပြဆိုသော အဓိပ္ပါယ်ကို ဖော်ပြပြီးလျှင်၊ လူ့ဝတ်ကြောင် အရိယာပုဂ္ဂိုလ်တို့၏ နေ့စဉ်လုပ်ငန်းနှစ်ရပ်ကိုလည်း ဖော်ပြခဲ့ပါ။

၆။ သုမနပန်းသည်၏ အနာဂတ်အကျိုးတရားတို့ကို ဖော်ပြပြီးလျှင်၊ ဝနဝါသီတိဿသာမဏေရဝတ္ထုလာ တိဿကလေးငယ်အတွက် မိခင်မှ ပြုလုပ်ပေးခဲ့သော မင်္ဂလာ သရုပ်တို့ကိုလည်း ထုတ်ဆောင်ပြခဲ့ပါ။

http://www.dhammadownload.com



## ၃။ ကရင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ဂါထာ- ၇၁။)

၃။ **အသာဆုံး အကောင်းဆုံး အနံ့**

စန္ဒကူးအနံ့, တောင်ဇလပ်ပန်းအနံ့, ကြာညိုပန်းအနံ့, မြတ်လေးပန်းအနံ့စသော ပန်းနံ့သာအပေါင်းတို့တွင် သီလတည်းဟူသော အနံ့သည်သာ အမွန်မြတ်ဆုံး အသာဆုံး အကောင်းဆုံး ဖြစ်ပါသည်။ (ဂါထာ- ၅၅)

၄။ **သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ် (၇) ပါး**

အသက်ထက်ဆုံး-
-မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊
-ဆွေမျိုးတို့၌ ကြီးသူတို့ကို ရိုသေခြင်း၊
-သိမ်မွေ့သောစကားကို ပြောဆိုခြင်း၊
-အကျိုးမဲ့ဂုံးချောစကားကို မပြောဆိုခြင်း၊
-နှမြောဝန်တိုမှုကင်း၍ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၌ မွေ့လျော်ခြင်း၊
-မှန်ကန်သော စကားကိုသာ ပြောဆိုခြင်း၊
-အမျက်မထွက်ခြင်း တို့ ဖြစ်ပါသည်။ (ဓမ္မ ဋ္ဌ- ၁၊ ၁၆၈)

### လူမိုက်ကြီး

မိမိမိုက်သည်အဖြစ်ကိုသိသော လူမိုက်သည် ထိုသိမှုကြောင့် ပညာရှိ ဖြစ်နိုင်သေး၏၊ လူမိုက်ဖြစ်နေပါလျက် မိမိကိုယ်ကို "ငါ ပညာရှိ" ဟု မှတ်ထင်နေသော ပုဂ္ဂိုလ်မျိုးသည် လူမိုက်ကြီးအစစ် ဖြစ်ပါသည်။ (ဂါထာ- ၆၃)

၅။ **ဒု- ၏ အဓိပ္ပါယ်**

ငါတို့သည် စည်းစိမ်ဥစ္စာတို့ထင်ရှားရှိပါလျက် မပေးလှူမိ၊ မိမိ၏ မှီခိုရာ

http://www.dhammadownload.com


ကိုင်းကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကံကိုလည်း မပြုမိခဲ့၍ မကောင်းသဖြင့် အသက်ရှည်ကြရလေကုန်ပြီ။ (ဓမ္မ ၅-၁၊ ၂၈၇)

လူ့ဝတ်ကြောင်အရိယာပုဂ္ဂိုလ်တို့၏ နေ့စဉ်လုပ်ငန်း (၂) ရပ်

-နံနက်အခါ၌ - အလှူပေးခြင်း၊

-ညနေချမ်းအခါ၌ - ပန်းနံ့သာစသည်ကို လက်စွဲ၍ အဝတ်, ဆေး, အဖျော် စသည်ကို ယူဆောင်လျက် တရားနာရန် ကျောင်းသို့ သွားခြင်း။ (ဓမ္မ ၅-၁၊ ၄)

၆။ သုမနပန်းသည်၏ အနာဂတ်အကျိုး

ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးပါးသို့ မကျရောက်ဘဲ လူ့ဘုံ နတ်ဘုံတို့၌ ကျင်လည်ခံစားရပြီး နောင်အခါ သုမနမည်သော ပစ္စေကဗုဒ္ဓါဖြစ်ခြင်း အကျိုးတရားကို ခံစားရပါမည်။ (ဓမ္မ ၅-၁၊ ၃၀၉)

မင်္ဂလာသရုပ်

သားဖွား မင်္ဂလာ၊ နာမည်မှည့်မင်္ဂလာ၊ အစာခွံ့မင်္ဂလာ၊ နားထွင်းမင်္ဂလာ၊ ပုဆိုးဖွဲ့မင်္ဂလာ၊ ဥဿျောင်ထုံးမင်္ဂလာ တို့ ဖြစ်ပါသည်။ (ဓမ္မ ၅-၁၊ ၃၃၄-၃၃၅)

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဓမ္မပဒပါဠိတော် စက္ခုပါလတ္ထေရဝတ္ထုလာ ဂါထာကို မှန်ကန်စွာ ပါဠိရေးပြပါ။

၂။ ကောင်းမှုကုသိုလ် ပြုလုပ်သောသူ၏ နောက်သို့ ထိုကောင်းမှုကုသိုလ်ကံက အမြဲလိုက် နေပုံကို ဥပမာနှင့်တကွ ပြဆိုထားသော စကားရပ်ပြ ပါဠိတော်ကို မဋ္ဌကုဏ္ဍလီဝတ္ထုလာ ဂါထာမှ ထုတ်နုတ်ကာ အနက်ပေးပြပါ။

၃။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ရန်ငြိုးဖွဲ့ပုံ အခြင်းအရာကို တိဿတ္ထေရဝတ္ထုလာ ဂါထာနှင့်အညီ ဖြေဆိုပြပါ။

http://www.dhammadownload.com



၄။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သန္တာန်၌ ကိလေသာရာဂ ဝင်ရောက်ပုံကို ယမကဝဂ်၊ နန္ဒ ဝတ္ထုလာ ဂါထာအရ ဖြေဆိုပြပါ။

၅။ (က) ဓမ္မပဒအဋ္ဌကထာကို ရေးသားဖို့ရန်အတွက် တိုက်တွန်းနှိုးဆော်တော်မူသော ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်ကို ရေးသား ဖြေဆိုပြ၍၊ (ခ) ဓမ္မပဒအဋ္ဌကထာကျမ်း ရေးသားတော်မူသော ဆရာတော်ဘုရားကြီး၏ ရှေ့ဘွဲ့တော်ကိုလည်း ရေးသား ဖြေဆိုပြပါ။

၆။ မဟာသုဝဏ္ဏသူဌေးကြီးသည် ရေချိုးအပြန် ကြီးမားသော သစ်ပင်ကြီးကို မြင်တွေ့ရာ၌ အဘယ်သို့ ကြံစည်စိတ်ကူးမိပါသနည်း? ဖြေဆိုပြ၍ သူ၏ သားနှစ်ယောက် အမည်များ ကိုလည်း မှန်ကန်စွာ ရေးသားပြပါ။

## ၄။ ချင်းပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ **ရန်ငြိုးဖွဲ့ပုံ အခြင်းအရာ**

"ဤသူသည် ငါ့ကို ဆဲရေးပြီ၊ ဤသူသည် ငါ့ကို ညှင်းဆဲပြီ၊ ဤသူသည် ငါ့ကို အောင်နိုင်ပြီ၊ ဤသူသည် ငါ၏ဥစ္စာကို ခိုးယူပြီ" ဟု ရန်ငြိုးဖွဲ့ခြင်းဖြစ်သည်။(ဂါထာ-၃)

၄။ **ကိလေသာရာဂ ဝင်ရောက်ပုံ**

ကျဲကျဲ ဟောင်းလောင်း မကောင်းသဖြင့် မိုးအပ်သောအိမ်ကို မိုးရေ မိုးပေါက်သည် ထိုးဖောက်ယိုကျသကဲ့သို့ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ဖြင့် မပွားစေအပ်သော (ဝါ) သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ဖြင့် မထုံမွမ်းအပ်သော စိတ်ကို ရာဂစသော ကိလေသာအားလုံးသည် ထိုးဖောက်ဝင်ရောက်နှိပ်စက်နိုင်၏။ (ဂါထာ။ ၁၃)

၅။ (က) ဓမ္မပဒအဋ္ဌကထာကို ရေးသားဖို့ရန် တိုက်တွန်းတော်မူသော ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ- အရှင်ကုမာရကဿပ ဖြစ်သည်။

(ခ) ဓမ္မပဒအဋ္ဌကထာကို ရေးသားတော်မူသော ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ- အရှင်မဟာဗုဒ္ဓဃောသ ဖြစ်သည်။ (ဓမ္မ ဋ္ဌ- ၁၊ ၁)

http://www.dhammadownload.com


၆။ မဟာသုဝဏ္ဏသူဌေးကြီး၏ စိတ်ကူး

"ဤသစ်ပင်ကို တန်ခိုးကြီးမားသောနတ်သည် သိမ်းပိုက်အပ်သည် ဖြစ်လိမ့်မည်" ဟု စိတ်ကူးမိပါသည်။ (ဓမ္မ ၅-၁၊ ၂)

သားနှစ်ယောက်အမည်

သားကြီး- မဟာပါလ၊ သားငယ်- စူဠပါလ။ (ဓမ္မ ၅-၁၊ ၃)

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်းဖြင့် အချိန်မဖြုန်းကြရန် ဝတ္ထု၊ ကိလေသာ နှစ်ဖြာသော ကာမတို့၌ တဏှာအားဖြင့် ပေါင်းသင်းမှု မပြုရန်နှင့် မမေ့မလျော့ ပြုမူနေထိုင်သောပုဂ္ဂိုလ်တို့ ရနိုင်သော အကျိုးကို ဖော်ပြပေးထားသော မြတ်ဗုဒ္ဓ၏ ဒေသနာပါဠိ ဂါထာကို ကျနစွာ ရေးသားပါ။

၂။ ကာမဂုဏ်အာရုံ အသီးသီး၌ မက်မောစိတ်ရှိသော သတ္တဝါကို သေမင်းက သူ၏ အလိုအတိုင်း ခေါ်ဆောင်ပြုမူပုံကို ဖော်ပြသောဂါထာကို တိကျသေချာစွာ အနက်ပေးပြပါ။

၃။ လေမုန်တိုင်း၏ လှုပ်ခါမှုကိုခံရသော ကမ်းနားသစ်ပင်ကဲ့သို့ ကိလေသမာရ်၏ လှုပ်ခါမှုကို ခံရမည့်ပုဂ္ဂိုလ်၏ လက္ခဏာတို့ကို ဖော်ပြ၍ ဩဃလေးရပ် မလွှမ်းအပ်သည့် အရဟတ္တဖိုလ်ကျွန်းသို့ ဆိုက်ကပ်နိုင်ကြောင်း တရားလေးမျိုးကိုလည်း ဖြေဆိုပါ။

၄။ စိတ်၏ သဘောသဘာဝကို အညတရ ဥက္ကဏ္ဌိတဘိက္ခုဒေသနာတော်အရ တင်ပြ၍၊ ကလျာဏမိတ္တကို ရှာဖွေသောပုဂ္ဂိုလ်တစ်ယောက်အဖို့ သီလစသောဂုဏ်အားဖြင့် မိမိထက် သာသူ မိမိနှင့်တန်းတူသူကို မရခဲ့သော် မည်သို့ ပြုမူနေထိုင်သင့်သည်ကို အကြောင်းပြ၍ မဖော်ပြပါ။

၅။ နတ်၊ ဦ့စုတေခြင်း၏ အကြောင်းလေးမျိုးကို ဖော်ပြ၍ ပဉ္စကညီနောင်အား အဘိုးသူဌေးက ရှင်၊ ဘန်းပြုခွင့် အလွယ်တကူပေးခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



၆။ အောက်ပါတို့ကို ဖြေဆိုပါ။

(က) ဗျာဒိတ်ပေးဘုရားရှင် ၂၄- ဆူအနက် ၇- ဆူမြောက်ဘုရားရှင်၏ ဘွဲ့တော်၊

(ခ) ယသော်ရောဓာ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို အကြောင်းပြု၍ ဟောကြားသော ဇာတ်တော်အမည်၊

(ဂ) သိကြားမင်း၏ သတ္တအမည်ရခြင်းအကြောင်း။

(ဃ) ဗန္ဓုလစစ်သူကြီးက မယားဖြစ်သူ မလ္လိကာကို မိဘအိမ်ပြန်နိုင်းခြင်းအကြောင်း။

(င) သုမနမာလာကာရ၏ အန္တိမဘဝ။

## ၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၂၇ ။)

၂။ (ဂါထာ- ၄၈။)

၃။ ကိလေသာမာရ်၏ လွှမ်းမိုးမှု ခံရမည့်ပုဂ္ဂိုလ်၏ လက္ခဏာ

-တင့်တယ်သော အာရုံကို အဖန်ဖန် ရှုလေ့ရှိခြင်း၊

-စက္ခု စသော ဣန္ဒြေတို့၌ မစောင့်စည်းခြင်း၊

-ဘောဇဉ်၌ ရှာမှီးခံယူသုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကို မသိခြင်း၊

-ဖျင်းရိခြင်း၊

-ဝီရိယမရှိခြင်း တို့ ဖြစ်ပါသည်။ (ဂါထာ- ၇)

**အရဟတ္တဖိုလ်ကျွန်းသို့ ဆိုက်ကပ်နိုင်ကြောင်းတရားလေးမျိုး**

ထကြွလုံ့လဝီရိယရှိခြင်း၊ မမေ့မလျော့ခြင်း၊ သီလစောင့်ခြင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်း - တို့ ဖြစ်ပါသည်။ (ဂါထာ- ၂၅)

၄။ **စိတ်၏သဘောသဘာဝ**

နှိမ်နင်းရန်အလွန်ခဲယဉ်း၍ လျင်မြန်သောသဘောရှိသော အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ဆုံးမ၍ ယဉ်ကျေးသောစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရွက်ဆောင်တတ်၏။ (ဂါထာ- ၃၅)

ကလျာဏမိတ္တကို ရှာဖွေသောပုဂ္ဂိုလ်တစ်ယောက်အဖို့ သီလစသောဂုဏ်

http://www.dhammadownload.com



အားဖြင့် မိမိထက်သာသူ, မိမိနှင့်တန်းတူသူကို မရခဲ့သော် "လူမိုက်၌ အဆွေခင်ပွန်း၏ ဂုဏ်အင်္ဂါမရှိသောကြောင့်" တစ်ယောက်တည်းသာ ပြုမူနေထိုင်သင့် ပါသည်။

(ဇါတ–၆၁)

၅။ (ကယား ၆ - ရှူ။)

## ရှင်ရဟန်းပြုခွင့် အလွယ်တကူ ပေးခြင်းအကြောင်း

သူဌေးကြီးသည် သာသနာတော်၌ အလွန်ကြည်ညိုဖသာကြောင့်လည်းကောင်း, ဤကလေးတို့သည် 'အဘယ်မည်သော သမီး၏သားတို့ပေနည်း' ဟု မေးအပ်သည် ရှိသော် 'ကျွန်ယောက်ျားနှင့် ထွက်ပြေးသောသမီး၏ သားတို့ပေတည်း' ဟု ပြောဆိုခြင်းငှါ ရှက်သောကြောင့်လည်းကောင်း အလွယ်တကူ ရဟန်းပြုခွင့် ပေးပါသည်။(ဓမ္မ ၅–၁၊ ၁၅၅)

၆။ (က) အနောမဒဿီဘုရား၊ (ဓမ္မ ၅–၁၊ ၅၃)

(ခ) စန္ဒကိန္နရီဇာတ်၊ (ဓမ္မ ၅–၁၊ ၇၄)

(ဂ) သိကြားမင်းသည် ရှေ့ဘဝလူဖြစ်စဉ် ရှိရှိသေသေ အလှူကို ဌပေးလှူခဲ့သောကြောင့် သက္က မည်ပါသည်။ (ဓမ္မ ၅–၁၊ ၁၆၈)

(ဃ) ကြာမြင့်စွာသော ကာလပတ်လုံး သားသမီးမရသောကြောင့် ဖြစ်ပါသည်။ (ဓမ္မ ၅–၁၊ ၂၂၂)

(င) သုမနမည်သော ပစ္စေကဗုဒ္ဓါဘဝ။ (ဓမ္မ ၅–၁၊ ၃၀၉)

## ၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ အောက်ဖော်ပြပါ ဓမ္မပဒပါဠိတော်များကို ရေးသားပြပါ။

(က) မြတ်စွာဘုရား ဟောဖော်ညွှန်ကြား ပိဋကတ်တော်များကို မလိုက်နာသော ပုဂ္ဂိုလ်အား အဆင်းမလှသော ပေါက်ပန်းနှင့်တူပုံပြ ပါဠိ၊

(ခ) မြတ်စွာဘုရား ဟောဖော်ညွှန်ကြား ပိဋကတ်တော်များကို လိုက်နာသော ပုဂ္ဂိုလ်အား အဆင်းအနံ့နှင့် ပြည့်စုံသော စံပယ်ပန်းနှင့်တူပုံပြ ပါဠိ။

၂။ အများဝေနေ ချမ်းသာစေဖို့ "စိတ်ကို စောင့်ရှောက်, ချမ်းသာရောက်" ပုံပြ ဓမ္မပဒဂါထာ ပါဠိကို အနက်ပေးပြပါ။

http://www.dhammadownload.com



၃။ စူဠကာလနှင့် မဟာကာလ ညီနောင်နှစ်ပါးတို့၏ ကိလေသမာရ် ကိုယ်တွင်းရန်ကြောင့် နှိပ်စက်ဖျက်ဆီးခံရခြင်းနှင့် နှိပ်စက်ဖျက်ဆီး မခံရခြင်းများကို အကြောင်း အကျိုးစုံလင်စွာ ရေးခဲ့ပါ။

၄။ စိတ္တဂဟပတိဝတ္ထုကို ထောက်ဆ၍ အလိုကြီးခြင်းနှင့် ရရှိလာသောအကျိုးတရားများကို စုံလင်စွာ ဖြေဆိုပြပါ။

၅။ ဝေါတမဘုရားလောင်းလျာသည် ဗျာဒိတ်ခံယူ နှစ်ကိုပ်လေးဆူရှိသည့်အနက် အစဦးဆုံး ခံယူခဲ့သော ဘုရားရှင် ၁၀– ဆူတို့ကို အဋ္ဌကထာလာသည့်အတိုင်း ရေတွက်ပြခဲ့ပါ။

၆။ အရှင်အာနန္ဒာမထေရ်မြတ်၏ သက်နှီးအကျိုးရှိအောင် အသုံးပြုပုံများနှင့် ဘုန်းကံကြီးမား ပုံတို့ကို အဋ္ဌကထာလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

## ၆။ တနင်္သာရီတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၅၁။ (ခ) ဂါထာ- ၅၂။

၂။ (ဂါထာ- ၃၆။)

၃။ **ကိလေသာမာရ်ကိုယ်တွင်းရန်ကြောင့် နှိပ်စက်ဖျက်ဆီးခံရခြင်း**

(လက်ခြေစသည် တင့်တယ်၍-ဟူ) တင့်တယ်သော အာရုံကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍နေသော, စက္ခု စသော ဣန္ဒြေတို့၌ မစောင့်စည်းပဲ, ဘောဇဉ်၌ ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကို မသိသော, ပျင်းရိ၍, ဝီရိယမရှိသော ရဟန်းကို 'အားကြီးသော လေမုန်တိုင်းသည် အားနည်းသော ကမ်းနားသစ်ပင်ကို နှိပ်စက် ဖျက်ဆီးသကဲ့သို့' ကိလေသာမာရ် ကိုယ်တွင်းရန်သည် စင်စစ် နှိပ်စက် ဖျက်ဆီးနိုင်၏။

**ကိလေသာမာရ်ကိုယ်တွင်းရန်ကြောင့် နှိပ်စက်ဖျက်ဆီးမခံရခြင်း**

အသုဘဆယ်ပါးတစ်ပါးပါးကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍နေသော, စက္ခု စသော ဣန္ဒြေတို့၌ စောင့်စည်းလျက်, ဘောဇဉ်၌ ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကို သိ၍, ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိသော လောကီ

http://www.dhammadownload.com



သဒ္ဓါ, ရတနာသုံးပါး၌ မတုန်မလှုပ် ကြည်ညိုခြင်းလက္ခဏာရှိသော လောကုတ္တရာသဒ္ဓါနှင့် ပြည့်စုံသော, အားထုတ်အပ်သော ဝီရိယရှိသောရဟန်းကို 'လေပြေလေညင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက်မဖျက်ဆီးနိုင်သကဲ့သို့' ကိလေသာမာရ် ကိုယ်တွင်းရန်သည် စင်စစ် မနှိပ်စက်မဖျက်ဆီးနိုင်။ (ဓါတာ–၂၊ ၈)

## ၄။ အလိုကြီးခြင်းနှင့် ရရှိလာသော အကျိုးတရားများ

မိုက်သောရဟန်းသည် ရဟန်းတို့၏အလယ်၌ မိမိတွင် ထင်ရှားမရှိသောဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုလည်းကောင်း, မိမိကို ခြံရံခြင်းကိုလည်းကောင်း, သံဃိကကျောင်းတို့၌ အစိုးရသူ၏အဖြစ်ကို လည်းကောင်း, မိဘဆွေမျိုးမှဘစ်ပါးသောဒါယကာတို့၏ ပူဇော်ခြင်းကိုလည်းကောင်း အလိုရှိ၏။

"လူ, ရဟန်းနှစ်ဦးလုံးတို့သည် ငါ့ကိုသာလျှင်မှီ၍ အမှုကိစ္စမှန်သမျှကို ပြုအပ်၏ (အမှုကိစ္စမှန်သမျှ ပြီးရ၏) ဟူ၍ မှတ်ထင်စေကုန်သတည်း၊ တစ်စုံတစ်ခု အမှုကြီး, ငယ်တို့၌ ငါ့အလိုသို့သာ လိုက်စေကုန်သတည်း" ဟု မိုက်သောရဟန်းအား အကြံအစည်, အလိုရမ္မက်, မာန်မာနတို့ တိုးပွားစေကုန်၏။ (ဓါတာ–၇၃၊ ၇၄)

## ၅။ အစဦးဆုံးဗျာဒိတ်ခံယူခဲ့သော ဘုရားရှင် (၁၀) ဆူ

-ဒီပင်္ကရာမြတ်စွာဘုရား၊ ကောဏ္ဍညမြတ်စွာဘုရား၊ မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား တို့ဖြစ်ကြပါသည်။ (ဗုဒ္ဓဝံ–၁၊ ၅၃)

## ၆။ သက်န်းအကျိုးရှိအောင် အသုံးပြုပုံ

-အရှင်အာနန္ဒာမထေရ်မြတ်သည် ဝတ်ရုံမျှလောက်သောအဝတ်တို့ကို ယူ၍ ကြွင်းသောအဝတ်တို့ကို ဟောင်းနွမ်းသောသင်္ကန်းရှိသောရဟန်းတို့အား လှူ၏။

-ဟောင်းနွမ်းသောသင်္ကန်းကို အလွန်ဟောင်းနွမ်းသော သင်္ကန်းရှိသောရဟန်းတို့အား လှူ၏။

-အလွန့်အလွန် ဟောင်းနွမ်းသော သင်္ကန်းကို အိပ်ယာခင်းပြု၏။

-အိပ်ယာခင်းဟောင်းကို မြေအခင်းပြု၏။

-မြေအခင်းဟောင်းကို ခြေသုတ်ပြု၏။

http://www.dhammadownload.com



-ခြေသုတ်ပေါင်းကို အပိုင်းပိုင်းဖြတ်၍ မြေညက်နှင့် နယ်ကာ နံရံ၌ လိမ်းကျံ၏။ ဤသို့ သင်္ကန်းအကျိုးရှိအောင် အဆင့်ဆင့် အသုံးပြုပါသည်။

(ဓမ္မ ဋ္ဌ– ၁၊ ၁၄၀)

ဘုန်းကံကြီးမားပုံ

-ငါးရာတန်သော အဝတ်ငါးရာတို့ကို အကြိမ်ငါးရာ ရခြင်း၊

-တစ်ထောင်တန်သော အဝတ်တစ်ထောင်တို့ကို အကြိမ်တစ်ထောင် ရခြင်း၊

-တစ်သိန်းထိုက်တန်သော အဝတ်တစ်သိန်းတို့ကို အကြိမ်တစ်သိန်း ရခြင်း၊

-တစ်ထည် နှစ်ထည် သုံးထည် လေးထည် ငါးထည် ဆယ်ထည် အစရှိသည်ဖြင့် ရခြင်းသည် မရေတွက်နိုင်ပါ။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် အရှင်အာနန္ဒာမထေရ်သည် အလုံးစုံသော ဇမ္ဗူဒိပ်ကို လှည့်လည်၍ အလုံးစုံသော ကျောင်းတိုက်၌ ရဟန်းအားလုံးတို့အား မိမိပိုင်သပိတ်သင်္ကန်းတို့ကို ပေးလှူခဲ့သတတ်။ (ဓမ္မ ဋ္ဌ– ၁၊ ၁၄၀–၁၄၁)

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း)

ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ, အဋ္ဌကထာဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁–၃–၂၀၁၁) တနင်္လာနေ့

၁။ ဖော်ပြပါဂါထာများကို ပါဠိသက်သက် ဖြေဆိုပါ။

(က) သေမင်းကို ရေအလျဉ်နှင့် ပုံနှိုင်း၍ ဟောကြားအပ်သော ဂါထာ၊

(ခ) ဥစ္စာပစ္စည်း သားသမီးကား။ ပျက်စီးဖွယ်သာ ကိုးကွယ်ရာမရဟု အာနန္ဒာသူကြွယ်အား ဟောကြားအပ်သော ဂါထာ။

၂။ ဖော်ပြပါထာများကို အနက်မှန်မှန် ပေးပြပါ။

(က) သုမနာဒေဝီ–ကို အကြောင်းပြု၍ ဟောကြားအပ်သော ဂါထာ၊

(ခ) ကုမ္ဘဃောသက သူဌေးအား ဆုံးမညွှန်ကြားအပ်သော ဂါထာ။

၃။ ဖော်ပြပါ သဘောတရားတို့သည် လောကူပမာအားဖြင့် အဘယ်အရာတို့နှင့်တူသည်ကို ဓမ္မပဒပါဠိတော် စိတ္တဝဂ်၊ ပဌမသတဘိက္ခုဝတ္ထုလာ ဂါထာနှင့်အညီ ဖြေဆိုပါ။

(က) ခန္ဓာကိုယ်၊ (ခ) ဝိပဿနာစိတ်၊ (ဂ) ပညာ၊ (ဃ) ကိလေသာ။

http://www.dhammadownload.com



၄။ ကောင်းစွာပြုသင့် ဆောင်ရွက်သင့်သော ကံကို ဖော်ပြ၍ သူမိုက်တို့၏ အတတ်ပညာများသည် မည်သည့် အကျိုးများ ဖြစ်စေသည်ကို ဗာလဝဂ်လာအတိုင်း ဖြေဆိုပါ။

၅။ မြတ်စွာဘုရားရှင်ထံ ဒေဝဒတ်တောင်းသော ဆုငါးမျိုးကို ဓမ္မပဒအဋ္ဌကထာနှင့်အညီ ဖော်ပြပါ။

၆။ အဆောတလျင် ပြေးလွှား၍ သွားလာရန် မတင့်တယ်သူလေးဦးကို ဖော်ပြ၍ အမျိုးသမီးတို့ မည်သည် အဘယ်အရာများဖြစ်ကြ၏-ဟု ဝိသာခါ ပြောဆိုခဲ့ပါသနည်း ဖြေဆိုပါ။

## ၇။ ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း (အဖြေ)
## ပထမငယ်တန်း ။ ။ ဓမ္မပဒ ပါဠိ, အဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၄၇၊ (ခ) ဂါထာ- ၆၂။

၂။ (က) ဂါထာ- ၁၈၊ (ခ) ဂါထာ- ၂၄။

၃။ (က) အိုး၊ (ခ) မြို့၊ (ဂ) လက်နက်၊ (ဃ) ရန်သူ။ (ဂါထာ- ၄၀)

၄။ ကောင်းစွာပြုသင့် ဆောင်ရွက်သင့်သောကံ

နောင်တ တဖန်မပူပန်ရဘဲ ပီတိ, သောမနဿဖြင့် နှစ်သက်ဝမ်းမြောက်ရသော အကျိုးကို ခံစားရသော ကောင်းမှုကံ ဖြစ်ပါသည်။ (ဂါထာ- ၆၈)

သူမိုက်၏အတတ်ပညာများသည်-

သူမိုက်အား အကျိုးမဲ့ရန်အတွက်သာ ဖြစ်၏၊ သူမိုက်၏ ဖြူစင်သောကုသိုလ်အဖို့ကို ပယ်ဖျောက်တတ်၏၊ ပညာတည်းဟူသော ဦးထိပ်ကိုလည်း ပြတ်၍ ကျစေတတ်၏။ (ဂါထာ- ၇၂)

http://www.dhammadownload.com



၅။ ဒေဝဒတ်တောင်းသောဆုငါးမျိုး- (ကယား ၆- ၅)

၆။ အဆောတလျင်ပြေးသွား၍ သွားလာရန်မတင့်တယ်သူလေးဦး
- အဘိသိက်ခံပြီးသောမင်း၊ မင်း၏တန်ဆာဆင်အပ်သောမင်္ဂလာဆင်၊ ရဟန်း၊ အမျိုးသမီးတို့ ဖြစ်ကြပါသည်။

အမျိုးသမီးတို့မည်သည် "ရောင်းကုန်ဘဏ္ဍာများ" ဖြစ်ကြသည်ဟု ဝိသာခါ ပြောဆိုခဲ့ပါသည်။ (ဓမ္မ ၅- ၁၊ ၂၄၆)

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ သမုဒ်ပြင်ထက် ခဏတက်ပြီး ပျက်စီးသွားသော ရေပူဖောင်း (ရေမြှုပ်)တို့ကို နမူနာထား၍ အတ္တဘော၏ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော ရဟန်းအား ဟောသောဂါထာကို ပါဠိ ရေးပါ။

၂။ မြွေပြိတ္တာကြီးကို အကြောင်းပြု၍ ဟောကြားတော်မူသောဂါထာကို အနက်ရေးပါ။

၃။ ပညာရှိတို့သည် သတိကို အဘယ်ကဲ့သို့ စောင့်ရှောက်သည်ကို ဖြေဆို၍၊ ပညာရှိတို့ လုံခြုံစွာ စောင့်ထိန်းထားသောစိတ်သည် ရွက်ဆောင်နိုင်သော ချမ်းသာတို့ကို ဖော်ပြပါ။

၄။ ဤရှုပကာယသည် အိုးအစိမ်းနှင့် တူပုံကို ရှင်းပြ၍၊ ပန်းခူးသမားသည် အခြားသော ပန်းဥယျာဉ်သို့ စိတ်ရောက်၍ ပန်းခူးရန် မေ့လျော့သကဲ့သို့ ကပ်ငြိသောစိတ်ရှိသူအား ပျက်စီးပုံကို ဥပမာပြ ဖြေပါ။

http://www.dhammadownload.com



၅။ နတ်တို့ညနင်း ဖြစ်နိုင်ခြင်း၏ အကြောင်းတရားခုနစ်ပါးကို ဖော်ပြ၍ ဘုရားရှင်ကိုယ်တော်ကိုင် စံပြအဖြစ်ဖြင့် ပြုစုပေးရသော ဂိလာနမထေရ်သည် အဘယ်ကောင်းမှု အဘယ်တောင်းဆုကြောင့် ရဟန္တာ ဖြစ်ရပါသနည်း။

၆။ အမျိုးသမီးပျိုများ ပြေးသွားရန် မသင့်သည်ကို ဝိသာခါဇာတ်လမ်းဖြင့် ပြည့်စုံစွာ ဖြေဆို၍ လူမိုက်အား သံသရာရှည်ပုံကို ရှင်းပြပါ။

## ၈။ ပဲခူးတိုင်းဒေသကြီး/ အရေးပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၄၆။)

၂။ (ဂါထာ- ၇၁။)

၃။ ပညာရှိတို့သည် သတိကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။ (ဂါထာ- ၂၆)

ပညာရှိတို့ လုံခြုံစွာ စောင့်ထိန်းထားသောစိတ်သည် ရွက်ဆောင် နိုင်သော ချမ်းသာမှာ- မဂ်, ဖိုလ်, နိဗ္ဗာန်သုံးတန်သော ချမ်းသာဖြစ်သည်။ (ဂါထာ- ၃၆)

၄။ **ရူပကာယသည် အိုးအစိမ်းနှင့်တူပုံ**

ဤရူပကာယသည် အင်အားမရှိ တာရှည်မခံ အခိုက်အတန့်မျှသာ တည်သော ကြောင့် အိုးအစိမ်းနှင့် တူပါသည်။ (ဓမ္မ ၄- ၁၊ ၂၀၁)

**ကပ်ငြိသောစိတ်ရှိသူအား ပျက်စီးပုံ**

ပန်းခူးသမားသည် အခြားသော ပန်းဥယျာဉ်သို့ စိတ်ရောက်၍ ပန်းခူးရန် မေ့လျော့သကဲ့သို့ ကာမဂုဏ်တို့ကို ဆွတ်ခူးလျက် မရသေးသည်ကိုတောင့်တ, ရပြီး သည်ကို တွယ်တာ လွန်စွာကပ်ငြိသောစိတ်ရှိသူအား "ကြီးစွာသောရေအလျဉ်သည် အိပ်ပျော်နေသော တစ်ရွာလုံးကို လွှမ်းမိုးယူငင်၍ သွားသကဲ့သို့" သေမင်းသည် ခေါ်ယူ သွားပါသည်။ (ဂါထာ- ၄၇။ ဓမ္မ ၄- ၁၊ ၂၂၀)

၅။ (ကရင် ၄- ရှု။)

http://www.dhammadownload.com


## ဂိလာနမထေရ် ရဟန္တာဖြစ်ရသောကောင်းမှုနှင့် တောင်းဆု

ငှက်မုဆိုးဖြစ်စဉ် ရဟန္တာမထေရ်တစ်ပါးအား အရသာရှိသော ဆွမ်းဘောဇဉ်ကို ပေးလှူ၍ "အရှင်ဘုရားတို့ သိအပ်မြင်အပ်သော တရား၏အထွဋ်အထိပ်သို့ ရောက်ရပါလို၏" ဟု ဆုတောင်းခဲ့ပါသည်။ (ဓမ္မ ဋ္ဌ- ၁၊ ၂၀၅)

## ၆။ အမျိုးသမီးများ ပြေးသွားရန် မသင့်ကြောင်း

"မိဘတို့မည်သည် မိမိသမီးကို အင်္ကျီကြီးငယ်အသွယ်သွယ်တို့ကို လှပတင့်တယ် ရှုချင်ဖွယ်ရှိအောင် မွေးမြူကုန်၏၊ ငါတို့သည် ရောင်းကုန်ဘဏ္ဍာမည်ကုန်၏၊ ငါတို့ကို အရှင်လင်၏အိမ်သို့ပို့ခြင်းငှါ မွေးမြူအပ်ကုန်၏၊ အကယ်၍ လျင်မြန်စွာ သွားလာသည် ရှိသော် မိမိ၏လုံချည်စွန်း၌ နင်းမိ၍လည်းကောင်း၊ ချွတ်ချော်၍လည်းကောင်း လဲ၍ ခြေလက်အင်္ဂါ ကျိုးပျက်ခဲ့လျှင် အမျိုးမိဘတို့၏တာဝန်သာ ဖြစ်ရာ၏၊ ငါ၏ ဤအဝတ်တန်ဆာတို့ကို မိုးစိုသဖြင့် တစ်စုံတစ်ရာ မပျက်စီးနိုင်၊ မချွတ် ခြောက်သွေ့လတ္တံ့၊ ဤသည်ကို သိမြင်သောကြောင့် လျင်မြန်စွာ သွားလာခြင်းကို မပြုပါ" ဟု ဝိသာခါက အမျိုးသမီးပျိုများ ပြေးသွားရန် မသင့်ကြောင်းကို ပြောကြားခဲ့ပါသည်။ (ဓမ္မ ဋ္ဌ- ၁၊ ၂၄၆)

## လူမိုက်အား သံသရာရှည်ပုံ

ဤလောကအကျိုး, တမလွန်လောကအကျိုးကို မသိကုန်သော, သံသရာဝဋ်၏ အဆုံးကို ပြုခြင်းငှါ မစွမ်းနိုင်ကုန်သော, ဗောဓိပက္ခိယတရား ၃၇ ပါးကို မသိကုန်သော လူမိုက်တို့အား သံသရာခရီးသည် ရှည်ပါသည်။ (ဓမ္မ ဋ္ဌ- ၁၊ ၂၀၉)

## ၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ "အမှိုက်ပုံမှာ ပွင့်သည့်ကြာ" ဥပမာဖြင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပုပ္ဖဝဂ်လာ ဂါထာ ၂-ပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ဤကိုယ်ကိုမြေအိုး, စိတ်ကို မြို့ရိုးပမာ ထားရှိကာ ကိလေသာရန်ကို ဉာဏ်ပညာလက်နက် ဖြင့် တိုက်ဖျက်တွန်းလှန်ရန် ဟောတော်မူသော ဂါထာကို အနက်ရေးခဲ့ပါ။

http://www.dhammadownload.com


၃။ နွားကျောင်းသားအဖြစ်မှ လွန်မြောက်၍ နွားနို့အရသာ သောက်သုံးသူ နွားပိုင်ရှင် ဖြစ်နိုင်ရန် ကျင့်ကြံပွားများ ပြည့်စုံရမည့်တရားတို့ကို ယမကဝဂ်၊ ဒွေသဟာယကဘိက္ခုဝတ္ထု ဒုတိယဂါထာလာသည့်အတိုင်း ထုတ်နုတ်ဖော်ပြခဲ့ပါ။

၄။ ဉာဏ်ပညာအသိမပြည့်နိုင်သူ၊ ဘေးရန်ကင်းကွာ အေးချမ်းစွာနေရသူတို့နှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို စိတ္တဟတ္ထထေရဝတ္ထုလာ ဒေသနာတော်များအရ ခွဲခြားတင်ပြခဲ့ပါ။

၅။ သိကြားမင်း၏ ပါဠိအမည်တို့တွင် မဃဝ၊ ပုရိန္ဒ၊ သက္က အမည်သုံးခုရရှိခြင်း အကြောင်းရင်းတို့ကို ဖော်ပြ၍၊ သိကြားဖြစ်ကြောင်း ကျင့်ဝတ်ခုနစ်ပါးတို့ကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။

၆။ ဝနဝါသီတိဿသာမဏေဝတ္ထုလာ သတို့သားဖွားမြင်ပြီးနောက် ပြုလုပ်သောမင်္ဂလာကိစ္စတို့ကို ထုတ်ဖော်ပြ၍၊ ရှင်သာမဏေပြုသောအခါ ဆရာဥပဇ္ဈာယ်တို့ သင်ပြပေးသော ကမ္မဋ္ဌာန်းနှင့် ယင်းကမ္မဋ္ဌာန်း၏ အကျိုးအာနိသင်တို့ကိုလည်း ဖော်ပြခဲ့ပါ။

## ၉။ မကွေးတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၅၈ / ၅၉။)

၂။ (ဂါထာ- ၄၀။)

၃။ အစီးအပွားရှိသော ပိဋကတ်သုံးပုံကို အနည်းငယ်မျှ သင်ကြားပို့ချဟောပြောနေသော်လည်း တရားအားလျော်သောအကျင့်ကို ကျင့်ကြံအားထုတ်သောသူသည် ရာဂ, ဒေါသ, မောဟကို ပယ်လျက် ကောင်းစွာအပြားအားဖြင့် သိသည်ဖြစ်၍ ကိလေသာတို့မှ ကောင်းစွာလွတ်သောစိတ်ရှိသည်ဖြစ်၍ ပစ္စုပ္ပန်, တမလွန်ဘဝတို့၌ စွဲလမ်းမှုမရှိဘဲ ဈာန်, မဂ်, ဖိုလ်ဟူသော ရဟန်း၏အရသာကို ခံစားရ၏။ (ဂါထာ- ၂၀)

၄။ မတည်တံ့သောစိတ်ရှိ၍, သူတော်ကောင်းတရားကို မသိပဲ, သဒ္ဓါတရားမခိုင်မြဲသူအား ပညာ မပြည့်စုံနိုင်ပါ။

ရာဂတည်းဟူသောမိုးမစွတ်သောစိတ်ရှိ၍ ဒေါသသည် မဖျက်ဆီးအပ်သော

http://www.dhammadownload.com



စိတ်ရှိသော ကုသိုလ်, အကုသိုလ်ကို ပယ်ပြီးသော မောဟတည်းဟူသောအိပ်ပျော်ခြင်းမှ နိုးသောသူအား ဘေးရန်ကင်းကွာ အေးချမ်းစွာ နေရပါသည်။ (ဓါတ-၃၈၊ ၃၉)

၅။ မဃဝ- မည်ပုံ

သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ မဃ-အမည်ရှိသောကြောင့် မဃဝ-ဟု အမည်ရပါသည်။

ပုရိန္ဒဒ- မည်ပုံ

သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ ရှေးဦးစွာ အလှူကို ပေးလှူခဲ့သောကြောင့် ပုရိန္ဒဒ-ဟု အမည်ရပါသည်။

သက္က- မည်ပုံ

သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ ရိုသေစွာ အလှူကို ပေးလှူခဲ့သောကြောင့် သက္က-ဟု အမည်ရပါသည်။ (ဓမ္မ ဋ္ဌ– ၁၊ ၁၆၈)

သိကြားမင်းဖြစ်ကြောင်း။ (ကရင် ၄ - ရှု။)

၆။ မင်္ဂလာကိစ္စ- (ကရင် ၆ - ရှု။)

သင်ပြပေးသော ကမ္မဋ္ဌာန်း- ဒွတ္တိံသာကာရ တစပဉ္စက ကမ္မဋ္ဌာန်း။

ယင်း၏အကျိုးအာနိသင်- ဆံအစရှိသည်တို့တွင် တစ်ခုတစ်ခုသော ကောဋ္ဌာသ၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ဘိက္ခု, ဘိက္ခုနီ, ဥပါသိကာ, ဥပါသိကာမတို့ မရေတွက်နိုင်အောင်ရှိ၏။ (ဓမ္မ ဋ္ဌ– ၁၊ ၃၃၅)

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)

ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ ဖန်ဝါဆင်မြန်း ဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်ထိုက်သောပုဂ္ဂိုလ်၊ မဝတ်ရုံ မသုံးဆောင်ထိုက်သောပုဂ္ဂိုလ်ဟု ခွဲခြားပြဆိုသည့် ဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ အရင်းအနှီးအနည်းငယ်မျှဖြင့်လည်း မိမိကိုယ်ကို များစွာသော ဥစ္စာရှင်အဖြစ် ဖြစ်စေနိုင်ပုံကို ဥပမာနှင့်တကွ ပြဆိုသည့် ဂါထာကို အနက်ပေးခဲ့ပါ။

http://www.dhammadownload.com


၃။ လောကဘွဲ့ အခြံအရံပေါ်များရခြင်း၏ အကြောင်းတရားများကို ပြည့်စုံစွာ ဖော်ပြ၍ ရဇ-မည်သောတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ လောကဇာတ်ခုံ လူတို့ဘုံဝယ် ဆင်းရဲမွဲတေရခြင်း၏ အခြေခံအဓိကကျသော အကြောင်းရင်းတရားကို ဖော်ပြ၍၊ နိဂမဝါသီမထေရ်၏ ဂုဏ်ရည်များကို စုံညီစွာ ဖော်ထုတ်လျက် ယင်းမထေရ်၏ မွေးရပ်ဇာတိကိုလည်း ညွှန်ပြခဲ့ပါ။

၅။ မိခင်, ဖခင် နှစ်ဦးတို့တွင် မည်သူသည် သားသမီးတို့အပေါ် ပို၍ ချစ်ပါသနည်း? ဝတ္ထု ထောက် ညွှန်ပြကာ၊ ခန္ဓာကိုယ်၏ ရေမြုပ်နှင့်တူရခြင်း အကြောင်းတရားတို့ကို ဖော်ပြလျက်၊ မာရသ ပပုပ္ပကာနိ– ၌ ပပုပ္ပက အရကိုလည်း ဖော်ပြခဲ့ပါ။

၆။ နတ္ထိ ဗာလေ သဟာယတာ– ၌ သဟာယတာ– အရ ပြည့်စုံစွာ ထုတ်ပြ၍၊ လောကဘွဲ့ ပစ္စည်းဥစ္စာ မရှိသူတိုင်းကို ဆင်းရဲသောပုဂ္ဂိုလ်ဟု ဆိုသင့်/မဆိုသင့် အကြောင်းချင့်၍ ဖြေဆိုခဲ့ပါ။

## ၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (ဂါထာ- ၉ / ၁၀။)

၂။ အပ္ပေကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။ (ဓမ္မ ဋ္ဌ– ၁၊ ၁၆၂)

မေဓာဝီ- မီးမွေးမှုတွင် ကျွမ်းကျင်သော ပညာရှိသည်၊ အဏုံ- အနည်းငယ်သော၊ အဂ္ဂိ- မီးကို၊ သန္ဓမံ (သန္ဓမန္တော)- ကောင်းစွာမှုတ်လျက်၊ (မဟန္တံ- ကြီးစွာသော၊ အဂ္ဂက္ခန္ဓံ- မီးအစုကို၊ သမုဋ္ဌာပေတိ) ဣဝ- ထကြွစေသကဲ့သို့၊ ဝါ- ဖြစ်စေသကဲ့သို့၊ (တထာ- တူ) ဝိစက္ခဏော- ကူးသန်းရောင်းဝယ်မှုတွင် ကျွမ်းကျင်သော၊ မေဓာဝီ- ပညာရှိသည်၊ အပ္ပေကေနာပိ- အနည်းငယ်လည်းဖြစ်သော၊ ပါဘတေန- အရင်းအနှီး ဖြင့်၊ အတ္တာနံ- မိမိကိုယ်ကို၊ သမုဋ္ဌာပေတိ- ဥစ္စာခြံရံ၊ အတန်တန်ဖြင့်, ဖန်ဖန်တိုးစေ, တည်တံ့စေ၏။

မှတ်ချက် = အစိုးရပြဋ္ဌာန်းထုတ် စည်းမျဉ်းတွင် ပါဠိတော်မှ ပါဠိ-အနက် မေးရန် ဖြစ်သည်။ အထက်ပါမေးခွန်းသည် အဋ္ဌကထာလာဂါထာဖြစ်သည်။

http://www.dhammadownload.com



၃။ လောက၌ အခြံအရံပေါ်များရခြင်းအကြောင်း- (ကယား ၄ - ရှု။)
'ရဇ'မည်သော တရား- ရာဂ, ဒေါသ, မောဟ။ (ဓမ္မ ၄– ၁၊ ၁၅၇)

၄။ လောကဇာတ်ခုံလူတို့ဘုံဝယ် ဆင်းရဲမွဲတေရခြင်း၏ အခြေခံအကြောင်းရင်းမှာ မေ့လျော့ခြင်း (ပမာဒ) တရား ဖြစ်ပါသည်။ (ဓမ္မ ၄– ၁၊ ၁၇၈)

နိဂမဝါသီမထေရ်၏ ဂုဏ်ရည်များ

အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊ အားထုတ်အပ်သော ဝီရိယရှိခြင်း တို့ ဖြစ်ပါသည်။

ယင်းမထေရ်၏ မွေးရပ်ဇာတိ- သာဝတ္ထိပြည်၏ အနီး နိဂုမ်းရွာ။ (ဓမ္မ ၄– ၁၊ ၁၇၉)

၅။ သာမာဝတီဝတ္ထုကို ထောက်၍ မိခင်, ဖခင်နှစ်ဦးတို့တွင် မိခင်သည် သားသမီးတို့အပေါ် ပို၍ ချစ်ပါသည်။ (ဓမ္မ ၄– ၁၊ ၁၈၈)

ခန္ဓာကိုယ်၏ ရေမြှုပ်နှင့်တူရခြင်းအကြောင်းတရား

ဤဆံအစရှိသည်တို့၏ အပေါင်းဟုဆိုအပ်သော ခန္ဓာကိုယ်သည် အင်အားမရှိ တာရှည်မခံ အခိုက်အတန့်မျှသာ တည်သောကြောင့် ရေမြှုပ်နှင့် တူပါသည်။
(ဓမ္မ ၄– ၁၊ ၂၀၁)

ပပုပ္ဖက- အရ

ကိလေသာမာရ်၏ ပန်းပွင့်ဟုဆိုအပ်ကုန်သော တေဘူမကဝဋ် (၃) ပါး။
(ဓမ္မ ၄– ၁၊ ၂၁၄)

၆။ နတ္ထိဗာလေ သဟာယတာ- ၌ သဟာယတာ- အရ

စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ, ကထာဝတ္ထု (၁၀) ပါး, ဓုတင် (၁၃) ပါး, ဝိပဿနာဉာဏ်, မဂ် (၄) ပါး, ဖိုလ် (၄) ပါး, ဝိဇ္ဇာ (၃) ပါး, အဘိညာဉ် (၆) ပါး။
(ဓမ္မ ၄– ၁၊ ၂၉၆)

လောက၌ ပစ္စည်းဥစ္စာမရှိသူတိုင်းကို ဆင်းရဲသော ပုဂ္ဂိုလ်ဟု မဆိုသင့်ပါ။ အကြောင်းမှာ- ပစ္စည်းဥစ္စာမရှိသော်လည်း သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, သုတ, စာဂ, ပညာ တည်းဟူသော သူတော်ကောင်း ဥစ္စာ (၇) ပါးနှင့် ပြည့်စုံသူကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့က လူဆင်းရဲဟု မဆိုကြသောကြောင့် ဖြစ်ပါသည်။
(ဓမ္မ ၄– ၁၊ ၃၀၂)

http://www.dhammadownload.com


## ၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

### ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

### ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ (က) ကုမ္ဘဃောသက သူဌေးကို အကြောင်းပြု၍ ကြီးပွားခြင်းအကြောင်းနည်းလမ်း ကောင်းပြ ဂါထာ၊

(ခ) သာသနာ့ဝန်ထမ်းရှင်ရဟန်းများနှင့် ဘိက္ခုနီနွယ်ဝင်သီလရှင်တို့ ပစ္စည်းလေးပါးနှင့် ဆက်စပ်၍ အလှူရှင်တို့အပေါ်၌ ကျင့်သုံးပုံနည်းစနစ်ပြ ဂါထာတို့ကို ပါဠိရေးပြပါ။

၂။ မကောင်းမှု အကုသိုလ်ဒုစရိုက်တွေကို မကြောက်မရွံ့ပြုလုပ်နေကြသောပုဂ္ဂိုလ်တို့ ခံစား ရမည့် ဆိုးကျိုးများကို ထိန့်လန့်ဖွယ်ပြဆိုထားသည့် ဒေဝဒတ္တဝတ္ထုလာ ဂါထာကို အနက် ပေးပါ။

၃။ အိမ်နှင့် ကျောင်းကို မညောင်းမညာ လူးလာတုံ့ခေါက် ဝင်ထွက်သွားလာနေသော စိတ္တ ဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူသော ဒေသနာတော်ကို အများသူငါ မှတ်သားလိုက်နာဖွယ်ဖြစ်အောင် ရေးသားခဲ့ပါ။

၄။ မွေး၍လှပသော ပန်းနှင့်တူသော ပုဂ္ဂိုလ်ကို ညွှန်ပြ၍၊ ကမ္မဋ္ဌာန်းဖြင့် မထုံမွမ်းအပ်သော စိတ်နှင့် ထုံမွမ်းအပ်သော စိတ်တို့ အကျိုးတရား ကွာခြားပုံကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၅။ ဗိမ္ဗိသာရမင်းကြီး၏ အတိတ်ကဆွေမျိုးများ ပြိတ္တာဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍၊ ဘုရားရှင်၏ တပည့် အဋ္ဌ-ဘဲ့ရှသောပုဂ္ဂိုလ်တို့တွင် လူပုဂ္ဂိုလ်များ၏ အမည်နာမများကိုသာ ထုတ်ဖော် တင်ပြခဲ့ပါ။

၆။ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ ဘုန်းရှင်ကံရှင်ငါးဦးတို့၏ အမည်ကို ဖော်ပြ၍၊ သိကြားဖြစ်ရန် ကျင့်ဝတ် ၇-ပါးတို့တွင် နောက်ဆုံး ၃-ပါးကိုသာ ထုတ်ဖော် တင်ပြခဲ့ပါ။

## ၁၁။ မွန်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ။ ၂၄။ (ခ) ဂါထာ။ ၄၉။

http://www.dhammadownload.com



၂။ (ထင်ရှားပြီ။)

၃။ စိတ္တဟတ္ထမထေရ်အားဟောကြားသောဒေသနာတော်။ (မကွေး ၄- ၅)

၄။ မွေး၍လှပသော ပန်းနှင့်တူသော ပုဂ္ဂိုလ်

ကောင်းစွာ ဟောကြားအပ်သော ဘုရားစကားတော်ကို ရိုသေစွာ လိုက်နာသူ။

(ဂါထာ-၅၂)

အကျိုးတရားကွာခြားပုံ

ကျဲကျဲ ဟောင်းလောင်း မကောင်းသဖြင့် မိုးအပ်သောအိမ်ကို မိုးရေ မိုးပေါက်သည် ထိုးဖောက်ယိုကျသကဲ့သို့ ကမ္မဋ္ဌာန်းဖြင့် မထုံမွမ်းအပ်သော စိတ်ကို ရာဂစသော ကိလေသာအားလုံးသည် ထိုးဖောက်ဝင်ရောက်နှိပ်စက်နိုင်၏။

ကောင်းမွန်သေချာလုံခြုံစွာ မိုးအပ်သောအိမ်ကို မိုးရေ မိုးပေါက်သည် မထိုးဖောက်မယိုကျသကဲ့သို့ ကမ္မဋ္ဌာန်းဖြင့် ထုံမွမ်းအပ်သော စိတ်ကို ရာဂစသော ကိလေသာအားလုံးသည် မထိုးဖောက်မနှိပ်စက်နိုင်။ ဤသို့ ကွာခြားပါသည်။

(ဂါထာ- ၁၃ ၊ ၁၄ )

၅။ ဗိမ္ဗိသာရမင်းကြီး၏ အတိတ်ကဆွေမျိုးများ ပြိတ္တာဖြစ်ရခြင်းအကြောင်း

သံဃာအား ရည်မှန်း၍ လှူဒါန်းခဲ့သော ဆွမ်းတို့ကို စားခဲ့သောကြောင့် ဖြစ်ပါသည်။ (ဓမ္မ ၅- ၁၊ ၆၅)

အဂ္ဂဘွဲ့ရသော လူပုဂ္ဂိုလ်များ

အဂ္ဂဥပါသကာ။ စိတ္တသူကြွယ် နှင့် ဟတ္ထကအာဠဝက၊

အဂ္ဂဥပါသိကာ။ ဝေဠုကဏ္ဍကရွာသူ နန္ဒမာတာ နှင့် ခုဇ္ဇုတ္တရာ။

(ဓမ္မ ၅- ၁၊ ၂၁၆)

၆။ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ ဘုန်းကံရှင်ငါးဦးတို့၏အမည်

မေဏ္ဍကသူဌေး၊ စန္ဒပဒုမာသူဌေးကတော်၊ ဓနဥ္စယသူဌေးသား၊ သုမနဒေဝီ သူဌေးချွေးမ၊ ပုဏ္ဏကကျွန်။ (ဓမ္မ ၅- ၁၊ ၂၄၃)

သိကြားဖြစ်ရန် ကျင့်ဝတ်- ( ကရင် ၄ - ၅။ )

http://www.dhammadownload.com


## ၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
## ပထမကြီးတန်း။ ။ဓမ္မပဒဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့။

၁။ အောက်ဖော်ပြပါ ဂါထာတို့ကို ပါဠိသက်သက် ရေးပြခဲ့ပါ။

(က) အကာကို အနှစ်၊ အနှစ်ကို အကာထင်သူတို့၏ ဆိုးကျိုးပြဂါထာ၊

(ခ) လှလဝီရိယ စသည်နှင့် ပြည့်စုံသူအား ခြံရံကျော်ဇောလွှမ်းပြန့်ပြောပုံပြဂါထာ။

၂။ ဖော်ပြပါ ဂါထာတို့ကို အနက်မှန်မှန် ယောဇနာပြခဲ့ပါ။

(က) သီလရှိသူတို့၏ ရနံ့သည်သာ နတ်ပြည်တို့၌ လှိုင်နေပုံကို ပြဆိုသော ဂါထာ၊

(ခ) လူမိုက်တို့၏ ငြိုးခြံသော အကျင့်သည် အရိယာတို့ ငြိုးခြံသော အကျင့်၏ တန်ဖိုးကို လိုက်၍ မမီနိုင်ပုံပြ ဂါထာ။

၃။ ပိင္ဂကတ်ကျမ်းစာအဖြာဖြာကို အနည်းငယ်မျှ သင်ယူပြီးနောက် ကျင့်သုံးသူတို့၏ ရရှိသော အကျိုးတရားများကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ ဓမ္မိကဥပါသကာကြီး၏ (က) ကြားနာလိုသော သုတ်အမည်၊ (ခ) ဆိုက်ရောက်လာသော နတ်ရထား၏ အမြင့်ယူဇနာပမာဏ၊ (ဂ) သွားရောက်သောနတ်ပြည်၊ (ဃ) အခြံအရံ နတ်သမီး အရေအတွက်၊ (င) ရရှိသော ရွှေဗိမာန်၏ ယူဇနာပမာဏတို့ကို အသီးသီး ရေးသား ဖြေဆိုပါ။

၅။ ဘုရားရှင်သည် သာဝတ္ထိမြို့ကို အမှီပြု၍ ဟောဆိုတော်မူခဲ့သော နစ်ပရိစ္ဆေဒကို အတိအကျ ဖော်ပြပြီးလျှင်၊ သာသနာတော်၌ ကျင့်ဆောင်ရမည့် လုပ်ငန်းစဉ်နှစ်ရပ်တို့၏ သဘော အဓိပ္ပါယ်တို့ကိုလည်း ပြည့်စုံစွာ ရေးသား ဖြေဆိုခဲ့ပါ။

၆။ သုပ္ပဗုဒ္ဓ၏ နူနာဖြစ်ရခြင်းအကြောင်းကို ဖြေဆိုပြီးလျှင်၊ လောက၌ လျင်မြန်စွာ ပြေးသွား၍ မတင့်တယ်သောပုဂ္ဂိုလ်တို့ကိုလည်း ဓမ္မပဒအဋ္ဌကထာလာသည့်အတိုင်း ထုတ်ဖော်ပြခဲ့ပါ။

## ၁၂။ ရခိုင်ပြည်နယ် (အဖြေ)
## ပထမငယ်တန်း။ ။ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၁၁။ (ခ) ဂါထာ- ၂၄။

http://www.dhammadownload.com



၂။ (က) ဂါထာ- ၅၄။ (ခ) ဂါထာ- ၇၀။

၃။ (မကွေး- ၃- ၅)

၄။ (က) မဟာသတိပဋ္ဌာနသုတ်၊ (ခ) ယူဇနာ ၁၅၀၊
(ဂ) တုသိတာနတ်ပြည်၊ (ဃ) နတ်သမီးတစ်ထောင်၊
(င) ၂၅ ယူဇနာ။ (ဓမ္မ ၄–၁၊ ၈၃ မှ ၈၅)

၅။ ဘုရားရှင်သည် သာဝတ္ထိမြို့ကို အမှီပြု၍ (၂၆) နှစ်ပတ်လုံး ဝါဆိုခဲ့ပါသည်။
(ရှိုးပြောအာရုံကျောင်း၌ ၁ ဝါ၊ ဇေတဝန်ကျောင်းတော်ကြီး၌ ၁၉ ဝါ၊ ပုဗ္ဗာရုံကျောင်းတော်ကြီး၌ ၆ ဝါ) (ဓမ္မ ၄–၁၊ ၃)

**သာသနာတော်၌ ကျင့်ဆောင်ရမည့် လုပ်ငန်းစဉ်နှစ်ရပ်**

ဂန္ထဓုရ ‐ မိမိဉာဏ်စွမ်းအလျောက် ပိဋကတ်သုံးပုံကို သင်ယူ၍ ဆောင်ထားခြင်း, ဟောပြောခြင်း, ပို့ချခြင်း။

ဝိပဿနာဓုရ‐ ဆိတ်ငြိမ်ရာအရပ်၌ တစ်ယောက်တည်းနေလျက် ခန္ဓာကိုယ် အတ္တဘော၌ အဖြစ်အပျက်ကို အမြဲနှလုံးသွင်းကာ ဝိပဿနာတရားကို တိုးပွားစေလျက် အရဟတ္တဖိုလ်ကို ရယူခြင်း။ (ဓမ္မ ၄–၁၊ ၅)

၆။ **သုပ္ပဗုဒ္ဓ၏ နူနာဖြစ်ရခြင်းအကြောင်း** (ဓမ္မ ၄–၁၊ ၃၀၃)

တဂရသိခိ ပစ္စေကဗုဒ္ဓါကို မြင်၍ တံတွေးထွေးခြင်းဖြင့် မရိုမသေပြုခြင်းကြောင့် ကာလရှည်စွာ ငရဲခံရပြီး ကြွင်းကျန်သော အကုသိုလ်ကံ၏အစွမ်းဖြင့် နူနာဖြစ်ရပါသည်။

**လျင်မြန်စွာ ပြေးသွား၍ မတင့်တယ်သော ပုဂ္ဂိုလ်**

- အဘိသိက်ခံပြီးသောမင်း၊ မင်း၏တန်ဆာဆင်အပ်သောမင်္ဂလာဆင်၊ ရဟန်း၊ အမျိုးသမီးတို့ ဖြစ်ကြပါသည်။ (ဓမ္မ ၄–၁၊ ၂၄၆)

**၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)**

**ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ**

**၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့**

၁။ "ရန်တို့ကို ရန်ဖြင့် လက်စားချေ တုန့်ပြန်သဖြင့် ရန်ငြိမ်းအေးရိုး ထုံးစံမရှိ၊ ရန်တုန့်မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်းအေးရကြောင်း"ပြ ဘုရားဒြဝ်ဒေဂါထာကို ကမ္ဘာ့ငြိမ်းချမ်းရေး လမ်းညွှန်အဖြစ် နှလုံးသွင်းလျှက် ပါဠိရေးပါ။

http://www.dhammadownload.com



၂။ "အိမ်မိုးကင်းလျှင် မိုးရေဝင်သို့၊ ဘာဝနာကင်းစင် ထိုစိတ်စည် သွင်သွင်ရာဂဝင်"ဟု ဟောညွှန်းထားသော သတိပေးဂါထာကို အနက်ရေးပါ။

၃။ ရာထူး၊ ဥစ္စာချမ်းသာ၊ ကျော်ကြားမှု-စသော ယသများ တိုးပွားအောင်မြင် ပြည့်စုံလိုပါက လိုက်နာဆောင်ရွက်ရမည့် အင်္ဂါတို့ကို ရေးသားဖြေဆိုပါ။

၄။ ယောဂီရဟန်းသည် ကိုယ်ခန္ဓာကို အဘာယဉပမာသဘောတို့ဖြင့် သိ၍ မာရ်မင်း၏ အဘာယ် တရားဆိုးတို့ကို အဘာယ်ဖြင့် ဖြတ်တောက်၍ သေမင်းမမြင်တွေ့နိုင်ရာ နိဗ္ဗာန်သို့ လျှောက် လှမ်းပါသနည်း? ဖြေဆိုပါ။

၅။ နတ္ထိ ဗာလေ သဟာယတာ-၌ သဟာယတာ မည်သော တရားတို့တွင် အစဆုံးလေးပါးကို ရေး၍ အောက်ပါပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။

(က) ညဥ့်ရှည်လျားသူ၊

(ခ) တစ်ယူဇနာခရီးရှည်လျားသူ၊

(ဂ) သံသရာရှည်လျားသူများ။

၆။ အညာ ဟိ လာဘူပနိသာ-၌ ဘုရားရှင်ခွင့်ပြုတော်မူသော ဓမ္မိကလာဘ်တို့ကို ရေတွက် ပြပြီး၊ ဝိဝေကမနုဗြူဟယေ-၌ ဝိဝေကသုံးပါးတို့ကို ဆိုင်ရာအရတရား အသီးအသီးတို့နှင့် တွဲစပ် ဖော်ပြပါ။

## ၁၃။ ရန်ကုန်တိုင်းဒေသကြီး (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ဂါထာ။ ၁၃။)

၃။ (ကယား ၄ - ၅။)

၄။ ယောဂီရဟန်းသည် ကိုယ်ခန္ဓာကို ရေမြှုပ်နှင့်တူစွာ ကာလမရှည်ပျက်တတ် သည်ဟုလည်းကောင်း တံလျှပ်အတူ ယူ၍မရ အထင်မျှသာဖြစ်သည်ဟုလည်းကောင်း

http://www.dhammadownload.com



ကောင်းစွာထိုးထွင်းသိ၍ မာရ်မင်း၏ပန်းခိုင်သဖွယ်ဖြစ်သော တေဘူမကဝဋ်တို့ကို အရိယာမဂ်ဖြင့် ဖြတ်တောက်၍ သေမင်းမမြင်တွေ့နိုင်ရာ နိဗ္ဗာန်သို့ လျှောက်လှမ်းပါသည်။ (ဂါထာ–၄၆)

၅။ သဟာယတာ- မည်သောတရား- ( မန္တလေး ၆ - ရှူ။ )

(က) ညဥ့်ရှည်လျားသူ- အိပ်မပျော်သူ၊
(ခ) တစ်ယူဇနာခရီးရှည်လျားသူ- ခရီးပန်းသူ၊
(ဂ) သံသရာရှည်လျားသူများ- သူတော်ကောင်းတရားကို မသိကုန်သော လူမိုက်များ။ (ဂါထာ–၆၀)

၆။ ဘုရားရှင်ခွင့်ပြုတော်မူသော ဓမ္မိကလာဘ်

ဥပဓိ၏ ပြည့်စုံခြင်း၊ သက်န်းကို ဆောင်ခြင်း၊ အကြားအမြင်များခြင်း၊ အခြံအရံရှိခြင်း၊ တောဌ် နေခြင်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော လာဘ်တို့ ဖြစ်ပါသည်။ (ဓမ္မ ဋ္ဌ– ၁၊ ၃၄၄)

ဝိဝေကသုံးပါးတို့ကို အရတရားတို့နှင့် တွဲစပ်ပုံ
ကာယဝိဝေက - တစ်ယောက်တည်းနေခြင်း၊
စိတ္တဝိဝေက - သမာပတ်ရှစ်ပါး၊
ဥပဓိဝိဝေက - နိဗ္ဗာန်။ (ဓမ္မ ဋ္ဌ– ၁၊ ၃၄၅)

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမငယ်တန်း ။ ။ဓမ္မပဒအဋ္ဌကထာဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ မိမိကိုယ်တိုင် ချမ်းသာဖို့ရာ မိမိစိတ်သာ အရင်းခံပဓာနဖြစ်ကြောင်း ဟောဖော်ညွှန်ပြထားအပ်သော တရားဒေသနာဂါထာတော်ကို စိတ္တဝဂ် သောရေယျတ္ထေရဝတ္ထုမှ ထုတ်နုတ်၍ ပါဠိရေးပြပါ။

၂။ သားသမီးဥစ္စာ အဖြာဖြာတို့ဖြင့် မာန်ယစ်နေကြသူများ သံဝေဂတရားရယူနိုင်ကြစေရန် ဟောကြားထားသော ဗာလဝဂ် အာနန္ဒသေဋ္ဌိဝတ္ထုလာဂါထာကို အနက်ယောဇနာပြပါ။

http://www.dhammadownload.com



၃။ မည်သို့သောပုဂ္ဂိုလ်မျိုးသည် မာရ်မင်း၏ လွှမ်းမိုးနှိပ်စက်မှုဒဏ်ကို ခံရနိုင်ပါသနည်း? ယမကဝဂ်၊ မဟာကာဠဝတ္ထုရဝတ္ထုလာဂါထာအရ ဥပမာနှင့်တကွ ရေးသားတင်ပြပါ။

၄။ အဘယ်ပုဂ္ဂိုလ်တို့၏ လားရာဂတိကို မာရ်နတ်ရှာမရနိုင်ပါနည်း? ဂေါဓိကထေရဝတ္ထုရဝတ္ထုကို ကိုးကား၍ ရေးသားဖြေဆိုပြပါ။

၅။ ကောင်းမှုကုသိုလ်ကံကြောင့် နတ်ပြည်၌ဖြစ်ပြား နတ်သမီး နတ်သားများ၏ နတ်ပြည်မှ စုတေရကြောင်းတရားများကို ပါဠိ+ မြန်မာနစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍၊ မဖြစ်မှားထိုက်သော ပုဂ္ဂိုလ်များအား ဖြစ်မှားမိက ရရှိအပ်သော ဆိုးကျိုးများတွင် အစ ၃-ပါးမျှကိုသာ ဖြေဆိုပြပါ။

၆။ နတ္ထိ ဗာလေ သဟာယတာ-ဟူသော ဂါထာစကားရပ်၌ သဟာယတာမည်ကြောင်း တရားကောင်းများကို မှန်ကန်စွာ ရေတွက်ကောက်ပြပါ။

## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒအဋ္ဌကထာဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ (တနင်္သာရီ ၃ - ရှု။)

၄။ လားရာဂတိကို မာရ်နတ်ရှာမတွေ့နိုင်သော ပုဂ္ဂိုလ်မျိုး

ပြည့်စုံသော သီလရှိကုန်သော မမေ့မလျော့နေလေ့ရှိကုန်သော ကောင်းစွာ သိ၍ ကိလေသာတို့မှ လွတ်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကို မာရ်နတ်သည် ရှာ၍ မရနိုင်ပါ။ (ဂါထာ-၅၇)

၅။ နတ်တို့၏စုတေခြင်းအကြောင်းတရားများ

- အာယုက္ခယ= သက်တမ်းကုန်မှုကြောင့် စုတေခြင်း၊
- ကမ္မက္ခယ = ကောင်းမှုကံစွမ်း ကုန်မှုကြောင့် စုတေခြင်း၊
- အာဟာရက္ခယ= အစားစားချိန် လွန်မှုကြောင့် စုတေခြင်း၊

http://www.dhammadownload.com


- ကောပ ။သူတစ်ပါးအပေါ် စိတ်ဆိုးမှုကြောင့် စုတေခြင်း- တို့ ဖြစ်ကြပါသည်။

(ဓမ္မ ၄- ၁၊ ၁၁၀-၁၁၁)

ရရှိအပ်သော ဆိုးကျိုးများတွင်အစသုံးပါး

- ပြင်းထန်သော ဝေဒနာစွဲကပ်ခြင်း၊
- စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်း၊
- လက်, ခြေစသော ကိုယ်အင်္ဂါပျက်စီးခြင်း။ (ဓမ္မ ၄- ၁၊ ၁၁၅)

၆။ ( မန္တလေး ၆ - ရှု။)

## ၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
## ပထမငယ်တန်း ။ ။ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ရန်ကိုရန်ခြင်း မတုံ့နှင်းနှင့် ဟူသော အဓိပ္ပါယ်ကိုပြဆိုသော ဂါထာကို ပါဠိရေးခဲ့ပါ။

၂။ တောင်ထိပ်၌နေသောသူသည် မြေ၌နေသောသူတို့ကို မြင်ရသကဲ့သို့ မမေ့မလျော့သော ပညာရှိသည်သူမိုက်တို့ကို မြင်ရ၏- စသည်ပြဆိုသော ဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ ပျားပိတုန်းသည် မပျက်စီးစေသောအရာ ရဟန်းသည် မပျက်စီးစေသောအရာများကို ဖော်ပြပြီးလျှင်၊ သူတစ်ပါးတို့၏ မရှုမဆင်ခြင်သင့်သောအရာ မိမိ၏ ရှုဆင်ခြင်သင့်သော အရာများကိုလည်း ဖော်ပြပါ။

၄။ သီလတည်းဟူသော ပန်းနံ့သာအောက် ယုတ်နိမ့်သော ပန်းနံ့သာများကို ဖော်ပြပြီးလျှင်၊ ရှည်ကြာခြင်းသုံးမျိုးကိုလည်း ဖော်ပြပါ။

၅။ သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၏ အလျား, အနံ, ထု- ပမာဏတို့ကို ဖော်ပြပြီးလျှင်၊ ပဒုဒ္ဓေန ပသန္နေန- ပုဒ်တို့၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

၆။ ဒီဃီတိကောသလမင်း၏ မိဖုရားကြီးအား ကိုယ်ဝန်တည်သောအခါ ချင်ခြင်းဖြစ်ပုံကို ဖော်ပြပြီးလျှင်၊ သုသာန်၌နေသောရဟန်း ခွင့်ပန်ရမည့်ပုဂ္ဂိုလ်များ ရှောင်ကြဉ်ရမည့် အစား အစာများကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)

### ပထမငယ်တန်း။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (ဂါထာ- ၅။)

၂။ (ဂါထာ- ၂၈။)

၃။ ပျားပိတုန်းသည် မပျက်စီးစေသောအရာမှာ- ပန်းပွင့် နှင့် အဆင်းအနံ့။ ရဟန်းသည် မပျက်စီးစေသောအရာမှာ - လူတို့၏ သဒ္ဓါတရား နှင့် စည်းစိမ်ဥစ္စာတို့ ဖြစ်သည်။ (ဂါထာ- ၄၉။ ဓမ္မ ဠ- ၁၊ ၂၃၇)

### မရှုမဆင်ခြင်သင့်သောအရာ နှင့် ရှုဆင်ခြင်သင့်သောအရာ

သူတစ်ပါးတို့၏ မလျော်သောအမှုနှင့် သူတစ်ပါးတို့၏ ကောင်းမှု, မကောင်းမှု ပြု, မပြုကို မရှုမဆင်ခြင်သင့်။ မိမိ၏ ကောင်းမှု မကောင်းမှု ပြု, မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်သင့်၏။ (ဂါထာ- ၅၀)

### ၄။ ယုတ်နိမ့်သော ပန်းနံ့သာများ

စန္ဒကူးပန်းအနံ့, တောင်ဇလပ်ပန်းအနံ့, ကြာပန်းအနံ့, မြတ်လေးပန်းအနံ့, စပယ်ကြက်ရုံးပန်းအနံ့ တို့ ဖြစ်ပါသည်။ (ဂါထာ- ၅၄)

ရှည်ကြာခြင်းသုံးမျိုး- (ရန်ကုန်-၅ ရှု)

### ၅။ သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ

အလျား- ယူဇနာ ၆၀၊ အနံ- ယူဇနာ ၅၀၊ အထု- ၁၅ ယူဇနာ။ (ဓမ္မ ဠ- ၁၊ ၁၇၃)

### ပဒုဋ္ဌေန- ၏ အဓိပ္ပါယ်

အာဃာတ္တကဖြစ်ကုန်သော အဘိဇ္ဈာအစရှိကုန်သောအပြစ်တို့သည် ဖျက်ဆီးအပ်သောစိတ် ( အဘိဇ္ဈာအစရှိကုန်သော အပြစ်တို့ကြောင့် ပျက်စီးနေသောစိတ်) ကို ပဒုဋ္ဌေန- ဟု ခေါ်ပါသည်။

### ပသန္နေန- ၏ အဓိပ္ပါယ်

သူတစ်ပါးစည်းစိမ်ကို မတပ်မက်ခြင်း (အနဘိဇ္ဈာ) အစရှိကုန်သော ဂုဏ်တို့ဖြင့် ကြည်လင်သောစိတ်ကို ပသန္နေန ဟု ခေါ်ပါသည်။ (ဓမ္မ ဠ- ၁၊ ၂၄)

http://www.dhammadownload.com



၆။ ဒီဃီတိကောသလမင်း၏ မိဖုရား ချင်ခြင်းဖြစ်ပုံ

နေထွက်ချိန်၌ ညီညွတ်သောမြေ၌ တည်သော စစ်ဝတ်တန်ဆာအပြည့် ဝတ်ဆင်ထားသော အင်္ဂါလေးပါးရှိသော စစ်တပ်ကို ကြည့်ရှုလိုခြင်း, သန်လျက်ဆေးရည် သောက်လိုခြင်း-ဟူသောချင်ခြင်း ဖြစ်ပါသည်။ (ဓမ္မပဒဝတ္ထုတော်-ပ၊ ၆၄။ ဝိ -၃၊ ၄၈၇)

သုသာန်၌နေသောရဟန်း ခွင့်ပန်ရမည့် ပုဂ္ဂိုလ်များ

သုသာန်စောင့်သော ပုဂ္ဂိုလ်၊ ကျောင်းထိုင်မထေရ်ကြီး၊ ရွာသူကြီး။

ရှောင်ကြဉ်ရမည့် အစားအစာများ

ငါး၊ အသား၊ နှမ်းမုန့်ညက်၊ ဆီ၊ တင်လဲ စသည်။ (ဓမ္မ ၄-၁၊ ၄၄)

၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)

ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ (၃၀-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ အောက်ပါ ဓမ္မပဒဂါထာများကို ပါဠိရေးသား ဖြေဆိုခဲ့ပါ။

(က) ကောင်းမှုပြုလုပ်ထားသောပုဂ္ဂိုလ်သည် ပစ္စုပ္ပန်တမလွန်နှစ်တန်သောဘဝတို့၌ ကြည်သာရွှင်ပြ ဝမ်းမြောက်ရကြောင်းပြ ဂါထာ၊

(ခ) "သုဘာအာရုံကို ကြံစည်နေသောပုဂ္ဂိုလ်သည် ကမ်းနားသစ်ပင်နှင့် တူ၏" စသည်ဖြင့် ဟောကြားတော်မူခဲ့သော မဟာကာဠဝတ္ထုရဝတ္ထု ပထမဂါထာ။

၂။ စိတ္တဝဂ်လာ မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ပုံ ကျင့်စဉ်ပြ ဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ စီးပွားဥစ္စာတိုးတက်နိုင်ကြောင်း နည်းလမ်းကောင်းများကို မြတ်ဗုဒ္ဓဒေသနာ (ဓမ္မပဒပါဠိ) တော်အတိုင်း ထုတ်နုတ်တင်ပြခဲ့ပါ။

၄။ ရဟန်းမိုက်များ အလိုရှိကြသည့် အရာဝတ္ထုများကို စိတ္တဂဟပတိဝတ္ထုမှ ထုတ်ပြ၍ ချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သော စိတ်ကိုလည်း စိတ္တဝဂ်ကို ရှု၍ ဖြေဆိုပါ။

http://www.dhammadownload.com



၅။ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းများ မမေ့လျော့သူကို ချီးမွမ်း၍ မေ့လျော့သူကို ကဲ့ရဲ့ရခြင်း အကြောင်းကို ရေး၍၊ ခုဋ္ဌုတ္တရာ ခါးကုန်းရခြင်းမှာ မည်သည့်အကြောင်းကံကြောင့် ဖြစ်သည်ကိုလည်း ရေးပါ။

၆။ မိန်းမတို့၏ ကောင်းခြင်းငါးဖြာဟူသည် အဘယ်နည်း? သိသာရုံမျှ ဖြေဆို၍၊ ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ- အစရှိသောဂါထာကို မဟာပန္ထကမထေရ်သည် စူဠပန္ထကမထေရ်အား မည်သည့်ကျောင်း၌ သင်ပေးခဲ့သည်ကိုလည်း ဖြေဆိုပါ။

## ၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၁၆။ (ခ) ဂါထာ- ၇။

၂။ (ဂါထာ- ၃၇။)

၃။ (ကဿား ၄- ၅)

၄။ ရဟန်းမိုက်များအလိုရှိကြသည့် အရာဝတ္ထုများ

-မိမိတွင် ထင်ရှားမရှိသောဂုဏ်ဖြင့် မိမိကို ချီးမွမ်းခြင်းကို အလိုရှိခြင်း၊

-ရဟန်းတို့ကို မိမိ၌ ခြံရံစေလိုခြင်း၊

-သံဃိကကျောင်းတို့၌အစိုးရလိုခြင်း၊

-မိဘဆွေမျိုးမှတစ်ပါးသောဒါယကာတို့၏ပူဇော်ခြင်းကို အလိုရှိခြင်း- တို့ဖြစ်ပါသည်။ (ဂါထာ- ၇၃)

### ချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သောစိတ်

(နှိပ်နင်းရန်အလွန်ခဲယဉ်း၍ လျင်မြန်သောသဘောရှိသော အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို) ဆုံးမထား၍ ယဉ်ကျေးနေသောစိတ်။

(အလွန်မြင်နိုင်ခဲသော အလွန့်အလွန်သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို) စောင့်ရှောက်ထား၍ လုံခြုံနေသောစိတ်။ (ဂါထာ- ၃၅ / ၃၆)

၅။ ဘုရားအစရှိသော အရိယာသူတော်ကောင်းများသည်-

http://www.dhammadownload.com



မမေ့မလျော့ခြင်းသည် လောကီလောကုတ္တရာ အကျိုးအားလုံးတို့ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မမေ့လျော့သူကို ချီးမွမ်း၍၊

မေ့လျော့ခြင်းသည် လူဆင်းရဲဖြစ်ရခြင်း, အပါယ်ရောက်ရခြင်းစသော အလုံးစုံသော ပျက်စီးခြင်းတို့၏ မူလအကြောင်းရင်း ဖြစ်သောကြောင့် မေ့လျော့သူကို အမြဲကဲ့ရဲ့တော်မူပါသည်။ (ဓမ္မ ၃– ၁၊ ၁၇၈)

## ခုဇ္ဇုတ္တရာခါးကုန်းရခြင်းအကြောင်း

ခါးကုန်းသော ပစ္စေကဗုဒ္ဓါ၏ ဆွမ်းခံကြွလာပုံကို အတုပြု၍ ပျက်ရယ်မှုပြုခဲ့သောကြောင့် ခါးကုန်းရပါသည်။ (ဓမ္မ ၃– ၁၊ ၁၄၄)

## ၆။ မိန်းမတို့၏ ကောင်းခြင်းငါးဖြာ

ဆံပင်၏ကောင်းခြင်း၊ သွား၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်းတို့ ဖြစ်ကြပါသည်။ (ဓမ္မ ၃– ၁၊ ၂၄၄–၂၄၅)

မှတ်ချက်- ကောင်းခြင်းငါးဖြာနှင့် ပတ်သက်၍ သံယုတ် မဟာဝါ အဋ္ဌကထာ နှာ-၂၉၉ ၌ ဆဝိ, မံသ, နာရု, အဋ္ဌိ, ဝယ-ဟု ၅-မျိုးဆိုသည်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဇာတ်အဋ္ဌကထာတို့လည်း ယင်း နည်းတူဆိုသည်၊ ဥဒါန်း အဋ္ဌကထာ နှာ- ၁၅၂-၌ ကား ဆဝိ, မံသ, နခ, အဋ္ဌိ, ဝယ- ဟု ၅-မျိုးဆိုပါသည်။

မဟာပန္ထကမထေရ်သည် စူဠပန္ထကမထေရ်ကို 'ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ' အစရှိသော ဂါထာကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သင်ပေးခဲ့ပါသည်။

(ဓမ္မ ၃– ၁၊ ၁၅၃)

## ၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်းဒေသကြီး)

### ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

### ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ (၂၁-၃-၂၀၁၁) တနင်္လာနေ့

၁။ လူမိုက်တို့သည် ပမာဒတရားကို လုံ့လပြုကုန် ဖြစ်စေကုန်၏၊ ပညာရှိတို့သည် အပ္ပမာဒ တရားကို မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်ကုန်၏၊ ပမာဒတရားကို မဖြစ်စေကြနှင့်၊ တဏှာသန္ထဝကိုလည်း မရကြစေကုန်လင့်၊ မမေ့လျော့ပဲ ရှုဆင်ခြင်သောပုဂ္ဂိုလ်သည် ကြီးကျယ်ပြန့်ပြောသော ချမ်းသာသို့ ရောက်ရ၏ဟု အဓိပ္ပါယ်ရသော ဗာလနက္ခတ္တသယုံ၌ ဝတ္ထုလာ ဂါထာ ၂-ပုဒ်ကို အနက်မစွက် ပါဠိသက်သက် ရေးခဲ့ပါ။

http://www.dhammadownload.com



၂။ အနှစ်သာရ မဟုတ်သည်ကို အနှစ်သာရ၊ အနှစ်သာရကို အနှစ်သာရ မဟုတ်ဟု အယူလွဲမှားနေသူများအတွက် ရရှိနိုင်သော အကျိုးပြု သာရိပုတ္တဝတ္ထုလာ ဂါထာနှင့် ကောင်းမှုပြုသူသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝ၌ မိမိ၏ စင်ကြယ်သော သုစရိုက်အမှုကို မြင်တိုင်း ချမ်းသာကို ခံစားသောအားဖြင့် ဝမ်းမြောက်ရွှင်လန်းနေရပေ၏ဟုဆိုလိုသော ဓမ္မိကဥပါသကဝတ္ထုလာ ဂါထာတို့ကို အနက်ယောဇနာပါ။

၃။ အောက်ပါတို့ကို ဓမ္မပဒပါဠိတော် ဂါထာ အထောက်အထားနှင့်တကွ ရေးသား ဖြေဆိုပါ။

(က) တာဝတိံသာသနင်း သိကြားမင်းသည် အဘယ်ကြောင့် နတ်တကာတို့ထက် မြတ်သည်၏ အဖြစ်သို့ ရောက်ရှိနေရပါသနည်း။

(ခ) လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အဘယ်သူက ပေးစွမ်းနိုင်ပါသနည်း၊? မိဘဆွေမျိုးဉာတကာတို့က ပေးစွမ်းနိုင်ပါသလော?။

၄။ ပတိပူဇိကာကုမာရီဝတ္ထုလာ ဂါထာ၏ အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ရေးပြပါ။

၅။ သိကြားမင်း၏ မာဃလုလင် လူ့လောက အကျိုးပြုလုပ်ငန်းများ ဆောက်ရွက်ခဲ့စဉ်က

(က) အိမ်သူသက်ထား၊ ဇနီးမယားတို့၏ အမည်များ။

(ခ) ဖြည့်ဆည်းခဲ့သော သိကြားမင်းဖြစ်ကြောင်း ကျင့်စဉ်များကို ဖော်ပြခဲ့ပါ။

၆။ ရေနှင့် ညှိဟူသော အကြောင်းနှစ်ပါးကြောင့် ကြာပန်း ဖြစ်ပေါ်လာသကဲ့သို့ ပုဂ္ဂိုလ်နှစ်ဦး တွေ့မြင်လိုက်ရသည့်အခါ မခွဲစတမ်း အမြဲမှန်း၍ စွဲလန်းချစ်ဝေ ဖြစ်နေရခြင်း၏ အကြောင်းတရားများကို ဖော်ပြပြီးလျှင် အရှင်စူဠပန်၏ ပညာရေးအတိတ်ကံ ညှဲ့ခဲ့ရပုံ-ကိုလည်း ညွှန်ပြခဲ့ပါ။

## ၁၇။ ရောဝတီတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ (က) သိကြားမင်းသည် မမေ့မလျော့ခြင်းကြောင့် နတ်တကာတို့ထက် မြတ်သည်၏အဖြစ်သို့ ရောက်နေရပါသည်။ (ဂါထာ-၃၀)

http://www.dhammadownload.com



(ခ) လူ, နတ်, နိဗ္ဗာန်သုံးတန်သောချမ်းသာကို ကုသလကမ္မပထတရား ဆယ်ပါးတို့၌ ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ပေးစွမ်းနိုင်ပါသည်။ မိဘဲဆွေမျိုးဉာတကာတို့က မပေးစွမ်းနိုင်ပါ။ (ဂါထာ– ၄၃)

၄။ ပန်းတို့ကို ကောင်းနိုးရာရာဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို ဆွတ်ခူးလျက် မရသေးသည်ကို တောင့်တ, ရပြီးသည်ကို တွယ်တာ လွန်စွာကပ်ငြိသော စိတ်ရှိသော ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်သူကို သေမင်းမိုက်သည် မိမိအလိုအတိုင်း ပြုနိုင်၏။ (ဂါထာ– ၄၈)

၅။ (က) နန္ဒာ, စိတ္တာ, သုဓမ္မာ, သုဇာ။ (ဓမ္မ ၅– ၁၊ ၁၇၃)
(ခ) (ကရင် ၄- ရှ)

၆။ မြင်မြင်ခြင်းချစ်ခင်ရခြင်း၏ အကြောင်းရင်း
-ရှေးဘဝ၌ အတူတကွ နေခဲ့ဖူးခြင်း၊
-ယခုဘဝ၌ အစီးအပွားကို ပြုခြင်း တို့ ဖြစ်ပါသည်။ (ဓမ္မ ၅– ၁၊ ၁၁၆)

အရှင်စူဠပန်၏ ပညာရေးအတိတ်ကံ ညံ့ခဲ့ရပုံ (ဓမ္မ ၅– ၁၊ ၁၅၅)
စူဠပန်လောင်းလျာသည်- ကဿပဘုရားရှင်လက်ထက်၌ စာတတ်ပေတတ် ရဟန်းတစ်ပါးဖြစ်ခဲ့စဉ် ဉာဏ်လေးသော မိမိတပည့်ရဟန်းတစ်ပါးကို ရှက်၍ စာဆက်လက် မသင်ဝံ့အောင် ပျက်ရယ်ပြောင်လှောင် ပြုခဲ့မှုကြောင့် ဉာဏ်ထိုင်းရပါသည်။

## ၁၈။ ပထမပြန် အထူးအောင် ရွေးချယ်ရေး စာမေးပွဲ

ပထမငယ်တန်း။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁၃၇၃–ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၂၁-၆-၂၀၁၁) အင်္ဂါနေ့

၁။ အောက်ပါ အဓိပ္ပါယ်ပြ ဂါထာတို့ကို ပါဠိသက်သက် ရေးပြပါ။
(က) များများပို့ချ မကျင့်က၊ လွဲရရှာန်, မင်, ဖိုလ်၊
(ခ) ပန်းကုံးအလား၊ ပြုထိုက်ပြား၊ များပြား မြတ်ကုသိုလ်။

၂။ " သတိတရား၊ လက်ကိုင်ထား၊ နီးပြား နိဗ္ဗာန်ပြည်"ဟူသော အဓိပ္ပါယ်ပြဂါထာကို အနက် မှန်စွာ ပေးပြပါ။

http://www.dhammadownload.com


၃။ ကိလေသာမာရ် မလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်၏ အရည်အချင်းများကို ဖော်ပြ၍ မည်သည့် စိတ်မျိုးကို စောင့်ရှောက်ထားနိုင်ပါက မည်ကဲ့သို့သော အကျိုးတရား ရရှိနိုင်သည် ကိုလည်း ဖြေဆိုပါ။

၄။ (က) မကောင်းသောအလုပ်၊ (ခ) ကောင်းသောအလုပ်ဟု မည်ကဲ့သို့ ဆုံးဖြတ်သင့်သည် ကို ဘုရားရှင်ဟောကြားချက်နှင့်အညီ ဖြေဆို၍၊ လူမိုက်တစ်ယောက် ရာထူး, အာဏာရခဲ့ သော် တွေ့ကြုံရမည့် အခြေအနေတို့ကိုလည်း တိကျစွာ တင်ပြပါ။

၅။ ထမင်း ဖြစ်ရာအရပ်ဌာန မသိကြသော သာကီဝင် မင်းသားတို့၏ အမည်နာမတို့ကို ဖော်ပြ ၍၊ ဘဒ္ဒဝတီဆင်မနှင့် ကာကကျွန်တို့၏ အမြန်နှုန်းကိုလည်း ရေးသားပြပါ။

၆။ "ကော ဧသ ဘန္တေ သမဏဓမ္မောနာမာတိ"၌ သမဏဓမ္မ အဓိပ္ပါယ်ကို အံများနားလည် အောင် ရှင်းပြ၍၊ ပဥ္စ အမိတဘောဂ သရုပ်ကိုလည်း ထုတ်ပြပါ။

## ၁၈။ အထူးအောင် (အဖြေ)

### ပထမယေိတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၁၉။ (ခ) ဂါထာ- ၅၃။

၂။ (ဂါထာ- ၃၂။)

၃။ ကိလေသာမာရ် မလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်၏ အရည်အချင်းများ
- အသုဘဆယ်ပါး တစ်ပါးပါးကို အဖန်ဖန် ရှုလေ့ရှိခြင်း၊ (ဝါ) တစပဉ္စ, ဝဏ္ဏ, သဏ္ဌာန ခုနှစ်ဝကို အသုဘဟု ရှုလေ့ရှိခြင်း၊
- စက္ခုစသော ဣန္ဒြေတို့၌ စောင့်စည်းခြင်း၊
- ဘောဇဉ်၌ ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကိုသိခြင်း၊
- ကံကံ၏အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိသော လောကီသဒ္ဓါ, ရတနာ သုံးပါး၌မတုန်မလှုပ် ကြည်ညိုခြင်းလက္ခဏာရှိသော လောကုတ္တရာသဒ္ဓါနှင့် ပြည့်စုံခြင်း၊
- အားထုတ်အပ်သော ဝီရိယရှိခြင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို လေပြေ လေညင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက် မဖျက်ဆီးနိုင်သကဲ့သို့ ကိလေသာမာရ် မလွှမ်းမိုးနိုင်ပါ။ (ဂါထာ- ၈)

http://www.dhammadownload.com



အလွန်မြင်နိုင်ခဲသော အလွန့်အလွန်သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို စောင့်ရှောက်ထားနိုင်ပါက ယင်းစောင့်ရှောက်ထား၍ လုံခြုံနေသောစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်သုံးတန်သောချမ်းသာကို ရရှိနိုင်ပါသည်။

(ဓါထာ-၃၆)

၄။ (က) နောင်တ တဖန်ပူပန်ရ၍ ငိုကွေ့မြည်တမ်းရခြင်းအကျိုးကို ခံစားရသော အလုပ်သည် မကောင်းသောအလုပ် မည်၏။ (ဓါထာ-၆၇)

(ခ) နောင်တ တဖန်မပူပန်ရပဲ ပီတိ, သောမနဿဖြင့် နှစ်သက်ဝမ်းမြောက်ရသော အကျိုးကို ခံစားရသောအလုပ်သည် ကောင်းသောအလုပ် မည်၏။ (ဓါထာ-၆၈)

**လူမိုက်တစ်ယောက် ရာထူး, အာဏာရခဲ့သော်-**

လူမိုက်ရရှိသော ရာထူး, အာဏာသည် လူမိုက်အား အကျိုးမဲ့ရန်အတွက်သာ ဖြစ်၏၊ ဖြူစင်သော ကုသိုလ်အဖို့ကို ပယ်ဖျောက်တတ်၏၊ ပညာဟူသော ဦးထိပ်ကိုလည်း ပြတ်၍ကျစေတတ်၏။ (ဓါထာ-၇၂။ ဓမ္မ ဌ-၁၊ ၃၂၆)

၅။ **ထမင်းဖြစ်ရာအရပ်ဌာနမသိကြသော သာကီဝင်မင်းသားများ**

ကိမိလမင်းသား၊ ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား။ (ဓမ္မ ဌ-၁၊ ၈၇)

**အမြန်နှုန်း**

ဘဒ္ဒဝတီဆင်မသည် တစ်ရက်လျှင် ယူဇနာ ၅၀ သွားနိုင်သည်။

ကာကကျွန်သည် တစ်ရက်လျှင် ယူဇနာ ၆၀ သွားနိုင်သည်။ (ဓမ္မ ဌ-၁၊ ၁၆၂)

၆။ **သမ္မာဓမ္မ အဓိပ္ပါယ်**

မိမိခန္ဓာကိုယ်အတ္တဘော၌ ကေသာ လောမာ အစရှိသော သုံးဆယ့်နှစ်ပါးသော အခြင်းအရာတို့ကို သရဇ္ဈာယ်ခြင်း၊

မိမိခန္ဓာကိုယ်အတ္တဘော၌ ကုန်ခြင်း၊ ပျက်ခြင်းကို နှလုံးသွင်းခြင်းတည်း။

(ဓမ္မ ဌ-၁၊ ၁၀၅)

**ပဥ္စ အမိတဘောဂသရုပ်**

ဇောတိကသူဌေး, ဇဋိလသူဌေး, မေဏ္ဍကသူဌေး, ပုဏ္ဏကသူဌေး, ကာကဝလိယသူဌေး။ (ဓမ္မ ဌ-၁၊ ၂၄၃)

http://www.dhammadownload.com


၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၂) ရက်၊ (၃၁-၃-၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် ကုန်စင်အောင် ပါဠိ ရေးသားပြပါ။
(က) နာမ်ကျမ်းလာ သိ-ဝိဘတ်ကြောင့် န္တု-ပစ္စည်း၏ အစိတ် ဥ-ကို အ-ပြုသောသုတ်၊
(ခ) ဂုဏ်သု-ဓာတ်, ယမု-ဓာတ်တို့၏ ဓာတွန်ကို စ္ဆ-ပြုသောသုတ်။

၂။ အောက်ပါတို့ကို ကာရကစည်းမျဉ်းနှင့်အညီ အနက်ပေးခဲ့ပါ။
(က) န တေ မုစ္စန္တိ မစ္စုနာ၊ (ခ) အာယသ္မတော ဒီဃာယုကော ဟောတု၊
(ဂ) သုဂ္ဂတဝံ တေ မဟာရာဇ၊ (ဃ) သရဒံ ရမဏီယာ နဒီ၊
(င) ကဒလီသု ဂဇေ ရက္ခန္တိ။

၃။ ပုထုဇ္ဇနော-ကို သန္ဓိရုပ်အကျဉ်း, ဩရသော-ကို နာမ်ရုပ်အကျဉ်းတွက်ပြ၍ နာယတိ-ကိုလည်း ဓာတ်, ပစ္စည်း, ဝိဘတ် ဝေဘန်ပြပါ။

၄။ ကွစာသဝဏ္ဏံ လုတ္တေ-သုတ်ဖြင့် ဧ-အသဝဏ်ပြုနိုင်သော ပုံစံတို့ကို ထုတ်ပြ၍၊ ဘိက္ခု သဒ္ဒါကို တတိယာဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြီးလျှင်၊ ဘာဝကမ္မေသု တ-သုတ်၌ တ-ပစ္စည်းသည် အဘာယ်ဓာတ်နောင် အဘာယ်ကာလ၌ သက်သည်ကိုလည်း ဓာတ္စည်း ကျမ်းနှင့်အညီ ဖြေဆိုပါ။

၅။ သန္ဓိကျမ်းလာ နိဂ္ဂဟိတဉ္စ-သုတ်၌ နိဂ္ဂဟိတ်သည် အဘာယ့်ကြောင့် အဘာယ်အရာဌာန, အဘာယ်သရနောင်လာသည်ကို ဖြေဆို၍၊ စျ, လ-အမည်မှည့်ခြင်းနှင့် ပ-အမည်မှည့်ခြင်း တို့၏ အထူးကိုလည်း ရူပသိဒ္ဓိအလိုကျ ဖြေဆိုပါ။

၆။ လောပသန္ဓိသုံးပါးနှင့် အ-လိင်မည်ပုံတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပြည့်စုံစွာ ရေးသား ဖြေဆိုပါ။

http://www.dhammadownload.com


## ၁။ ကချင်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (သိမိ ဝါ)

(ခ) (ဣသုယမုနမဏ္ဍော ဏ္ဍော ဝါ- သုတ်ဆိုင်ရာတို့ကိုရေးလေ)

၂။ (က) တေ- ထိုသူတို့သည်၊ မစ္စုနာ- သေခြင်းမှ၊ န မုစ္စန္တိ- မလွတ်ကုန်။

(ခ) အာယသ္မတော- အရှင့်အား၊ ဒီဃာယုကော- ရှည်သောအသက်ရှိသူသည်၊ ဟောတု-ဖြစ်ပါစေ။

(ဂ) မဟာရာဇ- မင်းမြတ်၊ တေ- အရှင်မင်းမြတ်အား၊ သွာဂတံ- ကောင်းသော လာခြင်းပါပေတည်း။

(ဃ) သရဒံ- သရဒဥတုပတ်လုံး၊ ရမဏီယာ- မွေ့လျော်ဖွယ်ရှိသော၊ နဒီ- မြစ်။

(င) ကဒလီသု- ငှက်ပျောပင်တို့မှ၊ ဂဇေ- ဆင်တို့ကို၊ ရက္ခန္တိ- စောင့်ရှောက်ကုန်၏။

၃။ သန္ဓိရုပ်- ပုထ+ ဇနော တည်၊ ပုထဿု ဗျဉ္ဇနေ-ဖြင့် ပုထ၏ အဆုံး အ-ကို ဥ-ပြု၊ ဇ-၏ သဒိသဒွေဘော် ဇ-လာ၊ ပုထုဇ္ဇနော-ပြီး၏။

နာမ်ရုပ်- ဩရ တည်၊ သွာ-ဝိဘတ်သက်၊ ဒီဃောရေဟိ- ဖြင့် သွာ-ကို သော-ပြု ပြီး၏။

နာယတိ- ဉာ ဓာတ်၊ နာ ပစ္စည်း၊ တိ ဝိဘတ်။

၄။ ဗန္ဓုသေဿ၀, ဇိနေရိတံ။

နာမပဒမာလာ- ဘိက္ခုနာ၊ ဘိက္ခုဟိ, ဘိ, ဘိက္ခုဟိ, ဘိ။

တပစ္စည်း- အလုံးစုံသော ဓာတ်နောင် အတိတ်ကာလ။

၅။ နိဂ္ဂဟိတ်သည် ရဿသရသို့ အစဉ်လိုက်သောကြောင့် သုခုစ္စာရဏာအရာ၌သာ ရဿ ၃-လုံးနောင် လာပါသည်။

**အထူး-**

ပ-အမည်သည် ဣတ္ထိလိင်အဆုံးကိုသာ မှီသည်၊ ဈ, လ-အမည်တို့သည် အာချာတ်, လိင်၏အလယ်, ပုံလိင်, နပုံလိင်တို့၏ အဆုံး၌ ဈ, လ အမည်ကို မြင်ရခြင်းကြောင့် လိင်၏ အဆုံးကိုသာ မှီသည်မဟုတ်။

http://www.dhammadownload.com



၆။ (ပုဒ်စစ် ထင်ရှားပြီ)

## ၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁-၃-၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ။
(က) သုဒ္ဓကတ္တား အမည်မှည့်သောသုတ်၊
(ခ) မရှိသေခြင်းအနက်၌ ဆဋ္ဌီ, သတ္တမီဝိဘတ်သက်သောသုတ်။

၂။ အောက်ပါတို့ကို အနက်ယောဇနာပြခဲ့ပါ။
(က) သံယော ပဗ္ဗတမိဝ အတ္တာနမာစရတိ - ပဗ္ဗတာယတိ၊
(ခ) တဋာကံ သမုဒ္ဒမိဝ အတ္တာနမာစရတိ - သမုဒ္ဒါယတိ၊
(ဂ) မေဓံ ကရောတီတိ မေဓာဝီရော၊ ဘဂဝါ။
(ဃ) အနံ့ ဒဒါတီတိ အန္နဒါယကော၊
(င) ပိယံ ပယံသိတုံ သီလံ ယဿ ရဉ္ဇော သော ဟောတိ ရာဇာ ပိယပသံသီ။

၃။ အောက်ပါတို့ကို မှန်ကန်စွာ ဖြေဆိုပါ။
(က) ပစေဿတိ-ကို ပုဒ်ဖြတ်၊ (ခ) ပရိ+ သေနာ-ကို ပုဒ်စပ်၊
(ဂ) နာယတိ၊ နယတိ-တို့ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊
(ဃ) သိယာ-ကို အာချာတ်ရုပ်ကျဉ်း။

၄။ အောက်ပါတို့ကို မှန်ကန်စွာ ဖြေဆိုပါ။
(က) သေသေသု န္တုဝ-သုတ်၌ သေသ- အရ၊ သေသအပါဒါန် အရ၊
(ခ) ဟေတုကတ္တား အမည်မှည့်သောသုတ်၊
(ဂ) အာချာတ် ယ-ပစ္စည်း သက်နိုင်သော အနက်နှင့် သုတ်၊
(ဃ) ကိစ္စပစ္စည်းများနှင့် သက်နိုင်သော သုတ်။

၅။ ကွစိ ဩ ဗျဉ္ဇနေ-သုတ်ဖြင့် ဩ-လာရာ ဌာနများကို ဖြေဆိုပြ၍ ဟိဝိဘတ္တိမှိ စ-သုတ်ပါ စသဒ္ဒါအကျိုးကိုလည်း ရေးသားပြပါ။

http://www.dhammadownload.com



၆။ သရုဝိကာရသန္ဓိမည်ပုံကို ရေး၍ (က) သဗ္ဗသဗ္ဗနာမ်၊ (ခ) အနျဂ်ပရိဘာသာသုတ်တို့၏ အဓိပ္ပါယ်တို့ကိုလည်း ပုဒ်စစ်, သုတ်စစ် ကျမ်းလာသည့်အတိုင်း ပြယုဂ်နှင့်တကွ ဖြေဆိုခဲ့ပါ။

## ၂။ ကယားပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ကစ္စည်းသန္ဓိဘာသာ

၁။ (က) (ယော ကရောတိ သ ကတ္တာ)

(ခ) (အနာဒရေ စ– သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) သံယော– သံယာသည်၊ ပဗ္ဗတမိဝ– တောင်ကဲ့သို့၊ အတ္တာနံ– မိမိကိုယ်ကို၊ အာစရတိ– ပြုကျင့်၏၊ ပဗ္ဗတာယတိ– တောင်ကဲ့သို့ ပြုကျင့်၏။

(ခ) တဋာကံ– တစ်ဖက်ဆည်ကန်သည်၊ သမုဒ္ဒမိဝ– သမုဒ္ဒရာကဲ့သို့၊ အတ္တာနံ– ကို၊ အာစရတိ– ၏၊ သမုဒ္ဒါယတိ– သမုဒ္ဒရာကဲ့သို့ ပြုကျင့်၏။

(ဂ) မေဓံ– ပညာကို၊ ကရောတိ– ပြုတတ်၏၊ ဣတိ– ထို့ကြောင့်၊ မေဓာဝီရော– မေဓာဝီရ မည်၏။ ဘဂဝါ– မေဓာဝီရာမည်သော ဘုရားတည်း။

(ဃ) အန္နံ– ထမင်းကို၊ ဒဒါတိ– ပေးတတ်၏၊ ဣတိ– ထို့ကြောင့်၊ အန္နဒါယကော– အန္နဒါယကမည်၏။

(င) ပိယံ– ချစ်အပ်သူကို၊ ပသံသိတုံ– ချီးမွမ်းခြင်းငှါ၊ ယဿ ရညော– အကြင်မင်း၏၊ သီလံ– ပင်ကိုယ်အလေ့သည်၊ အတ္ထိ– ရှိ၏၊ ဣတိ– ထို့ကြောင့်၊ သော ရာဇာ– ထိုမင်းသည်၊ ပိယပသံသီ– မည်သည်၊ ဟောတိ– ၏။

၃။ (က) ဝိစေဿတိ။

(ခ) ပရိယေသနာ။

(ဂ) နာယတိ– ဉာ ဓာတ်၊ နာ ပစ္စည်း၊ တိ ဝိဘတ်။
နယတိ– နီ ဓာတ်၊ အ ပစ္စည်း၊ တိ ဝိဘတ်။

(ဃ) အသ တည်၊ အသ ဘုဝိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ– ကိုချေ၊ ယျေ ဝိဘတ်သက်၊ ဘူဝါဒိတော အ–ဖြင့် အ–ပစ္စည်းသက်၊ လောပဠ္ဌေတ္တမကာရော–ဖြင့် အ–ပစ္စည်းကိုချေ၊ သဗ္ဗတ္ထာသဿာဒိလောပေါ စ–ဖြင့် အစ အ–ကိုချေ၊ ကွစိ ဓာတု–စသော သုတ်ကြီးဖြင့် ယျေ–ကို ဣယာ–ပြု၊ ကပ်၊ သိယာ–ပြီး၏။

http://www.dhammadownload.com



၄။ (က) သေသ အရ– သိမှ ကြွင်းသော ဝိဘတ်, ပစ္စည်း။
သေသ အပါဒါန်– သိ ဝိဘတ်။
(ခ) ယော ကာရေတိ သ ဟောတု။
(ဂ) ဘာဝကမ္မေသု ယော– ဘော, ကံ အနက်။
ဒိဝါဒိတော ယော– ကတ္တားအနက်။
(ဃ) ဘာဝကမ္မေသု တဗ္ဗာနီယာ– တဗ္ဗ, အနီယ၊
ဏျော စ– ဏျ, တေယျ၊ ကရမှာ ရိစ္စ– ရိစ္စ။

၅။ အတိပ္ပ နှင့် ပရ–နောက်၌သာ ဩ–လာရသည်။
**စသဒ္ဒါအကျိုး–**
စသဒ္ဒါသည် မယဝါနော, မယဝါနှာ, ယုဝါနော, ယုဝါနှာ–စသည်တို့၌ အလုံးစုံသော ဝိဘတ်တို့ကြောင့် မယဝ, ယုဝ–စသည်တို့၏ အဆုံး အ–ကို အာန–ပြုရခြင်းအကျိုး။
ပုမုနော, ပုမုနာ, ကမ္မုနော, ကမ္မုနာ, ထာမုနော, ထာမုနာ စသည်တို့၌ သ, သ္မာ ဝိဘတ်တို့ကြောင့် ပုမ, ကမ္မ, ထာမသဒ္ဒါတို့၏ အဆုံးသရကို ဥ–ပြုရခြင်းအကျိုးရှိသည်။

၆။ (ပုဒ်စစ် ထင်ရှားပြီ)

၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ ခွဲ (ကရင်ပြည်နယ်)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁–၃–၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် ကုန်စင်အောင် ပါဠိရေးပြခဲ့ပါ။
(က) နောက်ဗျည်းကြောင့် နိဂ္ဂဟိတ်ကို ချေသောသုတ်၊
(ခ) ဝိသေသနအနက်၌ တတိယာဝိဘတ်သက်သောသုတ်။

၂။ အောက်ဖော်ပြပါ ပါဠိတို့ကို အနက်မှန်ကန်စွာ ပေးပြခဲ့ပါ။
(က) ပဟာယ ဝေါ ဘိက္ခဝေ ဂမိဿာမိ၊
(ခ) အနေန ဓမ္မဒါနေန၊ သုခိတာ ဟောတု သာပဏ၊
(ဂ) အပိနှာ ဒဠှော နရော၊ (ဃ) သမ္မေ ဘာယန္တိ မစ္စုနော၊
(င) ဂံဒလီသု ဂဇေ ရက္ခန္တိ။

http://www.dhammadownload.com



၃။ အောက်ပါ (က၊ ခ)တို့ကို ပုဒ်ဖြတ်၍၊ (ဂ၊ ဃ)တို့ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် ခွဲပြပြီးလျှင်၊ (င)ကို သန္ဓိရုပ် ၂-နည်း တွက်ပြခဲ့ပါ။
(က) မျာယံ၊ (ခ) သမ္မာဓမ္မံ၊ (ဂ) ပစ္စတေ၊ (ဃ) လဗ္ဘတေ၊ (င) သုဂတော။

၄။ မာတုလာဒီန မာနတ္တမိကာရေ-သုတ်၌ အာနတ္တသဒ္ဒါ၏ အကျိုးကို ရေးသားဖြေဆို၍၊ စိတ္တသဒ္ဒါနောင် တတိယာ, ပဉ္စမီဝိဘတ်တို့သက်၍ ပြီးနိုင်သော ရုပ်စုများကို နာမ်ဂိုဏ်း စဉ်ပြခဲ့ပါ။

၅။ ယမေဒန္တဿာဒေသော-သုတ်၌ အဘာယ်သဒ္ဒါ၏ အစိတ် ဧ-ကို ယ-ပြုရပါသနည်း? ဖြေဆို၍၊ ပဥ္စာဒီနမတ္တံ-သုတ်ဖြင့် အ-ကို အ-ထပ်ပြုရခြင်းသည် အဘာယ်အကျိုးရှိပါသနည်း? ဖြေဆိုပြခဲ့ပါ။

၆။ ဒီဃသန္ဓိ ၂-ပါးကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ဖြေဆိုပြခဲ့ပါ။

## ၃။ ကရင်ပြည်နယ် (အဖြေ)
## ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (ဗျဥ္ဇနေ စ)
(ခ) (ဝိသေသနေ စ- သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ဘိက္ခဝေ- ရဟန်းတို့၊ ဝေါ- သင်တို့ကို၊ ပဟာယ- စွန့်ပစ်၍၊ ဂမိဿာမိ- သွားတော့အံ့။
(ခ) အနေန မဓ္ဓဒါနေန- ဤမေ့ဒါနကြောင့်၊ သာ ပဇာ- ထိုသတ္တဝါအပေါင်းသည်၊ သုခိတာ- ချမ်းသာခြင်းရှိသည်၊ ဟောတု- ဖြစ်ပါစေသတည်း။
(ဂ) အဟိနော- မြွေသည်၊ နရော- လူကို၊ ဒဋ္ဌော- ကိုက်အပ်၏။
(ဃ) သဗ္ဗေ- အလုံးစုံသော သတ္တဝါတို့သည်၊ မစ္စုနော- သေခြင်းမှ၊ ဘာယန္တိ- ကြောက်ကုန်၏။
(င) (ကချင် ၂-ရှု)

၃။ (က) မေ+ အယံ။
(ခ) သမ္မ+ ဓမ္မံ။

http://www.dhammadownload.com


(ဂ) ပစ ဓာတ်၊ ယ ပစ္စည်း။ တေ ဝိဘတ်။
(ဃ) လဘ ဓာတ်၊ ယ ပစ္စည်း။ တေ ဝိဘတ်။
(င) သုဂဒေါ-တည်၊ တော ဒဿ-ဟူသော သုတ္တဝိဘာဂဖြင့် ဒ-ကို တ-ပြု ပြီး၏။
(တစ်နည်း) သုဂဒေါ တည်၊ ယဝမဒန-စသော သုတ်၌ စသဒ္ဒါဖြင့် ဒ-ကို တ-ပြု ပြီး၏။

၄။ အာနုတ္တသဒ္ဒါသည် နဒ္ဓော, နဒ္ဓာ-စသည်တို့၌ ယော, နာ, သ ဝိဘတ်တို့ကြောင့် ဝိဘတ်နှင့်တကွ နဒီ၏ ဒီ-ကို ဒ္ဓော, ဒ္ဓာ-ပြုရခြင်းအကျိုးရှိသည်။
**နာမ်ပိုက်းစဉ်-**
တတိယာ- စိတ္တေန၊ စိတ္တေဟိ, ဘိ။
ပဉ္စမီ- စိတ္တသ္မာ, စိတ္တမှာ, စိတ္တာ၊ စိတ္တေဟိ, ဘိ။

၅။ မေ, တေ, ယေ စသည်တို့၏ အစိတ် ဧ-ကိုသာ ယ-ပြုရပါသည်။
အ ထပ်ပြုရကျိုး-
သုဟိသွကာရော ဧ, သုနံဟိသု စ-သုတ်တို့၏ ဧ-အပြု, အာ-ဒီဃအပြုကို တားမြစ်ခြင်းအကျိုးငှါ အ-ကို အ-ထပ်ပြုသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၄။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဖဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁-၃-၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ။
(က) တိဿ တ္ထိတ္တံ၊
(ခ) ပစ္စုပ္ပန်ကာလ၌ မာနပစ္စည်း, အန္တပစ္စည်း သက်သော သုတ်။

၂။ ကာရကကျမ်း၌ ရှိသေခြင်းမရှိသောကြိယာအယှဉ်၌ ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ်သက်သောသုတ်ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

http://www.dhammadownload.com


၃။ တုဝံသတ္ထာ–၌ တုဝံ၊ တုဝံမသြေ–၌ တုဝံ–တို့ကို နာမ်ရုပ်အသီးသီး ထွက်ပြပြီးလျှင်၊ အယောရသ မေကာဝစန ယောသွ ပိ စ–သုတ်ကိုလည်း ပုဒ်ဖြတ်ပြခဲ့ပါ။

၄။ သွိမေ–သုတ်ကို ထင်တည်ရခြင်းအကျိုးကို ရေး၍ ဗုဒ္ဓ, ဓမ္မ, သံဃ–သဒ္ဒါတို့ကိုလည်း တတိယာဝိဘတ်တို့ဖြင့် နာမပဒမာလာ စဉ်ခဲ့ပါ။

၅။ ဝမောဒုဒန္တာနံ–သုတ်၌ အစိတ် ဩ၊ ဥ–တို့ကို ဝ–ပြုသည်ဟုဆိုရာ အဘယ်သို့သော ဩ, ဥ–တို့ကို ဝ–ပြုသည်ကို သတ်မှတ်ပြ၍ ဘူ–ဓာတ်ကို ဝတ္တမာနဝိဘတ် ပရဿပုဒ် ကတ္တုရုပ် အာချာတ်ဝိဂ်ား စဉ်ပြပါ။

၆။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း တိကျစွာ ဖြေဆိုပါ။
(က) ဝုတ္တသန္ဓိ၊ (ခ) သရဝိကာရသန္ဓိ။

၄။ ချင်းပြည်နယ် (အဖြေ)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (ထင်ရှားပြီ)
(ခ) (ဝတ္တမာနေ မာနန္တာ–သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (အနာဒရေ စ–သုတ်ဆိုင်ရာကို အနက်ရေးလေ)

၃။ တုမှ တည်၊ သိ သက်၊ တွမဟံ သိမှိ စ–သုတ်၌ စ–ဖြင့် ဝိဘတ်နှင့်တကွ တုမှ–ကို တုဝံ–ပြု၊ တုဝံ–ပြီး၏။
တုမှ တည်၊ အံ သက်၊ တုမှဿ တုဝံတွမ်မှိ–ဖြင့် ဝိဘတ်နှင့်တကွ တုမှ–ကို တုဝံ–ပြု၊ တုဝံ–ပြီး၏။
ပုဒ်ဖြတ်– အယော ရသံ+ ဧကဝစနယောသု+ အပိ စ။

၄။ သခ–နောင် သွိ–ကို အမြဲ ဧ–ပြု ဟူသော နိစ္စဝိဓိအကျိုးငှါ တည်သည်။
**နာမပဒမာလာ–**
ဗုဒ္ဓ– ဗုဒ္ဓေန၊ ဗုဒ္ဓေဟိ, ဘိ။
ဓမ္မ– ဓမ္မေန၊ ဓမ္မေဟိ, ဘိ။
သံဃ– သံဃေန၊ သံဃေဟိ, ဘိ။

http://www.dhammadownload.com


၅။ က, ခ, ယ, တ သဒ္ဒါစသည်တို့၏ အဆုံး ဩ-ကိုသာ ဝ-ပြုရသည်၊ ဥ-အပြုကား သတ်မှတ်ချက်မရှိပါ။
**အာချာတ်ဂိုဏ်း–** ဘဝတိ, ဘဝေ၊ ဘဝန္တိ၊ ဘဝသိ၊ ဘဝထ၊ ဘဝါမိ, ဘဝေ၊ ဘဝါမ။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂-၃-၂၀၁၁) အင်္ဂါနေ့

၁။ ဖော်ပြပါ သုတ်တို့၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ် ပါဠိများကို မှန်ကန်စွာ ရေးသားပါ။
(က) အတိဿ စန္တဿ-သုတ်ဖြင့် တားမြစ်ခံရသော သုတ်၊
(ခ) သခ-သဒ္ဒါနောင် ဂ-သိကို အချို့အ, အာ, ဣ, ဤ, ဧ-ပြုသောသုတ်။

၂။ အောက်ဖော်ပြပါ ပါဠိများကို ကျနစွာ အနက်ပေးပြပါ။
(က) ဒုဋ္ဌနာ ဝုဏာဝန္တာန် ဥဿူယန္တိ ဝုဏာဂိဒ္ဓေန၊
(ခ) အလံ မလ္လော မလ္လဿ၊ အလံ မေ ဟိရညသုဝဏ္ဏေန၊
(ဂ) သုန္ဒရာဝုသော ဣမေ အာဇီဝကာ ဘိက္ခူသု အဘိဝါဒေန္တိ။

၃။ သုဂတော-ကို သန္ဓိရုပ်ကျဉ်း ၂-နည်း တွက်ပြ၍၊ အောက်ပါ (က)ကို ပုဒ်ဖြတ်ပြ၍၊ (ခ)ကို ဓာတု+ ပစ္စယ ဝေဘန်ပြပါ။
(က) ဓာတုရိတ္ထိယော၊ (ခ) ဟဒ္ဓော။

၄။ ကရဿ သပစ္စယဿ ကာဟော-သုတ်၌ သပစ္စယသဒ္ဒါ ဆိုရခြင်းအကျိုးကို ရေး၍၊ အညေသု စ-သုတ်၌ စသဒ္ဒါ၏ အကျိုးကိုလည်း ရေးသားခဲ့ပါ။

၅။ သယေ စ-သုတ်ဖြင့် ယ-ဗျည်းကြောင့် ယ-ဗျည်းနှင့်တကွ နိဂ္ဂဟိတ်ကို ဉ-ပြုရမည်လော ရှုပသိဒ္ဓိအလိုကျ ရှင်းပြ ဖြေဆို၍၊ ထာမ-သဒ္ဒါကို တတိယာ, စတုတ္ထီ ကေဝုစ်ဝိဘတ်တို့ဖြင့်သာ နာမပဒမာလာ စဉ်ပြခဲ့ပါ။

၆။ သနိဒ္ဒေသရဿသန္ဓိနှင့် ဩပပါတိကနာမ် မည်ပုံတို့ကို ပုံစံနှင့်တကွ ပုဒ်စစ်ကျမ်းလာအတိုင်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

http://www.dhammadownload.com



## ၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း။ ။ ကစ္စည်းသန္ဓိကြီးဘာသာ

၁။ (က) (သဗ္ဗော စံ တိ။)

(ခ) (သခတော ဂသော ဝါ- သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ဒုဗ္ဘနာ- သူယုတ်မာတို့သည်၊ ဂုဏဝန္တာနံ- ဂုဏ်ရှိသူတို့အား။ ဂုဏဂိဒ္ဓေန- ဂုဏ်ကို မက်မောခြင်းကြောင့်၊ ဥသူယန္တိ- အပြစ်ပြော ကုန်၏။

(ခ) မလ္လော- လက်ပန်းသည်တစ်ယောက်သည်၊ မလ္လဿ- လက်ပန်းသည် တစ်ယောက် အား။ အလံ- ထိုက်၏။

မေ- ငါ့အား။ ဟိရညသုဝဏ္ဏေန- ငွေ, ရွှေဖြင့်၊ အလံ- အကျိုးမရှိ။

(ဂ) အာဝုသော- ငါ့ရှင်တို့၊ ဣမေ အာဇီဝကာ- ဤတက္ကဒွန်းတို့သည်၊ သုန္ဓရာ- ကောင်းပါပေကုန်၏။ (တစ်နည်း) သုန္ဓရာ- ကောင်းကုန်သော၊ ဣမေ အာဇီဝကာ- ဤတက္ကဒွန်း တို့သည်၊ ဘိက္ခူသု- ရဟန်းတို့ကို၊ အဘိဝါဒေန္တိ- ရှိခိုးကုန်၏။

၃။ သုဂတော ရှစ် ၂-နည်း (ကရင် ၃-ရှု)

(က) စာတုရာ+ ဣတ္ထိယော။

(ခ) ဟံသ ဓာတ်+ တ ပစ္စည်း။

၄။ သပစ္စယသန္ဓိသည် ဝဂ္ဂာမိ, ဝဂ္ဂာမ, ဝဋ္ဋာမိ, ဝဋ္ဋာမ- စသည်တို့၌ အခြားသော ဓာတ်တို့ နောင်မှလည်း ဘဝိဿန္တိဝိဘတ်ကို ခါမိ, ခါမ, ဆာမိ, ဆာမ ပြုရခြင်းအကျိုးရှိသည်။

**စသဒ္ဒါအကျိုး-**

စသဒ္ဒါသည် အဘိသုဏောတိ- စသည်၌ ဏု ပစ္စည်းကိုလည်း ဝုဒ္ဓိပြုရခြင်းအကျိုးရှိသည်။

၅။ ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါကြောင့် သံ-ပုဒ်၏ အဆုံး နိဂ္ဂဟိတ်နှင့် သဗ္ဗနာမ် ယ- နောင်းသော နိဂ္ဂဟိတ်ကိုသာ ဉ- ပြုရသည်၊ အခြားနိဂ္ဂဟိတ်ကို ဉ- မပြုရ။

**နာမပဒမာလာ-**

တတိယာ- ထာမေန, ထာမသာ။

စတုတ္ထီ- ထာမဿ, ထာမုနော။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com


၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁-၃-၂၀၁၁) ကြာသပတေးနေ့

၁။ ဒုတိယာ, ပဉ္စမီအနက်၌ ဆဋ္ဌီဝိဘတ်သက်သောသုတ်ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် စုံလင်စွာ ပါဠိရေးခဲ့ပါ။

၂။ အောက်ဖော်ပြပါ သဒ္ဒါပါဠိတို့ကို အနက်ပေးပြပါ။

(က) အနေန ဓမ္မဒါနေန၊ သုခိတာ ဟောတု သာ ပဇာ။

(ခ) သံယေ ဒိန္နံ မဟပ္ဖလံ၊ သံယေ ဂေါတမီ ဒေဟိ။

သံယေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ။

၃။ အောက်ပါတို့တွင် (က)ကို သန္ဓိရုပ်၊ (ခ)ကို နာမ်ရုပ်အကျဉ်းထွက်ပြ၍၊ (ဂ)ကို ဓာတ်-ဝိဘတ်တို့ဖြင့် ဝေဘန်ပြခဲ့ပါ။

(က) ဗျဂ္ဃ၊ (ခ) ဖန္ဒနော၊ (ဂ) ဟောတိ၊ အလတ္ထ။

၄။ တဗ္ဗိပရီတူပပဒေ ဗျဉ္ဇနေ စ-သုတ်၌ တ- အရ, ဝိပရိတ- အရတို့ကို ကောက်ပြ၍၊ အ, တ္က-နှစ်ပါးစုံလာသော အာချာတ်ဝိဘတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဒီဃံ-သုတ်၌ ဒီဃ- အရ ယူရမည့် သရ/ မယူရမည့် သရတို့ကို အကြောင်းနှင့်တကွ ဖြေဆို၍၊ အာယော-သုတ်ဖြင့် အဘယ်ကြောင့် အ-ကို ဃ- အမည်မမှည့်ရပါသနည်း? ရူပသိဒ္ဓိကျမ်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ဝိဂ္ဂြိုဟ်နှင့်တကွ ပုဒ်စစ်လာသည့်အတိုင်း ဖြေဆိုပါ။

(က) သရ၊ (ခ) နိဂ္ဂဟိတ်၊ (ဂ) ပုဒ်၊ (ဃ) ဥပသာရ၊ (င) နိပါတ်။

၆။ တနင်္သာရီတိုင်းဒေသကြီး (အဖြေ)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (ဒုတိယာပဉ္စမီနဉ္စ-သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) (ကရင် ၂-၅)

http://www.dhammadownload.com



(ခ) သံယေ– သံယာအား၊ ဒိန္နံ– ပေးလှူကြောင်း စေတနာသည်၊ မဟပ္ဖလံ– များသော အကျိုးရှိ၏။

ဂေါတမီ– ဂေါတမီ၊ တွံ– သင်သည်၊ သံယေ– အား၊ ဒေဟိ– ပေးလှူလော့၊ တေ– သင်၏၊ သံယေ– အား၊ ဒိန္နေ– ပေးလှူအပ်သော်၊ အဟဉ္စေဝ– ငါဘုရားသည် လည်း၊ ဝါ–ကိုလည်း၊ ပူဇိတော– ပူဇော်အပ်သည်၊ ဘဝိဿာမိ– ဖြစ်လိမ့်မည်။

၃။ (က) ဝိ+ အဂ္ဂ တည်၊ ဣဝဏ္ဏော ယံ နဝါ–ဖြင့် ဣ–ကို ယ–ပြု၊ ယ–ကို အ–သို့ ကပ်၊ ဒွေ ဝေယ စ–သုတ်၌ စသဒ္ဒါဖြင့် ဝ–ကို ဗ–ပြု၊ ကပ်၊ ဗျဂ္ဂ–ပြီး၏။

(ခ) ဓနူ တည်၊ ယော သက်၊ လတော ဝေါကာရော စ–၌ ကာရ သဒ္ဒါပိုဖြင့် ယော–ကို နော–ပြု၊ ဓနူနော–ပြီး၏။

(ဂ) ဟောတိ– ဟူ ဓာတ်၊ ဿတိ ဝိဘတ်။

အလတ္ထ– လဘ ဓာတ်၊ ဤ ဝိဘတ်။

၄။ တ အရ– အဝ သဒ္ဒါ။

ဝိပရီတ အရ– ဥ။

အာချာတ်ဝိဘတ်– အဇ္ဇတနီ, ကာလာတိပတ္တိ။

၅။ ဗြာန်နီးသည်၏ အစွမ်းကြောင့် အာ, ဤ, ဦ ဟူသော သဝဏ္ဏဒီဃကိုယူ။

**ဃ အမည်မမှည့်ရကြောင်း–**

အာ ယော–သုတ်ဖြင့် ဣတ္ထိလိင်ဟောသော အာ–ကိုသာ ဃ–အမည်မှည့်ရသည်၊ အ– သည် ဣတ္ထိလိင်ကို မဟောသောကြောင့် အ–ကို ဃ–အမည်မမှည့်ရပါ။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ပဲခူးတိုင်းဒေသကြီး/အနောက်)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂–၃–၂၀၁၁) အင်္ဂါနေ့

၁။ အောက်ဖော်ပြပါတို့၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) သမ္ဗောဓတိ– သုတ်၏ အစီရင်ကို တားမြစ်သော သုတ်၊

(ခ) ဂ–အမည်ရှိသော သိ–ဝိဘတ်ကြောင့် အာကို အ–ရဿပြုသော သုတ်။

http://www.dhammadownload.com



၂။ အောက်ဖော်ပြပါ ပါဠိတို့ကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

(က) တုဗ္ဘောသို့ ဝေါ ဘိက္ခဝေ ပကတိယာ၊

(ခ) ဣမိနာ ဗုဒ္ဓပူဇေန ပတ္တာန အမတံ ပဒံ၊

(ဂ) ယံဝတံ တလနဒ္ဒကာရာန် ဗျဉ္ဇနာနိ စလဥ ဇကာရတ္တံ၊

(ဃ) စာဂိယ ဝိပုလံ ခန် ပညာယ ဝိမုတ္တိ မနော၊

(င) ဒုဋ္ဌနာ ဂုဏာဝဏ္ဏာန် ဥဿူယန္တိ ဂုဏဂိဒ္ဓေန။

၃။ သဒိ–ဟူသော ပြယုဂ်ကို နာမ်ရုပ်ကျဉ်းတွက်ပြပြီး၊ (က) ဂန္ဓမ္ဗော၊ အတြဇော–ကို ပုဒ်ဖြတ်၍၊ (ခ) ဖဂ်မတိ–ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဂ) ဖိနော–ကို ဓာတ်, ပစ္စည်း, သာဓန ခွဲပြခဲ့ပါ။

၄။ တွမဟံသိမှိ စ–သုတ်၌ စသဒ္ဒါ၊ ဖြဟွတော တု သွိနိ–သုတ်၌ တုသဒ္ဒါတို့ဖြင့်ပြသော အဓိပ္ပါယ်ကို ဖြေဆို၍၊ ဌိယတိ–ကိုလည်း အာချာတ်ရုပ်ကျဉ်း တွက်ပြပါ။

၅။ အောက်ဖော်ပြပါတို့ကို တိကျစွာ ဖြေဆိုပါ။

(က) ယဝမဒနတရလာစာဂမာ–သုတ်ဖြင့် ရ–အက္ခရာသည် အဘယ်သဒ္ဒါတို့နောင် လာသည်ကိုလည်းကောင်း။

(ခ) လတောဝေါကာရော စ–သုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အနက်ကို လည်းကောင်း ရူပသိဒ္ဓိကျမ်းလာသည့်အတိုင်း ဖြေဆိုပါ။

၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ဖြေဆိုပါ။

(က) နိဂ္ဂဟိတ်၊ (ခ) ရုဠ္ဌီသုဒ္ဓနာမ်၊ (ဂ) အနျဂ်ပရိဘာသာသုတ်။

## ၇။ ပဲခူးတိုင်းဒေသကြီး/ အနောက် (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) အတိဿ စန္တဿ၊ (ခ) အာကာရော ဝါ–သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ။

၂။ (က) ဘိက္ခဝေ– ရဟန်းတို့၊ ဝေါ– သင်တို့၏၊ ပကတိယာ– ပင်ကိုယ်သဘောအားဖြင့်၊ တုဗ္ဘော– နှစ်သက်သည်၊ အသို့– ဖြစ်၏။

(ခ) (ကရင် ၂–ရှု)

http://www.dhammadownload.com



(ဂ) (သုတ်နက်ထင်ရှားပြီ)

(ဃ) စာဂါယ– စွန့်ကြဲခြင်းကြောင့်၊ ဝိပုလံ– ပြန့်ပြောသော၊ ခနံ– ဥစ္စာသည်၊ ဟောတိ– ဖြစ်၏။

ပညာယ– ပညာကြောင့်၊ ဝိမုတ္တိမနော– ကိလေသာမှ လွတ်သော စိတ်ရှိ၏။

(င) (စစ်ကိုင်း ၂–၅)

၃။ သဗ္ဗ တည်၊ ကိံသဗ္ဗဒေကယကဟိ ဒိဒိစနံ–ဖြင့် ဒိ–ပစ္စည်းသက်၊ တ္တာဒယော ဝိဘတ္တိ သညာယော–ဖြင့် သတ္တမီဝိဘတ်အမည်မှည့်၊ သဗ္ဗဿ သော ဒါမှိ ဝါ–ဖြင့် သဗ္ဗ–ကို သ–ပြု၊ သဒါ–ပြီး၏။

(က) ဂန္တဗ္ဗော– ဂန္တဗ္ဗော၊ အတြဇော– အတ္တဇော။

(ခ) ဂမု ဓာတ်၊ အ ပစ္စည်း။ တိ ဝိဘတ်။

(ဂ) ဠိ ဓာတ်၊ တ္တုန ပစ္စည်း။ ကတ္တုသာဓန။

၄။ စ သဒ္ဒါဖြင့် တုံ– စသော ပြယုဂ်တို့၌ တုံ–ပြုရခြင်းကို သိစေသည်။

တုသဒ္ဒါဖြင့် ကမ္မနိ, စမ္မနိ– စသည့်၌ ဗြဟ္မမဟုတ်သော သဒ္ဒါနောင်လည်း သို–ကို နိ–ပြုခြင်းကို သိစေသည်။

**အာချာတ်ရုပ်–**

ဌာ တည်၊ ဌာ ဂတိနိဝတ္တိမှိ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ တေ ဝိဘတ်သက်၊ ဘာဝကမ္မေသု ယော–ဖြင့် ယ–ပစ္စည်းသက်၊ ယမှိ ဒါဓာ–စသော သုတ်ဖြင့် ဌာ–၏ အဆုံး အာ–ကို ဤ–ပြု၊ အတ္တနောပဒါနိ ပရဿပဒတ္တံ–ဖြင့် ပရဿပုဒ် တိ–ပြန်၊ ဌီယတိ–ပြီး၏။

၅။ (က) ရ–အကျေရာသည် နိ, ဒု, ပါတု, ပုန, ဓိ, ပါတ, စတု–စသည်တို့နောင် လာရသည်။

(ခ) ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသည်၊ ယင်း ဝါသဒ္ဒါဖြင့် ဘိက္ခု–စသည်နောင် အမြဲ ဝေါ်–ပြုရခြင်းဟူသော နိစ္စဝိဓိ၊ ဟေတု–စသည်နောင် ရံခါ ဝေါ်–ပြုရခြင်းဟူသော အနိစ္စဝိဓိ၊ အမု–စသည်နောင် လုံးဝ ဝေါ်–မပြုရခြင်းဟူသော အသန္တဝိဓိ၊ ဤ ၃–မျိုးကို ပြသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com


၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ပဲခူးတိုင်းဒေသကြီး/ အရှေ့)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂-၃-၂၀၁၁) အင်္ဂါနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် စုံလင်စွာ ပါဠိသက်သက် ရေးခဲ့ပါ။
(က) သန္ဓိကျမ်းလာ ရုပ်တွက်ရာတွင် သရနှင့်ဗျည်း ကပ်ရမည်ဟု ပြဆိုသော သုတ်၊
(ခ) နာမ်ပဌမပိုင်းလာ ပဋိသေဓဝိဓိသုတ်တို့တွင် နောက်ဆုံး ပဋိသေဓဝိဓိသုတ်။

၂။ အောက်ဖော်ပြပါတို့ကို မှန်ကန်စွာ အနက်ပေးပါ။
(က) ဖိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
(ခ) ပုညာယ သုဂတိံ ယန္တိ၊
(ဂ) သံယေ တေ ဒိန္နေ အဟာဋ္ဌေဝ ပူဇိတော ဘဝိဿာမိ၊
(ဃ) ဖာယောဂေ သမ္ဗကာလေ စ၊ (င) တေကိစ္ဆာ။

၃။ အောက်ဖော်ပြပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို သန္ဓိရုပ်ကျဉ်း။ (ဂ)ကို နာမ်ရုပ်ကျဉ်း။
(ဃ)ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (င) ကို ဓာတ်, ပစ္စည်း ခွဲခြားပြခဲ့ပါ။
(က) သွဿ၊ သသီလဝါ၊ (ခ) ပုဂ္ဂလံ၊ (ဂ) ဖန္တ ုနော၊
(ဃ) ဒမ္မတော၊ ဓာနေယျ၊ (င) ဓမ္မော၊ ဘိက္ခု။

၄။ န္တု ုဿန္တော ယောသု စ-သုတ်၌ အန္တသဒ္ဒါဆိုရခြင်းအကျိုးနှင့် အကမ္မန္တဿ စ-သုတ်၌ စသဒ္ဒါဆိုရခြင်း အကျိုးတို့ကို ပုံစံထုတ်၍ ကစ္စည်းကျမ်းလာအတိုင်း အသီးအသီး ဖြေဆိုခဲ့ပါ။

၅။ သဗ္ဗောစံတိ-သုတ်၌ တိသဒ္ဒါကို စ-ပြုရာဝယ် ယူရမည့် တိ-ကို ရူပသိဒ္ဓိအလိုကျ ဖြေဆိုပြီး ပုံလိင် အကာရန္တ ဂစ္ဆန္တ သဒ္ဒါကိုလည်း ပဉ္စမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြခဲ့ပါ။

၆။ အောက်ဖော်ပြပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပြည့်စုံအောင် ရှင်းလင်း ဖြေဆိုခဲ့ပါ။
(က) သရလောပသန္ဓိ၊ (ခ) ကိတ္တိမနာမ်။

http://www.dhammadownload.com



## ၈။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ (အဖြေ)

## ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (နယေ ပရံ ယုတ္တေ။)

(ခ) (န အမှာဒိတော-သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) သုစိတ္တာ- လွန်စွာ ဆန်းကြယ်ကုန်သောဓရာဇရထာ- မင်း၏ ရထားတို့သည်၊ ဝေ- စင်စစ်၊ ဇီရန္တိ- ဆွေးမြေ့ရကုန်၏။

(ခ) ပုညာယ- ကောင်းမှုကြောင့်၊ သုဂတိ- သုဂတိသို့၊ ယန္တိ- ရောက်ကုန်၏။

(ဂ) (တနသာ်ရီ ၂-ရှု)

(ဃ) (င) (သုတ်နက်ထင်ရှားပြီ)

၃။ (က) သွဿ- သော+ အဿ။ သ သီလဝါ- သော+ သီလဝါ။

(ခ) ပုဂ္ဂံ အံ တည်၊ ဝဂ္ဂန္တ ဝါ ဝဂ္ဂေ-၌ ဝါသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို လ-ပြု၊ ကပ်၊ ပုဂ္ဂလံ- ပြီး၏။

(ဂ) (တနသာ်ရီ ၃-ရှု)

(ဃ) ဒမ္မတေ- ဒမု ဓာတ်၊ ယ ပစ္စည်း။ တေ ဝိဘတ်။
ဇာနေယျ- ဉာဓာတ်၊ နာ ပစ္စည်း။ ဧယျ ဝိဘတ်။

(င) ဓမ္မော- ဓရ ဓာတ်၊ ရမ္မ ပစ္စည်း။
ဘိက္ခု- ဘိက္ခ ဓာတ်၊ ရူ ပစ္စည်း။

၄။ အန္တသဒ္ဒါသည် ဂုဏဝန္တု-စသည်၌ န္တု-၏ ဥ-ကို အ-ပြု၍ ယော-ကိုလည်း တ္တ- ပြုရခြင်းအကျိုးရှိသည်။

စသဒ္ဒါသည် မဃဝါနာ, မဃဝါသု, ယုဝါနာ, ယုဝါသု- စသည်တို့၌ နာ, သု ဝိဘတ်တို့ကြောင့် မဃဝ, ယုဝ- စသည်တို့၏ အဆုံး အ-ကို အာ-ပြုရခြင်းအကျိုးရှိသည်။

၅။ အတိ, ပတိ, ဣတိ သဒ္ဒါ စသည်တို့၏ တိ-ကိုသာ ယူရမည်။

နာမပဒမာလာ- ဂစ္ဆန္တသ္မာ, ဂစ္ဆန္တမှာ, ဂစ္ဆန္တာ, ဂစ္ဆတာ၊ ဂစ္ဆန္တေဟိ, ဘိ။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com


၉။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂-၃-၂၀၁၁) အင်္ဂါနေ့

၁။ နာ-ဝိဘတ်နောင်းရာဝယ် ဣမ-သဒ္ဒါကို အန, ဣမိ-ပြုသော အာဒေသဝိဓိသုတ်ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ။

၂။ ဖော်ပြပါ ပါဠိတို့ကို အနက်ရေးခဲ့ပါ။
(က) သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ (ခ) အသဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊
(ဂ) ဣဒ္ဓေတေ မယာ ဗုဒ္ဓေ။

၃။ အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကိုလည်း သန္ဓိရုပ်ကျဉ်း တွက်ပြပါ။
(က) ယဿာတိဟာ၊ ဓေတိမာသမိ၊ (ခ) ပဿထ+ ဣမံ၊ သတ္တာနံ+ အတ္တံ+ စ၊
(ဂ) မနည်း။

၄။ ကမ္မသဒ္ဒါနောင် သို-ဝိဘတ်ဖြင့် ပြီးနိုင်သော ပြယုဂ်တို့ကို ဖော်ပြ၍၊ သကော-ကိုလည်း သုဒ္ဓနာမ်၊ သဗ္ဗနာမ် နှစ်မျိုးကြံ၍ နာမ်ရုပ်ကျဉ်း တွက်ပြပါ။

၅။ သမ္မောစ် တိ-၌ တိ-အရကို ရူပသိဒ္ဓိအလိုကျ ကောက်ပြ၍ နမော တေ ဗုဒ္ဓ ဝီရတ္ထု-၌ တေ-ဝယ် အဘယ်သဒ္ဒါ၏ အယည်၊ အဘယ်သုတ်ဖြင့်၊ အဘယ်ဝိဘတ်သက်ထားသည်ကို ဖြေဆိုပြီးလျှင်၊ အတ္ထု-၌ ဓာတ်+ ဝိဘတ်၊ ဗုဒ္ဓ-၌ ဓာတ်+ ပစ္စည်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ ဒွာန်နှစ်ခု၌ဖြစ်သော ဩ-အက္ခရာကို ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆို၍၊ လိင်၏ ဝစနတ္ထ နှင့် လိင်မည်ပုံကိုလည်း ပုဒ်စစ်ကျမ်းနှင့်အညီ ဖြေဆိုပါ။

၉။ မကွေးတိုင်းဒေသကြီး (အဖြေ)
ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (အနိမိ နာမှိ စ-သုတ်ဆိုင်ရာကို ရေးလေ)

http://www.dhammadownload.com



၂။ (က) သတံ- သူတော်ကောင်းတို့၏။ ဓမ္မော စ- တရားသည်ကား။ ဇရံ- ဆွေးမြေ့ခြင်းသို့ န ဥပေတိ- မရောက်နိုင်။

(ခ) (ဓမ္မဿ- တရားတော်ကို)၊ အဿဝနတာ- နာရခြင်းမရှိသည်၏ အဖြစ်ကြောင့်၊ ဓမ္မဿ- အကျင့်တရားမှ၊ ပရိဟာယန္တိ- ဆုတ်ယုတ်ကုန်၏။

(ဂ) မယာ- ငါသည်၊ ဗုဒ္ဓေါ- မြတ်စွာဘုရားကို၊ ဝန္ဒိတဗ္ဗော- ပူဇော်အပ်၏။

၃။ (က) ယဿာတိဟ- ယဿာ+ ဣဟ။

တေိမာသမိ- တော+ ဣမာသံ+ ဣ။

(ခ) ပဿထိမံ၊ သဗ္ဗညုတဥ္ဉာဏ။

(ဂ) မနော+ အည့် တည်၊ ပုထဿ ဗျဉ္ဇနေသု-၌ အန္တသဒ္ဒါဖြင့် အဆုံး ဩ-ကို ဉ-ပြု၊ ဝါ ပရော အသရူပါ-ဖြင့် နောက် အ-သရကို ချေ၊ မနည်-ပြီး၏။

၄။ ကမ္မသ္မိံ, ကမ္မမှိ, ကမ္မေ, ကမ္မနိ။

သုဒ္ဓနာမ်- အတ္တ တည်၊ သိ သက်၊ အတ္တန္တော ဟိသ္မိမနတ္တံ-၌ အနတ္တံ ဟူသော ဘာဝနိဒ္ဒေသဖြင့် အတ္တ-ကို သက-ပြု၊ သော-သုတ်ဖြင့် သိ-ကို ဩ-ပြု ခွင်း၊ ချေ ကဝ်၊ သကော ပြီး၏။

သမ္ဗနာမ်- တ တည်၊ သိ သက်၊ တေတေသံ တော-ဖြင့် တ-ကို သ-ပြု၊ သဗ္ဗတော ကော-ဖြင့် က-လာ၊ သော-သုတ်ဖြင့် သိ-ကို ဩ-ပြု ခွင်း၊ ချေ ကဝ်၊ သကော ပြီး၏။

၅။ တိ အရ (ပဲခူးအရှေ့ ၅-ရှ)

တေ-ဝယ် နမော-သဒ္ဒါအယှဉ်၌ နမောယောဂါဒီသွပိစ-သုတ်ဖြင့် စတုတ္ထီဇကဝုစ် သ-သက်ထားသည်။

အတ္ထ- အသ ဓာတ်၊ တု ဝိဘတ်။

ဗုဒ္ဓ- ဗုဓ ဓာတ်၊ တ ပစ္စည်း။

၆။ (ပုဒ်စစ် ထင်ရှားပြီ)

http://www.dhammadownload.com


၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ကစ္စည်းသန္ဓိကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂-၃-၂၀၁၁) အင်္ဂါနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ။
(က) သန္ဓိကျမ်းလာ သုတ္တာတိဒေသသုတ်၊
(ခ) ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်သက်သောသုတ်။

၂။ အောက်ဖော်ပြပါ ပါဠိ, သုတ်တို့ကို ကျနစွာ အနက်ပေးပြပါ။
(က) ဂရုဠေန ဟတော နာဂေါ၊
(ခ) ကုသလာ နစ္စဂီတဿ သိက္ခိတာ စာတုရိတ္ထိယော၊
(ဂ) တ-ပစ္စည်း၊ တိ-ပစ္စည်းတို့ကြောင့် ဓာတ်ဆုံး ရ-အက္ခရာကျေသောသုတ်။

၃။ အောက်ဖော်ပြပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို ဓာတု+ ပစ္စယ+ ဝိဘတ္တိ၊ (ဃ)ကို ကိတဝိဂ္ဂဟ ပြုပြီးလျှင်၊ ကမ္မနာ-ကို သွာ-ဝိဘတ်ဖြင့် နာမ်ရုပ်အကျဉ်းတွက်ပြပါ။
(က) တမ္ဗိပရိတူပပဒေ ဗျဥ္ဇနေ စ၊ ယဖဿောဒိဿိ၊
(ခ) အဓိ+ ဣကာမုတ္တော၊ ဇဝ+ ဣမံ၊
(ဂ) သိယာ၊ နာယတိ၊
(ဃ) ဇိနေန။

၄။ အဝံမှိ စ-သုတ်ပါ စသဒ္ဒါ၏ အကျိုးပြစကားရပ်၌ ပုဗ္ဗုတ္တရဝစနေသု-ဝယ် (က) ပုဗ္ဗ-အရ၊ (ခ) ဥတ္တရဝစန-အရတို့ကို တိကျစွာ ကောက်ပြ၍၊ သစေ မံ သမဏော ဂေါတမော အာလပိဿတိ-ဝါကျဝယ် မံ-၌ အံ-ဝိဘတ်သည် အဘယ်သုတ်ဖြင့် အဘယ်အနက်၌ သက်ထားသည်ကို ဖြေဆိုပြီး၊ ကိတ်ကျမ်းလာ ကိစ္စ-ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၅။ လောပဥ္စ တတြာကာရော-သုတ်၌ စသဒ္ဒါ၏ အနက်နှင့် အကမ္မန္တဿ စ-သုတ်၌ အန္တသဒ္ဒါ၏ အကျိုးတို့ကို ရှုပသိဒ္ဓိအလိုကျ ရေးပြ၍၊ ယဝသဒ္ဒါကို တတိယာဧကဝစန, သတ္တမီဗဟုဝစနတို့ဖြင့် နာမပဒမာလာ စဉ်ပြခဲ့ပါ။

၆။ အောက်ပါတို့ကို ပုဒ်စစ်, သုတ်စစ်ကျမ်းလာအတိုင်း ပုံစံနှင့်တကွ ဆိုရိုးကျ ရေးခဲ့ပါ။
(က) ဗျဥ္ဇနဝိကာရသန္ဓိ၊ (ခ) ဝိဘတ္တိယုတ္တနိပါတ်ပုဒ်၊ (ဂ) ဥပရိဘာသာသုတ်။

http://www.dhammadownload.com



## ၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။)

(ခ) (ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ–သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ဂရုဠေန– ဂဠုန်သည်၊ နာဂေါ– နဂါးကို၊ ဟတော– သတ်အပ်၏။

(ခ) နစ္စဂီတာသ– ကခြင်း, သီဆိုခြင်း၌၊ ကုသလာ– ကျွမ်းကျင်ကုန်သော၊ သိက္ခိတာ– သင်အပ်ပြီးသော အတတ်ရှိကုန်သော၊ စာတုရာ– တင့်တယ်ကုန်သော၊ ဣတ္ထိယော– မိန်းမတို့သည်၊ (ပရိဝါရေန္တိ– ခြံရံကုန်၏)။

(ဂ) (ရကာရော စ–သုတ်ကို အနက်ရေးလေ)

၃။ (က) တ+ ဝိပရီတော+ ဥပပဒေ ဗျဉ္ဇနေ စ။

ယဖသ+ အာဒိသ+ ဏ္ဍ။

(ခ) အဇ္ဈိကာမုတ္တော၊ ဝေမံ။

(ဂ) သိယာ– အသ ဓာတ်၊ အ ပစ္စည်း။ ယေျ ဝိဘတ်။

နာယတိ– ဉာ ဓာတ်၊ နာ ပစ္စည်း။ တိ ဝိဘတ်။

(ဃ) ပါပကေ အကုသလေ ဓမ္မေ ဖိနာတိ အဖိနိ ဖိနိဿတီတိ ဖိနော။

**နာမ်ရုပ်ကျဉ်း–**

ကမ္ဗ တည်၊ သွာ သက်၊ ဟိဝိဘတ္တိမှိ စ–သုတ်၌ စသဒ္ဒါဖြင့် ကမ္ဗ၏ အဆုံး အ–ကို ဥ–ပြု၊ လ အမည်မှည့်၊ ဈလတော စ–ဖြင့် သွာ–ကို နာ–ပြု၊ ကမ္ဗုနာ–ပြီး၏။

၄။ (က) ဂါဝသေ, ယောသု စ, ယင်းသုတ် စသဒ္ဒါ,

(ခ) သ ၂–လုံး, ယော ၂–လုံး, နာ, သွာ, သွိ, သု။

အံ–ဝိဘတ်သည် တတိယာသတ္တမီနဉ္စ–သုတ်ဖြင့် တတိယာဝိဘတ်အနက်၌၊ သက်ထားသည်။

**ကိစ္စပစ္စည်း–** တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ။

၅။ စသဒ္ဒါသည် သရနောင်းရာ၌လည်း သေ အတ္တော–စသည်၌ ရေ့ သရကိုချေ၍ အ–လာရခြင်းကို ဆည်းသော သမုစ္စည်းအနက်ရှိသည်။

http://www.dhammadownload.com


အန္တသဒ္ဒါသည် ထာမုနာ, အဒ္ဓုနာ– တို့၌ နာကြောင့် ထာမ, အဒ္ဓ– တို့၏ အဆုံးသရကို အချေ ဥ–ပြုရခြင်းအကျိုးရှိသည်။

**နာမပဒမာလာ–**

တတိယာ ကေဝစန– ယုဝေန, ယုဝါနာ, ယုဝါနေန။

သတ္တမီ ဗဟုဝစန– ယုဝေသု, ယုဝါသု, ယုဝါနေသု။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်).

ပထမငယ်တန်း ။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂–၃–၂၀၁၁) အင်္ဂါနေ့

၁။ အောက်ပါသုတ်တို့ကို ဖော်ပြ၍ ၎င်းသုတ်တို့၏ ဝုတ္တိ, ဥဒါဟရဏ် ပါဠိတို့ကိုလည်း ကုန်စင်အောင် ရေးပြပါ။

(က) သဗ္ဗော စံ တိ– သုတ်၏ အစီအရင်ကို တားမြစ်သော (ပဋိသေဓဝိဓိ)သုတ်၊

(ခ) ကိုယ်အင်္ဂါ ဖောက်ပြန်ချို့ယွင်းမှုကို မှတ်သားကြောင်းအနက်၌ တတိယာဝိဘတ်သက်သောသုတ်။

၂။ သဒ္ဒါမြင်သိ ပညာရှိ–ဟူသည်နှင့်အညီ အောက်ပါ ပါဠိတော်တို့ကို ဝိဘတ်အနက်မှန်ကန်စေလျက် အနက်ပေးပြပါ။

(က) ပါဝေ ဝုတ္တသ္မ၊ (ခ) သုခေဝတ္တေသု ဗြဟ္မစာရိသု၊

(ဂ) အမုံ ရာဇာနံ ပဿသိ၊ (ဃ) ဝဇေ ဂါဝေါ ဒုဟန္တိ၊

(င) ဂေါသု ဒုယှမာနာသု ဂတော။

၃။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် (ဃ)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် ခွဲခြားပြပါ။

(က) ကိံသူဓ၊ (ခ) ပါတု+ အကာသိ၊ (ဂ) သာ၊ (ဃ) အဇ္ဈောစ္ဆိ။

၄။ အံဗျဉ္ဇနေ နိဂ္ဂဟီတံ– ဟူ သုတ်တည်သဖြင့် ရရှိနိုင်သော အကျိုးကို ဖော်ပြ၍ အာဒိသဒ္ဒါနှောင် သတ္တမီ (ဧကဝုစ်, ဗဟုဝုစ်)ဝိဘတ်ဖြင့် ပြီးနိုင်သောရုပ်စုတို့ကို ပြည့်စုံစွာ နာမပဒမာလာ စဉ်ပြပါ။

http://www.dhammadownload.com


၅။ သုဟိနာသု စ–သုတ်လာ စဝ္ဂဟာဏေန သျာဒိသေသေသု–၌ သေသ–အရ ယူရမည့် ဝိဘတ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍ ဉသသို့ သလောပေါ် စ–သုတ်၌ ဉ–ကို ဉ–ထပ်ပြုရခြင်း၏ ရည်ရွယ်ချက်အကြောင်းကိုလည်း ဖြေဆိုပါ။

၆။ အောက်ပါ (က၊ ခ)တို့ကို ပုဒ်စစ်ကျမ်းနှင့်အညီ ဖြေဆိုပါ။
(က) ဒီဃသန္ဓိ နှစ်ပါး။ (ခ) လိင်မည်ခြင်းအကြောင်းများ။

## ၁၁။ မွန်ပြည်နယ် (အဖြေ)
### ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (အတိဿ စန္တဿ။)
(ခ) (ယေနဂ်ဝိကာရော–သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ပါဝေ– ရှေးဦးကပင်လျှင်၊ ဝုတ္တိ– ဖြစ်ခြင်းသည်၊ အဿ– ဖြစ်ရာ၏။
(ခ) သုခေတ္တေသု– ကောင်းသော ခေတ်ဖြစ်ကုန်သော၊ ဗြဟ္မစာရိသု– မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့၌။
(ဂ) အမုံ ရာဇာနံ– ထိုမင်းကို၊ ပဿသိ– ရှုလော့။
(ဃ) ဝဓေ– နွားခြံ၌၊ ဂါဝေါ– နွားမတို့ကို၊ ဒုဟန္တိ– နို့ညှစ်ကုန်၏။
(င) ဂေါသု– နွားမတို့ကို၊ ဒုယှမာနာသု– နို့ညစ်အပ်ကုန်သော်၊ ဂတော– သွား၏။

၃။ (က) ကိသု+ တ္ထုဧ။
(ခ) ပါတွာကာသိ။
(ဂ) တ တည်၊ တ္ထုတ္တိယမတော အာပစ္စယော–ဖြင့် အာ–ပစ္စည်းသက်၊ ခွင်း၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိ သက်၊ တေဧတဿ တော–ဖြင့် တ–ကို သ–ပြု၊ သိ– ချေ၊ သာ–ပြီး၏။
(ဃ) အာ ရှေးရှိသော ကုသ ဓာတ်၊ အ ပစ္စည်း။ ဤ ဝိဘတ်။

၄။ နိဂ္ဂဟိတ်ကျေခြင်း, ပြုခြင်းကို တားမြစ်ခြင်းအကျိုးရှိသည်။
**နာမပဒမာလာ–**
အာဒိသို့, အာဒိမှိ, အာဒိံ, အာဒေါ၊ အာဒီသု, အာဒိသု။

၅။ သိ, ယော, အံ, ယော, သ, သွာ, သွိ။

http://www.dhammadownload.com



**ရည်ရွယ်ချက်–**

အာရ– အပြုကို တားမြစ်လိုသောကြောင့် ဥ–ကို ဥ–ထပ်ပြုရသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ ခွဲ (ရခိုင်ပြည်နယ်)

ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁–၃–၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ။

(က) နာဝိဘတ်ကြောင့် ဏ္ဍမသဒ္ဒါကို အန, ဏ္ဍမိ–ပြုသော သုတ်၊

(ခ) အာချာတ်ကျမ်းလာ ဩ–ပစ္စည်းကို ဥ–ပြုသောသုတ်။

၂။ အောက်ပါ ပါဠိရပ်တို့ကို အနက်မှန်မှန် ပေးပြခဲ့ပါ။

(က) ပမာဒေါ မစ္စုနော ပဒံ၊ (ခ) ဂေါသု ဒုယှမာနေသု ဂတော၊

(ဂ) အန္တသဝိဏ္ဏကာရော ဝါ၊ (ဃ) ဝဿ ဝါ ဝု၊

(င) ဘုဇေန ဂစ္ဆတီတိ ဘုဇဂေါ။

၃။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၍၊ (ခ)ကို အာချာတ်ရုပ် အကျဉ်းတွက်ပြီးလျှင်၊ (ဂ)ကို ဓာတု, ပစ္စယ ဝေဖန်ပြခဲ့ပါ။

(က) သေသေသု န္တုဝ၊ (ခ) ဇယတိ၊ (ဂ) ကိစ္စံ၊ အာဒိ။

၄။ အသွာ–ဟူသောပုံစံ၌ အ–သည် အဘယ်သဒ္ဒါတို့၏ ကာရိယဖြစ်နိုင်သည်ကို သုတ်တို့ကို ထောက်၍ ဖြေဆိုပြီးလျှင်၊ အစိရဝတိယာ ကုန္တဒိယော ပဘာဝန္တိ–ဟူသောပုံစံ၌ အစိရဝတိယာ ပုဒ်ဝယ် အဘယ်၏အယှဉ်၌ အဘယ်ဝိဘတ်သက်ထားသည်ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ သရာပကတိ ဗျဉ္ဇနေ၊ သရေ ကွစိ–သုတ်တို့၌ ပကတိပြု၍ဟု ဆိုရာဝယ် အဘယ်သို့ သဘောကို ပကတိပြုသည်ဟုဆိုပါသနည်း? သုတ်အားလျော်စွာ ခွဲခြား ဖြေဆို၍၊ မဃဝ သဒ္ဒါကို ပထမာဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြခဲ့ပါ။

http://www.dhammadownload.com



၆။ အောက်ဖော်ပြပါ ပြယုဂ်တို့ကိုရှု၍ ဖြစ်သင့်သော သန္ဓိ, နာမ်, သုတ်တို့ကို ပုဒ်စစ်, သုတ်စစ် ကျမ်းလာအတိုင်း ရေးခဲ့ပါ။

(က) မုနီစရေ၊ (ခ) နီလော၊ (ဂ) တ္တဝဏ္ဏုဝဏ္ဏာစျလာ။

## ၁၂။ ရခိုင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (အနိမိ နာမိ စ။)

(ခ) (ဥတ္တ မောကာရော–သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ပမာဒေါ– မေ့လျော့ခြင်းသည်၊ မစ္စုနော– အဖန်ဖန်သေရခြင်း၏၊ ပဒံ– အကြောင်းတည်း။

(ခ) (မွန် ၂၊ ၄–ရှု)

(ဂ) (ဃ) (သုတ်နက်ထင်ရှားပြီ)

(င) ဘုဇေန– ကောက်ကွေ့သဖြင့်၊ ဂစ္ဆတိ– သွားတတ်၏၊ ဣတိ– ထို့ကြောင့်၊ ဘုဇဂေါ– ဘုဇဂ မည်၏။

၃။ (က) သေသေသု န္တု+ ဣဝ။

(ခ) ဖိ တည်၊ ဖိ ဇယေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ တိ သက်၊ အ ပစ္စည်းသက်၊ အညေသု စ–ဖြင့် ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ဧ အယ–ဖြင့် ဧ–ကို အယ–ပြု ကပ်၊ ဇယတိ– ပြီး၏။

(ဂ) ကိစ္စံ– ကရဓာတ်၊ ရိစ္စ ပစ္စည်း။

အာဒိ– အာ ပုဗ္ဗ ဒါ ဓာတ်၊ ဣ ပစ္စည်း။

၄။ တ–သဒ္ဒါ (သသ္မာသ္မိံသံသာသွတ္တံ), ဣမ–သဒ္ဒါ (ဣမသဒ္ဒဿ စ)။

**အယုဉ်နှင့် ဝိဘတ်–**

ပ–ရှေးရှိသော ဘူဓာတ်၏ အယှဉ်၌ ပဉ္စမီ သွာဝိဘတ်သက်ထားပါသည်။

၅။ သရာ ပကတိ ဗျဉ္စနေ–သုတ်၌ များသောအားဖြင့် ဒီဃပြုခြင်း, ရဿပြုခြင်း, ကျေခြင်း တို့ကြောင့် ဖောက်ပြန်မှုမရှိခြင်းကို ပကတိပြုသည်–ဟု ခေါ်သည်။

သရေ ကွစိ–သုတ်၌ ကျေခြင်း, ပြုခြင်းဟူသော ဖောက်ပြန်ခြင်းသို့ မရောက်ခြင်းကို ပကတိပြုသည်–ဟု ခေါ်သည်။

http://www.dhammadownload.com



နာမပဒမာလာ- မယာဝိ, မယာဝိနော၊ မယာဝိ, မယာဝိနာ။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
ပထမယော်တန်း ။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂-၃-၂၀၁၁) အင်္ဂါနေ့

၁။ အောက်ပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးခဲ့ပါ-
(က) နာမ်ကျမ်းလာ သွာ-ဝိဘတ်ကို သော-ပြုသောသုတ်၊
(ခ) သိ-ဝိဘတ်ကို အာ-ပြုသောသုတ်။

၂။ အောက်ပါတို့ကို ဝိဘတ်အနက် မှန်ကန်စေလျက် အနက်ပေးပါ-
(က) ယတော ပဗ္ဗတာသ္မိ ဝိညုတာ၊
(ခ) ယတော ပဏီတတရော ဝါ ဝိသိဋ္ဌတရော ဝါ နတ္ထိ၊
(ဂ) ဒုဋ္ဌနာ ဂုဏာဝဏ္ဏနံ ဥသူယန္တိ ဂုဏာဂိဒ္ဓေနု၊
(ဃ) နမော ကရောဟိ နာဂဿ၊
(င) ဝေါသု ဒုယုမာနာသု ဂတော။

၃။ အဂ္ဂါဂါရံ-ကို သန္ဓိရုပ်, နာမ်ရုပ် ရုပ်ကျဉ်းတွက်ပြ၍ ပုထသု ဗျဉ္ဇနေ-သုတ်၌ အန္တသဒ္ဒါ ဆိုရခြင်းအကျိုးကို ပုံစံနှင့်တကွ ရှင်းပြပြီး နာမ်ကျမ်းလာ ကာလသတ္တမျက္ထ၌ သက်နိုင်သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၄။ အောက်ပါတို့တွင် (က)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ်၊ (ခ)ကို အာချာတ်ရုပ်ကျဉ်းတွက်ပြ၍ ဒိဗ္ဗော-သန္ဓိတို့ကိုလည်း ဓာတ်+ ပစ္စည်း ဝေဘန်ပြခဲ့ပါ။
(က) နာယတိ၊ (ခ) ယေပ္ပတိ။

၅။ ယဝမဒနတရလာစာဂမာ-သုတ်၌ န-အက္ခရာ၊ တ-အက္ခရာ လာရာဌာနတို့ကို အသီး အသီး သတ်မှတ်ပြ၍ အာဒိတော ဩ စ-သုတ်၌ စသဒ္ဒါ၏ အကျိုးကိုလည်း ရူပသိဒ္ဓိနှင့် အညီ ဖြေဆိုပြခဲ့ပါ။

http://www.dhammadownload.com



၆။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ပုံစံတို့ဖြင့် ရှင်းလင်း ဖြေဆိုခဲ့ပါ။
(က) သန္ဓိဒွေသရဧသသန္ဓိ၊ (ခ) ပဋိပက္ခနာမ်။

## ၁၃။ ရန်ကုန်တိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (ဒီဃောရေဟိ၊)
(ခ) (သျာ စ-သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ယတော- အကြင်အခါမှ စ၍၊ ဝိညုတံ- နားလည်သူ၏အဖြစ်သို့၊ ပတ္တော- ရောက်သည်၊ အသ္မိ- ဖြစ်၏။
(ခ) ယတော- အကြင်တရားတော်ထက်၊ ပဏီတတရော ဝါ- သာလွန်မွန်မြတ်သော၊ တရားသည်လည်းကောင်း။ ဝိသိဋ္ဌတရော ဝါ- သာလွန်ထူးကဲသော တရားသည် လည်းကောင်း။ နတ္ထိ- မရှိ။
(ဂ) (စစ်ကိုင်း ၂၊ က-ရှု)
(ဃ) နာဂဿ- နဂါးအား။ ဝါ- ရဟန္တာအား။ နမော- ရှိခိုးခြင်းကို၊ ကရောဟိ- ပြုလော့။
(င) (ရခိုင် ၂၊ ခ-ရှု)

၃။ သန္ဓိရုပ်- အဂ္ဂိ+ အာဂါရံ ပုဒ်ဖြတ်၊ ဣဝဏ္ဏော ယံ နဝါ-ဖြင့် ဣ-ကို ယ-ပြု၊ ယ-ကို အာ-သို့ ကစ်၊ ဂ္ယ-ကို ယာ-သို့ကစ်၊ ဗျဉ္ဇနော စ ဝိသညောဂေါ-သုတ်၌ စ သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် အစဗျည်းတစ်လုံးကို ချေ၊ အဂျာဂါရံ-ပြီး၏။
နာမ်ရုပ်- အဂ္ဂိ အာဂါရံ တည်၊ ဈ အမည်မှည့်၊ ယဝကာရာ စ-ဖြင့် ဣ-ကို ယ-ပြု၊ ကစ်၊ ဗျဉ္ဇနော စ ဝိသညောဂေါ-သုတ်၌ စ သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် အစဗျည်း တစ်လုံးကို ချေ၊ အဂျာဂါရံ-ပြီး၏။
အန္တသဒ္ဒါသည် မနည်-စသည်၌ သရနောင်းရာဝယ် ပုထမဟုတ်သော သဒ္ဒါ၏ အဆုံး သရကိုလည်း ဥ-ပြုခြင်းအကျိုးရှိသည်။
**ပစ္စည်းသရုပ်-** ဒါ, ဒါစနံ, ရဟိ, ဓုနာ, ဒါနိ။

၄။ (က) ဉာ ဓာတ်+ အ ပစ္စည်း+ တိ ဝိဘတ်။
(ခ) ဂဟ တည်၊ ဂဟ ဉပါဒါနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်ချေ၊ တိ ဝိဘတ်သက်၊

http://www.dhammadownload.com



ဂဟာဒိတော ပ္ပဏှာ–သုတ်ဖြင့် ပ္ပ–ပစ္စည်းသက်၊ ဂဟသ ယေ ပွေ–ဖြင့် ဂဟာ–ကို ယေ–ပြု ယေပ္ပတိ–ပြီး၏။

**ဓာတ်, ပစ္စည်း–**

ဒိဗ္ဗော– ဒိသ ဓာတ်၊ တ ပစ္စည်း။

သန္ဓိ– သံ ပုဗ္ဗ ဓာ ဓာတ်၊ ဣ ပစ္စည်း။

၅။ န–အက္ခရာသည် အာယတိသဒ္ဒါ၏ အစ၌ လာသည်။

တ–အက္ခရာသည် ဣဟ–အစရှိသည်ကြောင့် ယသ္မာ, တသ္မာ, အဇ္ဇ စသည်နောင် လာသည်။

စသဒ္ဒါသည် အာဒိ–မှ အခြားသော သဒ္ဒါနောင်မှလည်း အာ, အံ, ဩ–ပြုရခြင်း အကျိုးရှိသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမယေ်တန်း ။ ။ကစ္စည်းသဒ္ဒါဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁–၃–၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ်စုံလင်စွာ ပါဠိရေးသားပြပါ။

(က) နာမ်ကျမ်းလာ ဂသိကြောင့် ပိတု–စသော သဒ္ဒါတို့၏ အဆုံးသရကို အာ–ပြုသော သုတ်၊

(ခ) အာချာတ်ကျမ်းလာ ဓာတုသဏ္ဌာ လောပေါ နေကသရဿ–သုတ်ဖြင့် ချေခွင့် မရသော ဓာတ်၏ အဆုံးသရကို ဤ–ပြုသောသုတ်။

၂။ အောက်ပါ ပါဠိတော်များကို မှန်ကန်စွာ အနက်ရေးသားပြခဲ့ပါ။

(က) ယာဝဋ္ဌိဓ ဘိက္ခဝေ ပုရိမံ ဖာတိ သရာမိ၊

(ခ) သတဥ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ၊

(ဂ) ဣတော ဘိက္ခဝေ ကေနဝုတိကပ္ပေ ဝိပဿီ နာမ ဘဂဝါ လောကေ ဥဒပါဒိ။

၃။ အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စစ်၊ (ဂ)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ်၊ (ဃ)ကို လိင်, ဝိဂ္ဂဟ်, ကာရန်အားဖြင့် အသီးသီး ဝေဘန်ပြခဲ့ပါ။

http://www.dhammadownload.com


(က) န တိမေဟိ ကတာကာရေဟိ၊ (ခ) ဘ+ တွော၊ (ဂ) သိယာ၊ (ဃ) သတ္တာ။

၄။ ပဉ္ဉာဒီန မတ္တံ, ပဉ္ဉာဒီန မကာရော – သုတ်များ၌ ရုပ်ထူးခြားပြောင်းလဲမှုများ မရှိပါဘဲလျက် အဘယ့်ကြောင့် အ – ကို အ – ထပ်ပြုရပါသနည်း? ရှင်းလင်း ဖြေဆိုပြပြီးလျှင်၊ သုခကာရိ ဒါနံ – ၌ သုခကာရိ – ကိုလည်း သန္ဓိ, နာမ်ရုပ်နှစ်မျိုးဖြင့် အကျဉ်းမျှ စီရင်ပြခဲ့ပါ။

၅။ သဗ္ဗောစံ တိ – သုတ်ဖြင့် တိ – ကို စ – ပြုရာတွင် ရှိသင့်သော (က) နိမိတ်၊ (ခ) ကာရီများကို သုတ်ထောက်လျက် ဖော်ပြပြီးလျှင်၊ သ သရေ ဝါ ဂမော – သုတ်လာ ဝါသဒ္ဒါဖြင့် ညွှန်ပြ အပ်သော ဝိဓိ ၃ – မျိုးကိုလည်း ရူပသိဒ္ဓိဆရာအလိုကျ ဖြေဆိုပြခဲ့ပါ

၆။ တာသာဟံ – ဟူသော ဥဒါဟရုဏ် ပြယုဂ်သည် မည်သည့် သန္ဓိမျိုးဖြစ်သည်ကို ရှင်းလင်း ဖြေဆိုပြ၍ ဝိသေသလက္ခဏာ အနေအားဖြင့် ကွဲပြားသော လိင် ၆ – မျိုးတို့တွင် နောက်ဆုံး နှစ်မျိုးကိုသာ ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ရေးသားတင်ပြပါ။

## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ကစ္စည်းသန္ဓိဘာသာ

၁။ (က) (အကာရပိတာဒျန္တာနမာ)

(ခ) (ယမိ ဒါဓာမာဌာ – စသောသုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ယာဝ စ အတိဝိယ – အလွန်အကဲသာလျှင်၊ ဣဓ – ဤသခံ ါရတရားတို့၌၊ ပုရိမဖာတိ – ရှေးဘဝကို၊ သရာမိ – အောက်မေ့၏။

(ခ) သတံ – သူတော်ကောင်းတို့၏။ ဓမ္မော စ – တရားသည်ကား။ ဇရံ – ဆွေးမြေ့ခြင်းသို့ န ဥပေတိ – မရောက်နိုင်။

သန္တော – သူတော်ကောင်းတို့သည်၊ သဗ္ဘိ – သူတော်ကောင်းတို့နှင့် တကွ၊ ဟဝေ – စင်စစ်၊ ပဝေဒယန္တိ – ဝမ်းမြောက်နစ်လို ပြောဆိုကုန်၏။

(ဂ) ဘိက္ခဝေ – ရဟန်းတို့၊ ဣတော – ဤကမ္ဘာမှ၊ ကေနဝုတိကပ္ပေ – ၉၁ ကမ္ဘာထက်၌၊ ဝိပဿီ နာမ – ဝိပဿီ မည်တော်မူသော၊ ဘဂဝါ – မြတ်စွာဘုရားသည်၊ လောကေ – လောက၌၊ ဥဒပါဒိ – ထင်ရှားပွင့်တော်မူပြီ။

http://www.dhammadownload.com


၃။ (က) န တ+ ဣမေဟိ ကတ+ အကာရေဟိ။
(ခ) ဘာစွော။
(ဂ) အသ ဓာတ်၊ အ ပစ္စည်း။ ယေျ ဝိဘတ်။
(ဃ) ပုံလိင်၊ သတ္တာဒိဂိုဏ်း။ ဥ–ကာရန်။

၄။ သုဟိသွကာရော ဧ, သုနံဟိသု စ–သုတ်တို့၏ ဧ–အပြု, အာ–ဒီဃအပြုကို တားမြစ်ခြင်းငှါ ပဉ္စာဒီနမတ္တံ–သုတ်ဖြင့် အ–ကို အ–ထပ်ပြုသည်။
သဗ္ဗယောနီနမာဧ–သုတ်၏ အာ, ဧ–အပြုကို တားမြစ်ခြင်းအကျိုးငှါ ပဉ္စာဒီနမကာရော–သုတ်ဖြင့် အ–ကို အ–ထပ်ပြုသည်။
သန္ဓိရှစ်– (စဉ်းစားရန်)
နာမ်ရှစ်– သုခကာရီ တည်၊ သိ သက်၊ ရှုမှည့်၊ အယော ရဿ–စသောသုတ်ဖြင့် ရဿ–ပြု၊ သိ ချေ၊ ပြီး၏။

၅။ (က) ဣဝဏ်မှ တပါးသော သရ။
(ခ) အတိ, ပတိ, ဣတိ သဒ္ဒါတို့၏ တိ–သဒ္ဒါ။
သုတ်ထောက်– အတိဿ စန္တဿ။
ဝိဓိ ၃–မျိုး–
မာနသိကံ, ဝါစသိကံ–စသည်၌ နိစ္စဝိဓိ၊ မနသာ, မနေန–စသည်၌ အနိစ္စဝိဓိ၊ မနော, မနာ–စသည်၌ အသန္တဝိဓိ ဟူသော ဝိဓိ ၃–မျိုးကို ပြသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမငယ်တန်း ။ ။ကစ္စည်းသဒ္ဒါဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁–၃–၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့၏ သုတ်, ဝုတ္တိ, ဥဒါဟရုဏ်တို့ကို ပါဠိသက်သက်ရေးပါ။
(က) ယော–ဝိဘတ်တို့ကို အမြဲ နိ–ပြုသောသုတ်၊
(ခ) ပစ္စုပ္ပန်ကာလ၌ ဝတ္တမာန်ဝိဘတ် သက်သောသုတ်။

http://www.dhammadownload.com


၂။ အောက်ဖော်ပြပါ (က) (ခ)တို့ကို အနက်ပေးခဲ့ပါ။

(က) ယတ္ထာဓိကရဏ မေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

(ခ) အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ။

၃။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဃ)ကို ဓာတ်, ပစ္စည်း။ (င)ကို ဖြစ်နိုင်သမျှ နာမ်ရှစ်အကျဉ်း ထွက်ပြပါ။

(က) စန္ဒော၊ (ခ) ဆ+ ရတ္တံ၊ (ဂ) နိဓေ၊ (ဃ) ဥပါဒိ၊ (င) ဝေါ။

၄။ အတ္တန္တော ဟိ သွိမနတ္တံ-သုတ်၌ အတ္တသဒ္ဒါပိုလွန်ပုံကို ရှင်းပြ၍၊ ၎င်းအတ္တသဒ္ဒါပိုကို ဆိုခြင်းကြောင့် ရနိုင်သော အကျိုးကိုလည်း ဖြေဆိုပါ။

၅။ ကွစိ ဩ ဗျဉ္ဇနေ-သုတ်ဖြင့် ဗျည်းနှောင်းရာ၌ ဩ-အက္ခရာ လာရမည်ဟုဆိုရာ ဩ-အက္ခရာလာရာ ဌာနကို တိကျစွာ သတ်မှတ်ပြပြီးလျှင်၊ ဣဝဏ္ဏုဝဏ္ဏာ ဈလာ-သုတ်၌ ဝဏ္ဏသဒ္ဒါ ထည့်ဆိုရခြင်း အကျိုးကိုလည်း ရူပသိဒ္ဓိဆရာ အလိုကျ ဖြေဆိုခဲ့ပါ။

၆။ အောက်ပါ (က) (ခ) (ဂ) (ဃ) (င)တို့၏ အဓိပ္ပါယ်များကို ပုံစံထုတ်၍ ရှင်းပြပါ။

(က) နေမိတ္တိကနာမ်၊ (ခ) တဒ္ဓိတ်သုဒ္ဓနာမ်၊ (ဂ) ဝစနသမ္ဗန္ဓနာမ်၊

(ဃ) ဩကာရန္တပုလ္လိင်၊ (င) ဝိဘတ္တိယုတ္တ နိပါတ်ပုဒ်။

## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါဘာသာ

၁။ (က) (အတော နိစ္စံ)

(ခ) (ဝတ္တမာနာ ပစ္စုပ္ပန္နေ-သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) ယတ္ထာဓိကရဏံ- ယတော+ အဓိကရဏံ- အကြင်မစောင့်စည်းအပ်သော စက္ခုန္ဒြေကြောင့်၊ စက္ခုန္ဒြိယံ- စက္ခုန္ဒြေကို၊ အသံဝုတံ- မစောင့်စည်းဘဲ၊ ဝိဟရန္တံ- နေသော၊ နံ ဘိက္ခုံ- ထိုရဟန်းကို၊ အဘိဇ္ဈာဒေါမနဿာ- အဘိဇ္ဈာ, ဒေါမနဿ ဟု ဆိုအပ်ကုန်သော၊ ပါပကာ- ယုတ်မာကုန်သော၊ အကုသလာ- အကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာ- တရားတို့သည်၊ အန္ဝာဿဝေယျုံ- အဖန်ဖန် နှိပ်စက်ကုန်ရာ၏။

http://www.dhammadownload.com

(ခ) (မကွေး ၂၊ ခ-၅)

၃။ (က) စ+ အန္တော။
(ခ) ဆာရတ္တံ။
(ဂ) နိဂ္ဂဟိတ်ရှေးရှိသော ဓာ ဓာတ်၊ အ ပစ္စည်း။ တိ (မိ, တု, ယျေ, ယျာသိ, ယျာမိ, ယျံ ဝိဘတ်။
(ဃ) ဥပ ရှေး အာရှေးရှိသော ဒါ ဓာတ်၊ တ္တ ပစ္စည်း။
(င) တုမှ တည်၊ ဒုတိယာ ယော (စတုတ္ထီ, ဆဋ္ဌီ နံ) သက်၊ ပဒတော ဒုတိယာ-စသော သုတ်ဖြင့် ဝိဘတ်နှင့် တကွ တုမှ-ကို ဝေါ-ပြု ပြီး၏။
တတိယာ ဟိ-သက်လျှင် ဗဟုဝစနေသု ဝေါနော-ဖြင့် ဝေါ-ပြု
ပဌမာ ယော-သက်လျှင် ဗဟုဝစနေသု ဝေါနော-၌ ဗဟုဝစနသဒ္ဒါပိုဖြင့် ဝေါ-ပြု ပြီး၏။

*ဆောင်- ယော, နံ, တ ဟိ၊ ရှေးရှိတုမှ၊ အမှ တစ်ဖြာ၊ ပုဒ်နောင်လာ၊ ဝိ-ပါ ဝေါ, နောပြု။*
(သဒ္ဒါလင်္ကာဆောင်)

၄။ အတ္တန္တော ဟိသ္မိမန-ဟု ဆိုလျှင် အန-ပြု ပြီးနိုင်ပါလျက် ဘောအနက်ကို ညွှန်ပြသော တ္တ-ပစ္စည်းဖြင့် ဟိသ္မိမနတ္တံ-ဟု ဆိုခြင်းကြောင့် တ္တံ-ပိုသည်၊ (တ္တံ-လည်း အန-နှင့် တွဲနေခြင်းကြောင့် ကြက်သွန်သည် သူ့ချည်းသက်သက်နေလျှင် ကောင်းပါလျက် ငြုတ်သီးနှင့် ပေါင်းမိခြင်းကြောင့် အထောင်းခံရသကဲ့သို့ အန-ပါ တွဲ၍ အနတ္တံ-သဒ္ဒါပိုဟု ဆိုသည်။)
အကျိုး-
အနတ္တံ-သဒ္ဒါပိုသည် သကော, သကာ, သကံ, သကေ- စသည်တို့၌ အလုံးစုံသော ဝိဘတ်တို့ကြောင့် အတ္တ-သဒ္ဒါကို သက-ပြုရခြင်းအကျိုးရှိသည်။

၅။ ဩ လာရာဗှာန- (ကယား ၅-၅)
ဝဏ္ဏသဒ္ဒါသည် ဗှာန်တူသရကို ယူရခြင်းအကျိုးရှိသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com



၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)

ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၃၁-၃-၂၀၁၁) ကြာသပတေးနေ့

၁။ အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ပါဠိကုန်စင်အောင် ရေးပြပါ။

(က) ကာရကကျမ်းလာ ကတ္တားအနက်၌ တတိယာဝိဘတ်သက်သောသုတ်၊

(ခ) အာချာတ်ကျမ်းလာ ဘောကံအနက်၌ ယ-ပစ္စည်းသက်သောသုတ်။

၂။ အောက်ပါတို့ကို ကစ္စည်းဆရာအလိုကျ အနက်ယောဇနာခဲ့ပါ။

(က) ကာကေ ရက္ခန္တိ တဏ္ဍုလာ၊ ယဝါ ပဋိသေဓေန္တိ ဂါဝေါ။

(ခ) ဂုဏ္ဍာ တိဏ္ဍံ မာသာနံ အစ္စယေန ပရိနိဗ္ဗာယိဿတိ ဂုဏ္ဍာစ္စေဝမာဒိ။

၃။ အောက်ပါတို့ကို တိကျမှန်ကန်စွာ ဖြေဆိုပါ။

(က) ဧဝံသ-ကို ပုဒ်ဖြတ်၊ (ခ) အနေန-ကို နာမ်ရုပ်ကျဉ်းတွက်၊ (ဂ) အသိ-ကို ဓာတ်+ ပစ္စည်း+ ဝိဘတ်၊ (ဃ) သန္တိ-ကို ဓာတ်+ ပစ္စည်းတို့ဖြင့် ဝေဖန်ပြ၍၊ ကရောတု ကုသလံ- ၌ ကုသလ-လိင်နှောင် ပထမာ၊ ဒုတိယာ၊ တတိယာဝိဘတ်တို့ဖြင့် ဂိုဏ်းစဉ်ပြပါ။

၄။ နာမ်ကျမ်းလာ ကာလသတ္တမီအနက်၌ သက်သောပစ္စည်းများကို သုတ်ထောက်ဖြေဆို၍၊ ဘောဂေတု-သုတ်လာ တုသဒ္ဒါ၏ အကျိုးကိုလည်း ရေးပြခဲ့ပါ။

၅။ သရေကွစိ-သုတ်လာ ပကတိပြုရာဌာနတို့ကို ရေးပြ၍၊ သေသတော လောပံ ဂသိပိ- သုတ်၌ သေသ အပါဒါန်ဖြစ်ထိုက်သော သုတ်တို့ကိုလည်း ရူပသိဒ္ဓိဆရာအလိုကျ ဖြေဆိုခဲ့ပါ။

၆။ သန္ဓိကျမ်းလာ အသန္ဓိ ၂-ပါးနှင့် နာမ်ကျမ်းလာ တိလိင် ၂-ပါးတို့ကို ပုဒ်စစ်ကျမ်းလာ အတိုင်း ရေးသား ဖြေဆိုခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)

ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

၁။ (က) (ကတ္တရိ စ။)

(ခ) (ဘာဝကမ္မေသု ယော-သုတ်ဆိုင်ရာတို့ကို ရေးလေ)

http://www.dhammadownload.com



၂။ (က) တဏှာလုလာ- ဆန်မှ၊ ကာကေ- ကျီးတို့ကို၊ ရက္ခန္တိ- စောင့်ရှောက်ကုန်၏။
ယဝါ- မုယောစပါးမှ၊ ဂါဝေါ- နွားတို့ကို၊ ပဋိသေဓေန္တိ- တားမြစ်ကုန်၏။

(ခ) ဣတော- ဤနေ့မှ၊ တိဏ္ဏံ မာသာနံ- ၃-လတို့၏၊ အစ္စယေန- လွန်ရာအခါ၌၊ ပရိနိဗ္ဗာယိဿတိ- ပြုတော်မူလတ့်၊ ဣစ္စေဝမာဒိ- ဤသို့ အစရှိသည်တည်း။

၃။ (က) ဇဝံ အဿ။

(ခ) ဣမ တည်၊ နာ သက်၊ အနိမိ နာမိ စ-ဖြင့် ဣမ-ကို အန-ပြု၊ အတော နေန-ဖြင့် နာ-ကို နေ-ပြု၊ ခွင်း ချေ၊ ကပ်၊ အနေန-ပြီး၏။

(ဂ) အဿ ဓာတ်၊ အ- ပစ္စည်း၊ သိ ဝိဘတ်။

(ဃ) သံ ရှေးရှိသော ဓာ ဓာတ်၊ ဣ ပစ္စည်း။

ဂိုဏ်းစဉ်-

ပထမာ- ကုသလံ၊ ကုသလာ, ကုသလာနိ။

ဒုတိယာ-ကုသလံ၊ ကုသလေ, ကုသလာနိ။

တတိယာ- ကုသလေန၊ ကုသလေဟိ, ဘိ။

၄။ ကိံသဗ္ဗညေကယကုဟိ ဒါဒါစနံ- ဒါ, ဒါစနံ။

တမှာ ဒါနိ စ- ဒါ, ဒါနိ။

ဣမသ္မာ ရဟိဓုနာဒါနိ စ- ရဟိ, ဓုနာ, ဒါနိ။

တုသဒ္ဒါသည် အခြားသော ဝိဘတ်တို့ကြောင့်လည်း ဘဝန္တ-သဒ္ဒါကို ဘောန္တ, ဘန္တေ, ဘောန္တော, ဘဒ္ဒေ, ဘောတာ, ဘောတော-ပြုရခြင်းအကျိုးရှိသည်။

၅။ အကျဉ်းအားဖြင့် ဆန်းပျက်မည့်အရာ, ရှုတ်ဆိုခက်မည့်အရာ, သန္ဓိမစပ်လိုသည့်အရာ အားဖြင့် ၃-ဌာန၊

တစ်နည်း အကျယ်အားဖြင့်-

၁။ ဣတိသဒ္ဒါလည်း မနောင်း, ဆန်းစောင့်ဖွယ်လည်း မလိုသည့် အာလုပ်ပုဒ်၏ အဆုံးသရ။

၂။ သမာသ်မဟုတ်သည့် ပုဒ်ဆုံး ဒီဃသရ။

၃။ အတိတ်ကြိယာ၏ အစ, နာမ်ပုဒ်၏ အဆုံးဖြစ်သော ဣ, ဥ အက္ခရာ။ ဤ ၃-ဌာနဖြစ်သည်။

http://www.dhammadownload.com



အပါဒါန်ဖြစ်ထိုက်သော သုတ်–
သိ, သော, သျာ စ, သခတော ဂသေ ဝါ; ယတော စ–စသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ရောဝတီတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၂–၃–၂၀၁၁) အင်္ဂါနေ့

၁။ စာဖြေအရှင် "အာဂလူလေး"ဖြစ်နိုင်ရေးအတွက် အောက်ပါတို့ကို ကစ္စည်းကျမ်းမှ ရှာဖွေ ကာ သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ရေးသားခဲ့ပါ။
(က) သွာဟိသွိန် မှာဘိမှိ ဝါ–သုတ်၏ အစီအရင်ကို မပြုလေနှင့်ဟု အမိန့်ပေးသော သုတ်၊
(ခ) ကတ္တားအနက်၌ အတ္တနောပုဒ်ဝိဘတ်သက်ရမည်ဟု အမိန့်ပေးသော သု ်။

၂။ အောက်ဖော်ပြပါ ပါဠိတို့ကို ဝိဘတ်အနက်မှန်ကန်စေလျက် အနက်ပေးပြပါ.
(က) အတိပ္ပဂေါ ခေါ တာဝ သာဝတ္ထိယံ ပိဏ္ဍာယ စရိတုံ၊
(ခ) အကာရပိတာဒျန္တာနမာ၊
(ဂ) သမိဒ္ဓါနံ ပိဟာယန္တိ ဒလိဒ္ဒါ၊
(ဃ) အပိသု မံ အဂ္ဂိဝေဿန တိဿော ဥပမာ ပဋိဘံသု၊
(င) ကွစာဒိဝဏ္ဏာနမေကဿရာနံ ဒွေဘာဝေါ။

၃။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို သန္ဓိရုပ်, နာမ်ရုပ်၊ (ဂ)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် ခွဲပြပါ။
(က) ယမေဒန္တဿာဒေသော၊ (ခ) သကော၊ (ဂ) ဣဇ္ဇတော၊ ဘိက္ခူ။

၄။ ဓာတုနာမာနမုပသဂ္ဂယောဂါဒီသွပိ စ–သုတ်၌ပါသော စသဒ္ဒါအကျိုးကို ပြယုဂ်နှင့်တကွ ဖြေဆိုပြီး၊ ယုဝ–သဒ္ဒါကိုလည်း သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြခဲ့ပါ။

၅။ ပရော ဝါ သရော–သုတ်ဖြင့် ချေနိုင်သော သရများကို အကြောင်းပြ ဖြေဆို၍၊ ပဋ္ဌာဒီနမတ္တံ သုတ်၌ အ–ကို အ–ထပ်ပြုသဖြင့် ရရှိသောအကျိုးကိုလည်း ရုပ်သိဒ္ဓိအလိုကျ ရှင်းပြ ဖြေဆိုပါ။

http://www.dhammadownload.com



၆။ ကာလခြားရာ ဝဏ္ဏခြားရာတို့၌ သန္ဓိမဖြစ်ဟုဆိုရာ ကာလခြားရာ၌ သန္ဓိမဖြစ်ပုံ၊ ဝဏ္ဏခြားရာ၌ သန္ဓိမဖြစ်ပုံ-တို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ရေး၍၊ ဝိနည်းမှာ သိမ်၊ သဒ္ဒါမှာ ရှိုင်-ဟု တင်စား ပြောဆိုရာ၌ လိင်၏ သဘောအဓိပ္ပါယ်ကိုလည်း နာမ်ပုဒ်စစ်မှ ထုတ်နုတ်ရေးပါ။

## ၁၇။ ရောဝတီတိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) (န တိမေဟိ ကတာကာရေဟိ)

(ခ) (ကတ္တရိ စ-သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) တာဝ- ရှေးဦးစွာ၊ သာဝတ္ထိယံ- သာဝတ္ထိပြည်သို့၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှါ၊ စရိတွာ- ကြွသွားခြင်းငှါ၊ အတိပ္ပဂေါ ခေါ- အလွန်စောသေးသည်သာတည်း။

(ခ) (သုတ်နက်ထင်ရှားပြီ)

(ဂ) ဒလိဒ္ဒါ- ဆင်းရဲသူတို့သည်၊ သမိဒ္ဓါနံ-ကြွယ်ဝသူတို့အား၊ ပိဟယန္တိ- ချစ်မြတ်နိုးကုန်၏။

(ဃ) အဂ္ဂိဝေဿန- အဂ္ဂိဝေဿန၊ အပိဿု- စင်စစ်၊ တိဿော ဥပမာ- ဥပမာ ၃-မျိုးတို့သည်၊ မံ- ငါ၏၊ ပဋိဘံသု- ရှေးရှုဉာဏ်တွင် ထင်လာကုန်ပြီ၊ ဝါ- ဉာဏ်၏ အာရုံဖြစ်လာကုန်ပြီ။

(င) (သုတ်နက်ထင်ရှားပြီ)

၃။ (က) ယံ+ ဧ+ အန္တဿ+ အာဒေသော။

(ခ) သန္ဓိရုပ်- သယေ တည်၊ ကော ယဿ-ဟူသော သုတ္တဝိဘာဂဖြင့် ယ-ကို က-ပြု၊ သကေ-ပြီး၏။

နာမ်ရုပ်- အတ္တ တည်၊ ဒု ယောသကိ၊ အတ္တန္တော ဟိသ္မိမနတ္တံ-၌ အနတ္တသဒ္ဒါပိုဖြင့် အတ္တ-ကို သက-ပြု၊ သဗ္ဗယောနီနမာဧ-ဖြင့် ဒု ယော-ကို ဧ-ပြု၊ ခွင်း၊ ချေ၊ ကပ်၊ သကေ-ပြီး၏။

(ဂ) ဂဏ္ဍဝတေ- ယဇ ဓာတ်၊ ယ ပစ္စည်း၊ တေ ဝိဘတ်။

ဘိကျွ- ဘိက္ခ ဓာတ်၊ ရူ ပစ္စည်း၊ သိ ဝိဘတ်။

http://www.dhammadownload.com


၄။ စသဒ္ဒါသည် ယတောဟံ ဘဂိနိ-စသောပြယုဂ်တို့၌ အခြားသော အနက်တို့၌လည်း ပဥ္စမီဝိဘတ်သက်ရခြင်းအကျိုးရှိသည်။

**နာမပဒမာလာ**

ယုဝသ္မိ, ယုဝမှိ, ယုဝေ, ယုဝေသု, ယုဝါသု, ယုဝါနေသု။
ယုဝါနသ္မိ, ယုဝါနမှိ, ယုဝါနေ၊

၅။ ဝဝတ္ထိတ ဝိဘာသာ ဝါသဒ္ဒါကြောင့် ဣတ္ထိ, ဣတ္တ, ဣဒါနိ, အသိ, အပိ, ဓေ -စသည်တို့၏ သရများကိုသာ ချေနိုင်သည်၊ အခြားသရများကို မချေနိုင်။

**အ-တို အ-ထပ်ပြုရကျိုး- (ကရင် ၅-၅)**

၆။ (ပုဒ်စစ်ထင်ရှားပြီ)

## ၁၈။ ပထမပြန် အထူးအောင် ရွေးချယ်ရေးစာမေးပွဲ

## ပထမငယ်တန်း ။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ

## ၁၃၇၃-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၂၁-၆-၂၀၁၁) အင်္ဂါနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် စုံလင်စွာ ပါဠိရေးပြပါ။

(က) အာချာတ်ကျမ်းလာ ဝိဘတ် ပစ္စည်းတို့ကြောင့် အသ-ဓာတ်၏ အစ အ-ကို ချေသောသုတ်၊

(ခ) ကိတ်ကျမ်းလာ ကရ-ဓာတ်၏ ဓာတွန် ရ-ကို တ-ပြုသောသုတ်တို့တွင် အစ ပထမသုတ်၊

၂။ အောက်ပါတို့ကို မှန်ကန်စွာ အနက်ပေးပြပါ။

(က) သဗ္ဗော ဟာဝေ သဗ္ဗိ ပဝေဒယန္တိ၊

(ခ) သကမန္တာတု ဣတ္တ အသဿ ရာဇိနော ဝိဘာဝေါ၊

(ဂ) ဝေနတေယျိ ကုန္တေယျိ ဂုဏဝတီ၊

(ဃ) အညတြ သံဃသမ္မုတိယာ ဘိက္ခုဿ ဝိပ္ပဝတ္ထုံ န ဝဋ္ဋတိ၊

(င) မနသာ စေ ပဒုဋ္ဌေန။

http://www.dhammadownload.com


၃။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို နာမ်ရုပ်အကျဉ်းနှစ်မျိုး၊ (ဃ)ကို ဓာတ်+ ဝိဘတ် ဝေဖန်ပြပါ။
(က) ဒွါဓိဋ္ဌိတာ၊ (ခ) ပါတ+ အာသော၊ (ဂ) အဿ၊ (ဃ) သိဗ္ဗတိ။

၄။ တေ မေကာဝစနေသု စ–သုတ်၌ ကောဝစန– အရ ယူရမည့် ဝိဘတ်တို့ကို အကြောင်းနှင့်တကွ ဖြေဆို၍၊ အတ္တန္တော ဟိ သို့မနုတ္တံ–သုတ်လာ အနုတ္တံဟူသော ဘာဝနိဒ္ဒေသသဒ္ဒါ ဆိုရခြင်းအကျိုးကိုလည်း ဖြေဆိုပြီးလျှင်၊ (က) အာသနေ ဥပဝိဋ္ဌော သံယော၊ (ခ) ဝဓေ ဂါဝေါ ဒုဟန္တိ–ပြယုဂ်တို့သည် မည်သည့် အာဓာရ၌ ပါဝင်ကြသည်ကိုလည်း ဖြေဆိုပါ။

၅။ ယဝမဒန စသော သုတ်လာ ဒ– အက္ခရာလာရာဌာနတို့ကို သတ်မှတ်ပြပြီးလျှင် အောက်ဖော်ပြပါ ဥပသာရပုဒ် နိပါတ်ပုဒ်တို့သည် မည်သည့်အနက်၌ ဖြစ်သည်ကိုလည်း ရူပသိဒ္ဓိ ကျမ်းဆရာအလိုကျ ရေးသားဖြေဆိုပါ။
(က) သု၊ (ခ) နူန၊ (ဂ) ပုထု၊ ဝိသုံ၊ (ဃ) ဣသကံ။

၆။ အောက်ဖော်ပြပါ ပြယုဂ်တို့တွင် (က)၌မည်သည့် သန္ဓိ၊ (ခ)၌ မည်သည့်နာမ် ဖြစ်သည်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ရေးသား ဖြေဆိုပါ။
(က) မုနီစရေ၊ (ခ) စန္ဒော။

## ၁၈။ အထူးအောင် (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါဘာသာ

၁။ (က) (သဗ္ဗတ္ထာသဿာဒိလောပေါ စ။)
(ခ) (ကရဿ စ တတ္တံ တုသို့– သုတ်ဆိုင်ရာတို့ကို ရေးလေ)

၂။ (က) (ရှမ်းတောင် ၂၊ ခ–ရှ)
(ခ) အဿ ရာဇိနော– ဤမင်း၏၊ သတ္တမန္တာတု ဣဝ– သတ္တမန္တာတ်မင်း၏ ကဲ့သို့၊ ဝိဘာဝေါ– စည်းစိမ်သည်၊ (ဟောတိ– ဖြစ်၏)
(ဂ) ဝေနတေယျိ– ဂဠုန်မသည်။
ကုန္တေယျိ– ကုန္တီ၏ သမီးသည်။
ဂုဏဝတီ– ဂုဏ်ရှိသော မိန်းမသည်။

http://www.dhammadownload.com



(ဃ) ဘိက္ခုသသ– ရဟန်းအား။ သံယသမ္ဗုတိယာ– သံဃာ၏ သမုတ်ခြင်းကို၊ အညတြ– ကြဉ်၍၊ ဝိပ္ပဝတ္ထုံ– ကင်း၍ နေခြင်းငှါ၊ န ဝဋ္ဋတိ– မအပ်။

(င) ပဒုဒ္ဓေန– ပြစ်မှားလိုသော၊ ဝါ– ဖျက်ဆီးအပ်သော၊ မနသာ– စိတ်ဖြင့်၊ စေ (ဘာသတိ ဝါ)– အကယ်၍မူလည်း ပြောဆိုအံ့။

၃။ (က) ဒု+ အဓိဋ္ဌိတံ။

(ခ) ပါတရာသော။

(ဂ) တ တည်၊ သ သက်၊ သဿာဿိသ်သာဿတ္တံ–ဖြင့် တ–ကို အ–ပြု၊ သ–လာ၊ အဿ–ပြီး၏။

(တစ်နည်း) တုမ် တည်၊ သ သက်၊ တုမသဒ္ဒဿ စ–ဖြင့် တုမ–ကို အ–ပြု၊ သ–လာ၊ အဿ–ပြီး၏။

(ဃ) သိဂု ဓာတ်၊ တိ ဝိဘတ်။

၄။ န အံမို– သုတ်က ဒုတိယာ ကေဝုစ်ကို တားမြစ်လတ့်ဖြစ်သောကြောင့် စတုတ္ထီ၊ ဆဋ္ဌီ ကေဝုစ်ကိုသာ ယူရသည်။

ဘာဝနိဒ္ဒေသဆိုရကျိုး– (ရှမ်းမြောက် ၄–၅)

(က) ဩပသိလေသိကာဓာရ။

(ခ) သာမီပိကာဓာရ။

၅။ ဒ–အက္ခရာသည် ဥ ဥပသာရ, သကိ, ကေနစိ, ကိဉ္စိ, ကိသ္မိဉ္စိ, ကောစိ, သမ္မာ, ယာဝ, တာဝ, ပုန, ယ, တ, တေ, အတ္တ, သ– စသည်တို့နောင် လာသည်။

(က) သောဘန, သုဋ္ဌု, သမ္မာ, သမိဒ္ဓိ, သုခအနက်စသည်။

(ခ) အနုမာန, အနုဿရဏ, ပရိဝိတက္ကနအနက်။

(ဂ) ပုထု– ပုထုပကာရ, အသဟာ်တအနက်။

ဝိသုံ– အသဟာ်တအနက်။

(ဃ) အပ္ပအနက်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com



## ၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

### ၁၃၇၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၃) ရက်၊ (၁-၄-၂၀၁၁) သောကြာနေ့

၁။ သနားကြင်နာခြင်းရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်နိုင်သော စိတ်တို့ကို သမာနဝါဒအလို၊ ကေစိဝါဒအလိုအားဖြင့် ခွဲခြားရေတွက်ပြ၍၊ အကုသိုလ်စိတ်အားလုံးနှင့် ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း တိကျစွာ ရေတွက်ပြခဲ့ပါ။

၂။ အောက်ပါတို့၏ အရကို သိသာရုံမျှ အသီးအသီး ဖော်ပြခဲ့ပါ။

(က) ဈာနထိုက်သော အဟိတ်စိတ်၊ (ခ) ဈာနထိုက်သော ဝိပါက်စိတ်၊

(ဂ) ဈာနမထိုက်သော ကိရိယာစိတ်၊ (ဃ) မဟဂ္ဂုတ်ရုံဝိထိ၌ မပါဝင်သော ဈာန၊

(င) အမြဲတမ်း တစ်ကြိမ်သာ စောသော ဈာန။

၃။ ပုဂ္ဂိုလ်အလိုက် ကာမဈာနနှောင် အပ္ပနာဈာန စောပုံပြ သင်္ဂဟဂါထာကို တိကျမှန်ကန်စွာ အနက်ပေးပြခဲ့ပါ။

၄။ နာမ်တရား လုံးဝမရှိသော ဖြပ္ဗာ၏ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတရားတို့ ဖြစ်ပျက်ပုံကို ပြဆိုသော သင်္ဂဟပါဌ်၊ ယင်းဖြပ္ဗာ၏ ရုပ်ဖြစ်စဉ်ပြ သင်္ဂဟပါဌ်တို့ကို တိကျစွာ ရေးသားပြခဲ့ပါ။

၅။ အောက်ပါတို့၏ အထူးကို ဋီကာဆရာအာဘော်နှင့်အညီ ဖြေဆိုပြခဲ့ပါ။

(က) ဒေါမနဿနှင့် ပဋိဃ၊ (ခ) ဆန္ဒနှင့် လောဘ၊ (ဂ) ဉာဏ်နှင့် ဒိဋ္ဌိ။

၆။ အဘယ့်ကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတီမယှဉ်ရပါသနည်း ဖြေဆို၍၊ အရူပဘုံ၌ ဝတ္ထုရုပ် ခြောက်ပါးလုံး မရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

## ၁။ ကချင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ သမာနဝါဒ- မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈၊ ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ ပေါင်း ၂၈။

ကေစိဝါဒ- မဟာကုသိုလ် သောမနဿ ၄၊ မဟာကြိယာသောမနဿ ၄၊ ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ ပေါင်း ၂၀။

http://www.dhammadownload.com



စေတသိက်– သဗ္ဗစိတ္တသာဓာရဏ ၇၊ ဝိတက်, ဝိစာရ, ဝီရိယ၊ မောစတုက် ၄၊ ပေါင်း ၁၄။

၂။ (က) ဟသိတုပ္ပါဒ်၊
(ခ) ဖိုလ်စိတ်။
(ဂ) အာဝဇ္ဇန်းနွေး။
(ဃ) ရူပဘုံဖြစ်က ဒေါသဇော မပါဝင်။
(င) အဘိညာဉ်ဇော၊ မဂ်ဇော၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော။

၃။ (ပုထုဇ္ဇနာနံ့ သေက္ခာနံ–စသော ဂါထာကို အနက်ရေးလေ)

၄။ (အသညသတ္တာနံ ပန ရူပမေဝ ။ပ။ ရူပမေဝ ပဝတ္တိတ္တ္ဝာ နိရုဇ္ဈတိ။ နှင့်
အသညသတ္တာနံ ပန စက္ခုသောတ ။ပ။ အတိရိစ္စတိ။)

၅။ (က) ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၍ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော တရား တစ်မျိုး။
ပဋိဃသည် ကြမ်းတမ်းခြင်း သဘောရှိသော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော တရား တစ်မျိုး။ ဤသို့ ထူးသည်။
(ခ) စိတ်၏ အာရုံပြုလိုကာမတ္တသည် ဆန္ဒ၊ ထိုအာရုံ၌ အလွန်တပ်မက်ခြင်းသဘောသည် လောဘ၊ ဤသို့ ထူးသည်။
(ဂ) ဉာဏ်သည် အာရုံကို ဟုတ်တိုင်းမှန်စွာ သိတတ်သည်၊ ဒိဋ္ဌိသည် ဟုတ်မှန်သော သဘောကို စွန့်၍ မဟုတ်မမှန်သောအားဖြင့် ယူတတ်သည်၊ ဤသို့ ထူးသည်။

၆။ သီလစင်ကြယ်ခြင်း၏အစွမ်းအားဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယ, ဝစီ ပယောဂရှိသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ကာယ, ဝစီပယောဂကို သုတ်သင်ခြင်းမဖက် သက်သက် စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂုတ်စျာန်များ ဖြစ်နိုင်သည်၊ ကာယကံ, ဝစီကံတို့ကို သုတ်သင်ခြင်း၏အစွမ်းအားဖြင့် ဖြစ်သည်မဟုတ်၊ ဒုစရိုက်, ဒုရာဇီဝတို့ကို အကြွင်းမဲ့ဖြတ်ခြင်း တစ်ဖန် ငြိမ်းစေခြင်း၏ အစွမ်းဖြင့်လည်း ဖြစ်သည်မဟုတ်၊ ထို့ကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတီ မယှဉ်ပါ။

http://www.dhammadownload.com



**ဝတ္ထု ခြောက်ပါးလုံး မရကြောင်း–**

အရူပဗြဟ္မာတို့သည် ရူပဝိရာဂဘာဝနာကြောင့် အရူပဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း မရှိသောကြောင့် အရူပဘုံ၌ ဝတ္ထုရုပ် ၆–ပါးလုံး မရပါ။

## ၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

## ၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁–၄–၂၀၁၁) သောကြာနေ့

၁။ မဟဂ္ဂုတ်ပဋှမဈာန်စိတ်၌ ယှဉ်နိုင်သော စေတသိက်တို့ကို ပြဆိုသော စုဏ္ဏိယပါဠိနှင့် ဝီထိ ပိုင်းလာ အသညသတ်ပုဂ္ဂိုလ်တို့အား စိတ်မဖြစ်နိုင်ပုံကို ပြဆိုသော စုဏ္ဏိယပါဠိကို ပါဠိ ရေးပြခဲ့ပါ။

၂။ ရုပ်ကလာပ်ဖွဲ့ဆိုနိုင်ရန် လိုအပ်သော လက္ခဏာ ၄–ပါးပြ သင်္ဂဟပါဠိနှင့် ဗောဓိပက္ခိယ တရားများ ရသင့် ရထိုက်သော စိတ်ကို သတ်မှတ်ပြဆိုသော သင်္ဂဟဂါထာတို့ကို မှန်ကန် စွာ အနက်ရေးပါ။

၃။ မဟာကုသိုလ် တတိယဒွေး၏ အမြဲတမ်းယှဉ်နိုင်သော စေတသိက်တို့ကို သင်္ဂဟပါဠိ ထောက်၍ ကောက်ပြပြီးလျှင်၊ မောဟမူဒွေးကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရတို့ဖြင့် ဝေဘန်ပြပါ။

၄။ ပဋိသန္ဓေစိတ်မည်ပုံကို ပါဠိသာဓကထောက်၍ ဖြေဆိုပြီးလျှင်၊ အမိဝမ်းတွင်းကိန်းအောင်း နေသော သတ္တဝါတို့၏ သန္တာန်၌ ရနိုင်သော ရုပ်ကလာပ်များကိုလည်း ပဋိသန္ဓေ, ပဝတ္တိ အခါအားဖြင့် ခွဲခြားပြပါ။

၅။ အကုသိုလ်မည်ခြင်း၏ အကြောင်းကို ဥပမာနှင့်တကွ ထင်ရှားအောင် ဖြေဆို၍၊ ဉာဏ်နှင့် ဒိဋ္ဌိတို့၏ ထူးခြားပုံကိုလည်း (ဋီ)အလိုကျ ဖြေဆိုပါ။

၆။ လောကုတ္တရာစိတ်၏ သင်္ဂဟနည်း၌ အပ္ပမညာကို အဘယ်ကြောင့် ကြဉ်ရပါသနည်း? ဖြေဆို၍၊ မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်ပါလျက် အဘယ်ကြောင့် ဇောကိစ္စ တစ်ရပါ သနည်း ဋီကာကျော် အလိုကျ ဖြေဆိုပါ။

http://www.dhammadownload.com



## ၂။ ကယားပြည်နယ် (အဖြေ)

### ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (မဟဂ္ဂတေသု ပန တီသု ။ပ။ ပဥ္စတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ-ကိုလည်းကောင်း။ အသညသတ္တာနံ ပန သဗ္ဗထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါတိ-ကိုလည်းကောင်း ရေးလေ)

၂။ (ကေပ္ပါဒိ, ကေနိရောဓ-စသော ပါဠိနှင့် သဗ္ဗေ လောကုတ္တရေ ဟောန္တိ-စသော ဂါထာတို့ကို အနက်ရေးလေ)

၃။ ပီတိကြဉ် အညသမာန်း ၁၂၊ ဝိရတီ, အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀၊ ပေါင်း ၃၂။

**အထောက်-** အပ္ပမညာဝိရတိယော ပနေတ္ထ ပဉ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ။ တတိယဒွယေ ဉာဏသမ္ပယုတ္တာ ပီတိဝဇ္ဇိတာ။

မောဟမူဒွေသည် ဥပေက္ခာဝေဒနာ, ဟေတ်, ဓောကိစ္စ, ၆-ဒွါရ။

၄။ ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သောကြောင့် ပဋိသန္ဓေစိတ်မည်သည်။

**သာဓက-** ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ။

**ရနိုင်သော ရုပ်ကလာပ်-**

ပဋိသန္ဓေ- ကာယ, ဘာဝ, ဝတ္ထုဒသကအားဖြင့် ကလာပ် ၃-စည်း။

ပဝတ္တိ- ပုဂ္ဂိုလ်အလိုက် ကလာပ် ၂၀။

၅။ မိတ်ဆွေ၏ ဆန့်ကျင်ဘက် ရန်သူကဲ့သို့ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အကုသိုလ်မည်သည်။

**ဉာဏ်နှင့် ဒိဋ္ဌိ အထူး (ကချင် ၅၊ ၈-ရှု)**

၆။ အပ္ပမညာတို့သည် သတ္တဝါပညတ်လျှင် အာရုံရှိသောကြောင့်လည်းကောင်း၊ လောကုတ္တရာစိတ်တို့သည် နိဗ္ဗာန်လျှင် အာရုံရှိသောကြောင့်လည်းကောင်း ဤသို့ အာရုံကွဲပြားသဖြင့် ကြဉ်ရသည်။

**မဂ်စိတ် ဓောကိစ္စတစ်ကြောင်း-**

ဇောသဘောရှိသောကြောင့် မဂ်စိတ်သည် ဇောကိစ္စတစ်သည်။

http://www.dhammadownload.com



၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁-၄-၂၀၁၁) သောကြာနေ့

၁။ အောက်ပါတို့ကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။
(က) ဝစီကံလေးပါးပြ သင်္ဂဟပါဠိ၊
(ခ) မနောကံသုံးပါးပြ သင်္ဂဟပါဠိ။

၂။ နိဗ္ဗာန်ဂုဏ်ရည် ၅-ပါးပြ သင်္ဂဟဂါထာကို အနက်မှန်မှန် ရေးခဲ့ပါ။

၃။ လူ့ဘဝမှ စုတေ၍ လူ့ဘဝမှာပင် လူပြန်ဖြစ်သော်လည်း လူစဉ်မမီသော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်ကို ကောက်ပြ၍၊ ယင်းစိတ်၏ (က) တကွဖြစ်ဖက် စေတသိက်၊ (ခ) ဆောင်ရွက်သော ကိစ္စတို့ကိုလည်း မှန်ကန်စွာ ရေးသားခဲ့ပါ။

၄။ သေခါနီးကာလစသည်, တန်ခိုးပြာဋိဟာပြရာ ကာလစသည်တို့၌ ကာမဇောတို့၏ စောသောအကြိမ်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုပြီးလျှင်၊ မြေငလျှင်ဒဏ်, ရေလှိုင်းဒဏ် တို့ကြောင့် သေဆုံးသောပုဂ္ဂိုလ်များသည် သေခြင်းလေးမျိုးတို့တွင် မည်သည့်သေခြင်းမျိုး ဖြစ်သည်ကိုလည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၅။ အောက်ပါတို့ကို ဖြေဆိုခဲ့ပါ။
(က) တဒါရုံကျကြောင်း အင်္ဂါ ၃-ပါး။
(ခ) အသညသတ်ပြဟ္မာ၏ ပဋိသန္ဓေနှင့် သက်တမ်း။
(ဂ) လောဘမူလကြောင့် ဖြစ်သော အကုသိုလ်ကံ ၃-ပါး။
(ဃ) ဂဗ္ဘသေယျက သတ္တဝါတို့ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်။

၆။ အောက်ပါတို့ကို ဋီကာကျော်အဖွင့်နှင့်အညီ ဖြေဆိုခဲ့ပါ။
(က) မောဟမူဒွေး၌ သင်္ခါရအပြား မရှိခြင်းအကြောင်း။
(ခ) အဟိတ်စေတသိက် မရှိရခြင်းအကြောင်း။
(ဂ) နိဗ္ဗာန်, ပညတ်တို့ ကာလဝိမုတ်မည်ခြင်းအကြောင်း။

http://www.dhammadownload.com



## ၃။ ကရင်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (က) (မှသာဝါဒေါ ။ပ။ ဝစီကမ္မံ နာမ။)

(ခ) (အဘိဇ္ဈာ ။ပ။ မနောကမ္မံ နာမ–ကို ရေးလေ)

၂။ (ပဒမစ္စုတမစ္စုတ္တံ– စသော ဂါထာကို အနက်ရေးလေ)

၃။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်။

(က) ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်း ၁၀။

(ခ) ပဋိသန္ဓိ, ဘဝင်, စုတိ, သန္တီရဏ, တဒါရမ္မဏအားဖြင့် ၅–ကိစ္စ။

၄။ သေခါနီးကာလစသည်၌ မှီရာဝတ္ထုအားနည်းသောကြောင့် ၅–ကြိမ်။

တန်ခိုးပြာဋိဟာပြရာကာလစသည်၌ လျင်စွာဖြစ်ရကြောင့် ၄–ကြိမ်, ၅–ကြိမ် စောရသည်။

သေခြင်းမျိုး–

အသက်, ကံ ကုန်၍ မဟုတ်ဘဲ ကံဆိုးဖြတ်ခွ၍ သေရခြင်းမျိုး မဟုတ်သောကြောင့် ဥပစ္ဆေဒကမရဏမည်သည်။

၅။ (က) ကာမဇောနောင် ဖြစ်ခြင်း, ကာမသတ္တဝါဖြစ်ခြင်း, ကာမအာရုံဖြစ်ခြင်း။

(ခ) ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေ၍ မဟာကပ် ၅၀၀ သက်[illegible]သည်။

(ဂ) ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ။

(ဃ) ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ်။

၆။ (က) အခါခပ်သိမ်း ယုံမှားပျံ့လွင့်သဖြင့် သဘောအားဖြင့် [illegible]သည်၏အဖြစ်, တိုက်တွန်း အပ်သည်၏ အဖြစ် မရှိ၊ ထို့ကြောင့် သင်္ခါရအပြားမရှိပါ။

(ခ) အဟိတ်စိတ်၌ သီးခြားယှဉ်သော စေတသိက် မရှိသောကြောင့် အဟိတ် စေတသိက်မရှိပါ။

(ဂ) ပျက်စီးခြင်းသဘောမရှိသည့်အတွက် အတိတ်စသော ကာလ၏အစွမ်းဖြင့် မဆိုအပ် သောကြောင့် ကာလဝိမုတ်ဖြစ်ရသည်။

http://www.dhammadownload.com



## ၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁-၄-၂၀၁၁) သောကြာနေ့

၁။ မဟာကုသိုလ်စိတ် ရှစ်ပါးတို့တွင် စေတသိက်အများဆုံးယှဉ်နိုင်ခွင့်ရှိသော စိတ်တို့ကို မှန်ကန်စွာ ဖော်ထုတ်ပြ၍၊ နမြောမှု (မစ္ဆရိယ)စေတသိက်၏ သဘောလက္ခဏာကိုလည်း မှန်ကန်စွာ ဖြေဆိုပြပါ။

၂။ အသည်းသတ်ကြည်သော ရုပ ၁၅-ဘုံ၌ ဖြစ်နိုင်ခွင့်ရှိသော အဟိတ်စိတ်တို့ကို မှန်ကန်စွာ ရေတွက်ပြ၍၊ စက္ခုဒွါရဝီထိ၌ ဖြစ်နေကြသော စိတ်အစဉ်ဝယ် စက္ခုဝိညာဏ်မှ ထောက် ၃-ခုမြောက် စိတ်၏ အမည်ကိုလည်း မှန်ကန်စွာ ဖော်ပြပေးပါ။

၃။ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကံ၏ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုး- ပေးပုံပြ သင်္ဂဟစုဏ္ဏိယ ပါဠိကို ပါဠိသက်သက် ရေးသားပြပါ။

၄။ မရဏာသန္နဝီထိယံ ပနေတ္ထ မန္ဒပ္ပဝတ္တာနိ ပဉ္စေဝ ဇဝနာနိ ပါဋိကင်္ခိတဗ္ဗာနိ-ဟူသော သင်္ဂဟပါဠိကို မှန်ကန်စွာ အနက်ပေးပြပါ။

၅။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားဖြင့် ပရမတ္ထတရား လေးပါးရှိရာဝယ် ယင်းလေးပါးထဲမှ ရုပ်-မည်ခြင်း၏ အကြောင်းရင်းကို ဋီကာကျော် အလိုကျ ပေါ်လွင်စွာ ဖြေဆိုပြပါ။

၆။ သောမနဿ, ဥပေက္ခာ-ဟုဆိုအပ်သော ဝေဒနာနှစ်မျိုးတို့တွင် ဥပေက္ခာဝေဒနာ-ဖြစ်ခြင်း၏ အင်္ဂါရပ်တို့ကို ဋီကာကျော်အဖွင့်နှင့် အညီ ဖြေဆိုပြပါ။

## ၄။ ချင်းပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ မဟာကုသိုလ် ပထမဒွေး။

လက္ခဏာ- မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း, ဝန်တိုခြင်းသဘောလက္ခဏာ။

၂။ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုန်းဒွေး၊ သန္တီရဏ ၃-ခု၊ အဟိတ်ကိရိယာ ၃-ခု၊ ပေါင်း ၁၂။

http://www.dhammadownload.com


**စိတ်အမည်–** သန္တီရဏ။

၃။ တတ္ထာပိ တိပေတုကမုဉ္စဒ္ဒ ကုသလ် တိဟေတုကံ ပဋိသန္ဓိ ဒတွာ ပဝတ္တေ သောဠသ ဝိပါကာနိ ဝိပစ္စတိ။

၄။ (အနက်ထင်ရှားပြီ)

၅။ အချမ်း, အပူ စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ရှေးရုပ်စဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းသည် ရုပ်မည်သည်။

၆။ **ဥပေက္ခာဝေဒနာဖြစ်ခြင်းအင်္ဂါ–**
ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်ခြင်း, ဥပေက္ခာပဋိသန္ဓေနေခဲ့ခြင်း, နက်နဲသော သဘောရှိခြင်း (အကုသိုလ်အရာ)။
သဒ္ဓါအားနည်းခြင်း, ပညာဉာဏ်အမြင်နှင့် မပြည့်စုံခြင်း, လျှုဖွယ်ပစ္စည်း အလှူခံပုဂ္ဂိုလ် စသည်တို့နှင့် မပြည့်စုံခြင်း (ကုသိုလ်အရာ)

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃–၃–၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဓမ္မာရုံပြပါဠိနှင့်၊ ဓမ္မာယတန ဓမ္မဓာတ်ပြပါဠိတို့ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

၂။ ရုပ်သံသရာစက် လည်ပုံပြ သင်္ဂဟဂါထာကို အနက်ရေးသားခဲ့ပါ။

၃။ သမ္ဘာရမ္မဏ အဟိတ်စိတ်ကို ဖော်ပြ၍၊ ထိုစိတ်၏ သမ္ပယုတ္တဓမ္မ, ကိစ္စ, ဒွါရ, ဝတ္ထုတို့ကို လည်း ရေးသားခဲ့ပါ။

၄။ (က) ကာမဘဝေ ၅–ကြိမ် စောရာအခါ၊ (ခ) ဒွိဟိတ်ပုဂ္ဂိုလ်တို့ ရနိုင်သော ဇော၊
(ဂ) ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အရင်းခံဖြစ်သော တရား။
(ဃ) ဘဝင်စ၍ ဖြစ်ရာအခါတို့ကို ဖော်ပြခဲ့ပါ။

၅။ မြတ်စွာဘုရားရှင်အား တူသောပုဂ္ဂိုလ် မရှိခြင်းအကြောင်းနှင့် (က) အာကာသာနန္တ၊ (ခ) ဝိညာဏဉ္စ၊ (ဂ) အာကိဉ္စညာ အရပ်ကိုလည်း ကောက်ပြခဲ့ပါ။

http://www.dhammadownload.com



၆။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခကြဉ်ရခြင်းအကြောင်းနှင့်၊ အရူပဘုံ၌ ဆဝတ္ထု မဖြစ်ခြင်းအကြောင်းတို့ကို ရေးသားခဲ့ပါ။

## ၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဓမ္မာရမ္မဏံ ပန ။ပ။ ဆဓာ သင်္ဂဟိတိ – နှင့်
ဇွေ့ ပန စေတသိက ။ပ။ သဗ် ဂစ္ဆန္တိ– တို့ကို ရေးလေ)

၂။ (ကုစ္ဆေဝံ မတသတ္တာနံ ။ပ။ ရူပံ ပဝတ္တတိ– ဂါထာကို အနက်ရေးလေ)

၃။ မနောဒွါရာဝဇ္ဇန်း။
သမ္ပယုတ္တဓမ္မ– ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁။
ကိစ္စ– အာဝဇ္ဇန, ဝေါဋ္ဌဗ္ဗနအားဖြင့် ၂–ကိစ္စ။
ဒွါရ– ၆–ဒွါရ။
ဝတ္ထု– ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

၄။ (က) မရဏာသန္နအခါ စသည်။
(ခ) အကု ၁၂၊ မဟာကု ၈။
(ဂ) တဏှာနုသယ။
(ဃ) ပဋိသန္ဓေချုပ်သည်မှ စ၍ ဖြစ်သည်။

၅။ သီလအစရှိသော ဂုဏ်တို့ကြောင့် တူသောပုဂ္ဂိုလ်မရှိပါ။
(က) ကသိုဏ်း ၉–ပါးတွင် တစ်ပါးပါးကို ရှု၍ ရအပ်သော ကောင်းကင်ပညတ်။
(ခ) ပထမာရုပ္ပဝိညာဉ်။
(ဂ) ပထမာရုပ္ပဝိညာဉ်မရှိခြင်း နတ္ထိဘောပညတ်။

၆။ အဓိမောက္ခသည် ဆုံးဖြတ်ခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် နှစ်လုံးနှစ်ခွ ဖြစ်ခြင်းသဘောရှိသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မယှဉ်နိုင်ပါ။
ဆဝတ္ထုမရှိကြောင်း– (ကချင် ၆–၅)

http://www.dhammadownload.com



၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)

ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁-၄-၂၀၁၁) သောကြာနေ့

၁။ အပါယ်ဘုံသားတို့၏ ပဋိသန္ဓေစိတ်ပြ သင်္ဂဟစုဏ္ဏိယပါဠိကို ရေးသားပြပါ။

၂။ ရုပ်သံသရာစက်လည်ပုံပြ သင်္ဂဟဂါထာကို အနက်ပေးပြပါ။

၃။ ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်သူ၏ သန္တာန်၌ဖြစ်သောစိတ်ကို ဖော်ပြ၍၊ အနိယတယောဂီ ဝိသေသက နှစ်မည်ရသော စေတသိက်တို့ကိုလည်း ဖော်ပြပါ။

၄။ အောက်ပါတို့ကို အရကောက်ပြပါ။

(က) ပုညာပုညာနိ ဝိသတိ-၌ အပုည-အရ၊

(ခ) ဒေါသမူဒွေး၏ ဝေဒနာနှင့် ဟိတ်၊

(ဂ) ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်များ။

(ဃ) အညာတာဝိန္ဒြေ-အရ ယူရမည့် တရား။

၅။ မဟာကုသိုလ်စိတ်၌ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း တရားများကို ဋီကာကျော်အလိုကျ ရေးခဲ့ပါ။

၆။ ဆန္ဒနှင့် လောဘ အထူးကို ရေးသားပြီးလျှင်၊ ယေဘုယျေန ဘဝင္ဂရေ-၌ ဘဝင္ဂရ-အရ ယူရမည့် ဘဝကိုလည်း ဋီကာကျော်အလိုကျ ရေးသားခဲ့ပါ။

၆။ တနင်္သာရီတိုင်းဒေသကြီး (အဖြေ)

ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ ။ပ။ အယမေကာပါယပဋိသန္ဓိ နာမ။ ကို ရေးလေ)

၂။ (ဣစ္စေဝံ မတသတ္တာနံ-စသော ဂါထာကို ရေးလေ)

http://www.dhammadownload.com



၃။ မဟာကုသိုလ် ပထမဒွေ။
မှတ်ချက်- သောမနဿ ဉာဏသမ္ပယုတ်ကို ရည်ရွယ်၍ ဖြေဆိုခြင်းဖြစ်သည်၊ သဒ္ဒါသာမန်ကို ရည်ရွယ်လျှင် မဟာကုသိုလ်စိတ် ၈-ပါးလုံးရသည်၊ သောမနဿဖြစ်ကြောင်းတွင် ဗလဝသဒ္ဓါ(အားကြီးသော သဒ္ဓါ)ဟု ဆိုသဖြင့် သောမနဿကိုလည်းကောင်း ကံ, ကံ၏ အကျိုးကို ယုံကြည်သိမြင်မှုသည် ကမ္မဿကတာ ဉာဏ်ဖြစ်၍ ဉာဏ်သမ္ပယုတ်ကိုလည်းကောင်း ရည်ရွယ်၍ ပထမဒွေ ဟု ဆိုခြင်းဖြစ်သည်။
**နှစ်မည့်ရ စေတသိက်-ဝိရတီ ၃၊ အပ္ပမညာ ၂။**

၄။ (က) အကုသိုလ် စိတ် ၁၂။
(ခ)· ဒေါမနဿဝေဒနာ၊ ဒွိဟိတ်။
(ဂ) အာကာသဓာတ်၊ လက္ခဏာရုပ် ၄။
(ဃ) အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာစေတသိက်။

၅။ **ဉာဏသမ္ပယုတ်ဖြစ်ကြောင်း-**
ပညာကို ဖြစ်စေတတ်သော ကံကို ဆည်းပူးခဲ့ခြင်း။ ဗြဟ္မာဘုံ၌ဖြစ်ခြင်း။ ဣန္ဒြေရင့်ခြင်း။ ကိလေသာတို့မှ ဝေးခြင်း။

၆။ **ဆန္ဒနှင့် လောဘ အထူး- (ကချင် ၅-ရှု)**
**ဘဝ အရ- အခြားမဲ့ တစ်ဘဝကိုသာ ယူ။**

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ ခွဲ (ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ အောက်ပါ သင်္ဂဟပါဠိတို့ကို မှန်ကန်စွာ ရေးပြခဲ့ပါ။
(က) ပကိဏ္ဏကသင်္ဂဟလာ မျက်စိတံခါးပေါက်၌ ဝင်ထွက်သွားလာဖြစ်နေသော စိတ်တို့ကို ပြသော ပါဠိ၊ .
(ခ) နာမ်သက်သက် ဗြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ် အာရုံပြပါဠိ၊

http://www.dhammadownload.com


၂။ အောက်ပါ သင်္ဂဟပါဠိများကို အနက်ရေးပြပါ။
(က) အာရုံသဘောကို ခံစားသောဖောများ၏ ဖြစ်သောအကြိမ်ကိုပြ သင်္ဂဟဂါထာ၊
(ခ) ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာကြောင့် မဖြစ်နိုင်ရာသော သနားစရာ ရုပ်လေးမျိုးတို့၏ ထိုမဖြစ်နိုင်ပုံ အကြောင်းပြ သင်္ဂဟပါဠိ။

၃။ ဝေဟပ္ဖိုလ်ဘုံရောက်မှ မဖြစ်နိုင်သော အကုသိုလ်စိတ်တို့ကို ယှဉ်ရာစေတသိက်တို့နှင့်တကွ တွဲစပ်ဖြေဆို၍ စာကျက်ရာ၌ ရန်သူဖြစ်သော ထိနမိဒ္ဓစေတသိက်တို့၏ ယှဉ်ရာစိတ်တို့တွင် အစဉ်အတိုင်း ရေတွက်ရာ၌ နောက်ဆုံးစိတ်ကို ဝေဒနာ, ဟေတု, ကိစ္စ, ဒွါရ, ဝတ္ထုတို့ဖြင့် ဝေဘန်ပြီး စိတ္တဇကလာပ်အသင်းတွင် ပါဝင်သော ရုပ်အမည်စာရင်းတို့ကိုလည်း ဖော်ထုတ်ရေတွက်ပြပါ။

၄။ ရုပ်မရှိသောဘုံ၌ ရနိုင်သော ဝီထိစိတ်တို့ကို ကောက်ပြ၍ ဖနေတိ သဒိသံ ပါကံ-နှင့်အညီ အကြောင်းရှုပကုသိုလ်ကံများက တူသောအကျိုး ရှုပဝိပါက် ပဋိသန္ဓေ အသီးသီးဖြစ်စေပုံကို ဖြေဆိုပြီး သောဠသိန္ဒြိယ ဓမ္မာ စ-၌ သောဠသအရတို့ကိုလည်း ကောက်ပြခဲ့ပါ။

၅။ (က) ဤလောက၌ မိစ္ဆာဒိဋ္ဌိဖြစ်ရခြင်း၏ အကြောင်း။
(ခ) စတုပညာသဓာ ကာမေ-၌ပါသော စိတ်တို့သည် ကာမဘုံ၌သာမက ရှုပ, အရှုပဘုံတို့၌လည်း ဖြစ်နိုင်ပါလျက် ကာမဘာဝထဲကစိတ်ဟုသာ ဆိုရသည်ကို ဥပမာနှင့်တကွအကြောင်းပြလျက် ဋီကာအလိုကျ ရှင်းလင်း ဖြေဆိုခဲ့ပါ။

၆။ ငိုက်မျဉ်းခြင်း မိဒ္ဓကို ကေစိဆရာတို့က ရုပ်ဟုဆိုရာ ထိုအဆို မှန်/မမှန်ကို ဥပမာနှင့်တကွသောအကြောင်းကိုလည်းကောင်း။ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဇောကိစ္စ မတတ်နိုင်ခြင်း၏အကြောင်းကိုလည်းကောင်း ဋီကာနှင့်အညီ ဖြေဆိုပါ။

၇။ ပဲခူးတိုင်းဒေသကြီး/ အနောက်ပိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (က) (တတ္ထ ပဉ္စဒွါရာဝဇ္ဇန ။ပ။ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ။)
(ခ) (တထာ အရှုပပဋိသန္ဓိယာ စ ။ပ။ ယထာရဟမာရမ္မဏံ ဟောတိ။တို့ကို ရေးလေ)

http://www.dhammadownload.com



၂။ (က) (သတ္တက္ခတ္တုံ ပရိတ္တာနိ– စသော ဂါထာကို ရေးလေ။)
(ခ) (ဖာယမာနာဒိရူပါနံ– စသော ဂါထာကို ရေးလေ)

၃။ ဒေါသမူစိတ် ၂။
စေတသိက်–ပီတိကြဉ်သော အညသမာန်း ၁၂၊ မောစတုက် ၄၊ ဒေါစတုက် ၄၊ ထိန, မိဒ္ဓ၊ ပေါင်း ၂၂။
ဝေဒနာ– ဒေါမနဿဝေဒနာ။
ဟေတု– ဒွိဟိတ်။
ကိစ္စ– ဇောကိစ္စ။
ဒွါရ– ၆–ဒွါရ။
ဝတ္ထု– ဟဒယဝတ္ထုကို အမှီပြု။
**ရုပ်အမည်စာရင်း–**
ဘူတရုပ်, ဂေါစရရုပ်, အာဟာရရုပ်, အဝိနိဗ္ဘောဂရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်။

၄။ လောဘမူ, မောဟမူ–၁၀၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ်–၈၊ မဟာကြိယာ– ၈၊ အရူပ ကု ၄၊ အရူပ ကြိ ၄၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ၇–ခုအားဖြင့် ၄၂။
**အသီးသီးဖြစ်စေပုံ–**
ပထမဈာန်ကုသိုလ်က– ပထမဈာန်ဝိပါက်၊ (ပထမဈာန်ဘုံ)
ဒုတိယဈာန်ကုသိုလ်က– ဒုတိယဈာန်ဝိပါက်၊ (ဒုတိယဈာန်ဘုံ)
တတိယဈာန်ကုသိုလ်က– တတိယဈာန်ဝိပါက်၊ (ဒုတိယဈာန်ဘုံ)
စတုတ္ထဈာန်ကုသိုလ်က– စတုတ္ထဈာန်ဝိပါက်၊ (တတိယဈာန်ဘုံ)
ပဉ္စမဈာန်ကုသိုလ်က– ပဉ္စမဈာန်ဝိပါက်။ (စတုတ္ထဈာန်ဘုံ)
**သောဠသ–**
ပသာဒရုပ် ၅၊ ဘာဝရုပ် ၂၊ ဇီဝိတရုပ်၊ ဇီဝိတိန္ဒြေ စေတသိက်၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ။

၅။ (က) အယူဖောက်ပြန်ပျက်စီးသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။ သဿတအယူ, ဥစ္ဆေဒအယူ ရှိခြင်း။

http://www.dhammadownload.com



(ခ) တိရစ္ဆာန်ကို လူမိန်းမဝမ်း၌ ဖြစ်သော်လည်း တိရစ္ဆာန်မျိုး၌ အကျုံးဝင်သောကြောင့် တိရစ္ဆာန်တို့၌သာ သွင်းယူရေတွက်သကဲ့သို့ အခြားသော ရူပ, အရူပဘုံတို့၌ ဖြစ်သော ကာမစိတ်ကို ကာမတဏှာ၏ အာရုံအဖြစ်ဖြင့် ကာမဘုံ၌သာ အကျုံးဝင်သောကြောင့် ကာမဘာဝထဲက စိတ်ဟုသာ ဆိုရသည်။

၆။ ကာမစ္ဆန္ဒ စသော တရားတို့ကို ပဟာတဗ္ဗတရားတို့၌ ပေါင်းအပ်သကဲ့သို့ မိဒ္ဓကိုလည်း ပဟာတဗ္ဗတရားတို့၌ ပေါင်းတော်မူအပ်သောကြောင့် မိဒ္ဓကို ရုပ်ဟု ဆိုသော ကေစိဆရာတို့ အဆို မမှန်ပါ။

**အာဝဇ္ဇန်းတိစ္စမတပ်ကြောင်း-**

အာရုံ၏ အရသာကို ခံစားခြင်းမရှိသောကြောင့် မနောဒွါရာဝဇ္ဇန်းသည် ဇောကိစ္စမတပ်ပါ။

၈။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/ အရှေ့)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဒွိဟိတ်စိတ်ပြ သင်္ဂဟစုလ္လကိုယပါဌ်နှင့်၊ အဟိတ် တိရစ္ဆာန်သတ္တဝါလေးများ၏ ပဋိသန္ဓေစိတ်ပြ သင်္ဂဟပါဌ်တို့ကို ပါဠိရေးသားခဲ့ပါ။

၂။ အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ခြင်းရှိကုန်သော စေတသိက်တို့ကို ပြဆိုသော သင်္ဂဟဂါထာနှင့် ဘုံအလိုက်ဖြစ်သော ဝီထိစိတ်ပြ သင်္ဂဟဂါထာတို့ကို အနက်ပေးခဲ့ပါ။

၃။ အဋ္ဌဝီသတိယံ ဒွယံ-၌ ဒွယံ အရတရားသည် ယှဉ်နိုင်သော စိတ်တို့ကို ဝါဒအားလျော်စွာ အသီးသီး ကောက်ပြ၍၊ တံ ပနေတံ ဝီသတိဝိဓမ္ပိ-၌ ဝီသတိ-အရတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ စိတ်အကျဉ်း ၈၉-ပါးတို့တွင် အကြောင်းဖြစ်သောစိတ်, အကျိုးဖြစ်သော စိတ်တို့ကိုသာ ရေတွက်ပြ၍၊ ဓမ္မာယတန ဓမ္မဓာတ်- အရ တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

၅။ နတ်သုဒ္ဓါ နတ်ဩဇာ ထမင်းများရှိသကဲ့သို့ ဗြဟ္မာသုဒ္ဓါ ဗြဟ္မာဩဇာ ထမင်းများ ရှိ/ မရှိကို အကြောင်းပြ ဖြေဆို၍၊ ကာမဘုံ၌ အာဟာရဇရုပ်ကလာပ်၏ ရှေးဦးစွာဖြစ်ပေါ်လာပုံကို လည်း ဥပမာစုံလင်စွာဖြင့် အဓိပ္ပါယ်ကျနစွာ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



၆။ အဘိဝါဒိယ၊ အဘိဝန္ဒိတွာ–၌ အထူးအားဖြင့် ရှိခိုးပြီးဟုဆိုရာ အထူးအားဖြင့် ရှိခိုးခြင်းကို ဋီကာအလိုကျ ဖြေဆို၍၊ လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

ဂ။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ (အဖြေ)

ပထမယေ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (သေသာနိ ဒသ ။ပ။ ဗာဝီသတိ ဒွိဟေတုကစိတ္တာနိ–နှင့်
တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတ ။ပ။ အယမေကောပါယပဋိသန္ဓိ နာမ– တို့ကို ရေးလေ)

၂။ (သာဓာရဏာ စ စတ္တာရော–စသော ဂါထာနှင့် အသီတိ ဝီထိစိတ္တာနိ–စသော ဂါထာတို့ကို အနက်ရေးလေ)

၃။ ဟရဏာ, မုဒိတာ ၂–ပါးသည် မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ ပဥ္စမဈာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ ပေါင်း ၂၈–ပါးသော စိတ်တို့၌ ယှဉ်သည်။ (သမာနဝါဒ)
မဟာကုသိုလ် သောမနဿ ၄၊ မဟာကြိယာ သောမနဿ ၄၊ ပဥ္စမဈာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ ပေါင်း ၂၀–ပါးသော စိတ်တို့၌ ယှဉ်သည်။
**ဝီသတိ အရ–** အကုသိုလ်ကံ ၁၂၊ မဟာကုသိုလ်ကံ ၈၊ ပေါင်း ၂၀။

၄။ **အကြောင်းစိတ်–** အကုသိုလ် ၁၂၊ ကုသိုလ် ၂၁။
**အကျိုးစိတ်–** ကာမဝိပါက် ၂၃၊ မဟဂ္ဂုတ်ဝိပါက် ၉၊ လောကုတ္တရာဝိပါက် ၄၊ ပေါင်း ၃၆။
**ဓမ္မာယတန, ဓမ္မဓာတ်အရ–** စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်။

၅။ ဗြဟ္မာတို့အား အာဟာရဇကလာပ် မရသောကြောင့် ဗြဟ္မာသုဒ္ဓါ၊ ဗြဟ္မာဩဇာထမင်းများ မရှိနိုင်ပါ။
**အာဟာရဇကလာပ် ဖြစ်ပေါ်ပုံ–**
ဩဇာပျံ့နှံ့ရာအခါကို အစပြု၍ ဆီမီးလျှံကဲ့သို့လည်းကောင်း မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်နေသည်။

၆။ ဘယ, လာဘ, ကုလာစာရ စသည် ကင်းသော ရှိသေလေးစားစွာ ကိုယ်နှုတ်စိတ်တို့ဖြင့်

http://www.dhammadownload.com



ရှိခိုးသည်ကို အထူးအားဖြင့် ရှိခိုးသည်ဟု ဆိုသည်။

**ကြိယာမရှိကြောင်း-**

မဂ်စိတ် တစ်ကြိမ်သာ ဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကိရိယာ မရှိပါ။

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (မကွေးတိုင်းဒေသကြီး)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ စားစိတ် သိစိတ် မြင်စိတ်-ဟုဆိုရာ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်ခြောက်စည်းကို ပြဆိုသည့် သင်္ဂဟစုဏ္ဏိယပါဠိကို မှန်ကန်စွာ ရေးခဲ့ပါ။

၂။ ယောဂလေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်ရောက်ကြောင်း ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်ပြ သင်္ဂဟဂါထာကို အနက်ရေးခဲ့ပါ။

၃။ ပကိဏ်းစေတသိက်တို့တွင် စိတ်အများဆုံးနှင့်ယှဉ်သော စေတသိက်ကို ဖော်ပြ၍ ယင်းစေတသိက်နှင့် ယှဉ်သော စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၄။ မဟန္တာရုံမည်ပုံကို သင်္ဂဟကျမ်းလာအတိုင်း ဖြေဆို၍၊ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ သက်တမ်းကို (က) နတ်သက်၊ (ခ) လူသက်အားဖြင့် တိကျစွာ ညွှန်ပြခဲ့ပါ။

၅။ မကောင်းမှု အကုသိုလ်ပြုလုပ်သမျှ ပါဝင်သော မောစတုက်လေးပါးတို့ကို အဘယ့်ကြောင့် (သဗ္ဗာကုသလသာဓာရဏ) အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသနည်း ရှင်းလင်း ဖြေဆိုပါ။

၆။ ကိစ္စများမြောင် လူတို့ဘောင်-ဟုဆိုရာ များစွာသောကိစ္စတို့တွင် တဒါရုံကိစ္စ၌ တဒါရုံ၏ အဓိပ္ပါယ်ကို ရေး၍၊ ရူပဗြဟ္မာတို့သည် ဃာနာဒိဒွာရ မရသော်လည်း အဘယ့်ကြောင့် စက္ခု, သောတနှစ်ပါးကို ရအပ်ပါသနည်း ဋီကာကျော်လာအတိုင်း ဖြေဆိုပါ။

၉။ မကွေးတိုင်းဒေသကြီး (အဖြေ)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (အဝိနိဗ္ဘောဂရုပ် ပန ။ပ။ ဆ စိတ္တသမုဋ္ဌာနကလာပါ- ကို ရေးလေ)

http://www.dhammadownload.com



၂။ (သဗ္ဗေ လောကုတ္တရေ ဟောန္တိ–စသော ဂါထာကို အနက်ရေးလေ)

၃။ အမိမောက္ခစေတသိက်။

**ယှဉ်သော စိတ်–**

ဝိစိကိစ္ဆာကြဉ် အကုသိုလ် ၁၁၊ ဒွေပဉ္စဝိညာဉ်ကြဉ် အဟိတ် ၈၊ သောဘနစိတ် ၅၉၊ ပေါင်း ၇၈။

၄။ တဒါရုံဖြစ်သည့်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသည်ဖြစ်၍ ထင်လာသော အာရုံသည် မဟန္တာရုံမည်၏။

(က) နှစ်ပေါင်း ၁၆၀၀၀။

(ခ) နှစ်ပေါင်း ၉၂၁၆–သန်း။

၅။ ပါဏာတိပါတ–စသော ဒုစရိုက်ကို ပြုကျင့်သော သူသည် မောဟဖြင့် အပြစ်မမြင်သော ကြောင့်လည်းကောင်း အဟိရိကဖြင့် မရှက်သောကြောင့်လည်းကောင်း အနောတ္တပ္ပဖြင့် မကြောက်လန့်သောကြောင့်လည်းကောင်း ဥဒ္ဓစ္စဖြင့် မငြိမ်သက်သောကြောင့်လည်း ကောင်း မောစတုက် ၄–ပါးကို အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသည်။

၆။ ထိုထိုဇောသည် ယူအပ်ပြီးသော အာရုံကို အာရုံပြုခြင်းကိစ္စသည် တဒါရမ္မဏကိစ္စ။

**စက္ခု, သောတ ၂–ပါးရကြောင်း–**

ဘုရားဖူး, တရားနာခြင်းအစရှိသော အကျိုးငှါ စက္ခု, သောတ ပသာဒတို့၌ တပ်မက်ခြင်း မကင်းသောကြောင့် စက္ခု, သောတ ၂–ပါး ရအပ်ပါသည်။

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃–၃–၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ဘဝ အသစ်တစ်ဖန် ဖြစ်လာရပုံကိုပြသော စုတ္တိယပါဠိကို ရေးခဲ့ပါ။

၂။ "ဘေးဖြစ်တာ၊ လေးသစ္စာ မမြင်ကန်းလေသောကြောင့်"ဟူသောစကားအရ သစ္စာ လေးပါး တရားကိုယ်ပြ သင်္ဂဟဂါထာကို ထင်မြင်အောင် အနက်ပေးပြပါ။

http://www.dhammadownload.com



၃။ စေတနာမှန်သမျှ အကောင်းချည်းသာလော? သင်္ဂဟသာကေဖြင့် ရှင်းလင်း၍၊ ခွေးတစ်ကောင်၏ ပဋိသန္ဓေစိတ်ကို ကောက်ပြကာ, ၎င်းစိတ်ကို ဝေဒနာ, ဟိတ်, အာရုံတို့ဖြင့် ဝေဘန်ပြီးလျှင်၊ ကုသိုလ်ဖြစ်နိုင်သော တိဟိတ်ပုဂ္ဂိုလ်, မဖြစ်နိုင်သော တိဟိတ်ပုဂ္ဂိုလ်တို့ကို ခွဲခြားပြပါ။

၄။ ဖန်ဆင်းရှင်ကြောင့် ရုပ်ဖြစ်ရသည်ဆိုက မှန်/ မမှန် သင်္ဂဟသာကေပြ ဆုံးဖြတ်၍၊ အောက်ပါပုဂ္ဂိုလ်များ သန္တာန်၌ဖြစ်သော စေတသိက်တို့ကို အမည်မျှ ဖော်ပြပါ။

(က) မိမိလုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်သူ၊

(ခ) ရတနာသုံးပါး၌ ယုံမှားသံသယရှိသူ၊

(ဂ) မတရားလုပ်ရမှာ မရှက်သူ၊

(ဃ) ကိုယ့်ကိုယ်ကို အထင်ကြီးသူ၊

(င) မှန်မှန်ကန်ကန် အသက်မွေးဝမ်းကြောင်း ပြုသူ။

၅။ ထူးမှ ထူးမည်ဖြစ်ရာ ထူးမြတ်သော ရှိခိုးနည်းကို ဋီကာကျော်အလို ပြဆို၍၊ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်–၏ အဓိပ္ပါယ်ကိုလည်း ဋီကာကျော်အလို ရေးပြပါ။

၆။ ဘုရား, ကျောင်းကန်တက်ရောက်ရမှာ ရှက်, ကြောက်ခြင်းကို ဟိရီ, ဩတ္တပ္ပ–ဟု ဆိုနိုင်ပါသလော? ဋီကာကျော်အလို ရှင်းပြ၍၊ ရူပဗြဟ္မာများ အမြင်, အကြား ရ/ မရ အကြောင်း သွင်း ရှင်းလင်း ဖြေဆိုပါ။

## ၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ ။ပ။ ပတိဋ္ဌာတိ ဘဝန္တရေ–ကို ရေးလေ)။

၂။ (ဒုက္ခံ တေဘူမကံ ဝဋ္ဋံ–စသော ဂါထာကို အနက်ရေးလေ)

၃။ စေတနာသည် ကောင်းသော သောဘနစိတ်၌လည်း ယှဉ်သည်၊ အသောဘနစိတ်၌လည်း ယှဉ်သည်၊ ထို့ကြောင့် စေတနာမှန်သမျှသည် အကောင်းချည်းမဟုတ်ပါ။

သာကေ– သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တိမေ စေတသိကာ သဗ္ဗေသုပိ ဧကူန နဝုတိစိတ္တုပ္ပါဒေသု လဗ္ဘန္တိ။

http://www.dhammadownload.com



**ဓွေးပဋိသန္ဓေစိတ်–** အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်။

၎င်းစိတ်သည် ဥပေက္ခာဝေဒနာ၊ အဟိတ်၊ အလုံးစုံသော ကာမတရားကိုသာ အာရုံပြုသည်။

**ဖြစ်နိုင်သော တိတိတ်–** ပုထုဇဉ်, သေက္ခ။

**မဖြစ်နိုင်သော တိတိတ်–** ရဟန္တာ။

၄။ ပဋိသန္ဓေနေရခြင်းသည် အဝိဇ္ဇာနုသယခြံရံအပ်သော တဏှာနုသယအရင်းခံရှိသော ကုသိုလ်, အကုသိုလ်ကံကြောင့်သာ ဖြစ်သည်၊ ဖန်ဆင်းရှင်ကြောင့် ဖြစ်သည်မဟုတ်။

**သာဓက–**

အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ။

(က) အဓိမောက္ခ။

(ခ) ဝိစိကိစ္ဆာ။

(ဂ) အဟိရိက။

(ဃ) မာန။

(င) သမ္မာအာဇီဝ။

၅။ **ထူးခြားသော ရှိခိုးနည်း (ပဲခူးအရှေ့ ၆–၅)**

**နိမ္မာန်–**

ဘဝငယ်ကြီး အသီးသီးကို ချုပ်စပ်တတ်သည့်အတွက် ဝါန–ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်သည်၊ တစ်နည်း– ရာဂအစရှိသော ၁၁–ပါးသော မီးတို့၏ ငြိမ်းအေးကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်သည်။

၆။ ကာယဒုစရိုက်စသည်မှ ရှက်တတ်သောကြောင့် ဟိရီ, ကြောက်တတ်သောကြောင့် ဩတ္တပ္ပ။

**အကြား, အမြင် ရ/ မရ– (မကွေး ၆–၅)**

၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃–၃–၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ (က) ကာမဇောနောင် ဝေဒနာအားလျော်စွာ အပ္ပနာဇော စောပုံပြ သင်္ဂဟစုလ္လိုယပါဦး၊

http://www.dhammadownload.com



(ခ) ဇောဇ၏ အဆုံး၌ တဒါရုံ+ ဘဝင် နှစ်ချက်သတ်မှတ်ပြသော သင်္ဂဟာပါဠိတို့ကို ပါဠိရေးပြခဲ့ပါ။

၂။ ကံ–ဟူသော အကြောင်းတရားက ရုပ်တရားကို ဖြစ်စေပုံပြ သင်္ဂဟာပါဠိကို အနက်မှန်ကန်စွာ ပေးပြခဲ့ပါ။

၃။ ဒွိဟိတ်စိတ်တို့ကို ဆိုင်ရာဟိတ်တို့နှင့်တကွ တွဲစပ်ဖော်ပြ၍၊ အမိမောကွစေတသိက် မယှဉ်သော အကုသိုလ်စိတ်ကိုလည်း ထုတ်ပြပြီးလျှင်၊ ထိုစိတ်ကို (က) ဒွါရ၊ (ခ) ဝတ္ထုအားဖြင့် ဝေဘန်ပြခဲ့ပါ။

၄။ ယခုဘဝ၌ ဈာန်, မဂ်, ဖိုလ်တရားများ မရနိုင်တော့သည့်ပုဂ္ဂိုလ်တို့ကို သင်္ဂဟာသာကေထောက်၍ ထုတ်ပြပြီးလျှင်၊ အနိပ္ဖန္နရုပ် ၄ ည်မျှရှိပါသနည်း? ရေတွက်ပြခဲ့ပါ။

၅။ ရုပ်လေးပါးတို့၏ ရှေးဦးစွာဖြစ်ပေါ်လာပုံကို သင်္ဂဟာနှင့်အညီ ဖြေဆို၍၊ (က) ဒွါသတ္တတိဝိဓာ ဝုတ္တာ–၌ ဒွါသတ္တတိ–အရ၊ (ခ) နဝဓာ ပါပသင်္ဂဟော–၌ နဝဓာ–အရတို့ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၆။ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်ကြောင်း တရားများကို ဖော်ပြ၍၊ ဝိတက်စျာနင်၏ ထိနမိဒ္ဓ, နီဝရဏနှင့် ဆန့်ကျင်ဘက် ဖြစ်ရခြင်းအကြောင်း။ ဝိရတီစေတသိက်တို့၏ လောကုတ္တရာစိတ်တို့၌ အမြဲယှဉ်ရခြင်း အကြောင်းတို့ကိုလည်း ဋီကာဆရာအလိုကျ ဖြေဆိုခဲ့ပါ။

## ၁၁။ မွန်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁။ (က) (တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ ။ပ။ ဥပေက္ခာသဟဂတာဝ–ကို ရေးလေ)
(ခ) ဒေါမနဿသဟဂတဇဝနာဝသာနေ စ ပန တဒါရမ္မဏာနိ စေဝ ဘဝင်္ဂါနိ စ ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ။

၂။ (တတ္ထ ကာမာဝရံ ။ပ။ ခဏေ ခဏေ သမုဋ္ဌာပေတိ–ကို အနက်ရေးလေ)

http://www.dhammadownload.com


၃။ လောဘမူစိတ်– လောဘ, မောဟဟိတ်။
ဒေါသမူစိတ်– ဒေါသ, မောဟဟိတ်။
ဉာဏဝိပ္ပယုတ် ကာမာဝစရသောဘနစိတ်– အလောဘ, အဒေါသဟိတ်။
**အကုသိုလ်စိတ်–**
ဝိစိကိစ္ဆာသဟဂုတ်စိတ်။
(က) ၆– ဒွါရ။
(ခ) ဟဒယဝတ္ထုကို ရံခါမှီ, ရံခါ မမှီ။

၄။ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်။
**သာဓက–**
ဒုဟေတုကာနမဟေတုကာနဉ္စ ပနေတ္ထ ကိရိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။
**အနိပ္ဖန္နရုပ်–**
ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ် ၂, ဝိကာရရုပ် ၅, လက္ခဏာရုပ် ၄၊ ပေါင်း ၁၀။
မှတ်ချက်– ဝိညတ်ရုပ် နှစ်ခါပါသည်။

၅။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ ဖြစ်သည်၊
စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှ စ၍ ဖြစ်သည်၊
ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီမှ စ၍ ဖြစ်သည်၊
အာဟာရဇရုပ်သည် ဩဇာပျံ့နှံ့ချိန်မှ စ၍ ဖြစ်သည်။

| | |
|---|---|
| (က) အာရုံကိုသိခြင်း လက္ခဏာရှိသော စိတ် | ၁– ပါး။ |
| ဖုသန– စသော လက္ခဏာရှိသော စေတသိက် | ၅၂– ပါး။ |
| ကက္ခဠ– စသော လက္ခဏာရှိသော နိပ္ဖန္နရုပ် | ၁၈– ပါး။ |
| သန္တိလက္ခဏာ– ရှိသော နိဗ္ဗာန် | ၁– ပါး။ |
| ပေါင်း | ၇၂– ပါး။ |

(ခ) အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာ အားဖြင့် ၉– ဌာန။

၆။ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း– (တနသာ်ရီ ၅– ၅)

http://www.dhammadownload.com



**ဆန့်ကျင်ဘက်ဖြစ်ရကြောင်း–**

သင့်သောအကြောင်းအားဖြင့် ကြံစည်ခြင်း၏အစွမ်းဖြင့် လှုပ်ရှားခြင်းနှင့်တကွဖြစ်ခြင်းကြောင့် ဝိတက်သည် ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်ဖြစ်ရသည်။

**အမြဲယှဉ်ရကြောင်း–**

ဝိရတီစေတသိက်တို့ကို လောကီ၌ သရုပ်မထုတ် ယေဝါပနနည်းဖြင့် ဟောသည်၊ လောကုတ္တရာစိတ်၌ကား သမ္မာဝါစာ ဟောတိ–စသည်ဖြင့် သရုပ်ထုတ်၍ ဟောတော်မူသောကြောင့် ဝိရတီစေတသိက်တို့ လောကုတ္တရာစိတ်၌ အမြဲယှဉ်ရသည်။

၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ရခိုင်ပြည်နယ်)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁–၄–၂၀၁၁) သောကြာနေ့

၁။ အထက်အရိယာပုဂ္ဂိုလ်သုံးယောက်သာ ရထိုက်သော ဘုံကို ပြဆိုသည့် သင်္ဂဟဂါထာနှင့် နိဗ္ဗာန်သရုပ်အကျယ်ပြ စုဏ္ဏိယစကားရပ်တို့ကိုလည်း ပါဠိသက်သက် ရေးပြခဲ့ပါ။

၂။ အသက်တမ်းမမြဲသည့်ပုဂ္ဂိုလ်တို့ကို ပြဆိုသည့် စုဏ္ဏိယပါဠိနှင့် သတိပဋ္ဌာန်လေးပါးတရားကိုယ်ပြ စုဏ္ဏိယပါဠိကိုလည်း အနက်မှန်မှန် ပေးပြခဲ့ပါ။

၃။ အောက်ပါတို့ကို ပါဠိထောက်၍ ကောက်ပြခဲ့ပါ။

(က) ဝိရတိ ကရုဏာယော–၌ ယူသင့်သော ဝိရတီ၊

(ခ) မနောဓာတ်အရ၊

(ဂ) အညိန္ဒြေ အရ။

၄။ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောနှစ်ကြိမ် သုံးကြိမ်ဖြစ်ရခြင်းအကြောင်းနှင့်၊ လက္ခဏာရုပ်လေးခုတို့ကို န ကုတောစိသမုဋ္ဌာန ရုပ် ဟုခေါ်ဆိုရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။

၅။ ဖောက်ပြန်သည်ကို ရုပ်ဟုခေါ်ဆိုကြရာ အဘယ်အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်သည်ကို ဘုရားဟောဒေသနာအတိုင်း ဖော်ပြပြီး၊ ဝိတက်၏ အဓိပ္ပါယ်နှင့်လက္ခဏာကိုလည်း ဋီကာလာအတိုင်း ဖြေဆိုပါ။

http://www.dhammadownload.com



၆။ မွှော စေတသိကာ မတာ–၌ မွှေမည်ခြင်းအကြောင်းကို ဖြေဆိုပြီး၊ ဇော ၅၅–ခု၌ အာဝဇ္ဇန်းဒွေး မပါဝင်ရခြင်းအကြောင်းကိုလည်း ဋီကာဆရာအလိုကျ ဖြေဆိုခဲ့ပါ။

## ၁၂။ ရန်ကုန်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ပုထုဇ္ဇနာ န လဗ္ဘန္တိ–စသော ဂါထာနှင့် တဒေတံ သဘာဝတော ။ပ။ အာကာရဘေဒေန–တို့ကို ရေးလေ)

၂။ (တေသု စတုန္နံ ။ပ။ နိယမော နတ္ထိ–နှင့် ဓောမိပက္ခိယသင်္ဂဟော စတ္တာရော ။ပ။ မွှောနုပဿနာ သတိပဋ္ဌာနာ–တို့ကို အနက်ရေးလေ)

၃။ (က) လောကီဝိရတီ။

အထောက်– လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ။

(ခ) ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ဒွေး။

အထောက်– ပဉ္စဒွါရာဝဇ္ဇနသမ္ပဋိစ္ဆနသင်္ခါတာ စ မနောဓာတု စ။

(ဂ) အထက်မဂ် ၃–ခု, အောက်ဖိုလ် ၃–ခု၌ ရှိသော ပညာ။

အထောက်– မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။

၄။ ဖောမဖြစ်သောကြောင့် ဝုဒ္ဓော ၂–ကြိမ်, ၃–ကြိမ်ဖြစ်ရသည်။

**န ကုတောစိ သမုဋ္ဌာန်ခေါ်ရကြောင်း–**

ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောသက်သက်ဖြစ်သောကြောင့် လက္ခဏာရုပ် ၄–ခုတို့ကို န ကုတောစိသမုဋ္ဌာန်ဟု ခေါ်ရသည်။

၅။ အချမ်း, အပူ အစရှိသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်သည်။

**ဝိတက် –**

အာရုံကို ကြံစည်တတ်, သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးတတ်သောကြောင့် ဝိတက်မည်သည်။

ထိုဝိတက်သည် သဟဇာတ်ဖြစ်သော စိတ်, စေတသိက်တို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်းလက္ခဏာရှိသည်။

http://www.dhammadownload.com



၆။ လက္ခဏာကို ဆောင်တတ်သောကြောင့် မွေ့မည်သည်။
**အာဝဇ္ဇန်းဒွေး မပါဝင်ကြောင်း- (ပဲခူးအနောက် ၆-ရှ)**

၁၃။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ မြတ်ဗုဒ္ဓ၏ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာပြရာ၌ ကာမဇောများ စောပုံပြ သင်္ဂဟပါဠိနှင့် နိရောဓသမာပတ်မှ ထသောအခါ ဖြစ်သောပရမတ္ထတရားတို့ကို ပြဆိုသည့် သင်္ဂဟပါဠိတို့ကို ပါဠိရေးပါ။

၂။ မည်သည့်စုတိနောင် ပဋိသန္ဓေပေါင်း မည်မျှနောင်းနိုင်ကြောင်းကို အကျဉ်းချုပ်ပြဆိုသော သင်္ဂဟဂါထာတို့ကို အနက်ပေးပါ။

၃။ စေတသိက်အနည်းဆုံးယှဉ်သော စိတ်တို့ကို ပါဠိထောက်ကာ ဖြေဆို၍၊ အလုပ်ကိစ္စအများဆုံး ဆောင်ရွက်ရသောစိတ်ကို ဖော်ပြပြီး၊ ယင်းစိတ်ကိုလည်း ဝေဒနာဒိဆတ္တကဖြင့် ဝေဘန်ပြပါ။

၄။ အတိတ်က တွေ့မြင်ခဲ့ရတဲ့ လှပသောပုံရိပ်တွေဟာ အခုထိ ငါ့ရဲ့မျက်စိထဲမှာ မြင်နေတုံးပဲ ဟူသော စကားသည် အဘိဓမ္မာသဘာဝ ကျ/ မကျ သာဓကပြ၍ ဆုံးဖြတ်ပြပြီး၊ ကလာပ်ဖွဲ့စည်းရာတွင် ပါဝင်ခွင့်မရှိသော ရုပ်တို့ကိုလည်း အကြောင်းနှင့်တကွ ထုတ်ပြပါ။

၅။ အောက်ပါတို့ကို ဋီကာကျော်လာသည့်အတိုင်း ပြည့်စုံတိကျစွာ ရေးသားပါ။
(က) မနောဒွါရာဝဇ္ဇန်းစိတ်ကို ဝုဋ္ဌော-ဟု ခေါ်ဆိုရခြင်းအကြောင်း။
(ခ) ကာမာဝစရသောဘန, မဟဂ္ဂုတ်, လောကုတ္တရာအားဖြင့် ၅၉-ပါး။ (ဝါ) ၉၁-ပါးသော စိတ်တို့ကို သောဘနစိတ်ဟုခေါ်ဆိုရခြင်းအကြောင်း။
(ဂ) လောကုတ္တရာစိတ်ကို အနုတ္တရ-ဟု ခေါ်ဆိုရခြင်းအကြောင်း။

၆။ မဟာဝိပါက်စိတ်၌ အပ္ပမညာ, ဝိရတီတို့ ကြဉ်ရခြင်းအကြောင်းနှင့် သောမနဿ သန္တီရဏစိတ်၏ ပဋိသန္ဓေကိစ္စ မတပ်ခြင်းအကြောင်းကို ဋီကာကျော်လာသည့်အတိုင်း ဖြေဆိုပါ။

http://www.dhammadownload.com


## ၁၃။ ရန်ကုန်တိုင်းဒေသကြီး (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဘဂဝတော ပန ။ပ။ ဘဝင်္ဂတိ ဝဒန္တိ– နှင့် ဝုဋ္ဌာနကာလေ စ ။ပ။ နိရုဇ္ဈတိ ဘဝင်္ဂပါတော၀– တို့ကို ပါဠိရေးလေ)

၂။ (အာရုပ္ပစုတိယာ–စသော ၂–ဂါထာကို အနက်ရေးလေ)

၃။ ဒွေပဥ္စဝိညာဉ် ၁၀။
**အထောက်–** ဒွိပဥ္စဝိညာဏေ ပကိဏ္ဏကဝဇ္ဇိတာ တေယေ၀ သင်္ဂယှန္တိ။
**ကိစ္စအများဆုံးစိတ်–**
ဥပေက္ခာ သန္တီရဏ ၂။
ယင်းစိတ်သည် ဥပေက္ခာဝေဒနာ၊ အဟိတ်၊ ပဋိသန္ဓိ, ဘဝင်, စုတိ, သန္တီရဏ, တဒါရမ္မဏ အားဖြင့် ၅–ကိစ္စ၊ ရုံခါ ၆–ဒွါရဥ္စဖြစ်၍ ရုံခါ ၆–ဒွါရမှ လွတ်သည်၊ အလုံးစုံသော ကာမ အာရုံကိုသာ အာရုံပြုသည်၊ ဟဒယဝတ္ထုကို အမှီပြုသည်။

၄။ သဘာဝမကျပါ။
**သာဓက–** တတ္ထ စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ။ တ္တောဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ, ဒွေ ဘဝင်္ဂစလနာနိ, ပုဗ္ဗေဝါတီတကမေက စိတ္တက္ခဏန္တိ ကတွာ သတ္တရသ စိတ္တက္ခဏာနိ ပရိပူရေန္တိ၊ တတော ပရံ နိရုဇ္ဈတိ။
**ကလာပ်တွင် ပါဝင်ခွင့်မရသောရုပ်–**
ကလာပ်တို့ကို ပိုင်းခြားရုံမျှ ဖြစ်သောကြောင့် အာကာသဓာတ်သည်လည်းကောင်း, ကလာပ်တို့ကို မှတ်ကြောင်းမျှဖြစ်သောကြောင့် လက္ခဏရုပ် ၄–ခုသည်လည်းကောင်း ကလာပ်တွင် မပါဝင်ပါ။

၅။ (က) သန္တီရဏသည် စုံစမ်းအပ်ပြီးသော အာရုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သော ကြောင့် မနောဒွါရာဝဇ္ဇန်းကိုပင် ပဉ္စဒွါရ၌ ဝုဋ္ဌော ဟု ခေါ်ဆိုရသည်။
(ခ) တင့်တယ်သော ဂုဏ်ကို ဆောင်တတ်သောကြောင့်လည်းကောင်း, အလောဘ အစရှိသော အပြစ်ကင်းသော ဟိတ်တို့နှင့်ယှဉ်သောကြောင့် သောဘနစိတ်ဟု ခေါ်ဆိုရသည်။

http://www.dhammadownload.com



(ဂ) မိမိထက် လွန်မြတ်သော တရားမရှိသောကြောင့် အနုတ္တရ ဟု ခေါ်ဆိုရသည်။

၆။ မဟာဝိပါက်စိတ်သည် ကာမတရားကို ကေန် အာရုံပြုသောကြောင့်လည်းကောင်း, အပ္ပမညာတို့သည် သတ္တဝါပညတ်ကို ကေန် အာရုံပြုသောကြောင့်လည်းကောင်း, ဝိရတီတို့သည် ကေန် ကုသိုလ်ဖြစ်သောကြောင့်လည်းကောင်း မဟာဝိပါက်စိတ်၌ အပ္ပမညာ, ဝိရတီတို့ကို ကြဉ်ရပါသည်။

**ပဋိသန္ဓေကိစ္စမတပ်ကြောင်း–**

သောမနဿသန္တီရဏသည် ပဋိသန္ဓေအစွမ်းအားဖြင့် ဖြစ်ခြင်းသဘောမရှိသောကြောင့် ပဋိသန္ဓေကိစ္စ မတပ်ပါ။

### ၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### ၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁–၄–၂၀၁၁) သောကြာနေ့

၁။ စိတ်ပိုင်းလာ ဇာတိဘေဒပြ သင်္ဂဟဂါထာပါဠိတို့ကို ကုန်စင်အောင် ရေးသားဖြေဆိုခဲ့ပါ။

၂။ ဝိသေသကစေတသိက်များကို ပြဆိုသည့် သင်္ဂဟဂါထာပါဠိကို မှန်ကန်စွာ အနက်ပေးပြခဲ့ပါ။

၃။ စိတ်အကျဉ်း ၈၉–ပါးတို့တွင် "ကိုတင့်တယ်နှင့် မတင့်တယ်" အမည်ရသော စိတ်တို့ကို ဇာတိဘေဒအားဖြင့် ခွဲခြား ဖြေဆို၍၊ ဝတ္ထုနှင့် ဝိညာဏဓာတ်တို့ကိုလည်း မှန်ကန်စွာ တွဲစပ် ဖြေဆိုခဲ့ပါ။

၄။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂–ခု နှောင်း နှောင်းနိုင်သော အပ္ပနာဇောတို့ကို ရေတွက်ပြ၍၊ ဝိတိမုတ်ပိုင်းလာ သေခြင်းလေးမျိုးကို ပါဠိ+ မြန်မာ နှစ်ဘာသာဖြင့် တွဲစပ် ဖြေဆိုခဲ့ပါ။

၅။ ကမ္မဇရုပ် မည်မျှရှိသည်ကို ကေန်, အနေကန်အားဖြင့် ခွဲခြားဖြေဆို၍၊ ဣတ္ထိ ပဉ္စပ္ပဘေဒေန၌ ပဉ္စ– သရုပ်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၆။ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း တရားများကို ဋီကာကျော်လာသည့်အတိုင်း ဖြေဆို၍၊ လောကပါလတရား (ဟိရီ, ဩတ္တပ္ပ)နှစ်ပါးတို့၏ အထူးကိုလည်း ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။

## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဒွါဒသာကုသလာနေဝံ-စသော ဂါထာနှင့် သတ္တတိံသဝိဓံ ပုညံ-စသော ဂါထာတို့ကို ရေးလေ)

၂။ (အနုတ္တရေ ဈာနဓမ္မာ-စသော သင်္ဂဟဂါထာကို အနက်ရေးလေ)

၃။ ကုသိုလ် ၂၁-ခု၊ ဝိပါက် ၂၁၊ ကိရိယာ ၁၇၊ ပေါင်း ၅၉။
မှတ်ချက်- "မတင့်တယ်"ကို အသောဘနယူလျှင် အကုသိုလ် ၁၂၊ ဝိပါက် ၁၅၊ ကိရိယာ ၃၊ ပေါင်း ၃၀။
**ဝတ္ထု+ ဝိညာဏဓာတ်-**
စက္ခုဝတ္ထု+ စက္ခုဝိညာဏဓာတ်၊
သောတဝတ္ထု+ သောတဝိညာဏဓာတ်၊
ဃာနဝတ္ထု+ ဃာနဝိညာဏဓာတ်၊
ဇိဝှါဝတ္ထု+ ဇိဝှါဝိညာဏဓာတ်၊
ကာယဝတ္ထု+ ကာယဝိညာဏဓာတ်၊
ဟဒယဝတ္ထု+ မနောဓာတ်, မနောဝိညာဏဓာတ်။

၄။ မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာ ၅၊ မဂ် ဥပေက္ခာ ၄၊ အောက်ဖိုလ် ၃-ခု ဥပေက္ခာ ၃၊ ပေါင်း ၁၂။
**ဒေသခြင်း ၄-မျိုး**
၁။ အာယုက္ခယ- သက်တမ်းကုန်၍ သေခြင်း။
၂။ ကမ္မက္ခယ- ကံကုန်၍ သေခြင်း။
၃။ ဥဘယက္ခယ- အသက်, ကံ ၂-ပါးစုံ ကုန်၍ သေခြင်း။
၄။ ဥပစ္ဆေဒက- ကံဆိုး ဖြတ်ခြေ၍ လတ်တလော သေခြင်း။

http://www.dhammadownload.com



၅။ ကမ္မဇကေန်– ဟဒယရုပ်, ဣန္ဒြိယရုပ် ၈– ခု၊ ပေါင်း ၉– ခု။
ကမ္မဇအနေကန်– အဝိနိဗ္ဘောဂရုပ် ၈, အာကာသ၊ ပေါင်း ၉– ခု။
ပဉ္စ – ခန္ဓာ, ဥပါဒါနက္ခန္ဓာ, အာယတန, ဓာတ်, သစ္စာ။

၆။ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း (တနသင်္ာရီ ၅– ၅)
အထူး–
အမျိုးချွေးမကဲ့သို့ မိမိကိုယ်ကို လေးစားသောအားဖြင့် မကောင်းမှုမှ ရှက်ခြင်းသည် ဟိရီ၊ ပြည့်တန်ဆာမကဲ့သို့ သူတပါးကို လေးစားသောအားဖြင့် မကောင်းမှုမှ ကြောက်လန့်ခြင်းသည် ဩတ္တပ္ပ၊ ဤသို့ ထူးသည်။

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၂– ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁–၄–၂၀၁၁) သောကြာနေ့

၁။ ဗောဓိပက္ခိယ တရားကိုယ်တို့၏ ဗှာနပြ သင်္ဂဟဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ နိဗ္ဗာန်၏ ဝုဏ်ရည်ပြ သင်္ဂဟဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ ဝိသေသက စေတသိက်များကို ရေတွက်ပြ၍ ၎င်းစေတသိက်များ၏ ဝိသေသက ဖြစ်ပုံကိုလည်း ခွဲခြား ဖြေဆိုပါ။

၄။ ရုပ်သက်တစ်ခု၌ စိတ္တက္ခဏ ၁၇– ချက် အပြည့်ရသော ရုပ်၊ မရသော ရုပ်– တို့ကို ခွဲခြား ဖြေဆို၍၊ ရုပ်သက် ၃– ခု၌ စိတ္တက္ခဏကြီး စိတ္တက္ခဏငယ်ပေါင်း မည်မျှစီ ရှိပါသနည်း။

၅။ အာရုံခြောက်ပါးတို့တွင် နယ်ပယ် အကျယ်ဝန်းဆုံး အာရုံကို သင်္ဂဟသာဓကပြ၍ ဖြေဆိုပြီးလျှင်၊ အာရုံငါးပါးကို အာရုံပြုနိုင်သော စိတ်များကိုလည်း သာဓကပြ၍ ဖြေဆိုခဲ့ပါ။

၆။ ကာမာဝစရသောဘန စိတ်တို့တွင် ကုသိုလ်စိတ်ကို ရှေးဦးစွာပြဆိုရခြင်းအကြောင်းကို ဋီကာလာအတိုင်း ဖြေဆိုပြီးလျှင်၊ ပညိန္ဒြေ ပညာမည်ခြင်း၏ အကြောင်းကိုလည်း ပေါ်လွင်အောင် ရေးသားခဲ့ပါ။

http://www.dhammadownload.com



## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (သဗ္ဗေ လောကုတ္တရေ ဟောန္တိ- စသော ဂါထာကို ရေးလေ)

၂။ (ပဒမစ္စုတာမစ္စန္တံ- စသော ဂါထာကို အနက်ရေးလေ)

၃။ ဝိတက်, ဝိစာရ, ပီတိ, သုခ, အပ္ပမညာ ၂, ဝိရတီ ၃, ဉာဏ်၊ ပေါင်း ၁၀။

**ဝိသေသတဖြစ်ပုံ -**

၁။ လောကုတ္တရာစိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခဈာန်တရားတို့ အထူးပြုသည်။

၂။ မဟာဂ္ဂုစိတ်၌ ဈာန်တရားနှင့် အပ္ပမညာတို့ အထူးပြုသည်။

၃။ ကာမာဝစရသောဘနစိတ်၌ ပီတိ, အပ္ပမညာ, ဝိရတီ, ဉာဏ်တို့ အထူးပြုသည်။

၄။ **မရသော ရုပ်-** ဝိညတ် ဒွေ၊ လက္ခဏာရုပ် ၄။

**ရသော ရုပ်-** ကြွင်းသော ရုပ် ၂၂။

**စိတ္တက္ခဏာကြီး-** ၁၇-ချက်။

**စိတ္တက္ခဏာငယ်-** ၅၁-ချက်။

မှတ်ချက်- ရုပ်သက် ၃-ခုအရ ဥပါဒ်, ဌီ, ဘင် ၃-ခုကို ရည်ရွယ်သည်။

၁၇-ချက် ၃-ခုကို ရည်ရွယ်လျှင်ကား ခဏကြီး ၅၁၊ ခဏငယ် ၁၅၃ ဖြစ်သည်။

၅။ **မဇ္ဈာရုံ။**

**သာဓက-** မဇ္ဈာရမ္မဏံ ပန ပသာဒသုခုမရူပစိတ္တစေတသိကနိဗ္ဗာနပညတ္တိဝသေန ဆဓာ သင်္ဂယှတိ။

**အာရုံ ငါးပါးကို အာရုံပြုသော စိတ်-** မနောဓာတ် ၃-ခု။

၆။ အဗျာကတတို့သည် ကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်စိတ်ကို ရှေးဦးစွာ ပြသည်။

**ပညာမည်ကြောင်း-**

အနိစ္စအစရှိသော အပြားအားဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ပညာမည်သည်။

http://www.dhammadownload.com



၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)

ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၁-၄-၂၀၁၁) သောကြာနေ့

၁။ အာယုက္ခယ-စသော အကြောင်းတရား လေးပါးကြောင့် သေဆုံးရသောသူတို့၏ သေခါနီးကာလ၌ အာရုံနိမိတ်များ ထင်လာပုံပြ သင်္ဂဟစုဏ္ဏိယကို ပါဠိရေးသားခဲ့ပါ။

၂။ ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့၏ စိတ်ရကိုပြသော သင်္ဂဟဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ စိတ်အကျယ် ၁၂၁-ပါးတို့တွင် စေတသိက်အများအဆုံးယှဉ်သော စိတ်, အနည်းဆုံးယှဉ်သော စိတ်၊ စေတသိက် ၅၂-ပါးတို့တွင် စိတ်အများဆုံးယှဉ်သော စေတသိက်, အနည်းဆုံးယှဉ်သော စေတသိက်တို့ကို ယှဉ်ရာစေတသိက်, စိတ်တို့နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

၄။ ပုဂ္ဂလဘေဒလာ ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်ကို အစဉ်တကျ ရေတွက်ပြ၍၊ အသေက္ခာနံ စတုစတ္တာလီသ သေက္ခာနမုဒ္ဒိသေ-ဟူသောဂါထာလာ စတုစတ္တာလီသ-အရ သချိုၤ၏ သချေၤယျအရတရားကိုလည်း ကောက်ပြခဲ့ပါ။

၅။ ဒေါသမူဒွေး၌ အခြားသောစေတသိက်တို့လည်း ယှဉ်ပါလျက် ဒေါမနဿသဟဂတံ-ဟု အဘယ်ကြောင့် ဆိုရပါသနည်း? ဖြေဆို၍၊ ဇီဝိတိန္ဒြေ-၌ ဇီဝိတ-၏ အဓိပ္ပါယ်နှင့် ဇီဝိတိန္ဒြိယ-၏ အဓိပ္ပါယ်တို့ကိုလည်း ရေးပြပြီး၊ ဇီဝိတနှင့် ဇီဝိတိန္ဒြိယ အရ တူ/မတူကို ဋီကာကျော်လာအတိုင်း ရေးသားခဲ့ပါ။

၆။ စိတ်သည် အာရုံနှင့်ကင်း၍ ဖြစ်သည်ဟူသော အယူဝါဒ မှန်/မမှန် စိစစ်ပြခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)

ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တထာ စ မရန္တာနံ ။ပ။ အညတရသ္မိံ ပစ္စုပဋ္ဌာတိ-ကို ရေးလေ)

၂။ (အသေက္ခာနံ စတုစတ္တာ-စသော ဂါထာကို ရေးလေ)

၃။ **စေတသိက် အများဆုံးယှဉ်သော စိတ်- မဟာကုသိုလ် ပထမဒွေး။**

http://www.dhammadownload.com


**ယှဉ်ရာ စေတသိက်-** အညသမာန်းစေတသိက် ၁၃၊ သောဘနစေတသိက် ၂၅၊ ပေါင်း ၃၈။

မှတ်ချက်- အမြဲတမ်း အများဆုံး ဟု ဆိုလျှင် လောကုတ္တရာ ပထမဈာန်စိတ် ၈-ခု ဖြစ်သည်။

**စေတသိက် အနည်းဆုံးယှဉ်သော စိတ်-** ဒွေပဉ္စဝိညာဉ် ၁၀။

ယှဉ်ရာ စေတသိက်- သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇။

**စိတ် အများဆုံး ယှဉ်သော စေတသိက်-** သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇။

ယှဉ်ရာ စိတ်- စိတ် ၈၉-ပါး။

**စိတ် အနည်းဆုံးယှဉ်သော စေတသိက်-** ဝိစိကိစ္ဆာ။

ယှဉ်ရာ စိတ်- ဝိစိကိစ္ဆာသဟဂုတ်စိတ်။

၄။ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် အားဖြင့် ပုထုဇဉ် ၄-ယောက်၊
သောတာပတ္တိမဂ္ဂဋ္ဌာန်, သောတာပတ္တိဖလဋ္ဌာန်,
သကဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန်,
အနာဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိဖလဋ္ဌာန်,
အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်အားဖြင့် အရိယာ ၈-ယောက်၊ ပေါင်း ၁၂-ယောက်။
*ဆောင်- ဒု, သု, ဒွိ, တိ၊ ရှစ် အရိ၊ ပေါင်းဘိ ပုဂ္ဂိုလ် ၁၂-ယောက်။ (အဘိဓမ္မာလင်္ကာဆောင်)*

**စိတုစတ္တာလီသ-**
အဟိတ်စိတ် ၁၈၊ မဟာဝိပါက် ၈၊ မဟာကြိ ၈၊ မဟဂ္ဂုတ်ကြိ ၉၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၄၄။

၅။ အခြားသော စိတ်တို့နှင့် မဆက်ဆံသော တရား၏အစွမ်းဖြင့် ဒေါသမူစိတ်ကို မှတ်ပြလိုသော ကြောင့် ဒေါမနဿသဟဂုတ်-ဟုဆိုသည်။

**ဇီဝိတိန္ဒြေ-**
သမ္ပယုတ်တရားတို့ အသက်ရှင်ကြောင်းဖြစ်သောကြောင့် ဇီဝိတမည်သည်။
ထိုဇီဝိတသည်ပင် သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်း၌ အကြီးအကဲအဖြစ်နှင့် ယှဉ်ခြင်းကြောင့် ဇီဝိတိန္ဒြေမည်သည်။
ထိုသို့ ဇီဝိတသည်ပင် ဇီဝိတိန္ဒြေမည်သောကြောင့် ဇီဝိတနှင့် ဇီဝိတိန္ဒြိယ အရ တူသည်။

၆။ စိတ်သည် အာရုံကို သိခြင်းလက္ခဏာရှိသောကြောင့် စိတ်သည် အာရုံနှင့် ကင်း၍ ဖြစ်သည် ဟူသော ဝါဒ မမှန်ပါ။

http://www.dhammadownload.com



၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်းဒေသကြီး)

ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ (၂၃-၃-၂၀၁၁) ဗုဒ္ဓဟူးနေ့

၁။ ပဋိသန္ဓေနေရခြင်းသည်လည်း ဒုက္ခ-ဟု ဘုရားရှင်က ဟောတော်မူထားရာ ဒုက္ခတွင်းမှ မလွတ်ကင်းသေးသော ကာမသတ္တဝါတို့၏ ပဋိသန္ဓေညွှန်ပြ သင်္ဂဟပါဠိတို့ကို ကုန်စင်အောင် ရေးသားခဲ့ပါ။

၂။ မိခင်တစ်ဦး၏ ဝမ်းကြာတိုက်၌ ကိန်းအောင်းသော သတ္တဝါတစ်ဦး၏ ပဋိသန္ဓေအခါ ရနိုင်/မရနိုင်သော ရုပ်ကလာပ်ပြ ပါဠိကို အနက်ရေးသား၍ ဗောဓိပက္ခိယသင်္ဂဟလာ တရားကို ကောက်ယူပုံပြ စုဏ္ဏိယပါဠိကိုလည်း အနက်သမ္ဗန်ခဲ့ပါ။

၃။ လောက၌မှာ ငါသည်သာလျှင် သာယာပျော်ပြောင်း အသံကောင်း၏-ဟု ကြွေးကြော်နေသောပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်နေသော ပရမတ္ထတရားကို ကောက်ပြ၍ ထို၏ ယှဉ်ဖော်ယှဉ်ဖက် တရားကို ဖော်ပြလျက်၊ ယင်းတရားကိုလည်း ဝေဒနာဒိဆတ္တကဖြင့် ဝေဘန်ပြခဲ့ပါ။

၄။ နိရောဓသမာပတ်ဝင်စားခါနီး၌ စောနိုင်သော ဇောနှင့် အကြိမ်ကို ဖော်ပြ၍ နိရောဓသမာပတ္တိဝီထိကိုလည်း မန္ဒပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ် ခွဲခြား၍ ချပြခဲ့ပါ။

၅။ တစ်ပါးသော ဖဿ-စသော တရားများရှိပါလျက် ဝိတက်စသော တရားငါးပါးတို့ကိုသာ ဈာနင်-ဟုခေါ်ရကြောင်းကို ဖြေဆို၍ အလောဘမည်ခြင်း၏ အကြောင်းနှင့် အလောဘ၏ လက္ခဏာတို့ကိုလည်း ဋီကာလာအတိုင်း ရှင်းလင်းဖြေဆိုပါ။

၆။ ပစ္စုပ္ပန်, အတီတ်, အနာဂတ်-ဟူသော ကာလသုံးပါးမှ အလွတ်ဖြစ်သောတရားတို့ကို အကြောင်းပြ ဖြေဆို၍၊ ရူပဘုံ၌ မရကောင်းသော ပသာဒရုပ်, ရကောင်းသော ပသာဒရုပ်တို့ကိုလည်း ဋီကာကျော်အမြင်ဖြင့် တင်ပြပါ။

၁၇။ ရောဝတီတိုင်းဒေသကြီး (အဖြေ)

ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဝီထိမုတ်ပိုင်း ပဋိသန္ဓိစတုက္ကလာ တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတ-စသော ၅-ပုဒ်ကို ရေးလေ)

http://www.dhammadownload.com



၂။ (ဂဗ္ဗသေယျကသတ္တာနံ ပန– စသော ပါဠိနှင့် စွေ့ ပန စတ္တာရော ။ပ။ သမ္မာဝါယာမော– တို့ကို အနက်ရေးလေ)

၃။ မာန။
**ယှဉ်ဘက်တရား–** ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု။
ယင်းစိတ်သည် သောမနဿ, ဥပေက္ခာဝေဒနာ၊ ဒွိဟိတ်၊ ဇောကိစ္စ၊ ၆–ဒွါရ၊ လောကုတ္တရာကြဉ် အလုံးစုံ အာရုံ၊ ဟဒယဝတ္ထုကို ရံခါ မှီ, ရံခါ မမှီ။

၄။ နေဝသညာနာသညာယတန ကုသိုလ်, ကြိယာ ဈာန်ဇော၊
**အကြိမ်–** ၂–ကြိမ်။
**မန္ဒပုဂ္ဂိုလ်အတွက်–** ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘု, နေဝသညာနာသညာယတန ကုသိုလ်/ကိရိယာ ဈာန်ဇော ၂–ကြိမ်, ထို့နောင် နိရောဓ, နိရောဓသမာပတ်မှ ထသော အခါ အနာဂါမိဖိုလ်ဇော/အရဟတ္တဖိုလ် ဇော ၁–ကြိမ်၊ ထို့နောင် ဘဝင်။
**တိက္ခပုဂ္ဂိုလ်–** ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဥပစာ, အနုလုံ, ဂေါတြဘု, နေဝသညာနာသညာယတန ကုသိုလ်/ကိရိယာ ဈာန်ဇော ၂–ကြိမ်, ထို့နောင် နိရောဓ, နိရောဓသမာပတ်မှ ထသော အခါ အနာဂါမိဖိုလ်ဇော/အရဟတ္တဖိုလ်ဇော ၁–ကြိမ်၊ ထို့နောင် ဘဝင်။

၅။ ကသိုဏ်းအစရှိသော အာရုံကို စူးစူးစိုက်စိုက် ရှုခြင်းကိစ္စရှိသောကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒအစရှိသော နီဝရဏတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ဝိတက် စသော ၅–ပါးကိုသာ ဈာနင်ဟု ခေါ်ရသည်။
**အလောဘမည်ကြောင်း–**
လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အလောဘ မည်သည်။
ထိုအလောဘသည် အာရုံ၌ စိတ်၏ မငြိကပ်ခြင်းလက္ခဏာရှိသည်။

၆။ **ကာလ ၃–ပါးမှ အလွတ်တရားနှင့် အကြောင်း– (ကရင် ၆၊ ဂ–ရှ)**
**မရကောင်းသော ပသာဒရုပ်–**
မြဟ္မာတို့သည် ကာမဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ဃာနာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ မတပ်

http://www.dhammadownload.com


မက်သည့်အတွက် ထိုဂန္ထ, ရသ, ဖောဋ္ဌဗ္ဗလျှင် အာရုံရှိသော ဃာန, ဇိဝှါ, ကာယပသာဒတို့၌ စက်ဆုပ်ခြင်းထင်ရှားသောကြောင့် ဃာန, ဇိဝှါ, ကာယပသာဒတို့ မရပါ။

**ရကောင်းသော ပသာဒရုပ်-**

ဘုရားဖူးခြင်း, တရားနာခြင်း စသော အကျိုးငါ စက္ခု, သောတ ပသာဒတို့၌ မစက်ဆုပ်သောကြောင့် စက္ခု, သောတ ပသာဒတို့ကို ရသည်။

**၁၈။ ပထမပြန် အထူးအောင် ရွေးချယ်ရေး စာမေးပွဲ**

**ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ**

**၁၃၇၃-ခုနှစ်၊ နယုန်လပြည့်ကျော် (၆) ရက်၊ (၂၂-၆-၂၀၁၁) ဗုဒ္ဓဟူးနေ့**

၁။ သတ္တဝါတို့ သေခါနီးသောအခါ ဖြစ်ပေါ်နေသော စိတ်အစဉ်များကို ပြဆိုသော သင်္ဂဟ စကားရပ်ကို ပါဠိရေးခဲ့ပါ။

၂။ လောကုတ္တရာစိတ်၏ ဈာန်စိတ်ပြားရခြင်း အကြောင်းကို ပြဆိုသော သင်္ဂဟဂါထာကို အနက် ၂-နည်း ပေးပြပါ။

၃။ အရူပဘုံ၌ မရနိုင်သော လောကုတ္တရာစိတ်ကို ဖော်ပြ၍ ၎င်းစိတ်၏-
(က) ကိစ္စ၊ (ခ) အာရုံ၊ (ဂ) ဝတ္ထု-တို့ကိုလည်း ရေးပြပါ။

၄။ ထမင်းစသော အာရုံကို မြင်သောအခါ မည်သည့်ဝိပါက်စိတ်များ ဖြစ်သည်ကို ပါဠိသာဓကနှင့်တကွ ဖြေဆို၍ တိဟိတ်သြမကကုသိုလ်ကံ၏ အကျိုးပေးပုံကိုလည်း ကေစိဝါဒအလို အတိအကျ ဖော်ပြပါ။

၅။ စာဖြေအရှင်တို့၏သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကို ပါဠိထောက်၍ ကောက်ပြပြီးလျှင်၊ အာယတန ၁၂-ပါး ပြားရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၆။ မဂ်စိတ်လေးပါး ပြားရခြင်းအကြောင်းကို သိသာရုံ ရေးပြ၍၊ ရဟန္တာပုဂ္ဂိုလ်များ ထိနမိဒ္ဓကို ပယ်သတ်ပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ကျိန်းစက်တော်မူကြသည်ကို ဖြေဆိုပြီးလျှင် ဟသိတုပ္ပါဒ်စိတ်၏ အရူပဘုံ၌ မရနိုင်ခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



## ၁၈။ အထူးအောင် (အဖြေ)

## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (တဝေါ ပရံ တမေဝ ။ပ။ အဘိက္ကံ ပဝတ္တတိ မာဟုလ္လေန-ကို ရေးလေ)

၂။ ရူပါဝစရံ- ရူပါဝစရစိတ်ကို၊ ပဉ္စမာဒိဈာနဘေဒေ- ပထမအစရှိသော ၅-ပါးသော ဈာန်အပြားအားဖြင့်၊ ဂယှတိ ယထာ- ဆိုအပ်သကဲ့သို့၊ တထာ- ထို့အတူ၊ အနုတ္တရံ စ- လောကုတ္တရာစိတ်ကိုလည်း၊ ပဉ္စမာဒိဈာနဘေဒေ- ဖြင့်၊ ဂယှတိ- ၏၊ အာရုပ္ပဉ္စာပိ- အရူပစိတ်ကိုလည်း၊ (ဥပေက္ခေကဂ္ဂတာယောဂေန- ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်ခြင်းကြောင့်၊ ဝါ- ယှဉ်သည်ဖြစ်၍၊ အင်္ဂသမတာယ- ဈာန်အင်္ဂါတူသည်၏အဖြစ်ကြောင့်)၊ ပဉ္စမေ- ပဉ္စမဈာန်အဖြစ်ဖြင့်၊ ယသ္မာ- အကြင်ကြောင့်၊ ဂယှတိ- ၏။ (တစ်နည်း) ရူပါဝစရံ စ- ကိုလည်းကောင်း၊ အနုတ္တရံ စ- ကိုလည်းကောင်း၊ ပဉ္စမာဒိဈာနဘေဒေ- ဖြင့်၊ ဂယှတိ ယထာ- သကဲ့သို့၊ တထာ- တူ၊ အာရုပ္ပဉ္စာပိ- ကိုလည်း၊ (ဥပေက္ခေကဂ္ဂတာယောဂေန- ကြောင့်၊ ဝါ- ဖြစ်၍၊ အင်္ဂသမတာယ- ကြောင့်)၊ ပဉ္စမေ- ဖြင့်၊ ယသ္မာ- အကြင်ကြောင့်၊ ဂယှတိ- ၏။

၃။ သောတာပတ္တိမဂ်စိတ်။

(က) ဖောက်ခွဲ။

(ခ) နိဗ္ဗာန်။

(ဂ) ဟဒယဝတ္ထုကို စေန်မှီသည်။

၄။ ထမင်း စသော အာရုံကို မြင်သော အခါ ကုသလဝိပါက်စိတ်များ ဖြစ်သည်။

သာဓက- ဣဋ္ဌေ ကုသလဝိပါကာနိ။

အကျိုးပေးပုံ -

| အကြောင်းကံ | ပဋိသန္ဓေကျိုး | ပဝတ္တိကျိုး |
|---|---|---|
| အသင်္ခါရိက ၂။ | ဒွိဟိတ်အသင်္ခါရိက ၂။ | ဒွိဟိတ်အသင်္ခါရိက ၂။ အဟိတ်ကုဝိ ၈၊ ၁၀ |
| သသင်္ခါရိက ၂။ | ဒွိဟိတ် သသင်္ခါရိက ၂။ | ဒွိဟိတ်သသင်္ခါရိက ၂။ အဟိတ်ကုဝိ ၈၊ ၁၀ |

၅။ ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ်။

အထောက်- ဂဗ္ဘသေယျသတ္တာနံ ပန ကာယဘာဝဝတ္ထုသင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ။

http://www.dhammadownload.com



**အာယတန ၁၂-ပါး ပြားရကြောင်း-**

ဒွါရ ၆-ပါး, အာရုံ ၆-ပါးပြားခြင်းကြောင့် အာယတန ၁၂-ပါး ပြားရသည်။

၆။ ဣန္ဒြေ မထက်ခြင်း, ထက်ခြင်း, အထူးထက်ခြင်း, အလွန်အကျူး အထူးထက်ခြင်းဟူသော သတ္တိပြားသဖြင့် သံယောဇဉ်တို့ကို ပယ်ပုံကိစ္စ လေးမျိုးပြားသောကြောင့် မဂ် ၄-မျိုး ပြားရသည်၊ မဂ် ၄-ပါး ပြားခြင်းကြောင့် မဂ်နှင့် ယှဉ်သော စိတ်လည်း ၄-မျိုး ပြားရသည်။

*ဆောင်- မဂ် လေးပါးကွဲ၊ စိတ်လည်း လေးဖြာ။*

*မဂ်၏ အကျိုး၊ ၄လေးမျိုး ဖလာ။*

*အကျဉ်း ရှစ်ပါး၊ ချာန်ငါး ပွါးကာ။*

*လေးဆယ်ပါး၊ ကျယ်ထား လောကုတ္တရာ။ (အဘိဓမ္မာလင်္ကာဆောင်)*

**ရဟန္တာတို့ ကျိန်းစက်ကြောင်း-**

ခန္ဓာကိုယ် ညှိုးနွမ်းပင်ပန်းသောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့ ကျိန်းစက်တော်မူကြသည်။

**ဟသိတုပ္ပါဒ် မရကြောင်း-**

ပြုံးရယ်ဖို့ရာ ခန္ဓာကိုယ် မရှိသောကြောင့် အရူပဘုံ၌ ဟသိတုပ္ပါဒ်စိတ် မရနိုင်ပါ။

## ၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ကချင်ပြည်နယ်)
## ပထမငယ်တန်း ။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ
## ၁၃၇၂-ခုနှစ်၊ တပေါင်းလဆုတ် (၁၄) ရက်၊ (၂-၄-၂၀၁၁) စနေနေ့

၁။ အောက်ဖော်ပြပါ (က)(ခ) ပရမတ်တရားတို့ကို ဟောသော တိတ်ပုဒ်ပါဠိတို့ကို ဖော်ပြပြီးလျှင်၊ (ဂ)ကိုလည်း အနက်ယောဇနာပြခဲ့ပါ။

(က) ဘဝသံသရာမှလွတ်၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ပရမတ်တရား။

(ခ) အယုတ်, အလတ်, အမြတ်တို့တွင် အမြတ်ဆုံးသော ပရမတ်တရား။

(ဂ) ဥပ္ပန္နတိက် တတိယပဒ။

၂။ အောက်ပါ (က)(ခ)တို့၏ အရတရားများကို ကောက်ပြပြီးလျှင်၊ (ဂ)၏အရတရားကိုလည်း ခန္ဓာမျှဖွဲ့ပြခဲ့ပါ။

(က) စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်, နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်သောတရား။

(ခ) မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်း မရှိသောတရား။

(ဂ) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောတရား။

http://www.dhammadownload.com



၃။ အောက်ပါပေယျာလ စကားရပ်ကို ဆိုရိုးကျအတိုင်း ဖော်ပြပြီးလျှင်၊ (က)(ခ)တို့၏ အရတရားများကိုလည်း ကောက်ပြခဲ့ပါ။
ထိုဒုကမာတိကာ၌လည်း ။ပ။ ၁၃-ပါးအပြားရှိ၏။
(က) ဂန္ထလည်း ဂန္ထ၏အာရုံလည်းဖြစ်သောတရား။
(ခ) ယောဂ၏ အာရုံဖြစ်၍ ယောဂ မမည်သောတရား။

၄။ အောက်ပါ (က)(ခ)တို့၏ အရတရားများကို ကောက်ပြပြီးလျှင်၊ ၎င်း(ခ)ကို သစ္စာဖွဲ့ပြခဲ့ပါ။
(က) စေတသိက်မမည်သော တရား။
(ခ) ငိုကြွေးကြောင်းလည်းဖြစ် ကိလေသာနှင့်တကွလည်းဖြစ်သော တရား။

၅။ အောက်ပါတို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြခဲ့ပါ။
(က) သင်္ခါရ၊ (ခ) သညာဘဝ၊ (ဂ) သောက၊ (ဃ) ဒုက္ခ၊ (င) ဥပါယာသ။

၆။ ကုသလတ္တိကမြွေယေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရကို ဒုတိယ, တတိယနယတို့အလို အရကောက်ပြ၍၊ သင်္ဂဟိတနေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရ ပဉ္စမနယအလို ပ-ယေ၊ ဒု-ယေ စွဲပြခဲ့ပါ။

## ၁။ ကချင်ပြည်နယ် (အဖြေ)

### ပထမယေ်တန်း ။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ (က) အပစယဂါမိနော ဓမ္မာ။
(ခ) ပဏီတာ ဓမ္မာ။
(ဂ) ဥပ္ပါဒိနော- ဖြစ်ပြီးသော အကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ကုန်သော၊ ဓမ္မာ- နိဿတ္တနိဇ္ဇီဝသဘာဝါ- တို့သည်၊ သံဝိဇ္ဇန္တိ- ကုန်၏။

၂။ (က) ဝိပါက်စိတ် ၃၆၊ ကိရိယာစိတ် ၂၀၊ စေတသိက် ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်။
(ခ) စိတ် ၈၉၊ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်။
(ဂ) ဥပေက္ခာသဟဂုတ်စိတ် ၅၅၊ (ဝေဒနာ, ပီတိ, ဒေါ်စတုက် ကြဉ်) စေတသိက် ၄၆။

http://www.dhammadownload.com



၃။ ထိုဒုကမာတိကာ၌လည်း ဟေတုဂေါစ္ဆက, စူဠန္တရဒုက်, အာသဝဂေါစ္ဆက, သညောဇနဂေါစ္ဆက, ဂန္ထဂေါစ္ဆက, ဩဃဂေါစ္ဆက, ယောဂဂေါစ္ဆက, နီဝရဏဂေါစ္ဆက, ပရာမာသ ဂေါစ္ဆက, မဟန္တရဒုက်, ဥပါဒါနဂေါစ္ဆက, ကိလေသဂေါစ္ဆက, ပိဋ္ဌိဒုက်အားဖြင့် ၁၃–ပါး အပြားရှိ၏။

(က) လောဘ, ဒေါသ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၃–ပါး။

(ခ) လောကီစိတ် ၈၁၊ ယောဂတရားကိုယ် ၃–ပါးကြဉ်သော စေတသိက် ၄၉၊ ရုပ် ၂၈။

၄။ (က) စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်။

(ခ) အကုသိုလ်စိတ် ၁၂၊ စေတသိက် ၂၇။

**သစ္စာဖွဲ့–**

အကုသိုလ်စိတ် ၁၂–ခု၊ လောဘကြဉ်သော စေတသိက် ၂၆–ခုသည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ။

၅။ (က) အကုသိုလ်စိတ် ၁၂၊ လောကီကုသိုလ် ၁၇–၌ရှိသော စေတနာစေတသိက်။

(ခ) နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ၃၁၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

(ဂ) ဒေါသမူဒွေး၌ ဒေါမနဿဝေဒနာ။

(ဃ) ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်၌ရှိသော ဝေဒနာစေတသိက်။

(င) ဉာတိဗျသန အစရှိသည်တို့ဖြင့် တွေ့သော သူအား လွန်စွာဖြစ်သော စိတ်၏ ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေး၌ ရှိသော ဒေါသစေတသိက်။

၆။ ဒုတိယ– ဩဠာရိကရုပ် ၁၂၊

တတိယ– ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

ပ ယေ– ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

ဒု ယေ– ဩဠာရိကရုပ် ၁၂၊ ဝိညာဏက္ခန္ဓာ။

http://www.dhammadownload.com


## ၂။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမငယ်တန်း။ ။တိက+ဒုကမာတိကာ+ဓာတုကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂-၄-၂၀၁၁) စနေနေ့

၁။ ဘုရားအလောင်းတော်သည် သာမန်လူသားများ စွန့်လွှတ်နိုင်ခဲသော စွန့်ခြင်းကြီးတို့ကို စွန့်လွှတ်ခဲ့၏၊ ထိုစွန့်ခြင်းကြီးငါးပါးတို့ကို အဓိပ္ပါယ်နှင့်ပြည့်စုံစွာ ဖော်ပြ၍၊ အဘယ်ကြောင့်သောတာပတ္တိမဂ်သည် ဒဿနမည်ပါသနည်း ဖြေဆိုပါ။

၂။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ-ကို အနက်ယောဇနာပြီးလျှင်၊ အရတရားကိုသာ မှန်ကန်စွာ ကောက်ပြခဲ့ပါ။

၃။ အောက်ပါ(က-ခ)တို့ကို အရကောက်ပြ၍၊ သပ္ပဒေသဒုက် ၃၃-ဒုက်တို့တွင် အလယ်ဗဟိုကျသောဒုက်အမည်ကိုလည်း တိကျစွာ ဖော်ပြပါ။

(က) ကုသိုလ်တရားတို့ကို တားမြစ်တတ်သော တရား။

(ခ) ပရာမာသနှင့်ယှဉ်သော တရား။

၄။ မှီ၍သာဖြစ်သော တရားစုကို ဖော်ထုတ်ပြ၍၊ သရဏာဓမ္မာ- အရကိုလည်း သစ္စာမျှသာ ဖွဲ့ပြပါ။

၅။ ဗာဝီသတိန္ဒြိယာနိ-၌ ပါဝင်သော သဒ္ဓိန္ဒြေ, ပဉ္စိန္ဒြိယာနိ-၌ ပါဝင်သော သဒ္ဓိန္ဒြေတို့၏ အရကောက်ထူးခြားမှုကို ဥဒ္ဒေသနှင့်အညီ ကောက်ပြပြီးလျှင်၊ ဥပါဒါ ဓမ္မေဟိ ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရကိုလည်း ဒုတိယနယနှင့်အညီ စွဲပြခဲ့ပါ။

၆။ နိရောဓသစ္စေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ- အရကို တတိယနယနိဒ္ဒေသနှင့်အညီ စွဲပြ၍၊ စတုတ္ထနယ, ပဥ္စမနယတို့၌ ကတ္တားပြန်၍ ပေါရခြင်းအကြောင်းတို့ကိုလည်း အသီးသီး ရေးပြခဲ့ပါ။

## ၂။ ကယားပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။တိက+ဒုကမာတိကာ+ဓာတုကထာဘာသာ

၁။ စွန့်ခြင်းကြီး ၅-ပါး (ထင်ရှားပြီ)

http://www.dhammadownload.com


နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် သောတာပတ္တိမဂ်သည် ဒဿန မည်သည်။

၂။ အနက် (ထင်ရှားပြ)

**အရတရား–**

သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁–ခု (မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော) စေတသိက် ၂၂–ခု၊ သောတာပတ္တိမဂ်သည် တနကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဒေါသမူဒွေ၊ (ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော) စေတသိက် ၂၅။

၃။ (က) လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ ဟု ဆိုအပ်သော နီဝရဏတရားကိုယ် ၈–ပါး။

(ခ) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၊ ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၀။

**ဒုက်အမည်–** ယောဂယောဂသမ္ပယုတ္တဒုက်။

၄။ ဥပါဒါရုပ် ၂၄။

**သစ္စာဖွဲ့–** (ကချင် ၄–ရှု)

၅။ သောဘနစိတ် ၅၉–ခု၌ရှိသော သဒ္ဓါစေတသိက် (ဇာဝီသတိန္ဒြိယ)၊

လောကုတ္တရာစိတ် ၈–ခု၌ရှိသော သဒ္ဓါစေတသိက် (ပဋ္ဌိန္ဒြိယ)

**ယေ ဓမ္မာ–** ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော မဟာဘုတ် ၃–ပါး။

၆။ ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်။

**ကတ္တားပြန် ဟောရကြောင်း–**

ဒုတိယ, တတိယ နယတို့ကဲ့သို့ သင်္ဂဟိတ, အသင်္ဂဟိတတို့ဖြင့် အထူးမမူအပ်၊ သင်္ဂဟိတသာမန်ဖြစ်၍ ပထမကတ္တားကို မွေ့ဒြါရပြုတော်မူလိုသောကြောင့် ကတ္တားပြန်၍ ဟောရသည်။

http://www.dhammadownload.com



## ၃။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)

ပထမငယ်တန်း။ ။မာတိကာ+ဓာတုကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂-၄-၂၀၁၁) စနေနေ့

၁။ ဘုရားရှင် သဗ္ဗညုအဖြစ်သို့ရောက်ရန် အစဉ်အတိုင်း-
(က) ပုရိမယံ၌ ရတော်မူအပ်သောဉာဏ်၊
(ခ) မဇ္ဈိမယံ၌ ရတော်မူအပ်သောဉာဏ်၊
(ဂ) ပစ္ဆိမယံ၌ ရတော်မူအပ်သောဉာဏ်တို့ကို ဖြေဆို၍၊ သခေ်ပနယနှင့် နာတိဝိတ္ထာရ နာတိသခေ်ပနယတို့မည်ပုံကိုလည်း နိဒါန်းလာအတိုင်း ဖြေဆိုပါ။

၂။ အောက်ဖော်ပြပါ တိကပုဒ်ပါဠိတော်တို့ကို အနက်ရေးပါ။
(က) သမ္မတ္တနိယတာ ဓမ္မာ၊ (ခ) အနိဒဿနသပ္ပဋိဃာ ဓမ္မာ။

၃။ ပရိတ္တာရမ္မဏတိက် ဒုတိယပုဒ်အရကို ကောက်ပြပြီးလျှင်။ ပဏီတာ ဓမ္မာ-ပုဒ်အရကို လည်း ကောက်ပြ၍ သစ္စာမျှ ဖွဲ့ပြခဲ့ပါ။

၄။ အောက်ဖော်ပြပါ (က/ခ)တို့ကို အရကောက်ပြခဲ့ပါ။
(က) သမ္ပယုတ်ဟိတ် ရှိသောတရား။ (ခ) အာသဝနှင့် မယှဉ်သောတရား။

၅။ ဥပပတ္တိဘဝ-အရကို ကောက်ပြ၍၊ ဥပပတ္တိဘဝအပြား (ဘဝကြီး) ၉-ပါးကိုလည်း ထုတ်ပြခဲ့ပါ။

၆။ သမုဒယသစ္စေန ယေ ဓမ္မာ-၌ ယေ ဓမ္မာအရတရားတို့ကို စတုတ္ထနယ, ပဉ္စမနယ-တို့နှင့် အညီ ယေအရ ခွဲပြခဲ့ပါ။

## ၃။ ကရင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။မာတိကာ+ဓာတုကထာဘာသာ

၁။ (က) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။
(ခ) ဒိဗ္ဗစက္ခုဉာဏ်။
(ဂ) အာသဝက္ခယဉာဏ်။

http://www.dhammadownload.com


**သခေ်ပနယ-**

စန္ဒကူးတောင်၌ နေတော်မူသောအခါ ရှင်သာရိပုတြာအား ဟောတော်မူအပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် သခေ်ပနယမည်သည်။

**နာတိဝိတ္ထာရ နာတိသခေ်ပ-**

ရှင်သာရိပုတြာသည် လင်းနို့သားဖြစ်ဖူးသော ငါးရာသော ရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် နာတိဝိတ္ထာရ နာတိသခေ်ပ နယမည်သည်။

၂။ (က) (ခ) (အနက် ထင်ရှားပြီ)

၃။ မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃၊ နေဝသညာနာသညာယတနစိတ် ၃၊ စေတသိက် ၃၀၊

မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ် ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု ၈၊ မဟာကြိ ၈၊ အဘိညာဉ် ၁၊ အပ္ပမညာကြဉ် စေတသိက် ၅၀။

**အရကောက်-** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ခု၊ နိဗ္ဗာန်။

**သစ္စာဖွဲ့-**

နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး ၇-ပါး၊ သကဒါဂါမိမဂ် ၈-ပါး ၇-ပါး၊ အနာဂါမိမဂ် ၈-ပါး ၇-ပါး၊ အရဟတ္တမဂ် ၈-ပါး ၇-ပါး သည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

၄။ (က) သဟိတ်စိတ် ၇၁၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ၅၁၊

(ခ) ကုသိုလ်စိတ် ၂၁၊ ဝိပါက်စိတ် ၃၆၊ ကိရိယာစိတ် ၂၀၊ စေတသိက် ၃၈၊ ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟ၊ ရုပ် ၂၈၊ နိဗ္ဗာန်။

၅။ လောကီဝိပါက် ၃၂၊ ဝိရတီကြဉ်သော စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

**ဘဝကြီး ၉-ပါး**

ကာမဘဝ, ရူပ, အရူပ, သညာ, အသညာ, နေဝသညာနာသညာ, ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရဘဝ။

http://www.dhammadownload.com



၆။ စတုတ္ထနယ- သမုဒယသစ္စာကြည်သော သခ်ါရက္ခန္ဓာ ၄၉။
ပဥ္စမနယ- ဩဠာရိကရုပ်၊ စိတ်။

## ၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)

### ပထမငယ်တန်း ။ ။ တိကမာတိကာ၊ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂-၄-၂၀၁၁) စနေနေ့

၁။ ဥပါဒိန္နတိက် ပထမပဒ၏ အရကို မှန်ကန်စွာ ကောက်ပြခဲ့ပါ။

၂။ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်ကုန်သော သဘောတရားတို့ကို တိကမာတိကာပဒအထောက် ပြ၍ မှန်ကန်စွာ ကောက်ပြပြီးလျှင်၊ သောတာပတ္တိမဂ်သည် တနကရအားဖြင့် ပယ်အပ် သောတရားတို့ကိုလည်း ဆိုရိုးကျကောက်ပြပေးပါ။

၃။ အနောဃနိယာ မွှော-ပုဒ်၏ အရတရားများကို တိကျမှန်ကန်စွာ ကောက်ပြပြီးလျှင်၊ မဟန္တရ ဒုက်အပြား ၁၄-ပါးတို့တွင် (က) ၆-ခုမြောက်၊ (ခ) ၁၂-ခုမြောက်ဒုက်တို့၏ အမည်နာမ တို့ကိုလည်း မမှားအောင် ရေးသားပြပါ။

၄။ နိယတဒုက် (က)ပထမပဒပါဠိ၊ (ခ) ဒုတိယပဒပါဠိတို့ကို မှန်ကန်စွာ ရေးသားပြပါ။

၅။ ဥပါယာသ-၏ ပရမတ္ထစစ်စစ်ကို ဓာတုကထာဥဒ္ဒေသ-လာအတိုင်း တိကျမှန်ကန်စွာ ဖြေဆိုပြပြီးလျှင်၊ ယင်းဥပါယာသ၏ (က) ရေတွက်အပ်သောဓာတ်၊ (ခ) မရေတွက်အပ် သောဓာတ်တို့ကိုလည်း သချာမျှသာ ဇော်ပြခဲ့ပါ။

၆။ သမုဒယသစ္စေန ယေ ဓမ္မာ-ဌ ယေ ဓမ္မာ-ဟူသောပါဠိကိုသာ စတုတ္ထနယနိဒ္ဒေသနှင့် အညီ အနက်ယောဇနာပြပါ။

## ၄။ ချင်းပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ တိကမာတိကာ၊ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ အကုသိုလ်စိတ် ၁၂၊ လောကီကုသိုလ် ၁၇၊ ကိရိယာ ၂၀၊ စေတသိက် ၅၂၊

http://www.dhammadownload.com



၂။ မဂ်စိတ် ၄-ခု၊ စေတသိက် ၃၆-ခု။
အထောက်- အာစယဂါမိနော ဓမ္မာ။
တနုကရအားဖြင့် ပယ်အပ်သော တရား- (ကယား ၂-ရှု)

၃။ လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၆၊ နိဗ္ဗာန်။
(က) စိတ္တသမုဋ္ဌာနဒုက်။ (ခ) အဇ္ဈတ္တိကဒုက်။

၄။ (က) နိယတာ ဓမ္မာ။ (ခ) အနိယတာ ဓမ္မာ။

၅။ ဥပါဒါယာသ- (ကချင် ၅-ရှု)
(က) ၁။
(ခ) ၁၇။

၆။ သမ္ပဒယသစ္စေန- သည်၊ ယေ ဓမ္မာ- အကြင် သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-တို့ကို။

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး) ပထမငယ်တန်း။ ။တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့်ဓာတုကထာဘာသာ ၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ (၂၄-၄-၂၀၁၁) ကြာသပတေးနေ့

၁။ ဂေါတမမြတ်စွာဘုရား အလောင်းတော်ဘဝ၌
(က) ဗျာဒိတ်ပေးခဲ့သော ဘုရားရှင်၏ ဘွဲ့တော်၊
(ခ) ဗျာဒိတ်ခံယူသော ရသေ့၏ ဘွဲ့အမည်၊
(ဂ) ဘုရားဆုပန်ခြင်း၏ ရည်ရွယ်ချက်တို့ကို ဖြေဆိုပါ။

၂။ အောက်ပါ (က)ကို အနက်ပေး၍၊ (ခ)ကို အရကောက်ပြပြီး၊ (ဂ)ကို အရတရားကိုသာ သစ္စာဖွဲ့ပြပါ။
(က) ဥပါဒိန္နုပါဒါနိယာ ဓမ္မာ၊
(ခ) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန်ကျင်ဘက်ဖြစ်ကုန်သောတရား။
(ဂ) အဇ္ဈတ္တာရမ္မဏတိက် ပထမပဒ။

http://www.dhammadownload.com



၃။ (က) သံယောဇဉ် မမည်သောတရား။
(ခ) သောတာပတ္တိမဂ်သည်ဘဲ ပယ်အပ်သော ဟိတ်ရှိကုန်သောတရားများကို အသီးသီး ပါဠိတော်နှင့် တွဲ၍ အရကောက်ပြပါ။

၄။ ယောဂ ဂေါစ္ဆက ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက်သည် အဘယ်ကြောင့် သပ္ပဒေသဒုက် ဖြစ်သည်ကို ဖြေဆို၍၊ နိယတဒုက် ပထမပုဒ်၏အရ တရားကိုသာ ခန္ဓာဖွဲ့ပြပါ။

၅။ ဥပပတ္တိဘဝအရကို ကောက်ပြ၍၊ ယင်းဥပပတ္တိဘဝ အပြားကိုလည်း ဖြေဆိုခဲ့ပါ။

၆။ တတိယနယ, စတုတ္ထနယတို့၏ ဥဒ္ဒေသပါဠိတော်တို့ကို အနက်ရေးခဲ့ပါ။

## ၅။ စစ်ကိုင်းတိုင်းဒေသကြီး (အဖြေ)

### ပထမငယ်တန်း ။ ။ တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့်ဓာတုကထာဘာသာ

၁။ (က) ဒီပကံရာ။
(ခ) သုမေဓာ။
(ဂ) တစ်ယောက်ထီးတည်း ကူးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဝေနေယျသတ္တဝါ အပေါင်းတို့ကို သံသရာတည်းဟူသော ရေအလျဉ်မှ ထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ တင်အံ့ဟု ကြံတော်မူသဖြင့် ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်း ဟူသော ဩဃ ၄-ပါး၌ နစ်မွန်းမျောပါကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ကို သနားကြင်နာ တော်မူခြင်း။

၂။ (က) (အနက်ထင်ရှားပြီ)
(ခ) လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆၊ နိဗ္ဗာန်။
(ဂ) အရူပ္ပဝိပါက်မှကြာစိတ် ၆၂၊ လောဘကြဉ်သော စေတသိက် ၄၈-သည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ။

၃။ (က) နော သညောဇနာ ဓမ္မာ- စိတ် ၈၉၊ သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ၄၄၊ ရုပ် ၂၈၊ နိဗ္ဗာန်။
(ခ) ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ- သောတာပတ္တိမဂ်သည် အကြွင်းမရှိသော အားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-

http://www.dhammadownload.com



ခု၊ (မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟ ကြဉ်သော) စေတသိက် ၂၂-ခု၊ သောတာပတ္တိမဂ်သည် တနကမှုအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ (ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၂၅။

၄။ အကုသိုလ်စိတ် ၁၂၊ ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ၂၇ ဟု ဆိုအပ်သော ကြွင်းသော ပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပ္ပဒေသဒုက်ဖြစ်သည်။

**ခန္ဓာဖွဲ့-**

စေတသိက် ၄၈-ခုတို့တွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၄၆-ခုသည် သင်္ခါရက္ခန္ဓာ၊ အကုသိုလ်စိတ် ၆-ခု, မဂ်စိတ် ၄-ခုသည် ဝိညာဏက္ခန္ဓာ။

၅။ ဥပပတ္တိဘဝအရနှင့် အပြား (ကရင် ၅-၅)

၆။ အသင်္ဂဟိတေန- ဝေဒနာက္ခန္ဓာအစရှိသည်သည် ခန္ဓာဖြင့်သော မရေတွက်အပ်သည် ဖြစ်၍၊ သင်္ဂဟိတံ- အာယတန, ဓာတ်တို့ဖြင့် ရေတွက်အပ်သော သညာ, သင်္ခါရ, သုခုမရုပ် သောဋသ, နိဗ္ဗာန်အစရှိသည်ကို၊ သင်္ဂဟိတံ- အဘယ်မျှသော ---သနည်း။ ဤမျှသော---ရေတွက်အပ်၏။

သင်္ဂဟိတေန- သမုဒယသစ္စာ အစရှိသည်သည် ခန်-အာ-ဓာတ်တို့ဖြင့် ရေတွက်အပ် သော သမုဒယ သစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ-၄၉-ခု အစရှိသည်သည်၊ သင်္ဂဟိတံ- ခန်-အာ-ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ အစရှိသည်ကို၊ သင်္ဂဟိတံ- အဘယ်မျှသော- သနည်း။ ဤမျှသော--- ရေတွက်အပ်၏။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)

ပထမငယ်တန်း။ ။ တိက ဒုကမာတိကာနှင့်ဓာတုကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂-၄-၂၀၁၁) စနေနေ့

၁။ ပိဋကတ်၌ တိက်မှတ်ထုတ်ရသော တရားများကို ဖော်ပြ၍၊ အောက်ဖော်ပြပါတို့၏ သက် ဆိုင်ရာတိကပဒပါဠိတော်တို့ကို ဖော်ပြပါ။

(က) စိတ်တစ်ခုနှင့် စေတသိက်ကိုသာ ကောက်ရသော တိကပဒ၊

http://www.dhammadownload.com



(ခ) အကုသိုလ်စိတ်နှင့် ယှဉ်ဘက်စေတသိက်ကိုသာ ကောက်ရသော တိကပဒ၊
(ဂ) ရုပ်တစ်ပါးတည်းကိုသာ ကောက်ရသော တိကပဒ။

၂။ တိကမာတိကာလာ ခဏသုံးပါးကို ဖော်ပြ၍ ယင်းခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သောတရားတို့ကို ကောက်ပြပြီးလျှင်၊ ပစ္စုပ္ပန္နဓမ္မတို့ကို အာရုံပြုသောတရားများကို လည်း သစ္စာဖွဲ့ပြပါ။

၃။ သံယောဇဉ်လည်းမည် သံယောဇဉ်နှင့်လည်း ယှဉ်သောတရားများကို ကောက်ပြ၍၊ ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဓမ္မ- အရ တရားများကိုလည်း သစ္စာဖွဲ့ပြပါ။

၄။ အောက်ပါတရားများကို ဒုကမာတိကာကို ရှု၍ ကောက်ပြခဲ့ပါ။
(က) စိတ်နှင့်လည်းနီးနှော စိတ်ကြောင့်လည်းဖြစ်သောတရား။
(ခ) ဥပါဒိန်လည်းမည် ဥပါဒိန်နှင့်လည်းယှဉ်သောတရား။
(ဂ) ကိလေသ သံကိလေသိကမည်သောတရား။
(ဃ) ဝဋ်ဆင်းရဲမှ ထွက်မြောက်သောတရား။
(င) ငိုးကြွေးကြောင်းသရဏတရား။

၅။ (က) သခ်ီရ၊ (ခ) ဥပါယာသ- တရားတို့ကို ဓာတုထကာဥဒ္ဒေသလာသည့်အတိုင်း ကောက်ပြ၍၊ ရူပဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော- ကို ဝိဿဇ္ဇနာပါဠိသက်သက်မျှ ရေးပြပါ။

၆။ ဒုတိယနယ၌ ဟောသောဗာဟိရမာတိကာပုဒ်တို့ကို ပြည့်စုံအောင် ဖော်ထုတ်ပြ၍၊ ဝီရိယိန္ဒြိယေန ယေ ဓမ္မာ- ၌ ယေ ဓမ္မာ- အရတို့ကိုလည်း တတိယ, စတုတ္ထ, ပဉ္စမနယတို့နှင့် အညီ ဖြေဆိုခဲ့ပါ။

## ၆။ တန်သ်ာရီတိုင်းဒေသကြီး (အဖြေ)

### ပထမယေ်တန်း ။ ။ တိကာ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ သုခသဟဂုတ် ကာယဝိညာဉ်, စတုတ္ထဈာန် ၁၁- ခုဌ်ရှိသော သုခဝေဒနာ ၁၂- ခု၊ ဥပေက္ခာဝေဒနာ ၅၅- ခု၊ ဒုက္ခသဟဂုတ်စိတ် ၃- ခု၊ စေတသိက် ၂၂- ခု၊ ရုပ် ၂၈- ခု၊ နိဗ္ဗာန်။
(က) အသေက္ခာ ဓမ္မာ။

http://www.dhammadownload.com



(ခ) အကုသလာ ဓမ္မာ၊ သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊ ဟီနာ ဓမ္မာ၊ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊ ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊ မိစ္ဆတ္တနိယတာ ဓမ္မာ၊

(ဂ) သနိဒဿနသပ္ပဋိဃာ ဓမ္မာ။

၂။ ဉပါဒ်, ဋီ, ဘင်။

တရား– အနာဂတ်ဖြစ်သော အကု–၁၂၊ ကု–၂၁၊ကြိ–၂၀၊စေ–၅၂၊ စိတ္တဇ–၁၇၊ ဉတုဇ–၁၅၊ အာဟာရဇ–၁၄။

**သစ္စာဖွဲ့-**

ပဉ္စုပ္ပန္နာရမ္မဏစိတ် ၅၆–ခု၊ လောဘကြဉ်သော စေတသိက် ၄၉–ခုသည် ဒုက္ခသစ္စာသည်၊ လောဘသည် သမုဒယသစ္စာ။

၃။ ဉဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ကုက္ကုစ္စ, မစ္ဆရိယ, မောဟ ဟု ဆိုအပ်သော သံယောဇဉ် တရားကိုယ် ၈–ပါး။

**သစ္စာဖွဲ့-**

မောဒွေး ကိကု ၁၇၊ ကိဝိ ၃၂၊ ကြိ ၂၀၊ (လောတို,ဒေါစတုက်,ထိန,မိဒ္ဓကြဉ်)စေ ၄၃၊ ဒေါဒွေး၌ ဒေါသ၊ ရုပ်–၂၈ သည် ဒုက္ခသစ္စာ၊ ဒိဋ္ဌိဝိ ၄–၌ လောဘသည် သမုဒယသစ္စာ။

၄။ (က) စေတသိက် ၅၂။

(ခ) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဉပါဒါန်တရားကိုယ် ၂–ပါး။

(ဂ) လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဉဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟုဆိုအပ်သော ကိလေသာတရားကိုယ် ၁၀–ပါး။

(ဃ) မဂ်စိတ် ၄–ခု၊ စေတသိက် ၃၆–ခု။

(င) အကုသိုလ် ၁၂၊ စေတသိက် ၂၇။

၅။ (က) (ကချင် ၅–ရှု)

(ခ) (ကချင် ၅–ရှု)

**ဝိသဇ္ဇနာပါဠိ–**

ပဉ္စဟိ ခန္ဓေဟိ ပဉ္စဟိ အာယတနေဟိ အဋ္ဌဟိ ဓာတူဟိ သင်္ဂဟိတော။

http://www.dhammadownload.com



၆။ သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊ အနိဒဿနသပ္ပဋိဃာ ဓမ္မာ၊ သနိဒဿနာ ဓမ္မာ၊ သပ္ပဋိဃာ ဓမ္မာ၊ ဥပါဒါ ဓမ္မာ။

တတိယ– ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်။

စတုတ္ထ– ဝိရိယိန္ဒြေကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉– ခု၊

ပဉ္စမ– ဩဠာရိကရုပ်၊ စိတ်။

## ၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/အနောက်ပိုင်း) ပထမငယ်တန်း ။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့်ဓာတုကထာဘာသာ ၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ (၂၄–၃–၂၀၁၁) ကြာသပတေးနေ့

၁။ ဖော်ပြပါ ပါဠိတော်များကို ရနိုင်သမျှ အနက်ပေးခဲ့ပါ။

(က) မဟဂ္ဂတာ ဓမ္မာ၊ (ခ) သနိဒဿန သပ္ပဋိဃာ ဓမ္မာ။

၂။ စွန့်ခြင်းကြီးငါးပါးတို့ကို ပါဠိမြန်မာနှစ်ဘာသာတို့ဖြင့် တွဲစပ်ဖြေဆိုပြီး၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော တရားတို့ကိုလည်း အရကောက်ခဲ့ပါ။

၃။ သံယောဇဉ်မည်ကုန်သောတရားတို့ကို ကောက်ပြပြီး၊ သံယောဇဉ်နှင့်ယှဉ်ကုန်သော တရားတို့ကိုလည်း အရကောက်ခဲ့ပါ။

၄။ အဇ္ဈတ္တအပြားကို ရေး၍၊ အဇ္ဈတ္တိကဒုက်၌ အလိုရှိအပ်သော အဇ္ဈတ္တကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၅။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏ အကျိုးဆက်ဖြစ်သော ဥပါယာသ အရကို ကောက်ပြ၍၊ ၎င်း ဥပါယာသ– အရ၏ သင်္ဂဟိတ, အသင်္ဂဟိတဖြစ်သော ခန္ဓ, အာ, ဓာတ်တို့ကို သချာမျှ ဖော်ပြခဲ့ပါ။

၆။ ဖော်ပြပါတို့၌ (က)ကို တတိယနယ၊ (ခ)ကို စတုတ္ထနယ၊ (ဂ)ကို ပဉ္စမနယတို့နှင့်အညီ ယေဓမ္မာ အရ တရားများကို ကောက်ပြခဲ့ပါ။

(က) နိရောဓသစ္စေန ယေ ဓမ္မာ၊ (ခ) ဃာနိန္ဒြိယေန ယေ ဓမ္မာ၊

(ဂ) ဝိညာဏက္ခန္ဓေန ယေ ဓမ္မာ။

http://www.dhammadownload.com



၇။ ပဲခူးတိုင်းဒေသကြီး/အနောက်ပိုင်း (အံဖြေ)

ပထမငယ်တန်း။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့်ဓာတုကထာဘာသာ

၁။ (က/ခ) (အနက်ထင်ရှားပြီ)

၂။ (စွန့်ခြင်းကြီး ၅-ပါး ထင်ရှားပြီ)

တရား-အကုသိုလ်စိတ် ၁၂၊ လောကီကု ၁၇၊ စေတသိက် ၅၂။

၃။ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ, မောဟ။

*ဆောင်- လော, ဒေါ, မာ, ဒိဋ်၊ ဝိ, ထိနမိ, ဥဒ်, မော၊ ရှစ်ပေါဘ ဘိဓမ်၊ သုတ္တန် ဥဒ္ဒစ္စ၊ ပေါင်း နဝ၊ မှတ်ကြ သံယောဇဉ်။* (အဘိဓမ္မာလင်္ကာဆောင်)

**သံယောဇဉ်နှင့် ယှဉ်သော တရား-**

အကု ၁၂၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် ၂၇။

၄။ ဂေါစရဇ္ဈတ္တ, နိယကဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ, ဝိသယဇ္ဈတ္တ။

**လိုအပ်သော အဇ္ဈတ္တ- အဇ္ဈတ္တဇ္ဈတ္တ။**

၅။ ဥပါဒါနိယ (ကချင် ၅-ရှ)

သင်္ဂဟိတ- ခန် ၁၊ အာ ၁၊ ဓာတ် ၁။

အသင်္ဂဟိတ- ခန် ၄၊ အာ ၁၁၊ ဓာတ် ၁၇။

၆။ (က) ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်။

(ခ) ထုတ္တိဓမ္မကြဉ်သော သုခုမရုပ် ၁၅-ခု။

(ဂ) ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး/အရှေ့ပိုင်း)

ပထမငယ်တန်း။ ။ တိကမာတိကာ + ဒုကမာတိကာနှင့်ဓာတုကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ (၂၄-၄-၂၀၁၁) ကြာသပတေးနေ့

၁။ မာတိကာနိဒါန်းလာ အလောင်းတော်နတ်သားအမည်ကို ဖော်ပြကာ၊ နတ်စည်းစိမ်ခံစားပုံကို တိကျစွာ ဖြေဆို၍၊ ထိုအလောင်းတော်နတ်သား၏ လူ့ပြည်၌ ပဋိသန္ဓေယူရာ လ, နက္ခတ်၊ ဖွားတော်မူရာ လ, နက္ခတ်တို့ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com


၂။ (က) ကြံစည်မှုလည်းမရှိ သုံးသပ်မှုလည်းမရှိသော တရားတို့ကို သစ္စာမျှသာ ဖွဲ့ပြ၍၊
(ခ) မဂ်ကိုအာရုံပြုသော တရားတို့ကိုလည်း မှန်ကန်စွာ ကောက်ပြခဲ့ပါ။

၃။ (က) မှီ၍သာ မဖြစ်ကုန်သော တရားတို့ကို ကောက်ပြ၍၊
(ခ) သံကိလိဋ္ဌဒုက် ဒုတိယပဒ အရတရားတို့ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၄။ (က) သဝိတက္ကာ မွေ့- အရ တရားတို့ကို သစ္စာမျှ ဖွဲ့ပြ၍၊
(ခ) ဝဋ်တရား၌ အကျုံးဝင်ကုန်သော တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

၅။ ဝိဘင်္ဂဒိဋ္ဌိ စ- ကို ပြည့်စုံစွာ အနက်ပေး၍ ဒုက္ခသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတံ- ၏ အဖြေပါဠိကိုလည်း ရေးသားခဲ့ပါ။

၆။ အောက်ဖော်ပြပါ ယေ မွေ့- အရတို့ကို အညွှန်းနယများနှင့်အညီ ဖွဲ့ပြခဲ့ပါ။
(က) သမုဒယသစ္စေန ယေ မွေ့၊ (တတိယ, စတုတ္ထနယအလို)
(ခ) ဥပါယာသေန ယေ မွေ့၊ (စတုတ္ထ, ပဉ္စမနယအလို)

၈။ ပဲခူးတိုင်းဒေသကြီး/ အရှေ့ပိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ တိကမာတိကာ+ဒုကမာတိကာနှင့်ဓာတုကထာဘာသာ

၁။ သေတကေတု။
ခံစားပုံ -
နတ်တကာတို့ထက် အသက်ရှည်ခြင်း။ အဆင်းလှခြင်း အစရှိသော အကြောင်းတို့ဖြင့် လွှမ်းမြတ်လျက် တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ် လေး ထောင်, ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ် ရှစ်ထောင်, တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ် တစ်သောင်းခြောက်ထောင်, စတုမဟာရာဇ်နတ်တို့၏ အရေအတွက်အားဖြင့် အနှစ် သုံးသောင်း နှစ်ထောင်, လူတို့၏အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်းကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူသည်။
ပဋိသန္ဓေ- ဝါဆိုလပြည့်နေ့၊ အာသဠှီနက္ခတ်၊
ဖွားမြင်- ကဆုန်လပြည့်နေ့၊ ဝိသာခါနက္ခတ်၊

http://www.dhammadownload.com



၂။ (က) လောကီ အဝိတက္ကအဝိစာရစိတ် ၁၁၊ စေ-၃၃၊ လောကီ ဝိစာရ-၁၊ ရုပ်-၂၈ သည် ဒုက္ခသစ္စာ၊ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ မဂ် အဝိတက္က အဝိစာရ-၁၂ ၌ရှိ သမ္မာဒိဋ္ဌိ, သမ္မာဝါစာ- - - - ၇-ပါးသည် မဂ္ဂသစ္စာ၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည် လည်း ကောင်း၊ လောကုတ္တရာ ဒု ဈာန်စိတ် ၈-ခု၌ရှိသော ဝိစာရစေတသိက် ၈-ခုသည်လည်းကောင်း သစ္စဝိမုတ်။

(ခ) သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏ်သမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။
သောတာပတ္တိမဂ်, သကဒါဂါမိမဂ် ၂-ပါးကို အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏ်သမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။
သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် ၃-ပါးကို အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏ်သမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ်အဘိညာဉ်။
မဂ် ၄-ပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏ်သမ္ပယုတ်စိတ် ၄-ခု၊ ကြိယာအဘိညာဉ်၊ (ဝိရတီ, အပ္ပမညာကြဉ်သော) စေတသိက် ၃၃။

၃။ (က) စိတ် ၈၉၊ စေတသိက် ၅၂၊ ဘူတရုပ် ၄၊ နိဗ္ဗာန်။
(ခ) ကုသိုလ် ၂၁၊ ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်။

၄။ (က) လောကီ သဝိတက္ကစိတ် ၄၇-ခု၊ (လောဘကြဉ်) စေ-၅၀ သည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ၊ မဂ်သဝိတက္ကစိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ- - - -သောတာမဂ် ၇-ပါး- - -မဂ္ဂသစ္စာ၊ ကြွင်း မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။
(ခ) လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈။

၅။ ဝိဘာဝဒိဋ္ဌိ အနက် (အငယ်တန်း၌ မလို)
ဝိသဇ္ဇနာ-
န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကေဟိစိ ဓာတူဟိ အသင်္ဂဟိတံ။

http://www.dhammadownload.com



၆။ (က) တတိယ- ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။
စတုတ္ထ- သမုဒယသစ္စာကြည်သော သင်္ခါရက္ခန္ဓာ ၄၉-ခုတို့ကို။
(ခ) စတုတ္ထ- ဥပါယာသကြည်သော သင်္ခါရက္ခန္ဓာ ၄၉-ခုတို့ကို။
ပဉ္စမ- ဩဠာရိကရုပ်၊ စိတ်တို့ကို။

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ မာတိကာနှင့်ဓာတုကထာဘာသာ
၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ (၂၄-၄-၂၀၁၁) ကြာသပတေးနေ့

၁။ တာသိတာနတ်ပြည်ဝယ် သေတကေတုနတ်သားခံစားခဲ့သော နတ်စည်းစိမ်ကို အောက်ဘုံအဆင့်ဆင့်တို့၏ သက်တမ်းအားဖြင့် ဖော်ပြ၍ မဂ္ဂဟေတုကာ ဓမ္မာ-ကိုလည်း အနက်သုံးနည်း မှန်ကန်စွာ ပေးခဲ့ပါ။

၂။ ဖော်ပြပါ (က-ခ)တို့ကို အရကောက်ပြပြီး (ဂ)ကို သစ္စာမျှ ဖွဲ့ပြခဲ့ပါ။
(က) ခဏသုံးပါးသို့ ရောက်ဆဲတရား။
(ခ) အနာဂတ်တရားကို အာရုံပြုသောတရား။
(ဂ) အဇ္ဈတ္တတရားကို အာရုံပြုသောတရား။

၃။ ဖော်ပြပါတရားတို့ကို ကောက်ပြပါ။
(က) ဖောက်ပြန်ခြင်း သဘောမရှိသောတရား။
(ခ) နီဝရဏနှင့် မယှဉ်သောတရား။
(ဂ) ပြင်းစွာ မစွဲလမ်းတတ်သောတရား။

၄။ အဇ္ဈတ္တတိက်နှင့် အဇ္ဈတ္တိကဒုက် အထူးကို ရေး၍ ဝဋ်ဆင်းရဲမှ မထွက်မြောက်တတ်သော တရားတို့ကိုလည်း ဖော်ပြပါ။

၅။ အဝိဇ္ဇာနှင့် သင်္ခါရတို့၏ တရားကိုယ်ကို ဓာတုကထာ ဥဒ္ဒေသနှင့်အညီ ဆိုရိုးကျကောက်ပြ၍ နိရောဓသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတံ-ဟူသောပုစ္ဆာ၏ ဝိဿဇ္ဇနာပါဠိကိုလည်း ရေးခဲ့ပါ။

http://www.dhammadownload.com



၆။ ဖော်ပြပါ ယေ ဓမ္မာ-တို့ကို အညွန်းနယများနှင့်အညီ စွဲပြပါ။
(က) သောတာယယတနေန ယေ ဓမ္မာ။ (ဒုတိယ၊ ပဥ္စမ)
(ခ) သင်္ခါရက္ခန္ဓေန ယေ ဓမ္မာ။ (တတိယ)

၉။ မကွေးတိုင်းဒေသကြီး (အဖြေ)

ပထမငယ်တန်း။ ။ မာတိကာနှင့်ဓာတုကထာဘာသာ

၁။ နတ်စည်းစိမ်- (ပဲခူးအရှေ့ ၁-၅)
(အနက်ထင်ရှားပြီ)

၂။ (က) ပစ္စုပ္ပန်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈။
(ခ) အနာဂတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း။ ကာမဇော ၂၉၊ တဒါရုံ ၁၁၊ အဘိညာဉ် ၂၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀။
(ဂ) (စစ်ကိုင်း ၂-၅)

၃။ (က) စိတ် ၈၉၊ စေတသိက် ၅၂၊ နိဗ္ဗာန်။
(ခ) ကုသိုလ် ၂၁၊ ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်။
(ဂ) စိတ် ၈၉၊ ဥပါဒိန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ၅၀၊ ရုပ် ၂၈၊ နိဗ္ဗာန်။

၄။ အဇ္ဈတ္တတိက်၌ နိယကဇ္ဈတ္တကို ရည်ရွယ်၍ ဟောသဖြင့် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈-ရသည်။
အဇ္ဈတ္တိကဒုက်၌ အဇ္ဈတ္တဇ္ဈတ္တကို ရည်ရွယ်၍ ဟောသဖြင့် စိတ် ၈၉-ခု၊ ပသာဒရုပ် ၅-ခုကို ရသည်။
ဤသို့ထူးသည်။
ဝဋ်ဆင်းရဲမှ မထွက်မြောက်တတ်သော တရား-
လောကီစိတ် ၈၁၊ ဖိုလ်စိတ် ၄၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်။

၅။ အဝိဇ္ဇာ- သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော အကုသိုလ်စိတ် ၁၂-ခု၌ရှိသော မောဟစေတသိက်။
သင်္ခါရ- အကုသိုလ်စိတ် ၁၂, လောကီကုသိုလ် ၁၇-၌ ရှိသော စေတနာစေတသိက်။
ဝိသဇ္ဇနာ ပါဠိ- န ကေဟိစိ ခန္ဓေဟိ ကေနစာယတနေန ကောယ ဓာတုယာ သင်္ဂဟိတာ။

http://www.dhammadownload.com



၉။ (က) ဒုတိယ– သောတာယတနကြည်သော ရုပ် ၂၇– ခုတို့ကို။
ပဉ္စမ– ဝေဒနာ, သညာ, သင်္ခါရ, စိတ်, နိဗ္ဗာန်တို့ကို။
(ခ) ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
ပထမငယ်တန်း ။ ။ တိက, အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကကထာဘာသာ
၁၃၇၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ (၂၄–၄–၂၀၁၁) ကြာသပတေးနေ့

၁။ ဘုရားလောင်း သေတကေတုနတ်သား တုသိတာနတ်ပြည်၌ နတ်တို့၏စည်းစိမ်ကို ခံစားတော်မူသော နှစ်တို့ကို ယာမာ, တာဝတိံသာ, စတုမဟာရာဇ်, လူတို့၏ အရေအတွက်အားဖြင့် တိကျစွာ ရေတွက်ပြ၍ တိက်ပေါင်း နှစ်ဆယ့်နှစ်တိက်တို့တွင် သပ္ပဒေသတိက်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

၂။ အောက်ပါ တိကမာတိကာပါဠိတော်တို့ကို အနက်မှန်မှန် ပေးပြခဲ့ပါ။
(က) နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
(ခ) နေဝသေက္ခနာသေက္ခာ ဓမ္မာ၊
(ဂ) သနိဒဿနသပ္ပဋိဃာ ဓမ္မာ။

၃။ အောက်ပါတို့ကို ဒုကမာတိကာနှင့်အညီ အရကောက်ပြခဲ့ပါ။
(က) စက္ခုဝိညာဉ်အစရှိသော တစ်စုံတစ်ခုသောစိတ်သည် သိအပ်သောတရား။
(ခ) အာရုံပြုခြင်း မရှိသောတရား။
(ဂ) သံယောဇဉ်နှင့် ယှဉ်သောတရား။
(ဃ) ကာမာဝစရမည်သောတရား။

၄။ အောက်ပါ (က–ခ)တို့ကို အရကောက်ပြ၍ (ခ)အရ တရားတို့ကိုသာ သစ္စာဖွဲ့ပြခဲ့ပါ။
(က) ဥပါဒါန်လည်းမည် ဥပါဒါန်နှင့်လည်း ယှဉ်သောတရား။
(ခ) ဥပါဒါန်နှင့်ကားမယှဉ် ဥပါဒါန်၏အာရုံဖြစ်သောတရား။

၅။ အောက်ပါတို့၏ တရားများကို ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြ၍ ယင်းတို့ကိုလည်း ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် ရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



(က) ဗာဝိသတိန္ဒြိယာနိ–၌ သမာဓိန္ဒြေ၊
(ခ) စတသော အပ္ပမညာယော–၌ မေတ္တာ။

၆။ မဂ္ဂသစ္စေန ယေ ဓမ္မာ (ပ) တေဟိ ဓမ္မေဟိ ယေ ဓမ္မာ–၌ ယေ–နှစ်ဖြာအရတို့ကို စတုတ္ထနယနှင့်အညီ ကောက်ပြ၍၊ အရူပဘဝကို ဟောပုဒ်ပြုရာ၌ ယေ–နှစ်ဖြာအရ တရားတို့ကိုလည်း ပဥ္စမနယနှင့်အညီ ကောက်ပြခဲ့ပါ။

## ၁၀။ မန္တလေးတိုင်းဒေသကြီး (အဖြေ)

### ပထမငယ်တန်း ။ ။ တိက, အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကကထာဘာသာ

၁။ **ခံစားပုံ** (ပဲခူးအရှေ့ ၁–ရှု)
**သပ္ပဒေသတိက်–**
ဝေဒနာ, ဝိတက္က, ပီတိ, ဥပ္ပန္န, အတီတ, ပရိတ္တာရမ္မဏ, မဂ္ဂါရမ္မဏ, အတီတာရမ္မဏ, အဇ္ဈတ္တာရမ္မဏအားဖြင့် ပေါင်း ၉–တိက်။
*ဆောင်– ဝေ, ဝိတက်, ပီ ဥပ္ပန်, တီနှင့် လေးလီ အာရမ်၊ ကျိုးကိုးတန် မှတ်ရန် သပ္ပဒေသာ။*
(ဓာတုကထာဓာတုကထာလင်္ကာဆောင်)

၂။ (အနက်ထင်ရှားပြီ)

၃။ (က) စိတ် ၈၉–ခု၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်။
(ခ) ရုပ် ၂၈၊ နိဗ္ဗာန်။
(ဂ) (ပဲခူးအနောက် ၃–ရှု)
(ဃ) ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈–ခု။

၄။ (က) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ, ဒိဋ္ဌိ ဟု ဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂–ပါး။
(ခ) ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီ ကုသိုလ် ၁၇၊ လောကီ ဝိပါက် ၃၂၊ ကိရိယာစိတ် ၂၀၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိက် ၄၉၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ၊ ရုပ် ၂၈။

http://www.dhammadownload.com


**သစ္စာဖွဲ့-**

ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီ ကုသိုလ် ၁၇၊ လောကီ ဝိပါက် ၃၂၊ ကိရိယာစိတ် ၂၀၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိက် ၄၉၊ ရုပ် ၂၈-ခုသည် ဒုက္ခသစ္စာ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘသည် သမုဒယသစ္စာ။

၅။ (က) ဝိစိကိစ္ဆာသဟဂုတ်စိတ်, ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃, သန္တီရဏ ၃- ကြဉ်သော စိတ် ၇၁-ခု၌ရှိသော ဧကဂ္ဂတာ။

သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်။

(ခ) ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၌ရှိသော အဒေါသစေတသိက်။

သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်။

၆။ **မဂ္ဂသစ္စေန-**

ပ ယေ- မဂ္ဂသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၅၀။

ဒု ယေ- မဂ္ဂသစ္စာ။

**အရူပဘဝေန-**

ပ ယေ- ဩဠာရိကရုပ် ၁၂။

ဒု ယေ- ဝေဒနာ, သညာ, သင်္ခါရ, စိတ်, နိဗ္ဗာန်။

၁၁။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

ပထမယော်တန်း။ ။ မာတိကာ/ ဓာတုကထာဘာသာ

၁၃၇၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက်၊ (၂၄-၄-၂၀၁၁) ကြာသပတေးနေ့

၁။ ဒဿန-မည်ခြင်းအကြောင်းနှင့် ဒဿန-အမည်ရသောတရားကို ဖော်ပြ၍၊ ဥပ္ပန္နတိက် ပဌမပုဒ်၌ ပစ္စုပ္ပန်အပြားတို့ကို ရေတွက်ပြပြီးလျှင်၊ ၎င်းတိက် ပဌမပဒ၌ ယူရမည့် ပစ္စုပ္ပန်ကိုလည်း ညွှန်ပြပါ။

၂။ အောက်ပါ အရတရားတို့ကို ပြည့်စုံစွာ ကောက်ပြပါ။

(က) အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊

http://www.dhammadownload.com



(ခ) အဝိတက္ကအဝိစာရ ဈာန၊
(ဂ) အာစယဂါမိနော ဈာန။

၃။ အောက်ပါ ပဒတို့၏ ပါဠိတော်တို့ကို ဖော်ထုတ်၍ မှန်ကန်စွာ အနက်ပေးပါ။
(က) ဝိပါကတိက် ဒုတိယပဒ၊
(ခ) ပရိတ္တတိက် တတိယပဒ၊
(ဂ) ဟီနတိက် ဒုတိယပဒ။

၄။ ရူပက္ခန္ဓရမည်ပုံနှင့် ရူပက္ခန္ဓရအမည်ရသော ဒုက်တို့ကို ဖော်ပြ၍ စေတသိက် ဒွေပဒဉာသ–ကိုသာ အရကောက်ရသော ဒုက်ပုဒ်အမည်တို့ကိုလည်း အပိုအလိုမရှိစေဘဲ တိကျစွာ ဖော်ပြပါ။

